အလိမ္မာပုံဝတ္ထုများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
မြန်မာစာအဖွဲ့

သိမ္မာပုံဝတ္ထုများ

ပထမအကြိမ်—
၁၉၉၀ ပြည့်နှစ်
ဒီဇင်ဘာလ ၁၂ ရက်
အုပ်ရေ – ၅၀၀၀
ဒုတိယအကြိမ်—
၁၉၉၁ ခုနှစ်
ဇန်နဝါရီလ ၅ ရက်
အုပ်ရေ – ၁၀၀၀၀

မြန်မာစာအဖွဲ့၏မူပိုင်ဖြစ်သည်။

အမှတ်-၂၇၊ပြည်လမ်း၊(၆-မိုင်ခွဲ)၊ရန်ကုန်မြို့၊
မြန်မာစာအဖွဲ့ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်
(ထုတ်ဝေခွင့်အမှတ်-၀၃၃၇၃)က ထုတ်ဝေသည်။

အတွင်းစာသားများကိုမြန်မာ့အလင်းသတင်းစာတိုက်၊
မျက်နှာဖုံးကို ဂါဒီယန် သတင်းစာတိုက်တွင်
ဦးတင်ထွေး ကင်းလွတ်ခွင့်အမှတ် (၃၄၉၂) က
ပုံနှိပ်သည်။

မျက်နှာဖုံးပန်းချီ—ဦးစိုးလှိုင်
အတွင်းပန်းချီ—ဦးစိုးလှိုင်၊ ဦးတင်မောင်လွင်၊ဦးသန့်ဇင်

အမှာစာ

စံပြဖွယ် ပုံဝတ္ထုများကို ဆရာမိဘထံမှ ကြားနာရခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှုနှင့် လူ့ကျင့်ဝတ်များကို မူလတန်းအရွယ် ကလေးသူငယ်တို့ ခံယူကျင့်သုံးတတ်စေရန် ရည်ရွယ်လျက် သင့်လျော်မည့် ပုံဝတ္ထုတို့ကို ဇာတ်နိပါတ်၊ ရာဇဝင်၊ စာပေကျမ်းဂန်များမှ ထုတ်နုတ်၍ ဤအလိမ္မာ ပုံဝတ္ထုများ စာအုပ်ကို ပြုစုခြင်း ဖြစ်ပါသည်။

ကလေးသူငယ်တိုင်း ပုံဝတ္ထုကို နှစ်သက်ပါသည်။ထို့ကြောင့် စံပြဖွယ် ပုံဝတ္ထုများကို ကလေးသူငယ်များအား ပြောပြခြင်း၊ဖတ်ရှုစေခြင်းသည် လိမ္မာသော ကလေးသူငယ်များ ဖြစ်လာအောင် ကြိုးပမ်းရာ၌ ထိရောက်သော နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

ဤစာအုပ်တွင် ဆရာမိဘ၏ ဂုဏ်ကျေးဇူးကို သိတတ်သူတို့ ရသော အကျိုးပြ ပုံဝတ္ထု၊ ကျေးဇူးမသိသူတို့ခံစားရသော အပြစ်ပြ ပုံဝတ္ထု၊ ငယ်စဉ်အခါ ပညာရှာသင့်ကြောင်းပြ ပုံဝတ္ထု၊ မူးယစ်သေစာကြောင့် ဘေးဒုက္ခရောက်ရခြင်းပြ ပုံဝတ္ထု၊ ပညာရှိကို ပေါင်းသင်းအပ်ကြောင်းပြ ပုံဝတ္ထု၊ တုပထောင်လွှား မာန်မာန ထား၍ ပျက်စီးရခြင်းပြ ပုံဝတ္ထု၊ ရိုးသားခြင်း၏ အကျိုးပြ ပုံဝတ္ထု၊ လုံ့လ ဝီရိယ အကျိုးပြ ပုံဝတ္ထု၊ ခေါင်းဆောင်ကောင်း အရည်အချင်းပြ ပုံဝတ္ထု၊ စည်းလုံးညီညွတ်ခြင်းအကျိုးပြ ပုံဝတ္ထု၊ သူ့ကို ကိုယ်ဖျက် ကိုယ်လည်းပျက်တတ်ကြောင်းပြ ပုံဝတ္ထု၊ အနိုင်အထက်ပြုခြင်းဖြင့်ဆိုးကျိုးခံစားရခြင်းပြပုံဝတ္ထု၊အမျိုးအနွယ်ကိုစောင့်ရှောက်အပ်ခြင်းပြ ပုံငတ္ထု၊ စသည်ဖြင့် စံပြဖွယ် ပုံဝတ္ထုများကို ဇာတ်နိပါတ်၊ ရာဇဝင်၊ စာပေကျမ်းဂန် များမှ ထုတ်နုတ်ရေးသား၍ သရုပ်ဖော်ပုံများနှင့်တကွ စိတ်ဝင်စားဖွယ် ဖော်ပြထားပါသည်။

ဤပုံဝတ္ထုများသည် ကလေးသူငယ်တို့ မြန်မာ့ယဉ်ကျေးမှုနှင့် လူ့ကျင့်ဝတ်များခံယူကျင့်သုံးကြရာ၌ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	မြေခွေးနှင့် ပေါင်းမိသော ခြင်္သေ့	၁
၂။	သံဝရ	၅
၃။	ဘီမသေန	၁၀
၄။	သူရဲကောင်း ခေင်ညို	၁၆
၅။	နန္ဒိဝိသာလ	၂၀
၆။	လှည်းကုန်သည်	၂၄
၇။	သမီးအတွက် ခင်ပွန်းလောင်း	၂၉
၈။	မူးယစ်သေစာ	၃၃
၉။	သေအရက်နှင့် အသက်တစ်ချောင်း	၃၈
၁၀။	မိုးသားများနှင့် မင်္ဂလာဆင်တော်	၄၂
၁၁။	ကုဋေရှစ်ဆယ် သူဌေးသား	၄၆
၁၂။	ပုဏ္ဏားနှင့် ရွှေပုစွန်လုံး	၅၀
၁၃။	မျောက်မင်း၏ ပရိယာယ်	၅၄
၁၄။	မဟာဇနက	၅၈
၁၅။	ဘဝမေ့သူ	၆၄
၁၆။	ဝိဒေဟရာဇ်ပုတ်သင်	၆၈
၁၇။	ခေါင်းဆောင်ဟူသည်	၇၃
၁၈။	နှံစုတ်ငှက်နှင့် ဆင်ဆိုး	၈၀
၁၉။	ခိုက်ရန်ဖြစ်က ပျက်စီးရ	၈၅
၂၀။	ခမြေခွေး လူလည်	၈၉
၂၁။	သူ့ကိုကိုယ်ဖျက် ကိုယ်လည်းပျက်	၉၂
၂၂။	သံကိုကြွက်စား သားကိုစွန်ချီ	၉၈
၂၃။	တရားပြည့်ဝသူများ	၁၀၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၄။	အဆုံးအမ ဧစတန္တာအလှ	၁၀၇
၂၅။	မျှောက်ဆီ	၁၁၃
၂၆။	မကောင်းကြံ တန်ပြန်ထိ	၁၁၇
၂၇။	တံငါလင်မယား	၁၂၂
၂၈။	ဒီဃာဝု	၁၂၅
၂၉။	လှဲသော မာန	၁၃၁
၃၀။	ကြီးလေ ခါးလေ	၁၃၄
၃၁။	ဝေဠုက အစေ	၁၃၈
၃၂။	အမှားကို ဝန်ခံတတ်သောမင်း	၁၄၁
၃၃။	နွားသေကို မြက်ကျွေးသူ	၁၄၄
၃၄။	ကျေးညီနောင်	၁၄၈
၃၅။	ဘီလုံးနှင့် သိမ်းငှက်	၁၅၄
၃၆။	မြို့ဟောင်း မြို့သစ်	၁၅၇
၃၇။	ရွှေကုန်သည် နှစ်ဦး	၁၆၂
၃၈။	ဒုဋ္ဌကုမာရ	၁၆၆
၃၉။	မိဘအတွက် အသက်ရင်းသူ	၁၇၂
၄၀။	လျှို့ဝှက်ချက်	၁၇၇
၄၁။	အသက်ရှည်ဆေး	၁၈၂
၄၂။	ဟသ်ာစင်သုကြီး	၁၈၈
၄၃။	ကျေးဇူးသိသော ခြင်္သေ့	၁၉၆
၄၄။	ကြားစကား	၂၀၂
၄၅။	ကျီးနှင့် တင်ကျီး	၂၀၆
၄၆။	ပညောင်တစ်ပင်နှင့် သတ္တဝါသုံးဦး	၂၁၀
၄၇။	ခင်ပွန်းကောင်း	၂၁၃
၄၈။	မျက်မမြင်အမိနှင့် သားဆင်လိမ္မာ	၂၁၇
၄၉။	မဟိံသမင်းသားနှင့် ရေစောင့်ဘီလူး	၂၂၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၀။	တစ်ပင်ရွှေထီး၏ ဇာတ်သိမ်း	၂၂၈
၅၁။	ကျွားကိုနိုင်သောဝက်	၂၃၂
၅၂။	ရပ်စွဲ ရွာစွဲ ရေသစွဲ	၂၃၆
၅၃။	ကြောင်းကျိုးသင့်သော စကားကို လက်ခံသော မင်း	၂၃၉
၅၄။	လာဘ်ပေး လာဘ်ယူ	၂၄၃
၅၅။	ဘဝင်မြင့်သော ကျီး	၂၄၇
၅၆။	မကောင်းကြံ ဘေးဒဏ်ထိ	၂၅၁
၅၇။	မင်း၊ ပုဏ္ဏားနှင့် သရက်သီးသူခိုး	၂၅၆
၅၈။	ရွှေသမင်	၂၆၀
၅၉။	ကုမ္မဿသ	၂၆၆
၆၀။	စွန်မိသားစုနှင့် မိတ်ဆွေများ	၂၇၂
၆၁။	မြေပြိုသတဲ့	၂၇၇
၆၂။	သဲကန္တာရကုန်သည်များ	၂၈၂
၆၃။	ကုန်းချောသော မြေခွေး	၂၈၆
၆၄။	အမျိုးအနွယ်ကို စောင့်ရှောက်သော ခွေး	၂၉၀
၆၅။	သရက်ခါးခါး	၂၉၅
၆၆။	ဝန်စင်းမင်းရာဇာ	၂၉၉
၆၇။	ဘုရားပြီး ငြိမ်းမျက်သူ	၃၀၄
၆၈။	ကျေးဇူးကန်းသော မုဆိုး	၃၀၈
၆၉။	အမျိုးအနွယ်အတွက် အသက်စွန့်သူ	၃၁၂

မြေခွေးနှင့် ပေါင်းမိသော ခြသေ့ံ

လွန်လေပြီးသောအခါ ဗာရာဏသီပြည် အနီး ဓူဘာအုပ် တစ်ခု၌ ခြသေ့ံမောင်နှံ ရှိ၏။ ခြသေ့ံမတွင် သားတစ်ကောင်၊ သမီး တစ်ကောင်မွေး၏။ သားခြသေ့ံအား မနောဇဟု အမည်မှည့်၏။ မနောဇ အရွယ်ရောက်သောအခါ ခြသေ့ံမငယ် တစ်ကောင်နှင့် ပေါင်းဖက်၏။ မနောဇသည် အမိအဖကိုလည်းကောင်း၊ နှမကို လည်းကောင်း၊ မယားကိုလည်းကောင်း ကျွဲအစရှိသည်တို့ကို သတ်၍ ကျွေးမွေးပြုစု၏။

တစ်နေ့သ၌ မနောဇသည် ကျက်စားရာမြေ၌ဝပ်စင်းနေသော မြေခွေးကိုတွေ့သဖြင့် “အဆွေ၊ အဘယ်ကြောင့် ဝပ်စင်းနေသနည်း” ဟု မေးရာ မြေခွေးက “အရှင်ခြသေ့ံ၊ အရှင့်ထံပါး၌ ခစားလိုပါ သည်” ဟု ဆို၏။ မနောဇလည်း “ကောင်းပြီ၊ ခစားလော့” ဟု



ဆိုကာ မြေခွေးကို မိမိ၏နေရာသို့ ခေါ်သွား၏။ ဖခင် ခြင်္သေ့သည် မြေခွေးကိုမြင်သောအခါ "ချစ်သားမနောဇ၊ မြေခွေးတို့မည်သည် သီလမရှိ။ ယုတ်မာသောအကျင့် ရှိတတ်၏။ မြေခွေးနှင့်အတူ မနေသင့်" ဟု တားမြစ်၏။ သို့သော် မနောဇသည် ဖခင်ခြင်္သေ့၏ တားမြစ်စကားကိုမနာယူဘဲမြေခွေးနှင့်ပေါင်းသင်းမြဲပေါင်းသင်း၏။

တစ်နေ့တွင် မြင်းသားကိုစားလိုသော မြေခွေးသည် မနောဇ အား "အရှင်၊ ငါတို့သည် မြင်းသားမှတစ်ပါး အခြားအခြားသော အသားတို့ကို စားဖူးကြ၏။ မြင်းသားကိုမူ မစားဖူးသေးချေ။ မြင်းကိုဖမ်း၍ စားကြကုန်အံ့" ဟု ဆို၏။ ထိုအခါ မနောဇက "အဆွေ မြေခွေး၊ အဘယ်အရပ်၌ မြင်းရှိသနည်း" ဟု မေး၏။ မြေခွေးက "ဗာရာဏသီပြည် မြစ်နားတွင်ရှိ၏" ဟု ဖြေ၏။

မနောဇသည် မြေခွေးနှင့် အတူ မြစ်သို့ သွား၏။ မြင်းများ မြစ်၌ရေချိုးစဉ် မြင်းတစ်ကောင်ကိုဖမ်း၍ ကျောဝ၌တင်ကာ လိုဏ်ဂူသို့ လျင်မြန်စွာ ယူလာ၏။ ထိုအခါ မနောဇအဖ ခြင်္သေ့သည် "ချစ်သား မနောဇ၊ မြင်းတို့မည်သည်မှာ မင်း၏ယာဉ်ဖြစ်၏။ မင်းတို့သည် မာယာများ၏။ မင်းထံ၌ ကျွမ်းကျင်သောလေးသမားတို့ ရှိ၏။ ဤနေ့မှစ၍ မြင်းကို မဖမ်းလင့်" ဟု ဆုံးမ၏။ သို့သော် မနောဇသည် ဖခင် ခြင်္သေ့၏ ဆုံးမစကားကို မနာယူဘဲ မြစ်သို့ သွားမြဲသွားကာ မြင်းကို ဖမ်းမြဲဖမ်း၏။

ထိုသို့ဖြစ်နေများသော် ဗာရာဏသီပြည်၌ ခြင်္သေ့ တစ်ကောင် သည် မြင်းများကို ဖမ်းယူ သတ်ဖြတ်သည်ဟူသော သတင်းစကား ပျံ့နှံ့၏။ ထိုသတင်းစကား မင်းနားသို့ ပေါက်ကြားရကား မင်း သည် မြင်းတို့ကို မြစ်၌ ရေမချိုးစေဘဲ မြို့တွင်း၌ ရေကန်တူး၍ ရေကန်၌ပင် ရေချိုးစေ၏။ မနောဇခြင်္သေ့လည်း မြို့တွင်းရေကန်သို့

လာကာ မြင်းတို့ကို ဖမ်းယူ၏။ ထိုအခါ မင်းသည်မြင်းတို့ကိုရေကန်သို့ မသွားစေဘဲ မြင်းတင်းကုပ်၌သာ နေစေပြီး တင်းကုပ်အတွင်း၌သာ အစာရေစာကျွေး၏။ မနောဇသည် မြင်းတင်းကုပ်သို့လာကာ မြင်းတို့ကို ဖမ်းယူ၏။ အဆုံး၌ မင်းသည် လေးသမားကိုခေါ်ကာ ခြင်္သေ့ကို ပစ်နိုင်စွမ်းရှိ မရှိ မေး၏။ လေးသမားက "စွမ်း၏" ဟုလျှောက်၏။ မင်းသည်လေးသမားကို ခြင်္သေ့အားပစ်စေ၏။

လေးသမားသည် လင့်စင်ကို တံတိုင်းမှီ၍ထိုးကာခြင်္သေ့လာရာ လမ်းမှ စောင့်၏။ မနောဇသည် မြေခွေးကို မြို့ပြင်၌ ထားခဲ့ပြီး မြင်းတင်းကုပ်ရှိရာသို့ အရှိန်အဟုန်ဖြင့်ပြေးလာ၏။ ဝန်မပါ အရှိန်အဟုန်နှင့်ပြေးလာစဉ်မပစ်သေးဘဲ မြင်းကိုတင်ဆောင်လာစဉ်အပြန်တွင်မှ လေးသမားသည် ပစ်၏။ မြားသည်မနောဇ၏ကိုယ်ကိုဖောက်ထွက်၏။ မနောဇသည် "ငါ့ကိုမြားစူးပြီ" ဟုအော်မြည်၏။ မြို့ပြင်မှ မြေခွေးသည် လေးညို့ခတ်သံကိုလည်းကောင်း၊ မနောဇ၏အော်မြည်သံကိုလည်းကောင်း ကြားရသောအခါ "မနောဇသည် လေးသမားပစ်၍သေတော့အံ့။ အသက်ရှင်သောငါသည် သေသူနှင့် အကျွမ်းဝင်ခြင်းဖြင့် အကျိုးရှိတော့မည်မဟုတ်" ဟုကြံကာ မြို့နှင့် ဝေးရာသို့ ပြေး၏။

မနောဇခြင်္သေ့သည် မြင်းကိုချီ၍မိမိနေရာလိုဏ်ဂူသို့အရောက်ပြန်လာပြီးလိုဏ်ဂူဝ၌မြင်းကိုချ၍လဲကျသေဆုံးလေ၏။ ထိုအခါမနောဇ၏ ဆွေမျိုးတို့သည် မြားဒဏ်ရာကြောင့် သွေးအလိမ်းလိမ်း ဖြစ်နေသော မနောဇကို မြင်သောအခါ "ကောင်းကျိုးကိုလို၍ ဆုံးမသော မိဘ၏စကားကို နားမထောင်ဘဲ ယုတ်မာသူနှင့် ပေါင်းဖော်ခြင်းကြောင့် ဤသို့ဘေးဒုက္ခကြုံရ၏" ဟုဆိုကြလေ၏။

သတ္တကနိပါတ်၊ မနောဇဇာတ် မှ

သံဝရ

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်း၌ သားတစ်ရာရှိ၏။ အငယ်ဆုံးသောသားကား သံဝရမည်၏။ ဗြဟ္မဒတ်မင်းကြီးသည် အမတ်တစ်ဦးလျှင် သားတစ်ယောက်ကျ အပ်နှံ၍ အတတ်ပညာ သင်စေ၏။ အတတ်ပညာ ပြည့်စုံသောအခါ သားတော်များအားမြို့ရွာကျေးခရိုင်တို့ကို ပေး၏။

သံဝရမင်းသားသည် ကိုးကျိပ်ကိုးယောက်သောနောင်တော်များနည်းတူ အမတ်တစ်ဦးထံ၌ အတတ်ပညာသင်ယူရ၏။ သံဝရမင်းသားသည် ဆရာအမတ်ထံမှ အတတ်ပညာကို ကျိုးနွံစွာ သင်ယူ၏။ ဆရာအမတ်၏ အဆုံးအမကို နာယူ၏။ ဆရာအမတ်အား အဖအရာ ထား၏။ သံဝရမင်းသားသည် အတတ်ပညာကို သင်ယူပြီး၍ ခမည်းတော် ရှေ့မှောက်၌ မိမိတတ်သော ပညာကို ပြရန်

အချိန်ရောက်လာ၏။ ထိုအခါ သံဝရမင်းသားက ဆရာအမတ်အား မေး၏။

"ဆရာ၊ အကျွန်ုပ်အား ခမည်းတော်က မြို့ကျေးခရိုင်များ ပေးသနားလျှင် အသို့ပြုရအံ့နည်း"

"မင်းသား၊ သင့်အား မြို့ကျေးခရိုင်ကို ပေးသော် မယူနှင့်။ နောင်တော် ကိုးကျိပ်ကိုးယောက်တို့သည် ခမည်းတော်ထံမှ ထွက်ခွာသွားကြပြီဖြစ်၍ ကျွန်ုပ်ပါထွက်ခွာသွားလျှင် ခမည်းတော် ထံမှာ တိတ်ဆိတ်သွားပါလိမ့်မည်။ ခမည်းတော်၏ ခြေတော်ရင်း၌သာ နေလိုပါသည်ဟု လျှောက်တင်လော့" ဟု ဆရာအမတ်က ဖြေ၏။

သံဝရမင်းသားအား ခမည်းတော် ဗြဟ္မဒတ်မင်းက မြို့ကျေး ခရိုင်ကို ပေးသောအခါ သံဝရမင်းသားသည် ဆရာအမတ် သွန်သင်ထားသည့်အတိုင်း လျှောက်တင်၏။ သံဝရမင်းသား၏ လျှောက်တင်ချက်ကို မင်းကြီးနှစ်သက်သည်ဖြစ်၍ခြေတော်ရင်း၌ ခစားစေ၏။

သံဝရမင်းသားသည် ဆရာအမတ်အား မပြတ်ချဉ်းကပ်၍ ဆုံးမသွန်သင်သည်တို့ကို နာယူ၏။ ဆရာအမတ်သည် သံဝရ မင်းသားအား ဥယျာဉ်မှူးတစ်ခုကို တောင်းစေ၍ ဥယျာဉ်ထွက် ပန်းမန်သစ်သီးတို့ကို မင်းဆွေစိုးမျိုး မှူးကြီးမတ်ငယ်တို့အား ထောက်ပံ့စေ၏။ ထို့နောက် တစ်ဖန် ဆရာအမတ် သွန်သင်သည့်အတိုင်း မင်းအားပန်ကြား၍ နန်းတွင်း မြို့တွင်းရှိ မှူးမတ် ဗိုလ်ပါ အမှုလုပ် ဆင်မြင်းတို့အား ထမင်းရိက္ခာတို့ကို ပေး၏။ တိုင်းတစ်ပါးမှလာသော ကုန်သည်တို့အားလည်း နေရာထိုင်ခင်းများကို ပေး၏။ ဆရာအမတ်၏ အဆုံးအမ မှန်သမျှကို နာယူဆောင်ရွက်သောကြောင့် အလုံးစုံသော အမှုးအမတ် ပြည်သူအပေါင်း တို့က သံဝရမင်းသားကို ချစ်မြတ်နိုးကြ၏။

ဗြဟ္မဒတ် မင်းကြီးသည် မင်းစည်းစိမ်ကို ကာလ ရှည်ကြာ ခံစားပြီးနောက် အခါတစ်ပါးတွင် နာမကျန်းဖြစ်၍ သေအံ့မူးမူး၌ မှူးမတ်တို့က "အရှင်မင်းကြီး၊မင်းကြီးလွန်သော် ထီးနန်းကို မည်သူ့အား ပေးရပါမည်နည်း"ဟု လျှောက်၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက "အမတ်တို့၊ငါ၏သားတစ်ရာတို့သည် ထီးနန်းနှင့် ထိုက်သူချည်းသာတည်း။ သားတစ်ရာအနက် သင်အမတ်တို့ နှစ်သက်သူကိုသာ ထီးနန်းဆောက်နှင်းရစ်ကြလော့" ဟု မိန့်မှာ၍ နတ်ရွာစံလေသည်။

အမတ်တို့သည် သံဝရမင်းသားအား ထီးနန်းအပ်နှင်းကြ၏။ သံဝရမင်းသားသည်ဆရာအမတ်၏ အဆုံးအမကို နာယူမြဲနာယူကာ မင်းကျင့်တရားနှင့်အညီ မင်းပြု၏။

သံဝရမင်းသားအား အမှူးအမတ်တို့က ထီးနန်း အပ်နှင်းသည့်အကြောင်းကို ကြားသောအခါ ကိုး ကျိပ် ကိုးယောက်သော မင်းသားတို့သည် ထီးနန်းအရိုက်အရာကို နောင်တော် အကြီးဆုံးဖြစ်သော ဥပေါသထ မင်းသားအား ပေးအံ့ဟု ဗာရာဏသီပြည်သို့ ချီတက်ကာဝန်းရံ၏။ ထီးနန်းအရိုက် အရာကို နောင်တော်ကြီး ဥပေါသထအားပေးမည်လော၊စစ်ကိုထိုးမည်လောဟု သံဝရမင်းထံ သဝဏ်စေ၏။သံဝရမင်းသည် ဆရာအမတ်၏ အဆုံးအမကို ခံယူ၍ အဆုံးအမအတိုင်း ခမည်းတော်၏ဥစ္စာကို အစုတစ်ရာပြု၍ ကိုးကျိပ် ကိုးယောက်သောနောင်တော်များထံ ပေးပို့စေ၏။ခမည်းတော်၏ အမွေဥစ္စာအစုကို ယူကြပါ။နောင်တော်တို့နှင့်လည်း စစ်မထိုးလိုပါ ဟု လျှောက်ထား၏။

ထိုအခါ နောင်တော်ကြီးဥပေါသထသည် ညီတော်များအား ခေါ်ယူ၍"ညီတော်တို့၊ငါတို့သည် ထီးဖြူကို တစ်ပြိုင်နက် တည်း မဆောင်းနိုင်။ ညီထွေးသံဝရသည် ခမည်းတော်၏ ဥစ္စာအစုကို

ငါတို့အား ဆက်၍ စစ်မပြုလိုကြောင်း လျှောက်လာသည်။ ညီထွေးသည် ငါတို့အား ရန်သူအဖြစ် မဆက်ဆံ။ ညီထွေးသံဝရသာလျှင် ထီးနန်းစိုးစံပါစေ''ဟုဆို၏။ ထို့နောက် ကိုးကျိပ်ကိုးယောက်သော နောင်တော် မင်းသားများသည် မြို့တံခါးကို ဖွင့်စေ၍ မြို့တွင်းသို့ ဝင်ကာသံဝရမင်းနှင့်တွေ့ဆုံ၏။ သံဝရမင်းသည် နောင်တော်တို့အား နန်းတွင်းသို့ မရောက်မီကပင် အမတ်တို့အား ခရီးဦးကြိုဆိုစေ၏။

နောင်တော်ကြီးဥပေါသထသည် ခမည်းတော်က သံဝရမင်းသားအား ထီးနန်းပေးလိုသဖြင့် မြို့ကျေးခရိုင်မပေးဘဲ ဖခင်တော် ရင်း၌ ထားသည်ထင်၏။ ကိုးကျိပ်ကိုးယောက်သော သားတော်တို့ကို လွှန်၍ အငယ်ဆုံးသောသားကို ခမည်းတော်က အဘယ်ကြောင့် ထီးနန်းအပ်နှင်းလိုသည်ကို သိလို၏။ ထို့ကြောင့်သံဝရမင်းသားအား ထီးနန်းရရှိခြင်းအကြောင်းကိုမေး၏။

ထိုအခါသံဝရမင်းသားက ''နောင်တော်ဥပေါသထ၊ ကျွန်ုပ်သည် သူတော်ကောင်းတို့ကို ဆည်းကပ် ကိုးကွယ်၏။ သူတော်ကောင်းတို့ကား အကျိုးစီးပွားနှင့်ယှဉ်သောဆုံးမစကားကို ဆိုတတ်၏။ ထိုဆုံးမစကားကို ကျွန်ုပ်သည်နာယူ၏။ အဆုံးအမအတိုင်း လိုက်နာပြုလုပ်၏။ ဤသည်ပင်လျှင် ကျွန်ုပ်ထီးနန်းရခြင်း အကြောင်း ဖြစ်၏'' ဟုဖြေကြား၏။

ဥပေါသထမင်းသားနှင့်တကွ နောင်တော်တို့သည် ညီထွေး သံဝရ၏ အကျင့်တရားနှင့်ပြည့်စုံသည့်ခြင်း အဖြစ်ကို နှစ်သက်သဘောကျ၍ သံဝရမင်းထံ၌ တစ်လခွဲမျှ နေထိုင်ပြီးနောက် မြို့ကျေးခရိုင် အသီးသီးသို့ ပြန်ကြလေ၏။

ဧကာဒသကနိပါတ်၊ သံဝရဇာတ် မှ



ဘိမသေန

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ဗာရာဏသီပြည်၏ နိဂုံးရွာတစ်ရွာ၌ ပုဏ္ဏားလုလင်တစ်ဦးရှိ၏။ ပုဏ္ဏားလုလင်သည် တက္ကသိုလ်ပြည်သို့သွား၍ ဗေဒင်သုံးပုံနှင့် တကွ တစ်ဆယ့်ရှစ်ရပ်ဒသော အတတ်များကို သင်ယူ၏။ လေးမြားအတတ်၌ ထူးချွန်ရကား စူဠဓနုဂ္ဂဟအမည်ရ၏။ စူဠဓနုဂ္ဂဟသည် အရပ်အလွန်ပု၏။ ခါးကုန်း၏။ မင်းထံ၌ လေးသမားအဖြစ် အမှုထမ်းခွင့်ရရန် လျှောက်တင်ပါက မိမိ၏ အလုံးအရပ်ကြောင့် အမှုထမ်းခွင့်ရမည်မဟုတ်ဟု စူဠဓနုဂ္ဂဟတွေးမိ၏။ အရပ်အမောင်းကောင်း၍ ရုပ်ရည်ခံ့ညားသော ယောကျ်ားတစ်ယောက်ကို မင်းထံခစားစေပြီး မိမိမှာ ထိုသူအား မင်းပေးသောအမှုတို့ကို နောက်ကွယ်မှနေ၍ ဆောင်ရွက်ပေးမည်ဟု ...

ယူပြီးသောအခါ ရှင်မနုဂ္ဂဟာသည်မဟိံသကတိုင်းသို့သွား၍ ခံ့ညားသော ယောကျ်ားကို ရှာ၏။ ရှင်မနုဂ္ဂဟာလိုသောယောကျ်ားကို တွေ့၏။ ထိုသူကား ရက်ကန်းသည် ဘီမသေနဖြစ်၏။ ရှင်မနုဂ္ဂဟာသည် ဘီမသေနထံ သွား၍ "အဆွေ၊ အဆွေသည် အရပ်အမောင်းနှင့်လည်းကောင်း၊အဆင်းနှင့်လည်းကောင်း ပြည့်စုံသူ ဖြစ်၏။ အဘယ်ကြောင့် ရက်ကန်းရက်၍ အသက်မွေးမည်နည်း။ မင်းထံ၌ ခစားပါလော့။ ငါသည်ကား ဇမ္ဗူဒိပ်၌ ယှဉ်ဖက်မရှိသော လေးသမားဖြစ်၏။ သို့တိုင်အောင် ငါ၏ ချို့ငဲ့သော အရပ်အမောင်းကြောင့် မင်းခစားမဖြစ်သာ။ အသင်သာ မင်းထံ အခစားဝင်၍ လေးသမားအရာတောင်းပါက သင်၏အရပ်အမောင်း၊ အဆင်းအင်္ဂါကိုကြည့်၍ အရာပေးအံ့။ မင်းက သင့်အား ဆောင်ရွက်စေသော အမှုကိစ္စမှန်သမျှကို သင်၏နောက်ကွယ်မှနေ၍ ပြီးမြောက်အောင် ငါ ဆောင်ရွက်အံ့။ ငါတို့နှစ်ဦးသည် မင်းပေးသောရိက္ခာဖြင့် ချမ်းသာစွာနေကြအံ့" ဟု ဆို၏။

ဘီမသေနလည်း "ကောင်းပြီ" ဟု သဘောတူ ဝန်ခံ၏။ ထိုအခါ ရှင်မနုဂ္ဂဟာသည် ဘီမသေနအား ဗာရာဏသီပြည်သို့ ခေါ်ဆောင်သွား၏။ ဗြဟ္မဒတ်မင်း၏ နန်းရှေ့သို့ ရောက်သောအခါ ရှင်မနုဂ္ဂဟာသည် ဘီမသေနအား ရှေ့မှာထား၍ မိမိမှာ ဘီမသေန၏ အလုပ်အကျွေးသဖွယ် နောက်မှနေ၍ မင်းထံ ဝင်ခွင့်တောင်း၏။ မင်းလည်းခွင့်ပြု၏။ ထိုအခါ ဘီမသေနက "ကျွန်ုပ်ကား လေးသမားဖြစ်၏။ ဇမ္ဗူဒိပ်၌ ကျွန်ုပ်ကို ယှဉ်ဖက်နိုင်သော လေးသမားမရှိပြီ" ဟု လျှောက်တင်၏။ မင်းလည်းဘီမသေနကို လေးသမားအရာပေး၏။ ထိုအခါမှစ၍ ဘီမသေနသည် မင်းထံ မပြတ် ခစား၏။ ဘီမသေန ဆောင်ရွက်ရမည့် အမှုကိစ္စမှန်သမျှကို ရှင်မနုဂ္ဂဟာသည် နောက်ကွယ်မှ ဆောင်ရွက်ပေး၏။

တစ်ခါသော် တစ်ခုသောလမ်းခရီး၌ ကျားသောင်းကျန်း၏။ ခရီးသွားတို့ မကြာခဏ ကျားစားခံရ၏။ ထိုအကြောင်းကို မင်း

သိသောအခါ ဘီမသေနအားခေါ်၍ "အမောင်၊ကျားရဲကို ဖမ်းနိုင်သလော"ဟု မေး၏။ ဘီမသေနက "အရှင်မင်းကြီး၊ ကျားရဲကို မဖမ်းနိုင်ပါဘဲ ဘာကြောင့် အကျွန်ုပ် လေးသမားလုပ်ပါမည်နည်း"ဟု ဖြေ၏။ မင်းလည်း အားရ၍ ရိက္ခာပေးကာ ဘီမသေနအား စေလွှတ်၏။ ဘီမသေနသည် အိမ်သို့ အဆောတလျင် ပြန်လာပြီးနောက် ယုဓိဋ္ဌိရအား အကျိုးအကြောင်းပြော၏။ ယုဓိဋ္ဌိရက ဘီမသေနအား "အဆွေ၊ ရှေ့က သွားလေလော့"ဟု ဆို၏။ ဘီမသေနက "အကျွန်ုပ်ချည်းသာ သွားရမည်လော၊ အကျွန်ုပ်နှင့်အတူ အသင်မလိုက်ဘူးလော"ဟု မေး၏။ "အဆွေ၊ ငါမလိုက်တော့ပြီ။ သို့သော် အဘယ်သို့သော ဥပါယ်တံမျဉ်ဖြင့် ကျားဖမ်းရမည်ကို သင့်အား ငါ သင်ပေးလိုက်အံ့။ အဆွေ ဘီမသေန၊ သင်သည် လေးသမားများစွာကို စုရုံးခေါ်သွားပါလော့။ ဇနပုဒ်သို့ ရောက်သောအခါတွင်လည်း ဇနပုဒ်သားများစွာကို စုရုံးခေါ်သွားပါလော့။ ထို့နောက် ကျားရှိရာသို့သွားကာ ကျားထွက်လာအောင် ပြုစေလော့။ ကျားထွက်လာလျှင်လာချင်း နီးရာချုံတစ်ခုအောက်သို့ တိုးဝင်၍ ဝပ်လေလော့။ လေးသမားဇနပုဒ်သားတို့သည် ကျားကို ပစ်ခတ်ရိုက်ပုတ်၍ ဖမ်းလတ္တံ့၊ ကျားသေသည်ကိုမြင်လျှင် နွယ်တစ်ချောင်းကိုဖြတ်၍ ချုံမှ ထွက်လော့၊ ကျားသေရှိရာ သွားကာ အဘယ်သူသည် ကျားကိုသတ်လိုက်သနည်း။ ငါသည် ကျားကို အရှင်ဖမ်း၍ မင်းကြီးထံဆက်ရန် နွယ်ကို ဖြတ် နိုက် မည်သူက သေအောင်သတ်လိုက်သနည်းဟု ကြိမ်းမောင်းပါလော့။ ထိုအခါ ဇနပုဒ်သားတို့သည် အရှင်ဘီမသေန၊ကျားသေရသည့်အကြောင်းကို မင်းကြီးအား မလျှောက်ပါလင့်ဟု ဆိုကြကာ ဥစ္စာတို့ကို ပေးအံ့။ သင်သည် ကျားသေကိုယူ၍ နန်းသို့ဝင်လျှင် မင်းကလည်း သင့်အား ကျားရဲကို နှိမ်နင်းသူအဖြစ် ဥစ္စာချီးမြှင့်အံ့"ဟု ဆို၏။

ဘီမသေနသည် ယုဓိဋ္ဌိရ သင်ပေးလိုက်သည့် နည်းလမ်းအတိုင်း ကျားကိုဖမ်းယူ၏။ ဘီမသေနသည် ကျားသေကိုယူ၍

မင်းထံအခစားဝင်ပြီး ''အရှင်မင်းကြီး၊ အကျွန်ုပ်သည် ကျွားရဲကို အရှင့်ထံ အပ်ပါ၏၊၊ အကျွန်ုပ်သည် တောလမ်းခရီးကို ဘေးကင်းအောင် ပြုနိုင်ပါပြီ''ဟု လျှောက်တင်ရာ မင်းကြီး အားရ၍ ဆုလာဘ်များစွာ ပေး၏။

တစ်နေ့သော် တစ်ခုသောတောလမ်းခရီး၌ ကျွဲရိုင်း သောင်းကျန်းသဖြင့် မင်းသည် ဘီမသေနအား အနှိမ်အနင်းလွှတ်၏။ ဘီမသေနသည် ကျွားကိုဖမ်းသည့်နည်းအတိုင်း ကျွဲရိုင်းကို ဖမ်းနိုင်ခဲ့၏။ မင်းလည်း ကြီးစွာသောစည်းစိမ်ကို ဘီမသေနအားပေး၏။မင်းပေးသော စည်းစိမ်၌ ဘီမသေနယစ်မူး၏။ ဘီမသေန စည်းစိမ်၌ယစ်မူး လေလေ မာန်မာနတက်လေလေဖြစ်ကာ ဗုဋ္ဌမနေ့ဂုဟာ၏ စကားကို မနာယူတော့ပေ။ ''ငါသည်သင့်ကိုမှီ၍ အသက်မွေးသည် မဟုတ်။ သင်သည်သာလျှင် ယောကျ်ားလော၊ ငါလည်း ယောကျ်ားပင် မဟုတ်လော'' ဟု ငါ မာန်တခွန်ထုကာ ငါတကောကော၏။

တစ်ခါသော်ပြည်နီးချင်းမင်းသည်ဗာရာဏသီပြည်ကိုဝန်းရံ၍ ''ပြည်ကိုတည်း ပေးမည်လော၊ စစ်ကိုတည်း ထိုးမည်လော'' ဟု ရာဇသံစေ၏။ ဗာရာဏသီမင်းသည် ဘီမသေနအား စစ်ထိုးစေ၏။ ဘီမသေနသည် အလုံးစုံသော ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ မင်း၏အသွင်ကိုယူကာ ဆင်ကျောကုန်းထက်၌ နေ၏။ ဗုဋ္ဌမနေ့ဂုဟာလည်းချပ်ဝတ်တန်ဆာဝတ်လျက်ဘီမသေန၏နောက်ပါး၌ကပ်လျက်ထိုင်၏။ ဆင်သည် စစ်သည်ဗိုလ်ပါ အခြံအရံတို့ဖြင့်မြို့တံခါးမှထွက်၍ စစ်မြေဦးသို့ရောက်၏။ ဘီမသေနသည် စစ်ထိုးသော စည်သံကို ကြားသည်နှင့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်၏။ ဘီမသေနသည် စစ်ထိုးသည်ကိုမြင်သောအခါ သေဘေးကိုကြောက်လှ၍ ဆင်ထက်၌ ကျင်ကြီးကျင်ငယ်ယိုထွက်၏။ ဗုဋ္ဌမနေ့ဂုဟာသည် ဘီမသေန၏အဖြစ်ကို မြင်လျှင်''သင်သည် ယခင်ကမူ ငါ့အား သင်သာလျှင် ယောကျ်ား မဟုတ်၊ ငါလည်းယောကျ်ားပင်ဟုဆို၏။ ငါယောကျ်ားဆိုသော

သူသည် ယခုဆင်ထက်၌ ကျင်ကြီးကျင်ငယ် ယိုထွက်၏။ အဘယ်ပုံ စစ်ထိုးမည်နည်း''ဟုဆို၏။ ထိုနောက် ဘီမသေနအား ဆင်ကျော ထက်မှချကာ အိမ်သို့ပြန်စေ၏။ စူဠဓနုဂ္ဂဟသည် ဆင်ကိုစီး၍ ရန်သူ ဗိုလ်ပါတို့ကို တိုက်ခိုက်၏။ ရန်သူမင်းကို အရှင်ဖမ်း၍ ဗြဟ္မဒတ်မင်း ထံဝင်၍ ရန်သူမင်းကိုအပ်၏။ မင်းသည်အားရလွန်း၍ စူဠဓနုဂ္ဂဟ အား ကြီးစွာသော စည်းစိမ်ကို ပေး၏။ ထိုအခါမှစ၍ ဇမ္ဗူဒိပ် တစ်ခွင်ဝယ် စူဠဓနုဂ္ဂဟ၏အမည်သည် ကျော်ကြားလေသတည်း။

ဧကနိပါတ်၊ ဘီမသေနဇာတ် မှ

သူရဲကောင်း ငခင်ညို

ယက္ကရာဇ် ခုနစ်ရာ့လေးခုနှစ်တွင် ပင်းယမြို့၌ နန်းတက်သော ငါးစီးရှင်ကျော်စွာသည် ပင်းယမြို့စားဖြစ်စဉ်က ညီတော်စစ်ကိုင်းမြို့စား အသင်္ခယာစောယွမ်းကို လုပ်ကြံရန် သူရဲကောင်း ငခင်ညိုကို စေတော်မူ၏။ ငခင်ညိုသည်စစ်ကိုင်းဘက်သို့ကူး၍ လုပ်ကြံရန်အခိုက်အခြည်ကိုကြည့်၏။မလုပ်ကြံသာသောကြောင့်တောတွင်း၌ပုန်းနေ၏။ သုံးရက်တိုင်တိုင် ပုန်းနေပြီးသောအခါ စစ်ကိုင်းစားကို လုပ်ကြံရန် နန်းတော်သို့ တက်လေ၏။ စစ်ကိုင်းစား အသင်္ခယာ စောယွမ်းက မဟာဂီရိနတ်ကို ပသထားသော ထမင်းနှင့်အမဲသား အပြည့်ရှိသည့် ရွှေစလောင်းကို ငခင်ညို တွေ့၏။ တောတွင်း၌ သုံးရက်တိုင်တိုင် ပုန်းအောင်းနေရသဖြင့် ထမင်းမစားရသောငခင်ညိုသည် နတ်တင် ထမင်းကို စားလေသည်။

ခေါင်ညိုသည် နတ်တင်ထမင်းကို စားပြီးလျှင်အတွင်းသို့ဝင်၍ အသင်္ချာစေဝယွမ်း စက်တော်ခေါ်နေသော သလွန်ခေါင်းရင်း ဝယ် ရပ်၍ ဆောင်ယူလာသော ဓားကို နှုတ်လိုက်၏။ ထိုခဏ၌ပင် ခေါင်ညိုသည် "ဤမင်းကား ယခု ငါ၏ထမင်းရှင် ဖြစ်နေပေပြီ။ ထမင်းရှင်ကို ပြစ်မှားသောအပြစ်ကားကြီးလှ၏" ဟု တွေးမိ၏။ ထို့ကြောင့် နှုတ်ထားသောဓားကို ပြန်သွင်းမိ၏။

"ငါသည် စစ်ကိုင်းမင်းကို လုပ်ကြံသာလျက် မလုပ်ကြံဘဲ ပြန်သည်ရှိသော် ငါ့သခင်ကျော်စွာက ငါ့အား အမျက်ရှိမည်သာ" ဟု တွေးမိပြန်သောအခါ သွင်းထားသောဓားကို နှုတ်ပြန်၏။

"ငါ့သခင်က ငါ့အား အမျက်ရှိသော် ဤတစ်သက်သာ အမျက်ဒဏ်ခံရအံ့။ ထမင်းရှင်ကို ပြစ်မှားမိပါက သံသရာ၌ဝန်လေးအံ့" ဟု တွေးမိသဖြင့် ဓားကို ပြန်သွင်း၏။ ထို့နောက် သခင်ဖြစ်သူ ပင်လယ်စား ကျော်စွာက စစ်ကိုင်းမင်းထံ မရောက်ဘဲ ရောက်သည် ဆိုသည်ဟု အမိန့်တော်ရှိလျှင်သက်သေပြနိုင်ရန်အတွက် စစ်ကိုင်းမင်း၊ အသင်္ချာစေဝယွမ်းအား သူ၏ခမည်းတော် တစ်စီးရှင်သီဟသူ ပေးသနားတော်မူသော ပတ္တမြားစီဓားကိုယူ၍ ပင်လယ်မြို့သို့ ပြန်ခဲ့လေ၏။

ပင်လယ်မြို့သို့ ရောက်လျှင် ပင်လယ်စား ကျော်စွာလည်း အမှုကိစ္စ ပြီးခဲ့၏လောဟု မေးတော်မူ၏။ ခေါင်ညိုလည်း ဖြစ်ပျက်ခဲ့သည်ကို နားတော်လျှောက်၍ အသင်္ချာစေဝယွမ်း၏ ပတ္တမြား ဓားကို ဆက်သ၏။ ပင်လယ်စား ကျော်စွာ သည် ခေါင်ညို၏ တင်လျှောက်ချက်ကို ကြားရသည်ရှိသော် " ငါ့ကျွန်သည် ထမင်း တစ်လောင်းကိုစားရရုံနှင့်ပင် သူ့ကျေးဇူးကိုသိ၍ဤသို့လျှောက်၏။

နေ့တိုင်းမလစ် သားမယားနှင့်တကွ ကျွေးမွေးသော ငါ၏ ကျေးဇူးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း''ဟူ၍ ချီးမွမ်းတော်မူ၏။ များစွာသော စည်းစိမ်ချမ်းသာ ဆုလာဘ်ကိုလည်း ခင်ညိုအား ပေးတော်မူ၏။

မှန်နန်းမဟာရာဇဝင်တော်ကြီး မှ

နန္ဒိဝိသာလ

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ပုဏ္ဏားတစ်ယောက်သည် နွားငယ်တစ်ကောင်ကို အလှူခံရ၍ နန္ဒိဝိသာလ ဟု အမည်မှည့်၏။ ပုဏ္ဏားသည် နန္ဒိဝိသာလကို ချစ်မြတ်နိုးရကား သားအရာ၌ ထား၍ ယာဂုထမင်း အစရှိသည်တို့ကိုကျွေး၍ မွေး၏။ နန္ဒိဝိသာလ အရွယ်ရောက်သည်ရှိသော် ''ဤပုဏ္ဏားသည် ငါ့ကို ကျွေးမွေးပြုစု၏။ ဇမ္ဗူဒိပ်၌ ငါနှင့်တူမျှသော နွားသည်မရှိ။ ငါသည် မိမိ၏ အားကိုပြ၍ ပုဏ္ဏားအား မွေးကျေးဇူး ဆပ်ရမူကား ကောင်း၏'' ဟု ကြံ၏။

တစ်နေ့သ၌ နန္ဒိဝိသာလသည် ပုဏ္ဏားကို ''ပုဏ္ဏား၊ ဂေါဝိန္ဒက သူဌေးထံ သွား၍ ငါ၏နွားသည်တစ်စီးနှင့်တစ်စီး ဆက်၍ တွဲချည်ထားသောလှည်းတစ်ရာကို ဆွဲနိုင်၏ဟု ဆိုကာ အသပြာ တစ်ထောင်

[illegible]ရေးဦးစီးဌာန
၁၈၈၄ စာကြည့်တိုက်

ဖြင့် အလောင်းအစားပြုလော့" ဟု ဆို၏။ ပုဏ္ဏားသည် သူဌေးထံ သွား၍ "ဤ မြို့၌ အဘယ်သူ၏နွားသည် စွမ်းအားနှင့် ပြည့်စုံ သနည်း" ဟု စကားစ၏။ ဂေါဝိန္ဒက သူဌေးက "ဤမည်သော သူ၏ နွားသည် စွမ်းအားနှင့် ပြည့်စုံ၏။ ဤမည်သော သူ၏ နွား သည်လည်း စွမ်းအားနှင့်ပြည့်စုံ၏" ဟု ဆို၏။ ထိုအခါ ပုဏ္ဏားက "တစ်ဆက်တည်းတွဲချည်ထားသောလှည်းတစ်ရာကိုဆွဲနိုင်စွမ်းသော နွားရှိ၏" ဟုဆိုသော် ဂေါဝိန္ဒက သူဌေးက "ဤသို့သော နွားမျိုး အဘယ်မှာရှိနိုင်အံ့နည်း" ဟု ဆိုလေ၏။

"ငါ့အိမ်၌ရှိသည်" ဟု ပုဏ္ဏားဆို၍ ဂေါဝိန္ဒက သူဌေးနှင့် ပုဏ္ဏားသည် တစ်ဆက်တည်း တွဲချည်ထားသော လှည်းတစ်ရာကို ဆွဲနိုင် မဆွဲနိုင် အသပြာတစ်ထောင် အလောင်းအစားပြုကြ၏။

ပုဏ္ဏားသည် လှည်းတစ်ရာ၏ ဝင်ရိုးများကို လွန်ကြိုးဖြင့် တစ်ပေါင်တည်း ဖွဲ့၏။ လှည်းများပေါ်သို့ သဲ ကျောက်စရစ် အပြည့် တင်၏။ ထို့နောက် နန္ဒိဝိသာလ နွားကို ရေချိုး၍ နံ့သာ လက်ငါး ချောင်းရာကို ပေးပြီးလျှင် လည်၌ ပန်းကုံးစွပ်ကာ ရှေ့ဆုံး လှည်း၌ က၏။ ပုဏ္ဏားသည် လှည်းဦး၌ထိုင်လျက် နှင်တံကို မြှောက်ကာ "ဟဲ့ နွားကောက် နွားကျစ်၊ သွားလေ့။ ဝန်ကိုဆောင်လော့" ဟု ဆို၏။ ထိုအခါ နန္ဒိဝိသာလသည် "မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်သည် ဆိုပေ၏ တကား" ဟု ခြေလေးဖက်ကိုတိုင်ကဲ့သို့ မြဲမြံစွာစိုက်လျက် ဝန်ကိုမရုန်းဘဲ နေ၏။ ဂေါဝိန္ဒက သူဌေးသည် ပုဏ္ဏားအား အသပြာတစ်ထောင် လျော်စေ၏။ ပုဏ္ဏားသည် မနှစ်သက်ဖွယ်သောစကားကို ဆိုမိသောကြောင့် လောင်းကြေး အသပြာ တစ်ထောင်ရှုံးရလေသည်။ ပုဏ္ဏားသည် အိမ်သို့ပြန်၍ ပူပန်သောက ရောက်လျက် လဲလျောင်းနေ၏။

ထိုအခါ နန္ဒိဝိသာလသည် ပုဏ္ဏားထံလာ၍ "အဘယ်ကြောင့် အိပ်နေသနည်း" ဟု မေး၏။ "အသပြာ တစ်ထောင် ရှုံးသော

ငါသည် အဘယ်မှာအိပ်နေနိုင်ပါအံ့နည်း”ဟု ပြောရာ နန္ဒိဝိသာလက “ပုဏ္ဏား၊ ငါသည် သင့်အိမ်၌ နေစဉ်တစ်စုံတစ်ခုသော အိုးကို ခွဲဖူးပါသလော။ တစ်စုံတစ်ခုသောအရာကို နင်းနယ် ဖျက်ဆီး ဖူးပါသလော။ နေရာမဟုတ်သည်၌ ကျင်ကြီးကျယ်ငယ် စွန့်ဖူးပါသလော” ဟု မေး၏။ ပုဏ္ဏားကမခွဲဖူး၊မနင်းနယ်ဖူး၊မစွန့်ဖူးကြောင်း ဖြေကြားလေ၏။

ထိုအခါ နန္ဒိဝိသာလက “ပုဏ္ဏား၊ သို့ပါလျက် သင်သည် ငါ့အား အဘယ်ကြောင့် နွားကောက် နွားကျစ်ဟု ဆိုဘိသနည်း။ အသပြာတစ်ထောင် ရှုံးရခြင်းတွင် ငါ၌အပြစ်မရှိ။ သင်၏ အပြစ် သာတည်း။ ပုဏ္ဏား၊ ဂေါဝိန္ဒကထံ တစ်ဖန်သွား၍အသပြာနှစ်ထောင် လောင်းလော့။ မကောက်မကျစ်သော ငါ့အား ကောက်ကျစ်သည်ဟု မဆိုလင့်”ဟု ပြော၏။

နန္ဒိဝိသာလ၏ စကားအတိုင်း ပုဏ္ဏားသည် ဂေါဝိန္ဒက သူဌေးထံ တစ်ဖန်သွား၍ ရှေးနည်းအတူ အလောင်းအစားပြု၏။ ပုဏ္ဏားသည် လှည်းတစ်ရာကို လွန်ကြိုးဖြင့်တစ်စပ်တည်း ဖွဲ့ပြီးသော် လှည်းဦး၌ ထိုင်ပြီးလျှင် နန္ဒိဝိသာလ၏ကျောက်ကုန်းကို သပ်လျက် “နွားကောင်းနွားမွန်၊ သွားပါလော့။ နွားကောင်းနွားမွန်၊ ဝန်ကိုရုန်းပါလော့”ဟုဆို၏။ ထိုအခါနန္ဒိဝိသာလသည် လှည်းအစီးတစ်ရာကို တစ်ဟုန်တည်းဆွဲရာ နောက်ဆုံးလှည်းသည် ရှေးဦးဆုံးလှည်း၏ နေရာသို့ ရောက်၏။ ဂေါဝိန္ဒက သူဌေးသည် အလောင်းအစား ရှုံးသဖြင့် ပုဏ္ဏားအား အသပြာနှစ်ထောင် ပေးရ၏။ တစ်ပါးသော သူတို့သည်လည်း နန္ဒိဝိသာလအား များစွာသောဥစ္စာတို့ကို ပေးကြရကား ထိုဥစ္စာတို့ကို ပုဏ္ဏားသာလျှင် ရလေ၏။

ဧကနိပါတ်၊ နန္ဒိဝိသာလဇာတ် မှ



လှည်းကုန်သည်

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်တွင် လှည်းငါးရာစီဖြင့် ကုန်သွယ်သော ကုန်သည်နှစ်ဦး ရှိ၏။ တစ်ဦးသော ကုန်သည်ကား ပညာရှိ၍ တစ်ဦးသော ကုန်သည်ကား ပညာမဲ့၏။ တစ်နေ့သော် ပညာရှိ ကုန်သည်သည် အရပ်တစ်ပါးသို့ သွားရောက် ကုန်သွယ်ရန်အတွက် လှည်းပေါင်းငါးရာကို ပြင်ဆင်၏။ ပညာမဲ့ ကုန်သည်သည်လည်း အလားတူ ပြင်ဆင်၏။ ထိုအခါ ပညာရှိကုန်သည်က တစ်ခုတည်းသော ခရီးကို လှည်းပေါင်း တစ်ထောင်ဖြင့် အတူတကွ သွားသည်ရှိသော် လမ်းခရီး၌ ထင်း၊ ရေ၊ မြက် စသော ရိက္ခာတို့ ရှားပါးသည်ဖြစ်အံ့ဟု ကြံမိ၏။ ထို့ကြောင့် အခြားသော ကုန်သည်အား ခေါ်ကာ ငါတို့သည် အတူတကွ သွားခြင်းငှာမသင့်။ တစ်ဦးက အလျင်ဦးစွာ သွား၍

ကျန်တစ်ဦးက နောက်မှလိုက်သင့်သည်။ ထို့ကြောင့် မည်သူ အလျင်သွား၍ မည်သူ နောက်မှလိုက်ရမည်ကို ရွေးချယ်ပါလော့ဟု ဆို၏။

ပညာမဲ့ကုန်သည်က ငါသည် အလျင်ဦးစွာ သွားရပါက ထင်း၊ ရေ၊ မြက် တို့ကို အဦးရအံ့။ ကုန်ပစ္စည်းများကို အဦးဆုံး ရောင်းချရသည်ဖြစ်၍ လိုသလို အဖိုးထားနိုင်အံ့ဟု ကြံစည်မိရကား အလျင်ဦးစွာ သွားမည်ဟု ပြော၏။ ပညာရှိကုန်သည်ကလည်း နောက်မှ ခရီးသွားခြင်းဖြင့် ရှေ့မှသွားသူတို့ကြောင့် ခရီးလမ်းပန်း ညီညွတ်ပြေပြစ်အံ့။ အရွက်တို့သည် တစ်ဖန်ပြန်၍ ရွက်နုထွက်သဖြင့် ချိုမြိန်အံ့။ မြက်တို့သည်လည်း တစ်ဖန်ပြန်၍ ပေါက်သဖြင့် နုကုန်အံ့။ ရှေ့မှသွားသူတို့ ရေရရန် အလို့ငှာ တူးခဲ့သော ရေတွင်းရေကန်တို့မှ ရေကို အလွယ်တကူ ရအံ့။ ကုန်ပစ္စည်းများကို ဈေးကုန်သည် ဆိုသည့် အဖိုးနှုန်းထားဖြင့် ရောင်းချရအံ့ဟု တွေးမိပြီးလျှင် ပညာမဲ့ကုန်သည်အား ရှေ့မှသွားမည်ကို သဘောတူ၏။

ကုန်သွယ်ရာလမ်းခရီး၌ ဘီလူးတို့ ကြီးစိုးနေထိုင်ရာ ယူဇနာ ခြောက်ဆယ်ရှိသော ကန္တာရတစ်ခုရှိ၏။ ထိုကန္တာရသို့ ပညာမဲ့ ကုန်သည်၏ ဦးဆောင်သည့် လှည်းငါးရာ ရောက်သောအခါ ဘီလူးတို့သည် လူသားစားလိုရကား ဤသို့ ဥပါယ်တံမျဉ် ပြု၏။ ကန္တာရကို ကြီးစိုးသော ဘီလူးနှင့် တစ်ကျိပ်နှစ်ယောက်သော ဘီလူးတို့သည် လူဝတ်ဆောင်ကြ၏။ မိမိတို့၏ ဆံပင်၊ အဝတ် အစား၊ ကိုယ်တို့ကို ရေစက်ရေပေါက်တို့ဖြင့် စိုရွှဲစေ၏။ ခြေလက် တို့ကို ရွှံ့ညွှန်တို့ဖြင့် လိမ်းကျံစေ၏။ ဖန်ဆင်းထားသော နွားကယာဉ်ကို ဘီလူးအကြီးအကဲက စီးနင်း၍ ကျန်ဘီလူးတို့က ကြာပန်းတို့ ပန်ကာ ကြာရိုးကြာစွယ်ကို စား၍ ခြံရံလိုက်ပါလာ၏။

ပညာမဲ့ ကုန်သည်သည် ရင်ဆိုင်လာသော ဘီလူးတို့ကို မြင်ရကား " သင်တို့ လာသော ခရီး၌ မိုးရွာသလော။ ရေအိုင် ရေကန်ရှိသလော" ဟု မေး၏။

"ငါတို့လာခဲ့သောအရပ်၌ မိုးမပြတ်ရွာ၏။ ကြာမျိုးငါးပါးဖြင့် ပြည့်စုံသောရေအိုင်သည် ရှိ၏။ သင်တို့ယူဆောင်လာသောရေတို့ မလိုအပ်ပြီ။ ရေတို့ကိုစွန့်ပစ်၍ပေါ့ပါးစွာသွားကုန်လော့"ဟု ကန္တာရကို ကြီးစိုးသောဘီလူးက ဆို၏။

ပညာမဲ့ကုန်သည်သည် ဘီလူးစကားကို ယုံကြည်၍ သယ်ဆောင်လာသော ရေအားလုံးကိုသွန်ပစ်ကာ ခရီးဆက်၏။ နေဝင်သည်အထိ မိုးလည်းမရွာ ရေလည်းမတွေ့ရကား လှည်းသားတို့ ပင်ပန်း၏။ နွားတို့ပင်ပန်း၏။ ရေမရှိ၍ ထမင်းယာဂုကို မချက်နိုင်ရကား အစာမစားရ။ နွမ်းရိဖျော့တော့ကုန်၏။ ညဉ့်သို့ရောက်၍ အိပ်ပျော်စဉ် ဘီလူးတို့အလွယ်တကူဝင်ရောက်သတ်ဖြတ်ကာ လှည်းသားများ၊ နွားများကိုစားကုန်၏။ ဤသို့ဖြင့် ပညာမဲ့ကုန်သည်နှင့် ပေါင်းဖော်မိသော လှည်းသားငါးရာတို့ ပျက်စီးကုန်၏။

ပညာရှိကုန်သည်ဦးဆောင်သော လှည်းသားငါးရာတို့သည် ဘီလူးတို့နေသော ကန္တာရသို့ ရောက်ပြန်သော် ကန္တာရကို ကြီးစိုးသောဘီလူးသည် ရှေးနည်းအတူ ဥပါယ်တံမျဉ်ပြု၍ လှည့်စားပြန်၏။ လှည်းသားငါးရာတို့သည် ပေါ့ပါးစွာခရီးဆက်လိုသဖြင့်ရေကို သွန်ပစ်မည်ကြံ၏။

ထိုအခါ ပညာရှိကုန်သည်က "အမောင်တို့၊ လေတွင်မိုးသက်နံ့ ရပါ၏လော။ မိုးတိမ်တိုက်တို့ကို မြင်ပါ၏လော။ လျှပ်ပြက်သည်ကို မြင်ပါ၏လော။ မိုးထစ်ချုန်းသည်ကို ကြားပါ၏လော"ဟု လှည်းသားများအားမေးသောအခါ လှည်းသားများက "မိုးသက်နံ့မရပါ။ မိုးတိမ်တိုက်ကို မမြင်ပါ။ လျှပ်ပြက်သည်ကို မမြင်ပါ။ မိုးသံကို မကြားပါ"ဟု ဖြေ၏။

ထိုအခါ ပညာရှိကုန်သည်က "ဤသို့ဖြစ်လျှင် မိုးမပြတ်ရွာသောအရပ် မဖြစ်နိုင်ပြီ။ ရေအိုင်ရေကန်တို့ရှိသောအရပ် မဖြစ်နိုင်ပြီ။ ငါတို့ရေကိုမသွန်ဘဲ ခရီးဆက်အံ့" ဟု ဆို၏။

ပညာရှိကုန်သည်ဦးဆောင်သော လှည်းငါးရာသည်ပညာမဲ့ ကုန်သည်နှင့် လှည်းသားငါးရာတို့ ပျက်စီးရာအရပ်သို့ ရောက်သော အခါ မြင်မကောင်း ရှုမကောင်းသောအဖြစ်ကို တွေ့ရလေ၏။ ထိုအရပ်၌ပင်လျှင် ညဥ့်အိပ်နားနေရန် အချိန်သင့်သဖြင့် ပညာရှိ ကုန်သည်သည်နွားများကို အစာကျွေး၏။ လှည်းသားများကို အစား စားစေ၏။ သစ်တပ်ဖွဲ့စေ၏။ နွားများကို လူများ၏အလယ်၌ ထားစေ ကာ ကိုယ်တိုင်မူကား ညဥ့်သုံးယံပတ်လုံးသန်လျက်စွဲ၍စောင့်ရှောက် ၏၊ ဘီလူးတို့ချဉ်းကပ်ခြင်းငှာ မစွမ်းသာပေ။

ဤသို့ဖြင့် ပညာရှိကုန်သည်ကို ဆည်းကပ်မှီသော လှည်းသား ငါးရာတို့သည် အသက်ချမ်းသာရကာ လိုရာခရီးသို့ရောက်ရှိ၏။ ကုန် ပစ္စည်းများကို ရောင်းချပြီးလျှင် မိမိတို့နေရပ်သို့ ချမ်းမြေ့စွာပြန်ကြ လေသည်။

ဧကနိပါတ်၊ အပဏ္ဏကဇာတ် မှ



သမီးအတွက် ခင်ပွန်းလောင်း

လွန်လေပြီးသောအခါ မာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမာရာဏသီပြည်၌ ဒိသာပါမောက္ခ ဆရာတစ်ဦး ရှိ၏။ ထိုဆရာထံ၌ ငါးရာသောလုလင်တို့သည် အတတ်ပညာသင်ယူကြ၏။ ဒိသာပါမောက္ခဆရာ၌ အရွယ်ရောက်သော သမီးတစ်ယောက်ရှိ၏။ ဆရာသည် ငါးရာသော တပည့်များအနက် အကျင့်သီလနှင့်ပြည့်စုံသော တပည့်တစ်ဦးနှင့် မိမိ၏သမီးကို ပေးစားရန် စိတ်ကူးမိ၏။

တစ်နေ့သ၌ ဆရာသည် တပည့်လုလင်တို့ကိုခေါ်၍ "အမောင်တို့၊ ငါ၌ အရွယ်ရောက်သော သမီးရှိ၏။ ထိုသမီးကို သင်တို့အနက် တစ်ဦးဦးနှင့် ပေးစားအံ့။ သမီး၏အဝတ်တန်ဆာအလို့ငှာ သင်တို့သည် အိမ်မှအဝတ်တန်ဆာကို ငါ့ထံဆောင်ယူခဲ့လော့၊ သင်တို့

ဆောင်ယူခဲ့သော အဝတ်တန်ဆာသည် သင်တို့၏အမိအဖ၊ အဆွေအမျိုးတို့ မမြင်ကွယ်ရာမှ တိတ်တဆိတ်ယူလာသော အဝတ်တန်ဆာဖြစ်ရမည်။ အမိအဖ၊ အဆွေအမျိုးတို့ကိုပြပြီး ယူလာသော အဝတ်တန်ဆာကို ငါမယူ''ဟုဆို၏။ တပည့်တို့သည် ကောင်းပါပြီဟု ဝန်ခံပြီးနောက် အမိအဖ၊ အဆွေအမျိုးတို့မမြင်အောင် အဝတ်တန်ဆာတို့ကို ခိုး၍ယူခဲ့ကြ၏။

ငါးရာသောတပည့်လုလင်တို့၏ အကြီးအကဲ လုလင်ကားတစ်စုံတစ်ခုသော အဝတ်တန်ဆာကိုမျှ မယူဆောင်ခဲ့ပေ။ ထိုအခါ ဒိသာပါမောက္ခဆရာက ''အမောင်၊ အဝတ်တန်ဆာကို ဆောင်ခဲ့ပါသလော''ဟု မေး၏။

''ဆရာ၊ မဆောင်ခဲ့ပါ''

''အဘယ်ကြောင့် မဆောင်ခဲ့သနည်း''

''ဆရာ၊ အဝတ်တန်ဆာကို တစ်ပါးသူမမြင်အောင် ယူခဲ့ရမည်၊ တစ်ပါးသူမြင်သော အဝတ်တန်ဆာကို ငါမယူဟု ဆရာဆိုခဲ့၏''

''မှန်၏၊ ငါဆိုခဲ့၏''

''ဆရာ၊ သူတစ်ပါး၏ အဝတ်တန်ဆာကို ပိုင်ရှင်မသိဘဲဆောင်ယူခြင်းသည် မကောင်းမှုဖြစ်ပါသည်။ မကောင်းမှုကို မမြင်သာသောအရပ်သည် မရှိပါ။ မကောင်းမှုအတွက် ဆိတ်ကွယ်ရာဟူ၍သည် မရှိပါ။ ထို့ကြောင့် ကျွန်ုပ်သည် အဝတ်တန်ဆာကို မယူခဲ့ပါ''

''တပည့်၊ ငါသည် သမီးအား အကျင့်သီလနှင့်ပြည့်စုံသောသူနှင့် ထိမ်းမြားပေးလို၏။ ထို့ကြောင့် တပည့် ငါးရာတို့သည်

မကောင်းမှုကို သိ၊ မသိ၊ မကောင်းမှုကိုသိသော် ရှောင်ကြဉ်နိုင်၊ မကြဉ်နိုင်ကို စုံစမ်းလို၍ အဝတ်တန်ဆာတို့ကို ခိုးယူခိုင်း၏။ သင်ကား မကောင်းမှုကိုသိ၏။ မကောင်းမှုအတွက် ဆိတ်ကွယ်ရာအရပ် မရှိသည်ကိုလည်း သိ၏၊ မကောင်းမှုကိုလည်း ရှောင်ကြဉ်နိုင်၏ ” ဟု ဒိသာပါမောက္ခဆရာက ဆို၏။

ထို့နောက် ဒိသာပါမောက္ခဆရာသည် အကျင့်သီလနှင့်ပြည့်စုံသော တပည့်ကြီးအား မိမိ၏သမီးနှင့် ထိမ်းမြား၏။

• တက္ကနိပါတ်၊ သီလဝီမံသနဇာတ်မှ



မူးယစ်သေစာ

လွန်လေပြီးသောအခါ ဟိမဝန္တာ၌ သစ်ပင်တစ်ပင်၏ ခက်မ သုံးခုဆုံရာ၌ အိုးစရည်းပမာဏရှိသော တွင်းချိုင့်တစ်ခုရှိ၏။ မိုးရွာသောအခါ ကိုတွင်းချိုင့်တွင် ရေပြည့်၏။ ထိုရေထဲသို့ အနီးအနားရှိ ဖန်ခါး၊ သျှိသျှား၊ ငရုတ်ချိုတို့မှ သီးမှည့်များ ကြွေကျကုန်၏။ ကျေးငှက်တို့သည် သလေးနှံတို့ကို ကိုက်ချီ၍ ထိုသစ်ပင်၌နားကာ စားသုံးကြသဖြင့် သလေးစပါး၊ သလေးဆန်တို့သည်လည်း တွင်းချိုင့်ရှိ ရေထဲသို့ ကျ၏။ နေပူသောအခါ ထိုရေသည် အပူရှိန်ဖြင့် ကျက်၍ နီသောအဆင်းကို ဆောင်၏။ နွေအခါ၌ ရေငတ်သော ငှက်များသည် ထိုရေကို သောက်သောအခါ မူးယစ်၍ အထက်သို့ ပျံရင်း သစ်ပင်ရင်း၌ ကျ၏။ ငှက်များသည်သစ်ပင်ရင်း၌ အတန်ကြာ အိပ်ပျော်ပြီးမှ တွန်မြည်ကာ ပျံသန်း၏။

တစ်နေ့တွင် ကာသိတိုင်းမှ သုရာမည်သော မုဆိုးသည် ဟိမဝန္တာသို့သွားသောအခါ ထိုအခြင်းအရာကို မြင်၏၊ တွင်းချိုင့်ရှိ ရေသည် အဆိပ်ဖြစ်သော် သောက်သုံးသောသတ္တဝါတို့ သေကြမည် ဖြစ်၏။ ယခုမူကား သတ္တဝါတို့သည် အတန်ငယ် အိပ်ပျော်သွားပြီးလျှင် အလိုရှိရာသို့ သွားကြကုန်သဖြင့် ဤရေသည် အဆိပ်မဟုတ်တန်ရာဟု တွေးမိ၏၊ ထို့နောက် မုဆိုးသည် တွင်းချိုင့်ရှိ ရေအနည်းငယ်ကိုယူ၍ သောက်ကြည့်၏။ မုဆိုးလည်း မူးယစ်၏။ မူးယစ်သောအခါ အသားကို စားလိုသဖြင့် သစ်ပင်ရင်း၌ကျသော ခါ၊ ကြက် စသည်တို့ကို မီးကျီး၌ ကင်၍စား၏။ မုဆိုးသည် အသားတစ်ကိုက် သေတစ်ကျိုက်ဖြင့် သစ်ပင်ရင်း၌ တစ်ရက် နှစ်ရက် ပျော်ပိုက်နေလေ၏။

ထိုသစ်ပင်နှင့် မနီးမဝေးအရပ်၌ ဝရုဏမည်သော ရသေ့တစ်ပါး နေ၏။ ရသေ့ထံ မုဆိုးရောက်ဖူးသောကြောင့် ရသေ့နှင့် အတူတကွ သေရည်ကိုသောက်သုံးရသော် ကောင်းအံ့ဟု ကြံမိပြီးလျှင် သေရည်ကို ဝါးကျည်တောက်ဖြင့်ထည့်ကာ ရသေ့ထံသွား၏။ မုဆိုးနှင့် ရသေ့သည် အသားကင်ကိုဖဲ့လျက် သေခွက်ကိုင်လျက် သောက်စားကြ၏။

မုဆိုးနှင့် ရသေ့သည် တွင်းချိုင့်တွင်းရှိ သေရည်ကို ဝါးကျည်တောက်တွင် အပြည့်ထည့်ကာ ထမ်းပိုးဖြင့်ထမ်း၍ တိုင်းစွန်ပြည်နားရှိ မြို့တစ်မြို့သို့ သွား၏။ မြို့သို့ ရောက်သောအခါ သေရည်ကို ပြုလုပ်တတ်သူတို့ လာပြီဟု မင်းအား ကြားသိစေ၏၊ မင်းသည် မုဆိုးနှင့် ရသေ့အား ရွှေ့တော်သို့ ဝင်စေပြီး ဆက်သသော သေရည်ကို နှစ်ကြိမ်သုံးကြိမ်သောက်ရာ မူးယစ်၏။ မုဆိုးနှင့်ရသေ့ ယူလာသော သေရည်သည် တစ်ရက် နှစ်ရက်နှင့် ပင် ကုန်၏။ မင်းသည် မုဆိုးနှင့် ရသေ့အား သေရည်ရှိရာ ဟိမဝန္တာသို့ သွားရောက် ယူငင်စေ၏။ မုဆိုးနှင့် ရသေ့သည် နှစ်ကြိမ်မျှ သွားရောက်ပြီးနောက် ထပ်မံ မသွားနိုင်သောကြောင့် ထိုမြို့၌ပင်

သေရည်ကို ပြုလုပ်၏။ မင်းသည် သေရည်ကို သောက်စား၏။ ကြာသော် သေရည်စွဲ၏။ မြို့သူမြို့သားအားလုံးလည်း သေရည်စွဲကြ၏။ ထိုအခါ လုပ်ဆောင်ဖွယ် တာဝန်များကို မေ့လျော့ကုန်၏။ ထို့ကြောင့် တစ်မြို့လုံး ဆင်းရဲကာ မကြာမီပင် မြို့ပျက်လေတော့၏။

တစ်မြို့လုံး သေရည်ဖျက်သဖြင့် ပျက်စီးသောအခါ မုဆိုးနှင့် ရသေ့တို့လည်း မြို့မှပြေး၍ ဗာရာဏသီပြည်၌ နိုင်ငံ၏။ ဗြဟ္မဒတ်မင်းအား သေရည် ပြုလုပ်တတ်သူတို့ လာပြီဟု အကြောင်းကြား၏။ ဗြဟ္မဒတ်မင်းအား သေရည်ကိုဆက်၏။ နှစ်သက်သည်ဖြစ်၍ မင်းသည်မုဆိုးနှင့်ရသေ့အားရိက္ခာပေး၍ သေရည်ကိုမပြတ်ပြုစေ၏။ သေရည်သေရက်သည် ဗာရာဏသီပြည်ကိုလည်း၊ ဖျက်ဆီးသဖြင့် ပျက်စီးရလေ၏။

ဗာရာဏသီပြည် ပျက်သော် သေရည်လုပ်သော မုဆိုးနှင့် ရသေ့သည် သာကေတပြည်သို့သွား၏။ သာကေတပြည်၌ သေရည် ပြုလုပ်၏။ သာကေတ ပြည်သူပြည်သားတို့သည် သေရည်ကို သောက်စား၏၊ ကြာသော် သေရည်စွဲကုန်၏။ သို့နှင့် သာကေတပြည်သည် လည်း ပျက်စီးလေ၏။

မုဆိုးနှင့် ရသေ့သည် သာဝတ္ထိပြည်သို့ကူးပြန်၍ သဗ္ဗမိတ္တ မည်သောမင်းအား သေရည် ပြုလုပ်တတ်ကြောင်း လျှောက်၏။ မင်းလည်း သေရည်ပြုလုပ်ရာ၌ သုံးသောပစ္စည်းအစုံကိုပေး၍ သေ ရည်လုပ်စေ၏၊ မုဆိုးနှင့်ရသေ့သည် အိုးကြီးငါးရာနှင့် သေရည်လုပ် ၏။ သေရည်ကို ကြောင်တို့သောက်မည်စိုး၍ သေရည်အိုး တစ်အိုးစီ တွင် ကြောင်တစ်ကောင်စီ ချည်နှောင်ထား၏။ အထက်သို့ဝေကာ အိုးနံပါးမှစီးကျသော သေရည်ကို ကြောင်တို့သောက်၍ အိပ်ပျော် သွားသည်ကို သေပြီထင်၍ မှူးမတ်တို့က သေရည်သောက်သဖြင့် ကြောင်တို့ သေကုန်၏ဟု မင်းအားလျှောက်၏၊ မင်းသည် ၍မုဆိုး

နှင့်ရသေ့တို့ကား အဆိပ်ရည်ကိုပြုလုပ်၏ဟု ယုံမှတ်ပြီးလျှင်ငှင်းတို့ကို သတ်စေ၏။ မုဆိုးနှင့်ရသေ့သည် သေရည်ကား အလွန်ချိုမြိန်၏ဟု မြည်တမ်းရင်း သေကုန်၏။

မင်းသည်သေအိုးတို့ကို ခွဲပစ်လော့ဟု အမိန့်ချစဉ် အိပ်ပျော်သွားသော ကြောင်တို့နိုး၍ မြူးထူးလျက်သွားကုန်၏။ ထိုအခါ သဗ္ဗမိတ္တမင်းလည်း သေရည်သည် အဆိပ်မဟုတ်တန်ရာ။ မုဆိုးနှင့်ရသေ့ ပြောသကဲ့သို့ ချိုမြိန်ရာ၏ဟု တွေးမိ၏။ ထို့ကြောင့် မဏ္ဍပ်ကနားဆောက်လျက် မှူးမတ်အပေါင်း ခြံရံကာ သေရည်ကို သောက်ရန်အားထုတ်၏။ ထိုအခါ သိကြားမင်းသည် ပုဏ္ဏားယောင်ဆောင်၍ သေရည်ကား စိတ်ကို အစိုးမရ ဖြစ်စေတတ်၏။ သေသောက်သူသည် မြက်ဖတ်အဟောင်းကို စားသောနွားနှင့်တူ၏။ သေရည်သောက်သဖြင့် မဆိုအပ်သောစကားကိုဆိုမိတတ်၏။ အဝတ်ကင်းလျက် နေမိတတ်၏။ အရှက်အကြောက်ကင်းမဲ့၏။ အန်ဖတ်ဖြင့် လိမ်းကျံသောကိုယ်လည်း ရှိတတ်၏။ သူတစ်ပါးအား ရန်မူတတ်၏။ သေသောက်သူသည် ဥစ္စာပစ္စည်းဆုံးပါးခြင်းသို့ ရောက်တတ်၏။ အမျိုးယုတ်သူတို့နှင့် အပေါင်းအသင်း ဖြစ်တတ်၏ဟု သေရည်၏ အပြစ်တို့ကို ပြကာဆုံးမ၏။ ထိုအခါသဗ္ဗမိတ္တမင်းလည်း သေရည်ကို မသောက်တော့ဘဲ သေရည်အိုးများကိုခွဲစေကာ မင်းကျင့် တရားကို မမေ့မလျော့ တရားမျှတစွာ စိုးစံတော်မူလေ၏။

တိံသနိပါတ်၊ ကုဏ္ဍကဇာတ် မှ

သေအရက်နှင့် အသက်တစ်ချောင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကို အုပ်စိုးသော မင်းတစ်ပါးသည် အရက်သေစာနှင့်ကင်း၍ မနေနိုင်။ သေရည်စွဲသည့်အပြင် အသားဟင်းမပါပါက ပွဲတော်မတည်နိုင်ပေ။ ဗာရာဏသီပြည်၌ ဥပုသ်နေ့တွင် သား၊ငါးမပေါ်စေရဟု အမိန့် ထုတ်ပြန်ထားသဖြင့် ဥပုသ်နေ့အတွက် အသားများကို ဥပုသ်နေ့မတိုင်မီက ကြိုတင်ဝယ်ယူထားရ၏။ တစ်ခါသော် ထိုသို့ ဝယ်ယူထားသောအသားကို ခွေးများစားသဖြင့်မင်းကြီး၏ပွဲတော်အတွက်အသားဟင်းမရှိ ဖြစ်နေ၏။ စားတော်ချက်သည် အသားဟင်းမပါသော ပွဲတော်ကိုမဆက်ဝံ့ရကား မိဖုရားထံဝင်၍ မည်သို့ပြုရမည်ကို လျှောက်ထားမေးမြန်း၏။ ထိုအခါ မိဖုရားက—

"အမောင်စားတော်ချက်၊ ငါသားကို မင်းကြီးမြတ်နိုး၏။ သားကိုမြင်လျှင်မင်းကြီးသည် ဖက်ယမ်းနမ်းရှုပ်လျက် အရာအားလုံး

ကို မေ့တော်မူ၏။ ငါသည် သားတော်ကို ဝတ်စားတန်ဆာဆင်၍ မင်းကြီး၏ဧပါင်ပေါ်၌ နေစေအံ့၊ မင်းကြီးနှင့် သားတော်တို့ ကစား ရှင်ပျော်စဉ် ပွဲတော်ကို ဆက်လော့''ဟု မိန့်၏။

မိဖုရားသည်သားတော်ကို ဝတ်စားတန်ဆာဆင်ကာ မင်း၏ ပေါင်ပေါ်၌ နေစေ၏။ မင်းသည် သားတော်နှင့် မြူးထူးကစား၏။ စားတော်ချက်သည် မိဖုရားမှာထားချက်နှင့်အညီ ပွဲတော်ဆက်၏။ အရက်သေစာ မူးယစ်နေသောမင်းသည် ပွဲတော်၌ အသားဟင်း မပါသည်ကိုမြင်၍ ''အသားဟင်း၊ အဘယ်မှာနည်း''ဟု စားတော် ချက်အား မေး၏။ စားတော်ချက်က ဥပုသ်နေ့ ဖြစ်သဖြင့် အသား မရကြောင်း တင်လျှောက်၏။

ထိုအခါ မူးယစ်နေသောမင်းက ငါ့အဖို့ အသားဟင်း မရှိ မဖြစ်စေရဟုဆိုကာ ပေါင်ပေါ်၌ ကစားနေသော သားငယ်ကို ရက်စက်စွာသတ်၍ စားတော်ချက်ရှေ့သို့ပစ်ချလိုက်ပြီး အသားဖြစ် အောင် စီမံဟုမိန့်၏။ စားတော်ချက်လည်း မင်း၏ အမိန့်အတိုင်း စီမံ၏။ မင်းသည် သား၏အသားဖြင့် ပွဲတော်တည်၏။ မင်းသည် မိမိသား၏ အသားဟင်းဖြင့်ပွဲတော်တည်နေသည်ကိုမြင်ရသူတို့သည် ငိုချင်ကြ၏။ သို့သော် မငိုရဲ။ မူးယစ်သောမင်းကို ကြောက်ရ၏။ မင်းသည် စားတော်ခေါ်ပြီးနောက် အိပ်ရာပြင်ထက်၌ မူးမူးယစ်ယစ် အိပ်ပျော်သွား၏။

မိုးသောက် ကာလ၌ မင်းကြီး နိုးသော အခါ အမူး အယစ်ပြေပြီ ဖြစ်သောကြောင့် ''သားတော်၊ သားတော်''ဟု ခေါ်၏။ သားတော်ကို မတွေ့သောအခါ သူ့ထံ ခေါ်ယူ လာရန် မိန့်၏။ ထိုအခါ မိဖုရားသည် မင်း၏ခြေရင်း၌ ဝပ်စင်း၍ သည်းထန်လှိုက်ဖိုငိုကြွေး၏။

မင်းကြီးက—

"အဘယ်မိဖုရား၊ အဘယ်ကြောင့် သည်းထန်စွာ ငိုကြွေး သနည်း"ဟုမေး၏။

မိဖုရားက—

"အရှင်မင်းမြတ်သည် သားကိုသတ်၍ သား၏အသားဖြင့် ပွဲတော်တည်ခဲ့ပြီ"ဟု လျှောက်၏၊

မင်းလည်း သားတော်ကို ချစ်သောကြောင့် သည်းထန်စွာ ငိုကြွေး၏၊သေရည်သောက်ခြင်းကြောင့် ငါသည် သားကို သတ်မိပြီဟု ကိုယ်စိတ်နှစ်ပါးဆင်းရဲရ၏။ပျက်စီးစေတတ်သော သေရည်ကို မည်သည့်အခါမျှ မသောက်တော့ဟု အဓိဋ္ဌာန်ပြုလေ၏။

ဒုကနိပါတ်၊ ဓမ္မဓဇဇာတ် မှ

ခိုးသားများနှင့် မင်္ဂလာဆင်တော်

လွန်လေပြီးသောအခါဗာရာဏသီပြည်တွင်ဗြဟ္မဒတ်မင်းမင်းပြု၏။ ထိုမင်း၌ မဟိဠာမုခ အမည်ရှိသော မင်္ဂလာဆင်တော် ရှိ၏။ မဟိဠာမုခ ဆင်တော်သည် လိမ္မာယဉ်ကျေး၏။ နူးညံ့သိမ်မွေ့၏။ သူတစ်ပါးကို ရန်မပြုတတ်။ အကျင့်ကောင်းနှင့် ပြည့်စုံ၏။

တစ်ရံရောအခါ သူခိုးသူဓားပြတို့သည် မင်္ဂလာဆင်တော်၏ တင်းကုပ်အနီး၌ ညအခါ လာရောက်စုဝေးကြပြီးလျှင် သူတစ်ပါး၏ ပစ္စည်းကို မည်သို့မည်ပုံ ခိုးယူလုယက်ရကြောင်း၊ ပစ္စည်းရှင်ကို မည်သို့မည်ပုံ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ရကြောင်း စသည်ဖြင့် ရှုန့်ရင်းကြမ်းတမ်းသော စကားများကို အချင်းချင်းပြောဆို သွန်သင်ကြ၏။

မဟိင္ဒြာမုခ မင်္ဂလာဆင်တော်သည် သူခိုး သူဓားပြတို့၏ စကားကို ကြားရဖန်များသောအခါ သူခိုးသူဓားပြတို့သည် သူ့ကို သွန်သင်နေကြသည်ဟု ထင်မှတ်မိလေသည်။ ထိုသို့ ထင်မှတ်မိသဖြင့် မဟိင္ဒြာမုခ ဆင်တော်သည် လိမ္မာယဉ်ကျေးရာမှ မိုက်မဲရိုင်းစိုင်းလာသည်။ နူးညံ့သိမ်မွေ့ရာမှ ကြမ်းကြုတ်ခက်ထန်လာသည်။ အကျင့်ကောင်းရာမှ အကျင့်ပျက်လာလေသည်။ မဟိင္ဒြာမုခ ဆင်တော်သည် ဆင်ထိန်းကို နှာမောင်းဖြင့် ပွေ့ယူမြှောက်တင်၍ ပစ်ပေါက်သတ်၏။ လာတိုင်းလာတိုင်းသော ဆင်ထိန်းတို့ကိုလည်း ရှေးနည်းတူ သတ်လေ၏။ ဗြဟ္မဒတ် မင်းကြီးသည် မဟိင္ဒြာမုခ ဆင်တော်၏ အကြောင်းကို ကြားသိသောအခါ ပညာရှိအမတ်ကြီးအား စူးစမ်းစစ်ဆေးစေ၏။

ပညာရှိအမတ်ကြီးသည် ဆင်တင်းကုပ်သို့သွား၍ စူးစမ်းစစ်ဆေးသော် မဟိင္ဒြာမုခ ဆင်တော်၌ ရောဂါဝေဒနာ တစ်စုံတစ်ရာ စွဲကပ်ခြင်းမရှိကြောင်း သိရလေသည်။ ပညာရှိ အမတ်ကြီးသည် ဤမင်္ဂလာဆင်တော် ကြမ်းကြုတ်ခက်ထန်ရသည်မှာ အခြားအကြောင်းကြောင့် ဖြစ်တန်ရာသည်ဟူ၍ ဆင်ခြင်မိသောကြောင့် ဆင်ထိန်းအား မေးမြန်းကြည့်၏။

''ဆင်ထိန်း၊ မင်္ဂလာဆင်တင်းကုပ်တွင် ထူးခြားသော အခြေအနေ တစ်စုံတစ်ရာ ရှိခဲ့ဖူးသလော''

''အရှင်၊ မင်္ဂလာဆင်တင်းကုပ် အနီးတွင် သူခိုးသူဓားပြတို့ လာရောက် စုဝေး၍ ခိုးဓားပြ လုယက် ညှဉ်းပန်း သတ်ဖြတ်သော အကြောင်းတို့ကို ပြောဆိုကြပါသည်''ဟု ဆင်ထိန်းက လျှောက်တင်၏။

ထိုအခါ ပညာရှိအမတ်ကြီးသည် မင်းကြီးထံ အစစေ့ဝင်ပြီး လျှောက်—

"အရှင်မင်းကြီး၊ ဆင်ကိုယ်၌ တစ်စုံတစ်ရာသော ရောဂါ ဝေဒနာဖွဲ့ကပ်ခြင်း မရှိ။ နိုးသူတို့၏ စကားကို ကြားရဖန်များ၍ ပျက်စီးခြင်းဖြစ်၏" ဟု လျှောက်၏။ မင်းကြီးလည်း မင်္ဂလာဆင် တော် တစ်ဖန် ပြန်လည် လိမ္မာယဉ်ကျေးလာစေရန် မည်ကဲ့သို့ ပြုရ မည်ကို ပညာရှိ အမတ်ကြီးအား၊ မေး၏။

"အရှင်မင်းကြီး၊ သီလရှိသော ရဟန်း၊ ပုဏ္ဏားတို့ကို ဆင် တင်းကုပ်၌ ခနစေ၍ သီလရှိစေသော၊ အကျင့်ကောင်း စေသော စကားတို့ကိုဆိုအပ်၏"ဟု လျှောက်တင်ရာ "အခမောင်၊အမောင် ကြံစည်သည့်အတိုင်း ပြုလေ"ဟု မင်းကြီး ဆို၏။

ပညာရှိ အမတ်ကြီးသည် အကျင့်သီလကောင်းသောရဟန်း၊ ပုဏ္ဏားပညာရှိများအား မင်္ဂလာဆင်တင်းကုပ်သို့ပင့်ဖိတ်၍သူတစ်ပါး အား မညှဉ်းဆဲ၊ မနှိပ်စက်၊မသတ်ဖြတ်အပ်ကြောင်း၊ သည်းခံခြင်း တရားကို လက်ကိုင် ထားအပ်ကြောင်း၊ မေတ္တာ ကရုဏာ ပွားအပ် ကြောင်း၊ စသည်ဖြင့် မင်္ဂလာရှိသော စကားတို့ကို နေ့စဉ် ပြော ဆိုစေ၏။အကျင့်ဖြူစင်သော ပညာရှိတို့၏ စကားကို ကြားရဖန်များ လတ်သော် မဟိဠာမုခ ဆင်တော်သည် မိုက်မဲရိုင်းစိုင်းရာမှ နူးညံ့ သိမ်မွေ့လာ၏။ အကျင့်ပျက်ရာမှ ပြန်လည် အကျင့်ကောင်းလာ၏။

မဟိဠာမုခဆင်တော်သည် ပြန်လည် ကောင်းမွန်လာသည် ဖြစ်၍ ပြဟ္မဒတ်မင်းနှင့်တကွလူအများ၊ဝမ်းပန်းတသာရှိကြလေသည်။

ကေနိပါတ်၊ မဟိဠာမုခ ဇာတ် မှ

ကုဋေရှစ်ဆယ် သူဌေးသား

ရှေးသရောအခါ ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ချမ်းသာသော သူဌေးလင်မယားရှိ၏။ ထိုလင်မယားတွင် သားတစ်ယောက်ရှိ၏။ သူဌေး လင်မယားသည် သားကို အလွန်ချစ်သောကြောင့် မည်သည့် အလုပ်ကိုမျှ မလုပ်စေဘဲ မိမိတို့၏ စည်းစိမ်ကို အလိုရှိတိုင်း သုံးစွဲစေမည်ဟု စိတ်ကူးရှိ၏။ ထို့ကြောင့် ပညာရှာချိန်တွင် ပညာရှာသည့်အလုပ်ကို မလုပ်စေဘဲ၊ စီးပွားရှာချိန်တွင် စီးပွားရှာရမည့်အလုပ်ကို မလုပ်စေဘဲ အိမ်မှာနေစေ၍ အကအခုန် အတီးအမှုတ် တို့ကိုသာ သင်ယူပျော်မွေ့စေ၏။ သားအရွယ် ရောက်သောအခါ သူဌေးလင်မယားသည် တစ်မြို့တည်းနေ ကုဋေရှစ်ဆယ်ပင် ချမ်းသာသော သူဌေးသမီးနှင့် ထိမ်းမြားပေး၏။

များမကြာမီပင် နှစ်ဖက်သော အမိအဖတို့ ကွယ်လွန်ရကား အမွေအနှစ်ကို ရသောကြောင့် ပျိုရွယ်သော သူဌေးလင်မယားသည် ကုဋေကုဋာချမ်းသာသူများ ဖြစ်လာ၏။ ထိုအခါ ဗာရာဏသီပြည်ရှိ အရက်သမားတို့သည် ဤသူဌေးသားသာ အရက်သမား ဖြစ်ပါက ငါတို့သည် သူဌေးသားကို အမှီပြု၍ ချမ်းသာအံ့ဟု တွေးမိကာ သူဌေးသားကို အရက်သမားဖြစ်စေရန် ကြံစည်ကြ၏။

တစ်နေ့တွင် အရက်သမား တစ်စုသည် သူဌေးသား သွားလာရာလမ်း၌ အရက်သေစာ တို့ကို မြိန်ရေ ရှက်ရေ သောက်စားလျက် ဝိုင်းဖွဲ့နေ၏။ သူဌေးသားကို မြင်သော အခါ သေခွက်ကို မော့လျက် ခဲဖွယ်အမဲတို့ကို ကိုက်စားလျက် "အရှင်သူဌေးသားသည် သက်တော် ရာကျော် ရှည်ပါစေသတည်း။ ကျွန်ုပ်တို့သည် အရှင်သူဌေးသားကို မှီ၍ အမြဲမပြတ် စားနိုင်သောက်နိုင်သူများ ဖြစ်လိုပါ၏" ဟု ဆို၏။ ထိုစကားကို ကြားရသော သူဌေးသားသည် နောက်ပါ အလုပ်အကျွေးအား "ဤသူတို့ မည်သည့် အရာကို မြိန်ရေရှက်ရေ သောက်စားနေသနည်း" ဟု မေး၏။ "သေရည်ကို သောက်ပါ၏" ဟု အလုပ်အကျွေးက ဖြေ၏။ "သေရည်သည် နှစ်သက်ဖွယ် ကောင်းသလော" ဟု သူဌေးသားက မေးမြန်းပြန်ရာ အလုပ်အကျွေးက "လောက၌ ဤအရည်လောက် ကောင်းသော အရည်မရှိနိုင်ပါပြီ" ဟု ဖြေ၏။ သူဌေးသားသည် သေရည်ကို သောက်ကြည့်၏။ တစ်ဖန် သောက်ပြန်၏။ ထပ်၍ သောက်ပြန်၏။ သို့နှင့် သူဌေးသားသည် သေရည်စွဲသွားလေတော့၏။

သူဌေးသား သေရည်စွဲပြီဟု သိသောအခါ အရက်သမားတို့သည် သူဌေးသားထံလာ၍ ခြံရံကြ၏။ သူဌေးသားသည် ဗာရာဏသီ အရက်သမားတို့နှင့်အတူ သေရည်သောက်၏။ ခဲဖွယ်အမဲတို့ကို စား၏။ ပညာမဲ့သော သူဌေးသားသည် သေရည်အတိုင်းအဆမရှိ ပေး၍ဝယ်၏။ သေရည်သောက်ရာ အရပ်တိုင်း၌ အသပြာတို့ကို စုပုံကာ ဝယ်ယူသောက်စား၏။ သီချင်းသည်၊ ကချေသည် တို့ကိုလည်း အသပြာတစ်ထောင်၊ နှစ်ထောင် စသဖြင့်

အဆမတန် ကြေးပေး၍ အရက်ပွဲ၌ ပြေပျော်စေ၏။ သူဌေးသား၏ အခြံအရံတို့သည် သေရည်၌ ယစ်မူးနေသော၊ အဆိုအတီး အက အခုန်၌ မိန်းမောနေသော သူဌေးသား၏ အသပြာတို့ကို ခိုးယူကြ၏။ သယ်ယူကြ၏။

ဤသို့ စားရင်းသောက်ရင်း ပျော်ရင်းပါးရင်း သုံးရင်းဖြုန်းရင်းနှင့် နှစ်ဖက်မိဘတို့ထားရစ်ခဲ့သော ကုဋေရှစ်ဆယ် ကုန်ခန်း၏။ ထိုအခါသူဌေးသားသည် လယ်ယာကိုရောင်း၍သောက်၏။ ခြံမြေကို ရောင်း၍သောက်၏။ အိုမင်းမစွမ်း အရွယ်ရောက်သောအခါ အခြားရောင်းစရာမကျန်တော့သည့်အတွက် နေထိုင်ရာအိမ်ကိုရောင်းချရ၏။ အိမ်ဝယ်သူကသူဌေးသားကို အိမ်မှနှင်ချ၏။ အရပ်က အရပ်မှ နှင်ထုတ်၏။ သူဌေးလင်မယားသည် အိမ်မှ၊ အရပ်မှထွက်ကာ ခွက်လက်စွဲ၍ တောင်းစားရလေတော့၏။

ဓမ္မပဒ၊ ဇရာဝဂ်၊ မဟာဓနသူဌေးသားဝတ္ထု မှ

ပုဏ္ဏားနှင့် ရွှေပုစွန်လုံး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၏ အရှေ့မျက်နှာ၌ သာလိန္ဒိယမည်သော ပုဏ္ဏားရွာ ရှိ၏။ ထိုရွာရှိ ပုဏ္ဏားတစ်ယောက်သည် လယ် အပယ်တစ်ထောင်ကို ထွန်ယက် စိုက်ပျိုး၏။

တစ်နေ့သ၌ လယ်ထွန်ပုဏ္ဏားသည် မျက်နှာသစ်ရန် လယ်၏ အစွန်းရှိ အိုင်ကြီးသို့ သွား၏။ အိုင်၌ ရွှေအဆင်းရှိသော ပုစွန် တစ်ကောင် နေ၏။ ပုဏ္ဏားသည် ဒန်ပူစား၍ အိုင်သို့ ဆင်း၏။ မျက်နှာသစ်သော ကာလ၌ ပုစွန်သည် ပုဏ္ဏားထံလာ၏၊ ထိုအခါ ပုဏ္ဏားသည် ပုစွန်ကိုချီ၍ မိမိ၏ အပေါ်ရုံ ပုဆိုးကြား၌ အိပ်စေ၏။ တစ်နေ့တာ ထွန်ယက်မှုကိစ္စပြီးသော် အိုင်၌ ပုစွန်ကို ထား ခဲ့၏။ နောက်တစ်နေ့ လယ်သို့လာသည်ရှိသော် ရှေးဦးစွာ ထို အိုင်သို့ သွား၍ ပုစွန်ကို အပေါ်ရုံ ပုဆိုးကြား၌ အိပ်စေ၏။ ပြန်ချိန်ရောက်

လျှင် အိုင်၌ ထားခဲ့၏။ ဤသို့လျှင် လယ်ထွန်ပုဏ္ဏားနှင့် ပုစွန်တို့သည် အချင်းချင်း ကျွမ်းဝင်လျက် ရှိ၏။

လယ်ထွန်ပုဏ္ဏားသည် လယ်သို့ မပြတ် လာ၏။ ပုဏ္ဏား၏ မျက်စိသည် ကြည်လင်၏။ စင်ကြယ်၏။ လယ်၏အစွန်း၌ ရှိသော ထန်းပင်တစ်ပင်၏အဖျားရှိ ကျီးသိုက်မှကျီးမသည် ပုဏ္ဏား၏မျက်စိကို မြင်၍ စားလို၏။ ထို့ကြောင့် ကျီးဖိုအား "သခင်၊ ငါ၌ ချင်ခြင်း ဖြစ်၏"ဟု ဆို၏၊ ကျီးဖိုက "ရှင်မ၊ အဘယ်မည်သော ချင်ခြင်းနည်း"ဟု မေး၏။ "ပုဏ္ဏား၏မျက်စိကို အကျွန် စားလို၏" ဟု ကျီးမက ဆို၏။ "သင်၏ချင်ခြင်းသည် ခက်ခဲသော ချင်ခြင်းတည်း။ မျက်စိကို အဘယ်သူကသည် ဆောင်ခြင်းငှာ တတ်နိုင် ပါမည်နည်း" ဟု ကျီးဖိုက ပြော၏။

ထိုအခါ ကျီးမက "ဤထန်းပင် အနီးရှိ တောင်ပို့တွင် မြွေဟောက်နေ၏။ မြွေဟောက်ကို ခစားလော့။ ထိုမြွေဟောက်သည် ပုဏ္ဏားကို ကိုက်၍ သေစေလတ္တံ့။ ပုဏ္ဏား၏ မျက်စိကို ထုတ်၍ ဆောင်ခဲ့လော့"ဟု ဆို၏။ ကျီးဖိုသည် "ကောင်းပြီ"ဟု ဝန်ခံ၏။ ထိုအခါမှစ၍ ကျီးဖိုသည် မြွေဟောက်ကို ခစား၏။

ပုဏ္ဏား၏ လယ်ရှိ ကောက်ပင်တို့သည် ကြီးထွားလာ၏။ ထို့အတူ ပုစွန်သည်လည်း ကြီးပြင်းလာ၏။ တစ်နေ့တွင် မြွေသည် ကျီးကို "အဆွေကျီး၊ သင်သည် အဘယ်အကြောင်းကြောင့် ငါ့အား မပြတ်ခစားသနည်း။ အဘယ်ကိစ္စကို ပြုရအံ့နည်း"ဟု မေး၏။ ကျီးဖိုက "အရှင်၊ ကျီးမသည် လယ်ရှင်ပုဏ္ဏား၏ မျက်စိကို စားလိုကာ ချင်ခြင်းဖြစ်၏။ ထို့ကြောင့် ငါသည် ပုဏ္ဏား၏ မျက်စိကို ရလို၏" ဟု ပြော၏။ မြွေသည် "ကောင်းပြီ၊ ရစေအံ့"ဟု ဆို၏။

နောက်တစ်နေ့ လယ်ရှင်ပုဏ္ဏား လာလတ်သော် မြွေသည် ကိုက်ရန် စောင့်ခနေ၏။ ပုဏ္ဏားသည် ရှေးဦးစွာ အိုင်သို့ ဆင်း၍

မျက်နှာသစ်၏။ ရွှေပုစွန်ကိုခေါ်၍ အဝေပါရုံ ပုဆိုးကြား၌ အိပ်စေကာ လယ်သို့ဝင်၏။ မြွေသည် ပုဏ္ဏားကိုမြင်လျှင် လျင်မြန်စွာ ပြေး၍ ဖနောင့်သားကို ကိုက်ပြီး တောင်ပို့သို့ ပြေးလေ၏။ နေရာတွင်ပင် ပုဏ္ဏားလဲကျ၏။ ပုစွန်လည်း ပုဆိုးကြားမှ ခုန်ထွက်လာ၏။ ကျီးသည် မျက်စိကိုစားရပြီဟူသောအမှတ်နှင့် ပုဏ္ဏား၏ ရင်ဘတ်၌ နားကာ မျက်စိကို နှုတ်သီးဖြင့် ဆိတ်မည်ပြု၏။

ထိုအခါ ပုစွန်သည် မိမိ၏ အဆွေခင်ပွန်း၌ ဘေးအန္တရာယ် ကျရောက်ကြောင်းကို သိ၏။ ကျီးကိုဖမ်းသည်ရှိသော် မြွေလာလတ္တံ့ ဟု ယူဆ၍ ကျီး၏လည်ကို ညှပ်ဖြင့် ညှပ်သကဲ့သို့ လက်မဖြင့် မြဲစွာ ညှပ်လျက် ပင်ပန်းစေ၏။ ကျီးသည် "အဆွေမြွေ၊ အဘယ့်ကြောင့် ငါ့ကိုစွန့်၍ ပြေးသနည်း။ ပုစွန်သည် ငါ့ကိုညှဉ်းဆဲလျက် ရှိပြီ။ လာလော့"ဟု မြွေကို ခေါ်၏။ မြွေသည် ကြီးစွာသော ပါးပျဉ်းကိုပြု၍ ကျီးကို ကူညီရန်လာ၏။ ပုစွန်သည် မြွေ၏ လည်ကိုလည်း ညှပ်၏။ ထို့နောက် ပုစွန်သည်မြွေအား "ဤပုဏ္ဏားလုလင် ဘေးမရှိ ချမ်းသာသည်ကိုမြင်မှ သင်တို့အားလွှတ်မည်" ဟု ဆို၏။

ဤသို့ဆို၍မြွေကိုညှပ်ထားသောလက်မကိုအနည်းငယ် လျော့ကာ အဆိပ်ကို စုပ်စေ၏။ လယ်ရှင်ပုဏ္ဏားအဆိပ်ပြေ၍ ထ၏၊ ပုစွန်သည် ဤကျီးနှင့်မြွေတို့ အသက်ရှင်နေပါက ငါ့အဆွေသည် အကျိုးယုတ်လတ္တံ့ဟု ကြံ၍ ကတ်ကြေးဖြင့် ကြာငုံကို ဖြတ်သကဲ့သို့ မြွေနှင့် ကျီးတို့၏လည်ကို လက်မဖြင့် ဖြတ်လိုက်လေ၏။

ရွှေပုစွန်နှင့်ပုဏ္ဏား မိတ်ဆွေနှစ်ဦးတို့သည် အတိုင်းထက် အလွန် အကျွမ်းတဝင် ဖြစ်လာ၏။

ဆက္ကနိပါတ်၊ သုဝဏ္ဏကက္ကဋဇာတ် မှ

မျောက်မင်း၏ ပရိယာယ်

လွန်လေပြီးသောအခါ မြင်းငယ်ပမာဏရှိသော အားအစွမ်းနှင့် ပြည့်စုံသော မျောက်တစ်ကောင်သည် မြစ်ကမ်းနား၌ နေ၏။ ထိုမြစ်၏အလယ်၌ အထူးထူးအပြားပြား များစွာသော သရက်၊ ပိန္နဲစသည့် သစ်ပင်များနှင့် ပြည့်စုံသော ကျွန်းတစ်ကျွန်းရှိ၏။ မြစ်ကမ်းနှင့် ကျွန်းအကြားတွင် ကျောက်ဖျာတစ်ခု ရှိ၏။

မျောက်သည် ဆင်ပြောင်အားနှင့်တူသော ဗလရှိ၏။ အစွမ်းနှင့်ပြည့်စုံ၏။ မြစ်၏ ဤဘက်ကမ်းမှ ခုန်လိုက်ရာ ကျောက်ဖျာပေါ်သို့ ကျ၏။ ထိုကျောက်ဖျာမှခုန်လျှင် ကျွန်းငယ်ပေါ်သို့ ကျ၏။ ကျွန်းငယ်၌ အထူးထူး အပြားပြားသော သစ်သီးတို့ကို စား၍ ညချမ်း၌ မိမိ၏ နေရာသို့ ပြန်၏။ နောက်နေ့၌လည်း ရှေးနည်းတူ ပြု၏။

မိကျောင်းတစ်ကောင်သည် မယားနှင့်အတူ ထိုမြစ်တမ်းနား၌ပင် နေ၏။ မိကျောင်း၏ မယားသည် ထိုမှ ဤမှ သွားလာသော

မျောက်ကိုမြင်၍ မျောက်၏နှလုံးသားကို စားလိုသော ချင်ခြင်းဖြစ်၏။ မိကျောင်းမသည် မိကျောင်းဖိုကို "အရှင်၊ ငါတွင် ဤမျောက်မင်း၏ နှလုံးသားကို စားလိုသော ချင်ခြင်းဖြစ်၏" ဟု ဆို၏။

မိကျောင်းဖိုသည် "နှင်မ၊ ကောင်းပြီ ရလတ္တံ့" ဟု ဆို၍ ကျွန်းငယ်မှ လာသော မျောက်ကို ဖမ်းရန် ညချမ်းမှာပင် သွား၍ ကျောက်ဖျာ၌ ဝပ်၏။

မျောက်သည် ကျွန်းတွင် တစ်နေ့ပတ်လုံး ကျက်စား၍ ညချမ်းအခါ ကျွန်းငယ်၌ရပ်၍ ကျောက်ဖျာကို ကြည့်၏။ ဤကျောက်ဖျာသည် ယခုအခါ မြင့်နေ၏၊ အကြောင်းကား အသို့နည်း။

ယနေ့ ဤမြစ်၌ ရေသည် လျော့လည်း မလျော့၊ တိုးလည်း မတိုး၊ ထိုသို့ဖြစ်လျှင် ဤကျောက်ဖျာသည် ကြီးသကဲ့သို့ဖြစ်၏၊ အသို့နည်း။ ဤကျောက်ဖျာ၌ ငါ့ကို ဖမ်းအံ့သောငှာ ထိုမိကျောင်းသည် ဝပ်နေသလော၊ မျောက်သည် ထိုကျောက်ဖျာကို စူးစမ်းအံ့ ဟု၍ ထိုကျွန်းငယ်၌ရပ်ကာ ကျောက်ဖျာနှင့် စကားပြောသကဲ့သို့ "အို ကျောက်ဖျာ" ဟု ခေါ်၏။ စကားတုံ့ကို မရ။ "အို ကျောက်ဖျာ၊ အို ကျောက်ဖျာ" ဟု သုံးကြိမ် ခေါ်၏၊ စကားတုံ့ကို မရ၊ ထိုအခါ "အို ကျောက်ဖျာ၊ အဘယ့်ကြောင့် ယနေ့ ငါ့ကို စကားတုံ့ မပေးသနည်း" ဟု ဆို၏။

မိကျောင်းသည် မျောက်မင်းစကားကို ကြားလျှင် တစ်ပါး သောနေ့၌ ကျောက်ဖျာသည် မျောက်မင်းကို စကားတုံ့ ပေးခဲ့တန် ရာ၏၊ ယခုအခါ မျောက်မင်းအား စကားတုံ့ကို ပေးအံ့ဟု ကြံ၍ "အိုမျောက်မင်း၊ အသို့နည်း" ဟု ဆို၏။

"အဆွေ၊ သင်ကား အသူဖြစ်သနည်း" ဟု မျောက်မင်းက မေး၏၊

"ငါကား မိကျောင်းဖြစ်၏"ဟုဆို၏။

"အဘယ်အကျိုးငှာ ဤကျောက်ဖျာ၌ ဝပ်သနည်း" ဟု မျောက်မင်းက မေး၏။

"သင်၏ နှလုံးသားကို လိုချင်သောကြောင့် နေ၏"ဟုဆို၏။

မျောက်မင်းသည် "ငါ၌ သွားစရာလမ်းမရှိ၊ ယနေ့ ငါသည် ဤမိကျောင်းကို လှည့်စားအပ်၏"ဟု ကြံ၏။ထိုနောက်မိကျောင်းကို "အဆွေမိကျောင်း၊ ငါသည် ကိုယ်ကို သင့်အားစွန့်အံ့၊ သင်သည် ငါ သင့်ထံ လာသောအခါ ခံတွင်းကို ဖွင့်၍ ဖမ်းလော့"ဟု ဆို၏။

မိကျောင်းတို့မည်သည် ခံတွင်းကိုဖွင့်လျှင် မျက်စိတို့သည် မှိတ်ကုန်၏။ မိကျောင်းသည် ထိုအကြောင်းကို မေ့လျော့၍ ခံတွင်းကို ဖွင့်၏။ မျက်စိတို့သည် မှိတ်ကုန်၏။ မျောက်မင်းသည် ထိုသို့ မိကျောင်း မျက်စိမှိတ်သည်ကို သိသောအခါ ကျွန်းငယ်မှ ခုန်၍ မိကျောင်း၏ထိပ်ကို နင်းပြီး ထိုမှ ဘက်ကမ်းသို့ ခုန်၏။

မိကျောင်းသည် အံ့ဖွယ်သရဲကိုမြင်၍ ဤမျောက်မင်းသည် အလွန်အံ့ဖွယ်သော အမှုကိုပြု၏၊ "အိုမျောက်မင်း၊ ဤလောက၌ လေးပါးသောကျေးဇူးနှင့် ပြည့်စုံသောသူသည် ရန်သူတို့ကို လွှမ်းမိုးနိုင်၏။ ထို အလုံး စုံသော ကျေး ဇူး တို့ သည် သင့် ကိုယ် တွင်း ၌ ရှိယောင်တကား။ မျောက်မင်း၊ သင်၏ကိုယ်ကွင်း၌ သစ္စာ ပညာ၊ လုံ့လ၊ စွန့်လွှတ်ခြင်းဟူသော လေးပါးသော ကျေးဇူးတို့သည် ရှိကုန်၏။ထိုသို့ရှိသော် ရန်သူကို မအောင်နိုင်၏" ဟု ချီးမွမ်း၏။

ကေနိပါတ်၊ ဝါနရိန္ဒဇာတ် မှ



မဟာဇနက

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း၊ မိထိလာပြည်၌ မဟာဇနကမင်း မင်းပြု၏။ ထိုမင်းတွင် သားနှစ်ပါးရှိ၏။ သားအကြီး အရိဋ္ဌဇနကအား အိမ်ရှေ့မင်းအရာရ၍ သားငယ် ပေါလဇနကအား စစ်သူကြီးအရာရ၏။ မဟာဇနကမင်း နတ်ရွာစံသော် အရိဋ္ဌဇနက မင်းပြု၍ ပေါလဇနကအား အိမ်ရှေ့အရာ ပေး၏။

အိမ်ရှေ့မင်း ပေါလဇနက၏ ကျွန်ယုံ အမတ်တစ်ဦးသည် အလိုမပြည့်သဖြင့် အရိဋ္ဌဇနကမင်းထံ ခစား၍ ကုန်းချော၏။ ကုန်းချောစကားကို ယုံကြည်၍ ပေါလဇနကအား အိမ်ရှေ့အရာမှ ရုပ်ပြီးလျှင် အကျဉ်းချထား၏။ သို့သော် ပေါလဇနကသည် အကျဉ်းချထားရာမှ လွတ်မြောက်သွားပြီး နောင်တော်အား စစ်ပြု၏။ နောင်တော်မင်း စစ်မြေပြင်၌ ကျဆုံး၏။ ထိုအခါ ကိုယ်ဝန် အရင့်

အမာနှင့် မိဖုရားခေါင်ကြီးသည် ကာလစမ္ပာနဂိုရ်ပြည်သို့ ထွက်ခဲ့ပြေးရ၏။

ကာလစမ္ပာနဂိုရ်ပြည် ဒိသာပါမောက္ခသည် မိဖုရားခေါင်ကြီးအား နှမအရင်းကဲ့သို့ ကျွေးမွေး စောင့်ရှောက်ထား၏။ ကာလမကြာမြင့်မီ မိဖုရားကြီးသည် သားယောကျ်ား ဖွားမြင်၏။ ဘိုးတော်၏အမည်ကိုစွဲ၍ မဟာဇနက ဟူ၍ပင် အမည်ပေး၏။

ကစားတတ်သောအရွယ်သို့ ရောက်သောအခါ မဟာဇနကသည် အခြားသော သူငယ်များနှင့်ကစားရင်း သူငယ်တို့ဘာသာဘာဝ တစ်ယောက်နှင့် တစ်ယောက် တွန်းထိုး ပုတ်ခတ်ကြ၏။ ထိုအခါ သူငယ်တို့သည် မဟာဇနကအားမုဆိုးမသားဟု ဆိုကြ၏။ မဟာဇနကသည် မိခင်အား ဖခင်အကြောင်း အတင်းအကြပ်မေးရာ မိခင်သည် ယခင်ကကဲ့သို့ မကွယ်မဝှက်သာတော့ဘဲ ဖခင်သည် မိထိလာပြည့်ရှင် အရိဋ္ဌဇနကမင်း ဖြစ်ကြောင်း ပြောပြရ၏။

မဟာဇနကမင်းသား အသက် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်သောအခါ ဖခင်၏အရိုက်အရာဖြစ်သော မိထိလာထီးနန်းကို မိမိ၏ လုံ့လအားစွမ်းဖြင့် သိမ်းပိုက်ရန်ကြံလျက် ကုန်ကူးအံ့ဟု သုဝဏ္ဏဘူမိသို့ သင်္ဘောဖြင့် လိုက်ပါသွား၏။ မဟာဇနက လိုက်ပါလာသော သင်္ဘောသည် လေပြင်းမုန်တိုင်းမိကာ သင်္ဘောပျဉ်စပ်တို့ကွဲပေါက်ရေဝင်၍ သမုဒ္ဒရာပြင်၌ အိုးတည်နစ် နစ်ခလေ၏။ ခုနစ်ရာသော သင်္ဘောသားဟူသည် သေအံ့သောဘေးကို ကြောက်လန့်ကြသဖြင့် ငိုကြွေး မြည်တမ်းကြ၏။

အချို့သော သင်္ဘောသားတို့သည် မိမိတို့ ကိုးကွယ်ရာ နတ်အသီးသီးကို တိုင်တည်ရှိခိုးကြ၏။ မဟာဇနက မင်း သား ကား ရောက်လာသော သေဘေးကို ငိုကြွေး၍ လွတ်နိုင်မည်မဟုတ်၊ စွမ်းအားထုတ်၍ လုံ့လပြုမှသာ လွတ်နိုင်မည်ဟု ကြံကာ မငိုကြွေး၊ သမုဒ္ဒရာစောင့်နတ်တို့ကိုလည်း ရှိမခိုး၊ ထောပတ်ကို သကြားနှင့်

နယ်၌ ဝဝအောင်စားပြီး ရေမဝင်စိမ့်သောငှာ ပုဆိုးနှစ်ထည်ကို ဆီဆွတ်ကာ မြဲမြံစွာဝတ်၍ လင်းယဉ်တိုင်ထက်သို့ တက်လေ၏။

သင်္ဘောသား ခုနစ်ရာတို့သည် လုံ့လမပြုဘဲ ငိုကြွေးမြည်တမ်းလျက်သာ နေသောကြောင့် ငါးလိပ်မကန်းတို့၏ အစာဖြစ်ရလေ၏။ မဟာဇနကမင်းသားကား လင်းယဉ်တိုင်ထက်မှ မိထိလာပြည် ရှိမည်ထင်သော အရပ်ဘက်သို့ မှန်းဆကာ ခုန်၏။ ခွန်အားကြီးမားသူဖြစ်၍ ငါးလိပ်မကန်းတို့ ကျက်စားရာ အရပ်ကို ကျော်လွန်၍ သမုဒ္ဒရာပြင်သို့ ကျ၏။

မဟာဇနကမင်းသားသည် သမုဒ္ဒရာပြင်၌ လုံ့လမလျှော့ဘဲ ခုနစ်ရက်တိုင်တိုင် ကူးခပ်ခဲ့ရာ မဏိမေခလာ နတ်သမီးသည် မဟာဇနကမင်းသား၏ လုံ့လအားထုတ်မှုကို စူးစမ်းရန် ရောက်လာ၏။ "ကမ်းမမြင် လမ်းမမြင် သမုဒ္ဒရာပြင်ထက်၌ ရဲရဲရူးရူး ကူးဘိသသူကား မည်သူနည်း။ အဘယ်အကျိုးထူး ရမည်ထင်မှတ်၍ ကြိုးစားအားထုတ် ကူးခပ်သနည်း" ဟု နတ်သမီးက မေး၏။

"နတ်သမီး၊ ပစ္စုပ္ပန်တွင်လည်းကောင်း၊ သံသရာတွင်လည်းကောင်း အပြစ်မှ လွတ်ရာလွတ်ကြောင်း အားထုတ်သော လုံ့လသည် အကျိုးမဲ့မဖြစ်၊ အကျိုးရှိစေသည်သာ ဖြစ်၏။ ယခု လုံ့လကို မလျှော့ဘဲ သမုဒ္ဒရာ၌ ကူးခပ်သဖြင့် တစ်စုံတစ်ခုသော အကျိုးစီးပွားကို မလွဲမသွေ ရမည်သာ ဖြစ်၏။ ၎င်းအကျိုးကို မြင်၍ ကမ်းကို မြင်သည်ဖြစ်စေ မမြင်သည်ဖြစ်စေ ငါ လုံ့လ ပြုသည်"ဟု မဟာဇနကမင်းသားက ဖြေ၏။

"လုလင်ပျို၊ လုံ့လကြောင့် အကျိုးမဲ့ မဖြစ်၊ အကျိုး ရှိကြောင်း သင်ဆိုသည်မှာ အခြားသောအဖြစ်၌ မှန်၏။ ကမ်းမမြင်သော သမုဒ္ဒရာ၌ ကူးခပ်ရသော အဖြစ်၌ကား လုံ့လပြုရန် အရာမဟုတ်သောကြောင့် အချည်းနှီးသာတည်း"ဟု နတ်သမီးက ဆို၏။

"နတ်သမီး၊ လုံ့လကိုမလျှော့ဘဲ ကောင်းစွာ လုံ့လပြုသူသည် မိဘဆွေမျိုးမိတ်ဆွေများ၏ အလယ်၌ ကဲ့ရဲ့ပြစ်တင်ခြင်း မခံရ။ လုံ့လ မပြုမိခဲ့လေခြင်းဟုလည်း နောင်တရစရာမရှိ။ ဒါ့ကြောင့်၊ ငါသည် လုံ့လကိုလျှော့မိချေက နောင်တွင် ဇနကသည် ရေမျှောထင်းကဲ့သို့ လုံ့လမပြုဘဲနေသဖြင့် မဟာသမုဒ္ဒရာ၌ ပျက်စီးရသည်ဟု ငါ့အပြစ် တင်ခံရအံ့။ သေသော်လည်း အပြစ်တင် လွတ်ရစ်အောင် ငါ လုံ့လ ပြုသည်" ဟု မဟာဇနကမင်းသားက ဖြေ၏။

"လုလင်ပျို၊ အကြင်သူသည် လုံ့လ မပြုအပ်သောအရာ၌ လုံ့လပြုမှုများပါက အကျိုးရှိမည်မဟုတ်။ အသက်သေသော်လည်း ဆုံးရာ၏။ ကိုယ်စိတ်သော်လည်း ပင်ပန်းရာ၏။ ပရိသတ် အလယ်၌ ရှက်ဖွယ်သော်လည်းကြုံရ၏။ ယခု သမုဒ္ဒရာပြင်၌ ကူးသော လုံ့လ သည် အရာဟုတ်ပါ၏လော" ဟု နတ်သမီးက မေး၏။

"နတ်သမီး၊ ယခု သမုဒ္ဒရာပြင်၌ ကူးသကဲ့သို့ အကြင်သူတို့၌ ဆောင်ရွက်မပြီးနိုင်သော အမှုကိစ္စကြီးများ ရောက်လတ်သော် ၎င်းအမှုကိစ္စကို ငါလုံ့လပြု၍ အောင်နိုင်ဖွယ်မရှိ၊ ကံကြမ္မာ စီမံတိုင်းသာ ဖြစ်စေတော့ဟု လုံ့လကို လျှော့ပါက လူပျင်းလူတန်ဟု ခပ်သိမ်းသောလူတို့ အပြစ်တင်လိမ့်မည်။ ဆောင်ရွက်ရန် အမှုကိစ္စ မှန်ပါက သေးသည်၊ ငယ်သည်၊ ကြီးသည်မဆိုရာ၊ အောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ လုံ့လမလျှော့ဘဲ ဆောင်ရွက်ရာ၏။ နတ်သမီး၊ သင်သည် လူပျင်းလူတန်တို့၏ အယူကိုစွဲ၍ စကားမဆိုသင့်။

ခုနစ်ရက်သော သင်္ဘောသား ကုန်သည်တို့သည် သင်္ဘော နစ်ကြရာတွင် လုံ့လချို့တဲ့၍ ငါးလိပ်မကန်းစာ ဖြစ်ကြရ၏။ လုံ့လ မလျှော့သော ငါသည် ငါးလိပ်မကန်းတို့၏အစာမဖြစ်ဘဲ သေဘေး မှ လွတ်ခဲ့သည့်အပြင် သင်နတ်သမီးကိုပင် အနီးကပ်မြင်ဖူးရ၏။ သင်သည် ငါ့ကို ချစ်ခင်သဖြင့် ကယ်ဆယ်ပါက လုံ့လအကျိုးကို ငါ

ခံစားရမည်သာပင် ဖြစ်၏။ မကယ်တင်သဖြင့် သမုဒ္ဒရာ၌ အသက်ဆုံးရှုံးရသော်လည်း ငါးလိပ်မကန်းအစာမဖြစ်ရသော လုံ့လအကျိုးကို ခံစားခဲ့ပြီး ဖြစ်၏။ ငါသည် အစွမ်းရှိသမျှ မဆုတ်မဆိုင်း လုံ့လပြုမြဲပြုကာ သမုဒ္ဒရာ၌ကူးခပ်မည်သာတည်း''ဟု မဟာဇနကမင်းသားက ဆို၏။

မဟာဇနက မင်းသား၏ လုံ့လ အားထုတ်မှုကို ကြည်ညိုလေးစားသော မဏိမေခလာ နတ်သမီးသည် မင်းသားအား မိထိလာပြည်သို့ ဆောင်ယူ၍ မင်္ဂလာ ဥယျာဉ်တော်ရှိ ကျောက်ဖျာ ယက်တွင် ချထားခဲ့၏။

လုံ့လ အကျိုးကြောင့် မဟာဇနက မင်းသားသည် မိထိလာ ပြည်၏ ထီးနန်းကို ရရှိခဲ့လေ၏။

မင်းပူးဆရာတော် ဦးဩဘာသ၏
မဟာဇနက ဇာတ်တော်ကြီး မှ

ဘဝမေ့သူ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၊ မင်းပြု၏။ တစ်နေ့သ၌ ဗြဟ္မဒတ်မင်း၊သည် လေသာပြတင်းကို ဖွင့်၍ နန်းရင်ပြင်ကို ကြည့်လျက်နေ၏။ ထိုအခါ ဟင်းရွက်သည်၏ သမီးဖြစ်သော၊ ရုပ်ဆင်းအင်္ဂါ လှပ ျိုမျစ်သော သုဇာတာ အမည်ရှိ ဆီးသီးသည် မိန်းမပျိုသည် ဆီးသီးတောင်းကိုရွက်ကာ နန်းရင်ပြင်သို့ လာသည်ကို တွေ့၏။

ဗြဟ္မဒတ်မင်းသည် အဆင်းလှသော၊ ပျိုမျစ်သော သုဇာတာကို မြင်၏။ဆီးသီးရောင်းသော အသံကို ကြား၏။ထိုအခိုက်တွင်ပင် မင်း၌ သုဇာတာကို ချစ်ခင်တပ်မက်သောစိတ် ဖြစ်ပေါ်ရကား ဆီးသီးသည်ကို ရှေ့တော်သွင်းစေ၍ အိမ်ထောင်ရှိ၏၊ မရှိ၏ မေးမြန်းလေသည်။ သုဇာတာသည် အိမ်ထောင်မရှိ၊ လွတ်လပ်သူ

ဖြစ်ကြောင်း သိရသောအခါ မင်းသည် သုဇာတာကို မိဖုရားကြီး အရာ၌ ထားး၏။ ကြီးစွာသော စည်းစိမ်ကို ပေး၏။ အလွန်တစ်ရာ ချစ်မြတ်နိုး၏။

တစ်နေ့သောအခါ မင်းသည် ဆီးသီးများကို ရွှေခွက်တွင် ထည့်၍ စားနေခိုက် သုဇာတာမိဖုရား အခစားဝင်၏။ ဆီးသီး စားနေသည်ကို မြင်ရသောအခါ သုဇာတာက "မင်းကြီး၊ ရွှေခွက်၌ရှိသော နီရဲသော၊ လုံးဝန်းချောမွေ့သော ဤအရာ တို့ကား အဘယ်ဥတို့နည်း။ ကျွန်ုပ်အား ပြောပါလော့" ဟု မေးလေ၏။

သုဇာတာ၏ အမေးစကားကို မင်းကြီး ကြားသည်ရှိသော် ဤမိန်းမကား စည်းစိမ်ယစ်မူး၍ မိမိ၏ ဘဝကို မေ့ပျောက်ပစ်ရန် ကြံစားနေသူပါတကားဟု တွေးမိပြီး အမျက်ကြီးစွာ ထွက်၏။

မိဖုရား၏ အပြုအမူကို ရွံရှာစက်ဆုပ်လှသဖြင့် "မိဖုရား၊ သင်သည် ယခင်က အဝတ်နွမ်းကိုဝတ်လျက် ဆီးသီးကို ဆွတ်ခြွေ၏။ ယခု ငါစားသော အသီးကား သင်တို့ အမျိုးအနွယ် ဟင်းရွက် သည်တို့ ရောင်းချသော ဆီးသီးပင်တည်း။ သင်ကား နန်းတော်နှင့် မတန်။ ဆီးသီးရောင်းသော အိမ်နှင့်သာတန်၏" ဟု ဆို၏။

ထို့နောက် အပါးရှိ အမှုးအမတ်တို့အား "ထိုမိန်းမယုတ် ကို ဆီးသီးရောင်းသော အိမ်သို့ ပို့ဆောင်လော့" ဟု မိန့်၏။

ဗြဟ္မဒတ်မင်း၏ ပညာရှိ အမတ်ကြီးက မင်းနှင့် မိဖုရား အချင်း များသည်ကို ဖျန်ဖြေလို၍ "မင်းကြီး၊ စည်းစိမ်တို့သည် ယစ်မူး တတ်သော သဘောရှိ၍ မိဖုရားသည် စည်းစိမ်၌ ယစ်မူးမိသည် ဖြစ်၏။ အရှင်မင်းကြီး သည်းခံပါလော့။ အမျက်မထွက်ပါလင့်" ဟု လျှောက်၏။

ဗြဟ္မဒတ်မင်းသည် ပညာရှိ အမတ်၏ လျှောက်တင်ချက်ကို လက်ခံကာ သုဇာတာအား မိဖုရားကြီးအရာ၌ ထားမြဲထား၏။ သုဇာတာ မိဖုရားသည် စည်းစိမ်၌ ယစ်မူး၍ ဘဝကို မေ့ယောင်ပြုလိုသောစိတ်ကို ပယ်ရှားကာ မင်းနှင့်အသက်ထက်ဆုံး ချစ်ခင်စွာ ပေါင်းသင်း နေထိုင်သွား၏။

စတုက္ကနိပါတ်၊ သုဇာတာဇာတ် မှ



ဝိဒေဟရာဇ် ပုတ်သင်

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ ဝိဒေဟရာဇ်မင်း မင်းပြု၏။ တန်ခိုးသည့် မင်းကြီးသည် များစွာသော မှူးမတ် အခြွေအရံနှင့်တကွ မဟော်သဓာသုခမိန်ကို ခေါ်၍ ဥယျာဉ်သို့ ထွက်လေသော် ဥယျာဉ်တံခါးတိုင် ထိပ်များ၌ နေသော ပုတ်သင်တစ်ကောင်ကို မြင်၏။ ထိုပုတ်သင်သည် မင်းကြီး လာသည်ကို မြင်၍ တံခါးတိုင်ထိပ်များမှဆင်းသက်ကာ မြေ၌ ဝပ်လျက်နေ၏။

ဝိဒေဟရာဇ် မင်းကြီးသည် တံခါးတိုင်ထိပ်မှ ဆင်းသက်၍ မိမိဘက်သို့ ရှေးရှုဝပ်လျက် နေသော ပုတ်သင်ကို မြင်လျှင် မဟော်သဓာသုခမိန်ကို ခေါ်၍ "ချစ်သား၊ သုခမိန်၊ ဤပုတ်သင်သည် အသို့ပြုသနည်း" ဟု မေး၏။ မဟော်သဓာသုခမိန်သည် "အရှင်မင်းကြီး၊ ဤပုတ်သင်သည် အရှင်မင်းကြီးကို မြင်လျှင် အရှင်ဟူသော အမှတ်ဖြင့် ရိုသေစွာ ခစားပါသည်" ဟု ဆို၏။

ဝိဒေဟရာဇ် မင်းကြီးသည် သုခမိန် စကားကို ကြားလျှင် "ဤပုတ်သင်သည် အကယ်၍ ငါ့အား ခစားသည်မှန်မူ အကျိုးမဲ့ မဖြစ်စေလင့်။ ထိုပုတ်သင်အား စည်းစိမ်ဥစ္စာကို အထိုက်အလျောက် ပေးလော့" ဟု ဆို၏။

မဟောသဓာသုခမိန်သည် "အရှင်မင်းကြီး၊ ဤပုတ်သင်အား တစ်ပါးသော စည်းစိမ်ဥစ္စာကို ပေးသော် အကျိုးရှိမည် မဟုတ်၊ စားဖွယ်သောက်ဖွယ်ကိုသာလျှင် ပေးသင့်ပါ၏" ဟု လျှောက်၏။

"ပုတ်သင် ဟူသည် အဘယ်အစာကို စားသနည်း" ဟု ဝိဒေဟရာဇ်မင်းကြီး မေး၏။ "ပုတ်သင်တို့သည် အသားကိုစားကုန်၏" ဟု မဟောသဓာသုခမိန် လျှောက်၏။

"အဘယ်မျှလောက် အသားကို ပေးလျှင် သင့်မည်နည်း" ဟု မင်းကြီး မေး၏။ မဟောသဓာသုခမိန်သည် "အရှင် မင်းကြီး၊ တစ်ချင်ဓရွှေးဖိုးမျှသော အသားကို ပေးသင့်ပါ၏" ဟု လျှောက်၏။ ဝိဒေဟရာဇ်မင်းကြီးသည် မင်းစေယောကျ်ား တစ်ယောက်ကို ခေါ်၍ မင်းတို့ အချိုး အမြောက် ဆုလာဘ် မည်သည် တစ်ချင်ရွှေးမျှနှင့် မလျော်ပတ်၊ တစ်နေ့လျှင် ပဲ၀က်ဖိုး အသားဝယ်၍ ပုတ်သင်အား နေ့တိုင်း ကျွေးလော့ဟု ဆို၏။ မင်းချင်းလည်း ထိုနေ့မှစ၍ နေ့တိုင်း၊နေ့တိုင်း၊ အသားကို ပဲ၀က်ဖိုး ဝယ်၍ ပုတ်သင်အား ကျွေး၏။

တစ်နေ့သ၌ ဥပုသ်နေ့ ကြုံသဖြင့် ဈေး၌ အမဲသားငါး မပေါ်ရကား အမဲဖိုး ပဲ၀က်အသပြာကို ဖောက်၍ ကြိုးဖြင့်သီပြီးလျှင် ပုတ်သင်၏ လည်၌ ဆွဲ ပေး၏။ ထိုအခါ ပုတ်သင်ငယ်သည် အသပြာကို ရသဖြင့် ထိုပဲ၀က်အသပြာကို မှီ၍ ငါ ဥစ္စာစည်းစိမ်ရှင် တကားဟု မာန်ထောင်လွှားခြင်း ဖြစ်၏။

ထိုနေ့၌ပင်လျှင် ဝိဒေဟရာဇ် မင်းကြီးသည် များစွာသော မှူးမတ်အခြံအရံနှင့်တကွ မဟောသဓာကိုခေါ်၍ ဥယျာဉ်သို့ ထွက်၏။ ထိုပုတ်သင်သည် မင်းကြီး လာသည်ကို မြင်လျှင် အစါတိုင်းကဲ့သို့

မြေ၌ ဝပ်၍ မခေါ်းဘဲ ဥစ္စာကိုမှီ၍ဖြစ်သော မာန်ဖြင့် "ငါနှင့် ဝိဓေဒဟာရာဇ် မင်းကြီးသည် အဘယ်သူ ဥစ္စာသာ၍ များသနည်း။ ငါလည်း ဥစ္စာရှင်၊ မင်းကြီးလည်း ဥစ္စာရှင်၊ မင်းကြီးအား ခစား၍ အဘယ် အကျိုးရှိတော့အံ့နည်း" ဟု မိမိလည်ပြ၌ ပဲ၀က်မျှသော ဥစ္စာနှင့် ဝိဓေဒဟာရာဇ် မင်းကြီး၏ များစွာသော ဥစ္စာကို ထပ်တူ ပြုလျက် တံခါးတိုင်မှ မဆင်းသက်ဘဲ တံခါး တိုင် ထိပ် များ ၌ ဦးခေါင်းကို ညိတ်ကာ ညိတ်ကာ မင်းကြီးကို ရှုနေ၏။

ဝိဓေဒဟာရာဇ် မင်းကြီးသည် ထိုပုတ်သင်၏ အမူအရာကို ရိပ်တန့်၍ ကြည့်ရှုလျက်"မဟော်သဓာသုခမိန်၊ ဤပုတ်သင်ယ်သည် ရှေး၌ ငါထွက်တော်မူလျှင် တံခါးတိုင်မှ ဆင်းသက်၍ မြေ၌ ဝပ်နေ မြဲဖြစ်၏။ ယခုမူကား ရှေးနှင့်မတူ၊ ငါလာတော်မူသည်ကို မြင်လျက် တံခါးတိုင်များမှ မသက်မဆင်း၊ ဦးညိတ်လည်ညိတ် စိတ်မာန် ထောင်လွှားဟန်နှင့် နေသည်မှာ အဘယ်အကြောင်းကြောင့်နည်း။ သင် ဆင်ခြင်၍ သိသာအောင် လျှောက်လော့"ဟု ဆို၏။

မဟော်သဓာသုခမိန် ဆင်ခြင်လတ်သော် ဤနေ့သည် ဥပုသ် နေ့ဖြစ်၍ အမဲသားငါး ရေးမှာ မစပါရသဖြင့် ပုတ်သင်စာကျွေး သော မင်းချင်းသည် ပုတ်သင်လည်၌ အသပြာပဲ၀က်ကို ဖောက်ဆွဲ ပေးသည် ဖြစ်မည်၊ ထိုအသပြာကို မှီ၍ ဤပုတ်သင် မာန်တက် နေသည် ဖြစ်ရာ၏ဟု သိ၍ "အရှင်မင်းကြီး၊ ဤပုတ်သင်သည် ရှေး၌ မရဖူးသော ပဲ၀က်မျှသော ဥ စ္စာ ကို ရ သော ကြောင့် ထိုဥစ္စာဖြင့် မာန်တင်း၍ မိထိလာပြည့်ကြီး၊သခင် အရှင်မင်းကြီးကို မထိမဲ့မြင် ခေါ်းတညိတ်ညိတ် ပြုဘိ၏"ဟု လျှောက်၏။

မဟော်သဓာ သုခမိန်စကားကိုကြားလျှင် ဝိဓေဒဟာရာဇ်မင်းကြီး သည် ပုတ်သင်စာကျွေးသော မင်းချင်းကိုခေါ်စေ၍ ထိုအကြောင်း ကို မေး၏။ မင်းချင်းလည်း ဟုတ်မှန်တိုင်း မင်းကြီးအား လျှောက်၏။

ပုတ်သင်စာကျေးသောမင်းချင်းစကားကိုကြား၍ ဝိဒေဟရာဇ်မင်းကြီးသည် အလွန်နှစ်သက် ဝမ်းမြောက်သည် ဖြစ်၍ "ဤမဟောသဓာသည် သဗ္ဗညုတဉာဏ်ကို ရသည့်အလား တစ်စုံတစ်ခုသော အချင်းအရာကိုမျှ မမြင် မကြားရဘဲ မိမိ ပညာ အစွမ်းဖြင့် ဟုတ်တိုင်းမှန်ရာ ပြောလျှောက်ပေ၏။ ထိုသို့သော ပညာရှိ သူခမိန်အား မြို့တံခါး လေးမျက်နှာမှ ရသော အခွန် အတုတ်ကို ငါ ဆုပေးတော်မူ၏"ဟု ဆို၏။ ထို့နောက် ပုတ်သင်အား ပေးမြဲသော ဝတ်ကို ရုပ်သိမ်းတော်မူရန် အားထုတ်လေ၏။

မဟောသဓာသူခမိန်သည် "အရှင်မင်းကြီး၊ ဥစ္စာစည်းစိမ်ဆိုသည်ကား နည်းသည်များသည် မရှိ။ တိရစ္ဆာန်ကို မဆိုထားနှင့်၊ ပညာရှိ လူတို့သော်မှ ဥစ္စာကိုမှီ၍ မာန်ထောင် ထားတတ်ကုန်၏။ အထက်က ခစားဖူးသည်ကိုသာ အောက်မေ့တော်မူပြီး ပေးမြဲသော ဝတ်ကို ဖြတ်တော်မမူပါလင့်"ဟု လျှောက်ထားလေ၏။

မင်းပူးဆရာတော်ဦးသြတသ၏
မဟောသဓ ဇာတ်တော်ကြီး မှ



ခေါင်းဆောင် ဟူသည်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်းသည် သမင်လိုက် ဝါသနာပါ၏။ နေ့စဉ်နေ့တိုင်း တောလည်၍ သမင်လိုက်၏။ သမင်လိုက်ရာတွင် ရပ်သူရွာသားများကို ခေါ်ဆောင်သွားသဖြင့် အလုပ်ပျက် အကိုင်ပျက် ဖြစ်ရ၏။ ရပ်သူရွာသားများသည် အလုပ်ပျက် အကိုင်ပျက် ဖြစ်ရသဖြင့် ဘုရင့် ဥယျာဉ်အတွင်း၌ သမင်တို့ကို သွင်းပေးထားနိုင်ပါက ဘုရင် တောလည်ရာသို့ တကောက်ကောက် မလိုက်ရတော့ဟု ကြံမိကြ၏။ ဘုရင့် ဥယျာဉ်တွင် သမင်၏ အစာဖြစ်သော မြက်ပင်များ ပေါက်ရောက်၏၊ ရေနှင့်လည်း ပြည့်စုံ၏။ ဥယျာဉ် တံခါးတို့ကိုလည်း ခိုင်ခံ့အောင် ပြု၏၊ ထို့နောက် ပိုက်တန်း၊ တုတ်ဘို့ကို စွဲကိုင်လျက် သမင်များ ခိုအောင်းရာ တောသို့ ဝင်၏။



ထိုတောတွင် ရွှေအဆင်းရှိသော နိဂြောဓသမင်၌ အခြံအရံ ငါးရာရှိ၏။ ထို့အတူ ရွှေအဆင်းရှိသော သာခသမင်မှာလည်း အခြံအရံ ငါးရာရှိ၏။ ရပ်သူရွာသားများသည် တုတ်များဖြင့် သစ်ပင်ချုံနွယ်တို့ကိုလည်းကောင်း၊ မြေကိုလည်းကောင်း ပုတ်ခတ်၍ တော ခြောက်၏။ သန်လျက်၊ လှံ၊ လေး၊ ဝိုက်တန်းတို့ကို ကိုင်ဆောင်လျက် သည်းထန်သော အသံတို့ကို ဟစ်ကြွေးလျက် နိဂြောဓသမင်နှင့်တကွ အခြံအရံ ငါးရာကိုလည်းကောင်း၊ သာခ သမင်နှင့်တကွ အခြံအရံ ငါးရာကိုလည်းကောင်း တောအရပ်မှ မောင်းထုတ်ပြီး ဥယျာဉ်အတွင်းသို့ ဆောင်ကြဉ်း၏။

ထိုနောက် ဗြဟ္မဒတ်မင်းထံ သွား၍ "အရှင်မင်းကြီး၊ အရှင် မင်းကြီးသည် နေ့စဉ်နေ့တိုင်း သမင်လိုက်သဖြင့် ကျွန်တော်မျိုးတို့ အလုပ်အကိုင် ပျက်ရပါသည်။ ယခု ကျွန်တော်မျိုးတို့သည် တော အရပ်မှ သမင်တို့ကို အရှင်မင်းကြီး၏ ဥယျာဉ်တွင်းသို့ ဆောင်ကြဉ်း ထားခဲ့ပါပြီ။ ယနေ့မှစ၍ သမင်သားတို့ကို သုံးဆောင်စားသောက် တော်မူပါလော့"ဟု လျှောက်တင်ပြီးလျှင် မိမိတို့ ရပ်ရွာသို့ ပြန်ခဲ့ ကြ၏။

ဗြဟ္မဒတ်မင်းသည် ဥယျာဉ်သို့ သွား၍ကြည့်သော် သမင်များ အလယ်တွင် ရွှေသမင် နှစ်ကောင်ကို မြင်၍ မင်းချင်းတို့အား ထိုရွှေသမင်နှစ်ကောင်ကို ဘေးမဲ့ပေးကြောင်း ပြော၏။ ရံဖန်ရံခါ ဗြဟ္မဒတ်မင်းသည် မိမိကိုယ်တိုင် ဥယျာဉ်သို့ သွား၍ သမင် တစ်ကောင်ကို ပစ်၍ ဆောင်ယူ၏။ ရံဖန်ရံခါ ပွဲတော်ချက် သည် လည်း သမင်တစ်ကောင်ကို ပစ်ခတ်ဆောင်ယူ၏။ ထိုအခြင်း အရာကို တွေ့ကြကုန်သော သမင်တို့သည် လေးမြားကို မြင်ကာ မျှဖြင့် သေဘေးမှ ကြောက်ရွံ့သည်ဖြစ်၍ ပြေးကြကုန်၏၊ ပြေးရင်း လွှားရင်း တစ်ကောင်နှင့်တစ်ကောင် တိုးမိ၏။ ခို့မိ၏။ အချင်း ချင်း ထိမိ ခိုက်မိသော သမင်တို့သည် နာကြ သေကြ၏။ သမင်

အပေါင်းတို့သည် နိဂြောဓသမင်အား ဤအကြောင်းကို ပြောကြား ကြကုန်၏။

နိဂြောဓသမင်သည် သာခသမင်ကို ခေါ်စေ၍ "အဆွေ၊ များစွာသော သမင်တို့သည် လေးမြားကို ကြောက်လန့်၍ ပြေးလွှား ရင်း နာကြသေကြ၏။ အသတ်မခံရမီပင် အေးချမ်းစွာ မနေရ။ ထိုသို့ ဖြစ်သဖြင့် ယခုမှစ၍ သမင်ကို ပစ်ခတ် မယူစေလင့်။ ဥယျာဉ်တွင် စဉ်းတီတုံးကိုထား၍ ထိုစဉ်းတီတုံး၌ လည်စင်းပေးသော သမင်ကို သာ ယူစေအံ့။ အဆွေ၏ အခြံအရံထဲမှ သမင်တစ်ကောင်က ယနေ့ အလှည့်ယူလျှင် နောက်တစ်နေ့၌ ငါ့ အခြံအရံထဲမှ သမင်တစ် ကောင်က အလှည့်ယူအံ့။ သို့ဖြစ်မှသာ သမင်တို့သည် မသေမီ မပင် မပန်း နေရအံ့"ဟု ပြောဆိုတိုင်ပင်၏။ သာခသမင်လည်း ကောင်း ပြီဟု ဝန်ခံ၏။ ထိုအခါမှစ၍ အလှည့်ရောက်သော သမင်သည် စဉ်းတီတုံးသို့ သွား၍ လည်စင်းပေး၏။ ပွဲတော်ချက်သည် လည်စင်း ပေးသော သမင်ကိုယူ၍ သွားလေ၏။

တစ်နေ့သ၌ သာခသမင်၏ အခြံအရံထဲမှ ကိုယ်ဝန်ရှိသော သမင်မတစ်ကောင်၏ အလှည့်သို့ ရောက်၏။ ထိုအခါ သမင်မသည် သာခသမင်ထံ သွား၍"အရှင်၊ အကျွန်ုပ်တွင် ကိုယ်ဝန်ရှိ၏။ သား ဖွားပြီး၊ နောက်မှသာ ကျွန်ုပ်တို့သားအမိ နှစ်ကောင်ကို အလှည့်ကျ ပါစေလော့"ဟု ဆို၏။ "သင်၏အလှည့်ကို တစ်ပါးသောသမင် ယူ ရန် ငါမတိုက်တွန်းနိုင်။ ကိုယ့်အလှည့်ကို ကိုယ်သိ၍ စဉ်းတီတုံးသို့ သွားလေလော့"ဟု သာခသမင်က ဆို၏။ ထိုအခါ သမင်မသည် သာခသမင်ထံမှ ဖဲခွာကာ နိဂြောဓသမင်အား အကျိုးအကြောင်း ပြောကြား၏။

နိဂြောဓသမင်က "သမင်မငယ်၊ သင်ဆိုသည့်အတိုင်း ဖြစ် စေအံ့။ သင့်အလှည့် ငါယူအံ့"ဟု ဆို၍ ကိုယ်ဝန်ဆောင်သော သမင်မ အလှည့်သို့ ရောက်သောအခါတွင် နိဂြောဓ သမင်သည်

စဉ်းတီတုံး၌ လည်စင်းပေး၏။ ပွဲတော်ချက် ရောက်သောအခါ ဘေးမဲ့ပေးထားသော စရွှသမင်သည် စဉ်းတီတုံး၌ လည်စင်း ပေးနေသည်မှာ ထူးခြား၏ဟု တွေးမိပြီး မင်းထံ အလျင်အမြန် သွား၍ လျှောက်ထား၏။ ဗြဟ္မဒတ်မင်းလည်း ရထားစီး၍ အခြံအရံ များနှင့် ဥယျာဉ်သို့ သွား၏။

စဉ်းတီတုံး၌ လည်စင်းပေးနေသော နိဂြောဓရွှေသမင်ကို မြင်ရကား "အကျွန်ုပ်သည် အသင့်အား ဘေးမဲ့ ပေးထားပါလျက် အဘယ်ကြောင့် စဉ်းတီတုံးပေါ်မှာ လည်စင်းပေးရပါသနည်း"ဟု မေးမြန်း၏။

"မြတ်သောမင်းကြီး၊ ကိုယ်ဝန်ရှိသောသမင်မသည် အကျွန်ုပ် ထံလာ၍ သူ၌ ကိုယ်ဝန်ရှိသဖြင့် အခြားတစ်ပါးသော သမင်အား အလှည့်ယူပါစေရန် ဆို၏။ အကျွန်ုပ်သည် တစ်ကောင်သောသူ၏ သေခြင်းဆင်းရဲကို အခြားတစ်ကောင်အားပေးရန် မတတ်ကောင်း ပါ။ ထို့ကြောင့် ကိုယ်ဝန်ရှိသော သမင်မ၏ သေဘေးကို အကျွန်ုပ် ကိုယ်တိုင် ယူရပါသည်။ အရှင်မင်းကြီးစိတ်၌ အနှောင့်အယှက် မရှိဘဲ အကျွန်ုပ်၏ အသက်ကို ယူပါလော့"ဟု ဆို၏။

"သမင်မင်း၊ အသင်ကဲ့သို့ ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံသောသူကို လူတို့၌ပင် မတွေ့မမြင်ရဖူးပေ။ ထို့ကြောင့် အသင့်ကို အကျွန်ုပ် လွန်စွာ ကြည်ညိုလေးစားလှဘိ၏။ သင့်အား လည်းကောင်း၊ ကိုယ်ဝန်ရှိသော သမင်မအားလည်းကောင်း ဘေးမဲ့ပေး၏"ဟု ဗြဟ္မဒတ်မင်းက မိန့်၏။

"မြတ်သော မင်းကြီး၊ သမင်နှစ်ကောင် ဘေးမဲ့ ရခဲ့ပါပြီ။ ကျန်သော သမင်များကို အဘယ်သို့ ပြုမည်နည်း"

"ကျန်သော သမင်များအားလည်း ဘေးမဲ့ပေးပါ၏"

"မြတ်သော မင်းကြီး၊ ဥယျာဉ်တွင်းရှိ သမင်များကား ဘေးမဲ့ရခဲ့ကြပါပြီ။ ဥယျာဉ်အပရှိ သမင်များကို အဘယ်သို့ ပြုမည်နည်း"

"ဥယျာဉ်အပရှိ သမင်များအားလည်း ဘေးမဲ့ပေး၏"

ဤသို့လျှင် နိဂြောဓသမင်၏ တစ်ဆင့်ပြီးတစ်ဆင့် လျှောက်တင်ချက်ကို လိုက်လျှောခွင့်ပြုခဲ့ရာ ခြေလေးချောင်းရှိသော သတ္တဝါ၊ ငှက်၊ ငါး၊ လိပ်စသည့် သတ္တဝါများလည်း ဘေးမဲ့ရကြကုန်၏။ နိဂြောဓသမင်သည် သတ္တဝါများ၏ အသက်ကို ကယ်ဆယ်ပြီးနောက် သမင်အပေါင်း ခြံရံလျက် တောသို့ ဝင်၏။ ကိုယ်ဝန်ရှိသော သမင်မလည်း တော၌ အေးချမ်းစွာ သားဖွား၏။

အရွယ်ရောက်သောအခါ သားငယ်သမင်သည် သာခသမင်ထံ သွားရောက် ခစားသည်ရှိသော် မိခင်သမင်မက "ချစ်သား၊ အကျိုးစီးပွားကို လိုသောသူသည် အကျိုးစီးပွားကို ပေးစွမ်းနိုင်သူထံ၌ ခိုလှုံရ၏။ ချစ်သားသည် သာခသမင်ထံ မသွားသင့်။ နိဂြောဓသမင်ထံသို့သွား၍ ခိုလှုံလော့။ နိဂြောဓသမင်၏ ခြေရင်း၌ သေရခြင်းသည် သာခသမင်ထံ၌ အသက်ရှင်ရခြင်းထက် မြတ်၏"ဟု ဆုံးမသွန်သင်၏။

ဘေးမဲ့ရသော သမင်များသည် အသက်အန္တရာယ်ကို မစိုးရိမ်ရတော့သဖြင့် လူတို့စိုက်ပျိုးထားသော ကောက်ခင်းကို ရဲဝံ့စွာ ဝင်ရောက် စားသောက်ကြ၏။ ရပ်သူရွာသားတို့ကား ဘေးမဲ့ပေးထားသော သမင်များ ဖြစ်နေ၍ မပစ်မခတ်ဝံ့၊ မခြောက်မလှန့်ဝံ့ကြပေ။ ကြာသော် သည်းမခံနိုင်တော့ရကား မင်းရင်ပြင်၌ စည်းဝေး၍ သမင်တို့၏ရန်ရှိကြောင်းကို လျှောက်ထား၏။

ဗြဟ္မဒတ်မင်းသည် နိဂြောဓသမင်းအား ကြည်ညိုသည်ကို အကြောင်းပြု၍ သမင်အပေါင်းကို ဘေးမဲ့ပေးခဲ့ရကား "မင်းအဖြစ်မှ စွန့်ရစေကာမူ ထားမိခဲ့သော ပဋိညာဉ်ကို မဖျက်။ ငါ့နိုင်ငံ၌ မည်သူတစ်ဦးတစ်ယောက်မျှ သမင်တို့ကို မပစ်ခတ်ရ"ဟု ဆို၏။

နိဂြောဓသမင်သည် ထိုအကြောင်းကို ကြားရသောအခါ သမင် အပေါင်းကို စုဝေးလျက် "သင်တို့သည် ယနေ့မှ စ၍ သူတစ်ပါး၏ ကောက်နှံကို မစားကြနှင့်" ဟု ဆိုဆုံးမ၏။ လူတို့အား ကောက်ခင်းအတွက် စည်းရိုးပင် မကာစေဘဲ သစ်ရွက်သစ်ခက် များဖြင့်သာ အမှတ်အသားပြုစေ၏။ သမင်တို့သည် သစ်ရွက်သစ်ခက် အမှတ်အသားကို လွန်၍ ကောက်ခင်းသို့ မဝင်ဘဲ သင့်ရာ အရပ်၌သာ အစာရှာကြ၏။ ဤသို့ဖြင့် နိဂြောဓသမင်၏ ဆုံးမ ဩဝါဒကို လိုက်နာကြောင်း ပြသကြ၏။

တေနိပါတ်၊ နိဂြောဓမိဂဇာတ် မှ





နှံစုတ်ငှက်နှင့် ဆင်ဆိုး

လွန်လေပြီးသောအခါ ဟိမဝန္တာတွင် ဆင်မင်းသည် ဆင်ရှစ်သောင်း ခြံရံလျက်နေ၏။ ဆင်တို့ သွားလာရာခရီးတွင် နှံစုတ်ငှက်တစ်ကောင်သည် ဥတို့ကို ဥ၏။ ဥတို့ရင့်လာသောအခါ ငှက်ငယ်တို့ ပေါက်လာ၏။ ငှက်ငယ်တို့သည် အတောင်အလက် မစုံလင်သေးရကား၊ မပျံသန်းနိုင်ကြသေးပေ။

တစ်နေ့တွင် ဆင်မင်းသည် ဆင်ရှစ်သောင်း ခြံရံလျက် အစာရှာ ထွက်လာရာ နှံစုတ်ငှက်မ၏ နေရာသို့ ရောက်လာ၏။ ဆင်အပေါင်းကို မြင်သော နှံစုတ်ငှက်မသည် သားငယ်တို့ကို ဆင်တို့ နင်းမိမည်စိုး၍ ဆင်မင်းထံမှ အစောင့်အရှောက် တောင်းအံ့ဟု ကြံလျက် အတောင်နှစ်ဖက်ကို ယှက်ကာ ဆင်မင်း၏ ရှေ့၌ ရပ်၏။

“အရှင်၊ အကျွန်ုပ်သည် အတောင်နှစ်ဖက်ကို ယှက်လျက် လက်အုပ်ချီ ရှိခိုးပါ၏။ အားနည်းသော ကျွန်ုပ်၏ သားငယ်တို့ကို မနင်းပါနှင့်” ဟု တောင်းပန်၏။ ဆင်မင်းသည် နှံစုတ်ငှက်မ၏ စကားကို ကြားသော် “နှံစုတ်ငှက်မငယ်၊ မစိုးရိမ်လင့်။ ငါသည် သင်၏ သားငယ်တို့ကို စောင့်ရှောက်အံ့”ဟု ဆို၏။

ဆင်မင်းသည် ငှက်ငယ်တို့၏ အထက်၌ မိုးလျက် ရပ်၍ ရှစ်သောင်းသော ဆင်တို့ကို သွားစေ၏။ ဆင်တို့ သွားကုန်ပြီးသော် နှံစုတ်ငှက်မကို ခေါ်၏။ “နှံစုတ်ငှက်မငယ်၊ ငါတို့နောက်၌ ဆင်သင်းကွဲ တစ်ကောင် လာလတ္တံ့။ ထိုဆင်သည် ငါတို့ စကားကို နားမထောင်။ ထိုဆင် လာလတ်သော် ထိုဆင်အား တောင်းပန်၍ သားငယ်တို့၏ ချမ်းသာခြင်းကို သင်ပြုရစ်လော့”ဟု ဆို၍ သွား၏။

ဆင်သင်းကွဲ လာသောအခါ နှံစုတ်ငှက်မသည် ခရီးဦး ကြိုဆိုကာ အတောင်နှစ်ဖက်တို့ဖြင့် လက်အုပ်ချီခြင်း ပြု၏။

“အရှင်၊ အကျွန်ုပ်သည် အတောင်တို့ဖြင့် လက်အုပ်ချီကာ ရှိခိုးပါ၏။ အားနည်းသော ကျွန်ုပ်၏ သားငယ်တို့ကို မနင်းပါနှင့်” ဟု တောင်းပန်၏။ နှံစုတ်ငှက်မ၏ တောင်းပန်စကားကို ထိုဆင်သည် လက်မခံချေ။ “နှံစုတ်ငှက်မ၊ ငါသည် သင်၏ သားများကို သတ်အံ့။ အားနည်းသည်ဖြစ်၍ သင်သည် ငါ့အား အသို ပြုနိုင်အံ့နည်း။ သင်ကဲ့သို့ တစ်သိန်းသော ငှက်မတို့ကိုလည်း ငါ၏လက်ဝဲ ခြေဖြင့် သတ်အံ့”ဟု ဆို၏။

ဤသို့ဆို၍ ထိုဆင်သည် နှံစုတ်ငှက်မ၏ သားငယ်တို့ကို ခြေဖြင့် နင်းခြေ၏။ ကျင်ငယ်ရည်ဖြင့် မျောစေ၏။ ထို့နောက် မြည်ဟည်း အော်ဟစ်ကာ ထွက်သွား၏။ နှံစုတ်ငှက်မငယ်သည် သစ်ခက်၌နား၍ “ယခု သင်ပြုသော အမှုအတွက် နှစ်ရက် သုံးရက် အတွင်း သင် ခံရစေအံ့။ ကိုယ်အားထက် ဉာဏ်အား ကြီးသော အဖြစ်ကို သင် သိရမည်။ ငါ၏ အားနည်းသော သားငယ် တို့ကို သတ်သဖြင့် သင်၏ အကျိုးပဲ့မှုကို ငါပြုအံ့” ဟု ကြုံးဝါး၏။

နှစ်ရက် သုံးရက် ကြာသော အခါ နံ့စုတ်ငှက်မသည် ကျီးတစ်ကောင်ကို ခစား၏။ ကျီးက နှစ်သက်သဖြင့် "သင်၏ အဘယ် အမှုကို ငါ ပြုရအံ့နည်း" ဟု မေး၏။ ထိုအခါ နံ့စုတ်ငှက်မက "အရှင်၊ တစ်ပါးသော ပြုဖွယ် ကိစ္စ မရှိပါ။ ဆင်သင်းကွဲ၏ မျက်စိတို့ကို အရှင်၏ နှုတ်သီးဖြင့် ထိုးဖောက်စေလိုပါ၏" ဟု ဆို၏။ ထိုအခါ ကျီးက ကောင်းပြီဟု ဝန်ခံ၏။ နံ့စုတ်ငှက်မသည် ယင်မမဲရှင်းထံတွင် ခစားပြန်၏။ ယင်မမဲရှင်းက "ငါသည် သင့်အတွက် အဘယ်မည်သော ကိစ္စကို ပြုရအံ့နည်း" ဟု မေး၏။ နံ့စုတ်ငှက်မက "အရှင်၊ မျက်စိ ပေါက်နေသော ဆင်၏ မျက်စိ၌ ယင်ချေး ဥချ ပေးပါ" ဟု ဆို၏။

ယင်မမဲရှင်းက ကောင်းပြီဟု ဆို၏။ နံ့စုတ်ငှက်မသည် ဖားတစ်ကောင်ထံ ခစားပြန်၏။ ဖားက "သင့် အတွက် အဘယ်အမှုကို ပြုရအံ့နည်း" ဟု မေး၏။ ထိုအခါ နံ့စုတ်ငှက်မက "မျက်မမြင် ဆင်သင်းကွဲ တစ်ကောင်သည် ရှိ၏။ ထိုဆင်သင်းကွဲသည် ရေရှာလျှင် တောင်ထိပ်မှ နေ၍ အသံပြု ပေးပါလော့။ ထိုဆင်သည် တောင်ထိပ်သို့ တက်လတ်သော် ဆင်းသက်၍ ချောက်ကမ်းပါးပြတ်မှ အသံပြုပေးပါလော့" ဟု တောင်းပန် လေ၏။ ဖားသည် ကောင်းပြီဟု ဝန်ခံ၏။

တစ်နေ့သ၌ ကျီးကန်းသည် ဆင်၏ မျက်လုံးနှစ်ဖက်ကို နှုတ်သီးဖြင့် ဖောက်၏။ ယင်မမဲရှင်းသည် မျက်စိထဲတွင် ယင်ချေး ဥချ၏။ ဆင်သည် ယင်ချေး ဥမှ ဖြစ်သော ပိုးလောက်တို့က် သောကြောင့် ဝေဒနာကြီးစွာ ခံစားရ၏။ ဝေဒနာ ခံစားလျက်ပင် ရေငတ်သည်ဖြစ်၍ ရေရှာ၏။ ထိုအခါ ဖားသည် တောင်ထိပ်မှ နေ၍ အသံပြု၏။ ဆင်သည် ထိုအရပ်၌ ရေရှိသည် ဖြစ်လတ္တံ့ဟု ထင်ကာ တောင်ထိပ်သို့ တက်၏။ ထိုအခါ ဖားသည် တောင်

ထိပ်မှ ဆင်းသက်၍ တောင်ကမ်းပါးမှ အသံပြုပြန်လေ၏။ ဆင်သည် ထိုအရပ်၌ မရှိသည် ဖြစ်လတ္တံ့ ဟု ကမ်းပါးပြတ်သို့ ရှေးရှု သွားလတ်သော် လျှောကျ၍ သေဆုံးလေ၏။

နွံစုတ်ငှက်မသည် "သေသည့်အဖြစ်ကို သင် ကြုံရလေပြီ" ဟု ရင့်ကျူးကာ ဆင်၏ ကျော၌ လူးလာခေါက်ပြန် လျှောက်၏။

ပဉ္စကနိပါတ်၊ လဋုကိကဇာတ် မှ

ခိုက်ရန်ဖြစ်က ပျက်စီးရ

လွန်လေပြီးသောအခါ ငုံးမင်းသည် အထောင်မက များစွာသော ငုံးအပေါင်းခြံရံလျက် တောတစ်ခု၌ နေ၏၊ မုဆိုးတစ်ယောက်သည် ငုံးတို့နေထိုင်ရာ အရပ်သို့ ရောက်လာ၍ ငုံးတို့စုဝေးလာစေရန် ငုံးအသံကို ပြု၏။ ငုံးတို့ စုဝေးလာသောအခါ ငုံးတို့အပေါ်သို့ ပိုက်ကွန်ကိုပစ်၍ ဖမ်းယူ၏။ ငုံးများကို ဖမ်းယူရမိလျှင် တောင်းတွင်ထည့်ကာ ရောင်းချလျက် အသက်မွေး၏။

တစ်နေ့သ၌ ငုံးမင်းသည် ငုံးအပေါင်းကို ခေါ်၍ ''ဤမုဆိုးသည် ငါတို့၏ ဆွေမျိုးတို့ကို ပျက်စီးစေ၏။ ဤနေ့မှစ၍ မုဆိုးသည် သင်တို့၏ အပေါ်သို့ ကွန်ကိုပစ်သော် တစ်ကောင်တစ်ကောင်စီသည် ကွန်ပေါက် တစ်ခုတစ်ခုစီ၌ ဦးခေါင်းကိုထား၍ ကွန်ကို ချီကာ ဆူးချုံ၌ ပစ်ချလော့။ ဤသို့ ပစ်ချပြီးလျှင် အောက်မှ

ထိုသို့အရပ်သို့ ပြေးကြကုန်အံ့" ဟု ဆို၏။ ခပ်သိမ်းသော ငုံးတို့သည် "ကောင်းပြီ" ဟု ဝန်ခံကုန်၏။

နှစ်ရက်မြောက်သော နေ့၌ မုဆိုးသည် ငုံးတို့ အပေါ် ပိုက်ကွန်ပစ်သည်ရှိသော် ငုံးတို့သည် ငုံးမင်းဆိုသည့်အတိုင်း ပိုက်ကွန်ကို ချီ၍ ဆူးချုံ၌ပစ်၏။ ထို့နောက် ခအောက်ဘက်မှ ထိုထိုအရပ်သို့ ပြေးကုန်၏။ ငုံးမုဆိုးသည် ပိုက်ကွန်ကို ချုံမှဖြေရသည်နှင့် အချိန်ကုန်လွန်၏။ ငုံးမုဆိုးသည် လက်ချည်းသာလျှင် ပြန်သွား၏။ နောက်နေ့မှစ၍ ငုံးတို့သည် ထို့အတူသာ ပြုကုန်၏။ ထိုမုဆိုးလည်း မနေဝင်သည့်တိုင်အောင် ပိုက်ကွန်ကို ဖြေ၍သာ အချိန်ကုန်၏။ တစ်စုံတစ်ခုကိုမျှ မရ၍ လက်ချည်းသာ ပြန်ရ၏။

ထိုအခါ မုဆိုး၏မယားသည် အမျက်ထွက်၍ "သင်သည် နေ့တိုင်း လက်ချည်းသာ လာ၏။ သင့်တွင် တစ်ပါးသော၊ ကျွေးမွေးအပ်သော မယားသည် ရှိယောင်တကား" ဟု ဆို၏။ ငုံးမုဆိုးသည် "ရှင်မ၊ ငါ့တွင် တစ်ပါးသော၊ ကျွေးမွေးအပ်သော မယားမရှိ။ စင်စစ် ထိုငုံးတို့သည် ညီညွတ်ကုန်၏။ ငါ ပစ်သော ပိုက်ကွန်ကို ယူ၍ ဆူးချုံ၌ ပစ်ချကုန်၏။ ထိုငုံးတို့သည် အခါခပ်သိမ်း ညီညွတ်နေကြမည် မဟုတ်။ သင်သည် မစိုးရိမ်လင့်။ တစ်ချိန်တစ်ခါ၌ ထိုငုံးတို့သည် ခိုက်ရန်ဖြစ်လတ္တံ့။ ထိုအခါ အလုံးစုံသော ငုံးတို့ကို ဖမ်းယူ၍ သင်၏ မျက်နှာကို ရွှင်လန်းစေအံ့" ဟု နှစ်သိမ့်၏။

နှစ်ရက် သုံးရက်လွန်လျှင် ငုံးတစ်ကောင်သည် ကျက်စားရာ အရပ်သို့ ဆင်းသက်သော် အခြားသော ငုံးတစ်ကောင်၏ ဦးခေါင်းကို အမှတ်မဲ့ နင်းမိ၏။ အနင်းခံရသော ငုံးသည် "အဘယ်သူသည် ငါ့ဦးခေါင်းကို နင်းသနည်း" ဟု အမျက်ထွက်၏။

နင်းမိသော ငုံးက "ငါသည် အမှတ်မဲ့ဖြစ်၍ နင်းမိ၏။ အမျက်မထွက်လင့်" ဟု ဆိုသော်လည်း အနင်းခံရသော ငုံးကား အမျက်ထွက်သည်သာတည်း။ ထို့မှမက ထိုငုံးနှစ်ကောင်သည်

"သင်သာလျှင် ကွန်ကို ချီသလော"ဟု ဆိုကာ အချင်းချင်း ခိုက်ရန် ဖြစ်၏။

ငုံးမင်းက "ခိုက်ရန်ဖြစ်ရာ၌ချမ်းသာခြင်းမရှိနိုင်။ ထိုငုံးတို့သည် ပိုက်ကွန်ကို မချီဘဲ နေလတ္တံ့။ ထိုအခါ ကြီးစွာ ပျက်စီးလတ္တံ့။ ငုံးမုဆိုးလည်း အခွင့်ရလတ္တံ့။ ငါသည် ဤအရပ်၌နေခြင်းငှာ မသင့်"ဟု ကြံ၏။ ထို့နောက် ငုံးမင်းသည် ၎င်း၏ အပေါင်းအဖော်များကို ခေါ်ကာ တစ်ပါးသောအရပ်သို့ သွား၏။

နှစ်ရက် သုံးရက် လွန်သောအခါ ငုံးမုဆိုးသည် ငုံးမြည်သံကို ပြု၍စုဝေးလာကုန်သောငုံးတို့ အလယ်သို့ ပိုက်ကွန်ကို ပစ်၏၊ ထိုအခါ ငုံးတစ်ကောင်က "ကွန်ကို ချီသော ငုံး၏ အမွေးတို့သည် သင်၏ ဦးခေါင်းထက်၌သာ ရှိ၏၊ သင်သာလျှင် ချီလော့"ဟု ဆို၏၊ တစ်ပါးသော ငုံးက "ပိုက်ကွန်ကို ချီသော ငုံး၏ အတောင်တို့သည် သင်၏ အတောင်နှစ်ဖက်၌သာ ရှိ၏၊ သင်သာလျှင် ချီလော့"ဟု ဆို၏၊

ဤသို့ ငုံးတို့သည် "သင်ချီလော့၊ သင်ချီလော့"ဟု ငြင်းခုံစဉ် မုဆိုးသည် ပိုက်ကွန်ကို ရုံ့၍ ငုံးအပေါင်းကို ဖမ်းယူကာ တောင်း တွင် ထည့်၍ အိမ်သို့ ပြန်သွားလေ၏၊

ဧကနိပါတ်၊ သမ္မောဒမာနဇာတ် မှ

မြွေခွေးလုလည်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၏ မြစ်တစ်စင်း အနီး မြွေခွေးဖို တစ်ကောင်နှင့် မြွေခွေးမ တစ်ကောင် နေ၏။ တစ်နေ့သ၌ မြွေခွေးမသည် မြွေခွေးဖိုအား "သခင်၊ ငါသည် လတ်ဆတ်သော ငါးကြင်းသားကို စားလိုသော ချင်ခြင်းဖြစ်၏"ဟု ဆို၏။ မြွေခွေး ဖိုက "ကောင်းပြီ။ သင့်အို ဆောင်ချေအံ့"ဟု ဆို၍ မြစ်နားသို့ လှည့်လည် ရှာဖွေ၏။

ထိုမြစ်နား၌ ရေနက်တွင် ကျက်စားသော ဖျံနှင့် ရေတိမ်တွင် ကျက်စားသောဖျံရှိ၏။ တစ်နေ့၌ မြစ်တွင် ငါးရှာသောအခါ ရေနက်၌ ကျက်စားသော ဖျံသည် ကြီးစွာသော ငါးကြင်းကိုမြင်၍ လျင်မြန်စွာ ရေငုပ်၍ အမြီးကို ကိုက်၏။ ငါးသည် အလွန် အားကြီး သဖြင့် ရေနက်ရာသို့ ဖျံအား ဆွဲငင်လျက် သွား၏။ ရေနက်သို့

ပါသွားသော ဖျံသည် အဖော်ဖျံအား “ ငါသည် ကြီး၏။ လာ၍ ဝိုင်းကူလော့။ ဤငါးသည် ငါတို့ နှစ်ဦးအတွက် ဖြစ်လတ္တံ့” ဟု ဆို၏။ အဖော်ဖျံသည် “ ကောင်းပြီ”ဟု ဝန်ခံကာ ကူညီ အားထုတ်၏။

ဖျံနှစ်ကောင်သည် ငါးကြင်းကို ဖမ်းမိ၍ ကမ်းစပ်သို့ ချီခဲ့၏။ ကမ်းစပ်သို့ ရောက်သောအခါ “သင်ဝေလော့၊ သင်ဝေလော့”ဟု ဆို၏။ အဝေမတည့် ဖြစ်ကာ အချင်းချင်း ငြင်းခုံကြ၏။ ထိုအခါ မြေခွေးသည် ထိုအရပ်သို့ ရောက်သည်ရှိသော် ဖျံတို့သည် မြေခွေးကို ခရီးဦး ကြိုဆို၍ “အဆွေ မြေခွေး၊ ဤငါးကြင်းကို ငါတို့ အတူ တကွ ဆောင်ယူခဲ့၏။ ထိုငါးကို ခွဲဝေခြင်းငှာ မတတ်နိုင်သည် ဖြစ်၍ ငြင်းခုံကြ၏။ တူမျှစွာ ခွဲဝေပေးပါလော့”ဟု ဆို၏။

မြေခွေးသည် “ ငါသည် ယခင်အခါက တရားဆုံးဖြတ် သော အမတ်ကြီး ဖြစ်၏။ များစွာကုန်သော တရားတို့ကို ဆုံးဖြတ် ခဲ့၏။ သင်တို့၏ ငြင်းခုံခြင်းကို ငြိမ်းစေအံ့”ဟု ဆိုကာ ခွဲဝေ လေသည်။ “ရေစပ်တွင် ကျက်စားသော ဖျံသည် အမြီးပိုင်းကို ယူလော့။ ရေနက်တွင် ကျက်စားသော ဖျံသည် ခေါင်းပိုင်းကို ယူလော့။ အလယ်ပိုင်းသည် တရားဆုံးဖြတ်သော ငါ့အတွက် ဖြစ်လတ္တံ့”ဟု ဆိုကာ ချီ၍ ပြေး လေ၏။

ထိုအခါ ဖျံနှစ်ကောင်သည် “ ငါတို့ မငြင်းခုံပါက ထိုငါးကြင်းသည် ငါတို့အတွက် နှစ်ရက်စာ သုံးရက်စာ ရလောက် ၏။ အချင်းချင်း ငြင်းခုံမိ၍ ဆူဖြိုးသော ငါး အလယ်ပိုင်းကို မြေခွေး ယူဆောင် သွား၏ ” ဟု ဆိုကာ မျက်နှာမသာမယာဖြင့် ကျန်ခဲ့ လေ၏။

သဗ္ဗကနိပါတ်၊ ဒဗ္ဗပုပ္ဖဇာတ် မှ



သူ့ကိုကိုယ်ဖျက် ကိုယ်လည်းပျက်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ လက်သမားရွာ ရှိ၏။ ထိုရွာမှ ပုဏ္ဏားလက်သမား တစ်ယောက်သည် တောမှ သစ်တိုကို ဆောင်ယူပြီးလျှင် ရထားပြုလုပ်၍ အသက်မွေး၏။

ဟိမဝန္တာ တောအရပ်ရှိ ကြို့ပင်တစ်ပင်၌ ကြို့ပင်စောင့် နတ်သည် နေ၏။ ထိုကြို့ပင်ကြီး အနီး၌ ဝံတစ်ကောင်သည် အစာ ရှာဖွေ စားသောက်၍ ထိုကြို့ပင်ရင်း၌ပင် အိပ်၏။ တစ်နေ့သ၌ ကြို့ပင်ကို လေတိုက်ခတ်သောအခါ သစ်ကိုင်းခြောက်သည် ဝံ၏ ကျောက်ကုန်းပေါ်သို့ ကျ၏။ ထိုဝံသည် ကျောက်ကုန်းအတန်ငယ်နာ၍ ကြောက်လန့်တကြားထ၍ပြေး၏။ တစ်ဖန် ပြန်လာပြီးလာသော ခရီးကို ကြည့်ရာ တစ်စုံတစ်ယောက်ကိုမျှ မမြင်ချေ။ "ငါ့ကို တစ်ပါးသော ခြသေ့သည် လည်းကောင်း၊ ကျားသည်လည်း

ကောင်း လိုက်သည် မရှိ။ ထို ကြို့ပင်စောင့်နတ်သည် သစ်ပင်ရင်း၌ အိပ်သည်ကို သည်းမခံနိုင်ယောင် တကား။ ထိုသို့ သည်းမခံနိုင်ခြားအံ့။ ငါ့ အခြင်းကို သိရလတ္တံ့'' ဟု အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့၏။

ထို့နောက် ကြို့ပင်ကို ပုတ်ခတ်၍ ''နင့် သစ်ပင် အရွက်ကို ငါ မစား။ နင့် သစ်ခက်ကို ငါ မချိုး။ ဤသစ်ပင်တွင် တစ်ပါးသူတို့ ခနသည်ကို နင် သည်းခံနိုင်၏၊ ငါ တစ်ယောက်ကို မူကား နင် သည်းမခံနိုင်။ ငါ့တွင် အဘယ်အပြစ် ရှိသနည်း။ နှစ်ရက်သုံးရက်မျှ နင် ငံ့လင့်ဦး။ နင့် သစ်ပင်ကို အမြစ်နှင့်တကွ နုတ်စေ၍ အပိုင်းပိုင်း ပြတ်စေအံ့'' ဟု ကြို့ပင်စောင့်နတ်ကို ခြိမ်းခြောက်၏။

တစ်နေ့သ၌ ပုဏ္ဏား လက်သမားသည် လူနှစ်ယောက် သုံးယောက်ကို ခေါ်၍ ရထားလုပ်ရန် သစ်အလို့ငှာ လှည်းဖြင့် ထိုအရပ်သို့ သွား၏။ ပုဏ္ဏား လက်သမားသည် ထိုအရပ်၌ လှည်းကိုရပ်၍ ပဲခွပ်ပုဆိန်ဆွဲကာ သစ်တို့ကို စစ်ဆေးလျက် ကြို့ပင်အနီးမှ သွား၏။

ဝံသည် လက်သမားကို မြင်သောအခါ ယခု ငါသည် ရန်သူကို ပျက်စီးစေအံ့ဟု ကြံ၍ လက်သမားအား ''အချင်း ယောကျ်ား၊ အဘယ်သစ်ကို ဖြတ်ခြင်းငှာ အလိုရှိသနည်း။ ငါ့အား ပြောကြားဘိစလော့'' ဟု ဆို၏။

လက်သမားသည် ဝံ၏ စကားကို ကြားသောအခါ ''ဟို လုလင်တို့၊ အံ့ဖွယ်ရှိစွ။ ရှေး၌ ဝံသည် လူစကားကို ပြောဆိုသည်ကို မကြုံဖူး။ ဤဝံသည် ရထားလုပ်ရန် သင့်လျော်သော သစ်ကို သိလတ္တံ့'' ဟု ဆို၏။ ''အမောင် ဝံ၊ အဘယ်သစ်သည် ရထား အကွပ်အလို့ငှာ နိုင်ခံ့သနည်း'' ဟု လက်သမားသည် ဝံကိုမေး၏။

ဝံသည် ထိုစကားကို ကြားသောအခါ ယခုအခါ ငါ၏ အလိုသည် အပြီးသို့ ရောက်လတ္တံ့ဟု ကြံကာ ''အခြွေ

လက်သမား၊ ဗိတောက်သည်လည်း မနိုင်။ ရှားသည်လည်း မနိုင်။ အင်ကြင်းသည်လည်း မနိုင်။ ဖောက်ကြံ့သည်လည်း မနိုင်။ ကြို့မည်သော သစ်ပင်၏ အသားသည်သာလျှင် ရထားအကွပ် အလို့ငှာ နိုင်ခဲ့၏'' ဟု ဆို၏။

လက်သမားသည် ထိုစကားကို ကြားသောအခါ နှစ်သက်ဝမ်းသာ၍ ရှေးယခင်က တောသို့လာသော ငါ့ကို မည်သည့်တိရစ္ဆာန်ကမျှ ရထားလုပ်ရန် သင့်လျော်သော သစ်ကို မပြောကြားဖူး။ ယခုမူကား တိရစ္ဆာန်သည် ငါ့အား ရထားလုပ်ရန် သင့်လျော်သော သစ်ကို ပြောကြားပေ၏။ ပြော် ကောင်းစွဟု ဆိုကာ ''အဆွေ၊ ကြို့ပင်၏ အကြောင်းကို ပြောကြားပါလော့။ ထို ကြို့ပင်၏ အရွက်တို့သည် အဘယ်သို့ ရှိကုန်သနည်း။ ပင်စည်သည် အဘယ်သို့ ရှိသနည်း'' ဟု ဝံကို မေး၏။

ထိုအခါ ဝံသည် လက်သမားတို့ကို ''ကြို့ပင်၏ အကိုင်း၊ အရွက်တို့သည် တွဲလျားကျကုန်၏။ ကိုင်းညွတ်ကုန်၏။ ထို အခက်တို့သည် မကျိုးကုန်။ ငါသည် သစ်ပင်တစ်ပင်ရင်း၌ နေ၏။ ထို ငါနေသော သစ်ပင်သည် ကြို့ပင်မည်၏။ ရထားလှည်းဘီး ပုံတောင်းတို့သည်လည်းကောင်း၊ လှည်းသန်သည်လည်းကောင်း၊ ရထားအကွပ်သည် လည်းကောင်း၊ သင်၏ အလုံးစုံသော ရထားသည်လည်းကောင်း ဤ ကြို့ပင်ကို ပြုလုပ်ခြင်းဖြင့် နိုင်ခဲ့ လတ္တံ့'' ဟု ပြောကြား၏။

ထိုအခါ လက်သမားသည် ကြို့ပင်ကိုဖြတ်ရန် အားထုတ်၏။ ကြို့ပင်စောင့်နတ်သည် ဝံ၏ ဆိုးယုတ်သော အကြံကို သိ၍ ''ဤ ဝံသည် အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့၍ ငါ့ဗိမာန်ကို ဖျက်ဆီး၏။ တစ်ခုခုသော ဥပါယ်တံမျဉ်ဖြင့် ဤဝံအား ဤလက်သမား

ပင်လျှင် ဖျက်ဆီးစေအံ့'' ဟု ကြို့ပင်စောင့်နတ်သည် ကြံ၏။ ထိုသို့ ကြံပြီးလျှင် တောတွင်းသား ယောက်ျားအသွင် ဖန်ဆင်း၍ လက်သမားထံသို့ လာကာ မေး၏။

''အို ယောက်ျား၊ သင်သည် နှစ်သက်ဖွယ်သော ဤသစ်ပင်ကို ရှာ၏။ သစ်ပင်ကို ဖြတ်၍ အသို့ ပြုအံ့နည်း''

''ရထားအကွပ် ပြုအံ့''ဟု ဖြေ၏။

''ဤသစ်ပင်ဖြင့် ရထား ဖြစ်လတ္တံ့ ဟု အဘယ်သူသည် သင့်အား ပြောကြားသနည်း'' ဟု ကြို့ပင်စောင့်နတ်က မေး၏။

''ဝံတစ်ကောင် ပြောကြား၏''ဟု လက်သမားက ဖြေ၏။

''ဤကြို့ပင်ဖြင့် ပြုလုပ်သော လှည်းရထားသည် အလွန် ကောင်းလတ္တံ့။ ထိုထက် ဝံရေကို ခွာ၍ လက်လေးသစ် အတိုင်း အရှည်ရှိသော နေရာ၌ သံပြားပတ်သကဲ့သို့ အကွပ်ဝန်းကို ရစ်သော် အကွပ်သည် အလွန်ခိုင်လတ္တံ့။ ရထားအတွက် အဖိုး ဥစ္စာများစွာကိုလည်း ရလတ္တံ့''ဟု ကြို့ပင်စောင့်နတ်က လက်သမားကို ပြောကြား၏။

''ဝံရေကို အဘယ်မှာ ရအံ့နည်း''ဟု လက်သမားက မေး၏။

''နှစ်သက်ဖွယ်သော ဤသစ်ပင်ကို ပြောကြားသော ဝံထံ အသင် သွား၍ လှည့်စားကာ ခေါ်ဆောင်ချေလော့။ ထိုသို့ ခေါ်ဆောင် ပြီးသော် ထိုဝံကို ထက်လှစွာသော ပုဆိန်ကြီးဖြင့် အသက်ကုန်စေ ပြီးလျှင် ဝံရေကိုယူ၍ ကောင်းမြတ်သော အသားကို စားပြီး ကြို့ပင် ကို ဖြတ်လော့''ဟု ကြို့ပင်စောင့်နတ်က လက်သမားကို ပြောကြား၏။

လက်သမားသည် ကြို့ပင်စောင့်နတ်၏ စကားကို ကြားလျှင် ''ဩော် အံ့ဖွယ်ရှိစွ။ ယနေ့သည် ငါ့အတွက် မင်္ဂလာရှိသော နေ့တည်း''ဟု ဆို၍ ဝံကို သတ်ပြီးလျှင် ကြို့ပင်ကို ခုတ်လှဲယူဆောင် သွားလေ၏။

တေရသကနိပါတ်၊ မန္တနဇာတ် မှ

သံကိုကြွက်စား သားကိုစွန်ချီ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ရွာနေကုန်သည် တစ်ဦးသည် မြို့နေကုန်သည်တစ်ဦးထံ သံထယ်သွား ငါးရာကို အပ်နှံထား၏။ မြို့နေကုန်သည်သည် ထိုထယ်သွားများကို ရောင်းချ၍ ရောင်းရငွေကို ယူထားပြီးနောက် ထယ်သွားများ ထားရာနေရာ၌ ကြွက်ချေးများကို ကြဲ၍ထား၏။ တစ်နေ့သော် ရွာနေကုန်သည် လာလတ်၍ အပ်နှံထားသော ထယ်သွားများကို ပြန်လည်တောင်း ယူ၏။

ထိုအခါ မြို့နေကုန်သည်က ကြွက်ချေးများကို ပြလျက် "သင် အပ်နှံထားသော သံထယ်သွားများကို ကြွက်တို့ စား၍ကုန်ပြီ" ဟု ဆို၏။ ရွာနေ ကုန်သည်က "သံထယ်သွားတို့ကို ကြွက်စား၍ ကုန်ပြီ ဆိုလျှင် ကျွန်ုပ် အဘယ်တတ်နိုင်ပါမည်နည်း၊" ဟု ဆို၏။ ထို့နောက်

ရွာနေကုန်သည်သည် မြစ်ဆိပ်သို့ ရေချိုးသွားမည်ဆိုကာ မြို့နေကုန်သည်၏ သားကို ခေါ်ဆောင်သွား၏။

လမ်းတွင် မိတ်ဆွေတစ်ဦး၏ အိမ်သို့ဝင်၍''မိတ်ဆွေ၊ ဤသူငယ်ကို အိမ်တွင်း၌ ဖွက်ထားပါ။ အခြားအရပ်သို့ ထွက်မသွားပါစေလင့်''ဟု ဆိုကာ မြို့နေကုန်သည်၏သားကို အပ်နှံထားပြီးနောက် မြစ်ဆိပ်သို့ ရေဆင်းချိုး၏။ ရေချိုးပြီးနောက် မြို့နေကုန်သည်၏ အိမ်သို့ ပြန်သောအခါ မြို့နေကုန်သည်က သူ့သား ပါမလာသည်ကို တွေ့၍''အဆွေ၊ ငါ့သားကား အဘယ်မှာနည်း''ဟု မေး၏။

''အဆွေ၊ သင်၏သားကို ကမ်းနားတွင်ထား၍ ငါရေငုပ်နေစဉ် စွန်တစ်ကောင်လာ၍ သင့်သားကို ချီသွား၏။ ငါသည် သင့်သားကို စွန်၏လက်မှ လွတ်စိမ့်သောငှာ လက်ခုပ်လက်ဝါးတီး၍ ဟစ်အော် ခြောက်လှန့်သော်လည်းမရ''ဟု ဆို၏။

မြို့နေကုန်သည်က''သင်သည် မမှန်သော စကားကို ဆို၏။ သူငယ် အရွယ်ကို ချီ၍ ကောင်းကင်၌ ပျံနိုင်သောစွန်သည် မရှိ''ဟု ဆိုရာ ''အဆွေ၊ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သင့်သားကို စွန်ချီ၍သွား၏။ အကျွန်ုပ် အဘယ်သို့ တတ်နိုင်ပါမည်နည်း'' ဟု ရွာနေကုန်သည်က ပြန်၍ဆို၏။

''ဟယ် သူခိုး၊ ကျွန်ုပ်သားကို သင် ခိုးထား၏။ တရားဆုံးဖြတ်ရာသို့ သွား၍ သင့်အမှုကို ဆုံးဖြတ်စေအံ့''

''ကောင်းပါပြီ၊ ကျွန်ုပ်လည်း လိုလားပါ၏''

မြို့နေကုန်သည်နှင့် ရွာနေကုန်သည်နှစ်ဦးသည် တရားဆုံးဖြတ်ရာသို့သွားကြ၏။ တရားအမတ်ကိုတွေ့သောအခါ မြို့နေကုန်သည်က ''အရှင်၊ဤသူသည် အကျွန်ုပ်သားကို ခေါ်ဆောင်၍ ရေချိုးသွား၏။ အပြန်တွင် သား ပါမလာသည့်အတွက် အကျွန်ုပ်က သားအဘယ်မှာနည်းဟု မေးသောအခါ သားကို စွန်ချီသွားပြီဟု ဆို၏။ ဤအမှုကို အရှင် ဆုံးဖြတ်ပါလော့''ဟု ပြောဆိုတိုင်တန်း၏။ တရားအမတ်က ရွာနေကုန်သည်ကို ထိုသို့ဆိုကြောင်း မှန်မမှန်မေးရာ ရွာနေကုန်သည်က မှန်ကြောင်းပြော၏။

"အချင်း၊ သူငယ်ကိုချီမ၍ ကောင်းကင်၌ ပျံနိုင်သော စွန်သည် မရှိ"ဟု တရားအမတ်ကဆို၏။ ထိုအခါရွာနေကုန်သည်က "အရှင်၊ သူငယ်ကိုချီ၍ ကောင်းကင်၌ ပျံနိုင်သောစွန်သည်မရှိ"ဟု ဆို၏။သံထယ်သွားတို့ကို စားပစ်နိုင်သော ကြွက်များကော ရှိပါ၏လော"ဟု မေးမြန်း၏။

"သင့်စကားကား အဘယ်သို့သောစကားနည်း"ဟု တရားအမတ်က မေး၏။

"အရှင်၊ အကျွန်ုပ်သည် ထိုသူ၏အိမ်၌ သံထယ်သွားငါးရာတို့ကို အပ်နှံထား၏။ ထယ်သွားများကို ပြန်ယူသောအခါ ထိုသူက သင်၏ ထယ်သွားများကို ကြွက်တို့စားကုန်၏ဟု ကြွက်ချေးများကို ပြလျက်ဆိုပါသည်။ သံထယ်သွားကို စားနိုင်သောကြွက် ရှိပါလျှင် သူငယ်ကို ချီနိုင်သောစွန်လည်း ရှိနိုင်ပါ၏။ထို့ကြောင့် အရှင်သည် သံထယ်သွားကို ကြွက်တို့ စားနိုင်မစားနိုင် ဆုံးဖြတ်ပေးစေလိုပါသည်"ဟု ရွာနေကုန်သည်ကဆို၏။

ရွာနေကုန်သည်၏ စကားကို ကြားရသော တရားအမတ်သည် ဤသူကား မြို့နေကုန်သည်၏ ကောက်ကျစ် စဉ်းလဲမှုကို သိစေလို၍ ဤသို့လျှောက်တင်ခြင်း ဖြစ်လတ္တံ့ဟု ကြံမိကာ မြို့နေကုန်သည်အား၊ "အချင်း၊သင်ကား ကောက်ကျစ်သူဖြစ်၏။ လောက၌ ကောက်ကျစ်သူ၊လှည့်ဖြားတတ်သူသည် တန်ပြန်ဒဏ်ကို ခံရတတ်၏။ သင်သည် ထယ်သွား ပျောက်သူကို ထယ်သွားပေးလော့။ ထယ်သွားပျောက်သူကလည်း သားပျောက်သူကို သားပြန်ပေးလော့" ဟု ဆုံးဖြတ်၏။

ဥက္ကနိပါတ်၊ကူဋဝါဏိဇဇာတ် မှ

တရားပြည့်ဝသူများ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၏ တံခါးရွာဝယ် ပုဏ္ဏားမိသားစု ခြောက်ယောက် နေကုန်၏၊

တစ်နေ့တွင် ပုဏ္ဏားသားအဖ လယ် ထွန် သွား၏။ သားသည် အမှိုက်ပုံ၌ မီးတိုက်၏။ ထိုအမှိုက်ပုံ၏အနီး တောင်ပို့ တစ်ခု၌ အဆိပ်ရှိသော မြွေတစ်ကောင် နေ၏။ ထိုမြွေသည် မီးခိုးသင့်ရကား အမျက်ထွက်၍ တောင်ပို့မှ ထွက်ကာ သား ဖြစ်သူကို ကိုက်လေ၏။ သားဖြစ်သူသည် လဲကျသေဆုံး သွား၏။ ထိုအဖြစ်ကို ပုဏ္ဏားမြင်၍ နွားတို့ကို ထားခဲ့ကာ သားဆီသို့ လာ၏။ သေဆုံးသွားသော သားကို ပွေ့ချီကာ သစ်ပင်တစ်ပင် အရင်း၌ ထား၏။ သောကမရောက်၊ မျက်ရည်မကျချေ။ သေတတ်သော သဘော ရှိသော အရာကား သေ၏ဟု မှတ်ယူ၍ လယ် ထွန်မြဲ ထွန်၏။

ပုဏ္ဏားသည် လယ်၏အနီးမှ ဖြတ်သွားသော အိမ်နီးချင်း ယောကျ်ားကို မြင်သောအခါ ပုဏ္ဏေးမအား ပြောရန် မှာကြား၏။ "နှစ်ယောက်စာ ထမင်းကို မယူဆောင်ခဲ့နှင့်။ တစ်ယောက်စာ ထမင်းကိုသာလျှင် ယူဆောင်ခဲ့။ ယနေ့ ကျွန်ုပ်မတစ်ယောက်တည်းသာ မလာမူ၍ လေးယောက်သော သူတို့သည် စင်ကြယ်သော အဝတ်ကိုဝတ်၍ နံ့သာလက်စွဲကာ လာကြလော့" ဟု မှာ၏။ အိမ်နီးချင်း ယောကျ်ားသည် မှာကြားသည့် အတိုင်း ပြော၏။ ထိုအခါ ပုဏ္ဏေးမက အဘယ်သူသည် သင့်အား ဤသတင်းစကားကို မှာလိုက်သနည်းဟု မေး၏။ ပုဏ္ဏား မှာလိုက်သည်ဟု ဆိုသော် ပုဏ္ဏေးမသည် သားသေပြီဟု သိ၏။ သို့သော် တုန်လှုပ်ခြင်း အလျှင်းမဖြစ်၊ မျက်ရည်ယိုခြင်းလည်း မဖြစ်။ ကောင်းစွာ တရားပွားများပြီး စင်ကြယ်သော အဝတ်ဝတ်ကာ နံ့သာလက်စွဲ၍ အာဟာရကိုယူကာ လယ်တောသို့ သွား၏။

ပုဏ္ဏားသည် သားအလောင်း ထားသော သစ်ပင်ရိပ်၌ပင် အာဟာရကို စား၏။ စားပြီးသော် မိသားစု ငါးယောက်သည် ထင်းတို့ကို ယူဆောင်၍ သုသာန်သို့ ထင်းပုံပေါ်တင်ကာ မီးသင်္ဂြိုဟ်၏။ တစ်ဦးတစ်ယောက်မျှ မျက်ရည်မကျချေ။ သေခြင်းသည် မြဲ၏။ အသက်ရှင်ခြင်းသည် မမြဲ ဟူသော တရားကို ပွားကြလေသည်။ ထိုသို့သော အခြင်းအရာကို မြင်သော သိကြားမင်းသည် သေခြင်းတရားကို အစိုးရိမ် ကင်းမဲ့စွာဖြင့် ရင်ဆိုင်ရဲသော မိသားစုကို ကြည်ညိုသည်ဖြစ်ရကား မီးသင်္ဂြိုဟ် ရာသို့ သွားကာ မေး၏။

"အသင်တို့၊ အဘယ်အမှုကို ပြုလုပ်နေသနည်း"

"မီးသင်္ဂြိုဟ် နေ၏"

"လူကို မီးသဂြိုဟ်သည်နှင့် မတူ။ သမင်ကို သတ်၍ မီးဖုတ်သည်နှင့် တူ၏" ဟု သိကြားမင်းက ဆို၏။

"အရှင်၊ ငါတို့သည် သမင်ကို မီးမဖုတ်။ လူကို မီးသဂြိုဟ်၏"

"ထိုသို့ဖြစ်လျှင် သင်တို့၏ရန်သူကို မီးသဂြိုဟ်ခြင်း ဖြစ်တန်ရာ၏" ဟု သိကြားမင်းက ဆို၏။

ထိုအခါ ဖခင်ဖြစ်သူ ပုဏ္ဏားက "အရှင်၊ မီးသဂြိုဟ် ခံရသူသည် ရန်သူမဟုတ်။ ငါအလွန်ချစ်သော သားတည်း" ဟု ဆို၏။

"အလွန်ချစ်သော သားဖြစ်ပါလျက် သင် အဘယ်ကြောင့် မငိုသနည်း"

"မြွေသည် အရေခွံဟောင်းကို စွန့်ခွာသွားသကဲ့သို့ ငါ့သားသည်လည်း မိမိကိုယ်ကို စွန့်ခွာသွား၏။ သေလွန်သော ငါ့သားသည် အဆွေအမျိုးတို့၏ ငိုကြွေးခြင်းကိုမသိ။ ထို့ကြောင့် ငါမငို။ ငါ့သားအဖို့ လားရာအရပ်သည် ရှိ၏။ ထို့ကြောင့် ငါမစိုးရိမ်" ဟု ဖြေ၏။

သိကြားမင်းသည် အမိဖြစ်သူ ပုဏ္ဏေးမအား မေးပြန်၏။ "အဖကား ယောက်ျားဖြစ်၍ မငို။ အမိကား မိန်းမသားဖြစ်၍ နှလုံးနူးညံ့ရကား ငိုသင့်၏။ အဘယ်ကြောင့် သင် မငိုသနည်း"

"ငါ့သားသည် မခေါ်ပါဘဲ ငါတို့ထံလာ၏။ ခွင့်မပြုဘဲ ငါတို့ထံမှ ထွက်ခွာသွား၏။ အလိုအလျောက် လာသကဲ့သို့ အလိုအလျောက် သွားရာ၌ ပရိဒေဝ သောကရောက်လျက် ငိုကြွေးခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။ ထို့ကြောင့် ငါ မငို" ဟု ပုဏ္ဏေးမက ဖြေ၏။

သိကြားမင်းသည် သေသူ၏နှမအား မေးပြန်၏။

"နှမကိုမည်သည် မောင်ကို ချစ်ခင်တတ်၏။ ချစ်ခင်သော မောင်တစ်ယောက် ဆုံးပါလျက် အဘယ်ကြောင့် မငိုသနည်း"

"ငိုခြင်းသည် ပိန်လှီစေ၏။ အခြားအကျိုးမရှိ။ ငိုယိုသည်ကို မြင်ရသော ဆွေမျိုးဉာတိအပေါင်းသည် စိတ်မပျော်မွေ့ကြ။ သေသောသူသည် ဆွေမျိုးဉာတိတို့ ငိုကြွေးသည်ကို မသိ။ ထို့ကြောင့် ငါ မငို"ဟု နှမဖြစ်သူက ဖြေ၏။

သိကြားမင်းသည် သေသူ၏ မယားကို မေးမြန်းပြန်၏။

"မိန်းမတို့မည်သည် လင်သေလတ်သော် ကိုးကွယ်ရာမရှိ ဖြစ်၍ ငိုကြွေးကြ၏။ သင်သည် အဘယ်ကြောင့် မငိုသနည်း"

"အရှင်၊ သေသူအတွက် စိုးရိမ်သောကရောက်ကာ ငိုကြွေးသူသည် လပြည့်ဝန်းကို လိုချင်တမ်းတကာ ငိုယိုသော ကလေးသူငယ်နှင့် တူ၏။ ငါ၏လင်သည် သွားရာလမ်းကို သွားခြင်းသာဖြစ်၍ ငါမစိုးရိမ်။ သောကမရောက်။ ထို့ကြောင့် ငါမငို"ဟု မယားဖြစ်သူက ဖြေ၏။

သိကြားမင်းသည် ကျွန်မဖြစ်သူအား မေးပြန်၏။

"သေသူသည် အသက်ရှိစဉ်က သင့်အား နှိပ်စက်ရိုက်ပုတ် ညှဉ်းဆဲခဲ့သည် ဖြစ်လတ္တံ့။ ထို့ကြောင့် ထိုသူ သေသောအခါ အညှဉ်းဆဲခံရခြင်းမှ လွတ်ပြီဟု တွေးမိ၍ သင်မငိုခြင်းလော"

"သေဆုံးသူ အရှင့်သားသည် ခန္တီ၊ မေတ္တာ၊ ကရုဏာ နှင့် ပြည့်စုံ၏၊ ကျွန်ုပ်၏ ရင်၌ဖြစ်သော သားကဲ့သို့ မှတ်ယူ၏။ သေဆုံးသူအတွက် သောကဖြစ်ခြင်းသည် ကွဲပြီးသောအိုး တစ်ဖန်ပြန်၍ မဆက်သောကြောင့် သောကဖြစ်ခြင်းနှင့် တူ၏။ သေဆုံးသူ အရှင့်သားသည် သွားရာလမ်းသို့ သွားခြင်းသာဖြစ်၍ ငါမစိုးရိမ်။ သောကမရောက်။ ထို့ကြောင့် ငါမငို"ဟု ကျွန်မ ဖြေ၏။

သောကကင်းခြင်းသည် ချမ်းမြေ့ခြင်းကို ဖြစ်စေတတ်၏ ဟူသော တရားသဘောကို ကြားရသောအခါ သိကြားမင်းသည် ပုဏ္ဏားမိသားစုအား မြောက်မြားစွာသော ပစ္စည်းဥစ္စာရတနာတို့ဖြင့် ပူဇော်၏။

ပဉ္စကနိပါတ်၊ ဥရဂဇာတ် မှ

အဆုံးအမ စေတနာအလှ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်း၌ ဗြဟ္မဒတ္တမည်သော သားရှိ၏။ ဗြဟ္မဒတ္တ မင်းသား တစ်ဆယ့်ခြောက်နှစ် အရွယ်ရောက်သော် ဗြဟ္မဒတ်မင်းသည် သားတော်ကို တစ်လွှာဖိနပ်၊ သင်ရွက်ထီး၊ အသပြာ တစ်ထောင်ပေး၍ "အမောင်၊ တက္ကသိုလ်ပြည်သို့ သွား၍ အတတ်ပညာသင်ချေ" ဟု ဆို၏။ ရှေးမင်းတို့သည် မိမိတို့မြို့၌ ဒိသာပါမောက္ခဆရာရှိသော်လည်း သားတော်များကို ဝေးလံသော တိုင်းတစ်ပါးသို့ အတတ်ပညာသင်ရန် စေလွှတ်ကြ၏။ ယင်းသို့ စေလွှတ်ခြင်းဖြင့် မင်းသားတို့သည် မာနကင်းလိမ့်မည်။ အချမ်း အပူဒဏ်ကိုလည်း သည်းခံနိုင်လိမ့်မည်၊ လောကအကြောင်းကို သိလိမ့်မည်ဟု မှတ်ယူကြ၏။

ဗြဟ္မဒတ္တမင်းသားလည်း မိဘတို့ကို ရှိခိုး၍ ခရီးထွက်၏။ တက္ကသိုလ်ပြည်သို့ရောက်လျှင် ဆရာ၏အိမ်ကို မေး၍သွားရာ စကြံလျှောက်နေသော ဆရာကို မြင်၏။ မင်းသားသည် ဖိနပ်ကို ချွတ်၍၊ ထီးကိုဖယ်၍ ဆရာကိုရှိခိုးလျက် ရပ်၏။ ဆရာလည်း ဗြဟ္မဒတ္တ ပင်ပန်းလာသည်ကို သိ၍ ဧည့်ဝတ်ပြု၏။ မင်းသားသည် ဆရာကျွေးသော အစားအစာတို့ကို စားပြီးလျှင် အပန်းဖြေ၍ ဆရာ့ထံ ချဉ်းကပ် ရှိခိုးနေလေ၏။

"အမောင်၊ အဘယ်အရပ်က လာသနည်း" ဟု ဆရာက မေး၏။

"ဗာရာဏသီပြည်မှ လာပါသည်" ဟု မင်းသားက ဖြေ၏။

"အဘယ်သူ၏ သားနည်း"

"ဗာရာဏသီမင်း၏ သားဖြစ်ပါသည်"

"အဘယ်ကိစ္စဖြင့် လာသနည်း"

"အတတ်ပညာသင်ရန် လာပါသည်"

"အသပြာပေး၍ သင်မည်လော၊ အမှုလုပ်၍ သင်မည်လော" ဟု ဆရာမေးသော် မင်းသားသည် ဆရာ့ခြေရင်း၌ အသပြာတစ်ထောင်ကို ထား၍ ပူဇော်၏။ (အမှုလုပ်၍ အတတ်ပညာသင်သည်ဆိုရာ၌ တပည့်တို့သည် နေ့အခါတွင် ဆရာ၏ အမှုကိစ္စအဝဝကို ဆောင်ရွက်ပေးရ၏၊ ညဉ့်အခါ၌သာ အတတ်ပညာကို သင်ရ၏။ အသပြာပေး၍ ပညာသင်သည်ဆိုရာ၌ တပည့်တို့သည် ဆရာ့အိမ်၌ သားကဲ့သို့နေ၍ အတတ်ပညာ သင်ရ၏။)

ဆရာသည် ဗြဟ္မဒတ္တ မင်းသားအား ကောင်းသော နက္ခတ်နှင့် ကြုံကြိုက်သောအခါမှစ၍ အတတ်ပညာ သင်ပေး၏။

တစ်နေ့သော် မင်းသားသည် ဆရာနှင့်အတူ ရေချိုးသွား၏။ ထိုအခါ မိန်းမကြီးတစ်ယောက်သည် နှမ်းချွတ်၍ စောင့်နေ၏။ မင်းသားသည် ဖြူသောနှမ်းကို မြင်လျှင် စားလို၍ နှမ်းတစ်ဆုပ်ကို ယူစား၏။ မိန်းမကြီးသည် ဤလုလင်ကား နှမ်းကို စားလို လွန်း၍ ယူစားသည်ဟု ထင်ကာ တစ်စုံတစ်ရာ မဆိုဘဲ နေ၏။ သုံးရက်မြောက်သော နေ့၌လည်း မင်းသားသည် နှမ်းတစ်ဆုပ် ယူစားပြန်၏။

ထိုအခါ မိန်းမကြီးသည် "ဒိသာပါမောက္ခ ဆရာသည် တပည့်တို့ကို လုယက်စေ၏" ဟု လက်ကိုမြှောက်၍ ငိုမြည် တမ်း၏။

ဆရာသည် ရေချိုးဆိပ်သွားရာမှ နောက်သို့ပြန်လာ၍ "မိခင်၊ အဘယ်သို့ ဖြစ်သနည်း" ဟု မေး၏။

"အရှင်၊ အရှင်၏ တပည့်သည် ယနေ့ နှမ်းတစ်ဆုပ်၊ ယမန် နေ့က နှမ်းတစ်ဆုပ် စား၏။ ဤသို့စားသော် အကျွန်ုပ်၏ ဥစ္စာ အလုံး ကုန်ခတော့မည် မဟုတ်ပါလော" ဟု ဆို၏။

ထိုအခါ ဆရာက "မိခင်၊ မငိုလင့်။ နှမ်းဖိုးကို ပေးအံ့" ဟု ဆို၏။

"အရှင်၊ အကျွန်ုပ်ကား နှမ်းဖိုးကို အလိုမရှိ။ ဤလုလင် သည် နောင်အခါတွင် ဤသို့မပြုစေရန်သာ ဆုံးမပါလော့"

"မိခင်၊ ဤသို့ဖြစ်လျှင် ကြည့်လော့၊ ဆုံးမပါအံ့" ဟု ဆရာဆို၍ မင်းသား၏ ခြေလက်တို့ကို လုလင်တို့အား ချုပ်ကိုင် စေကာ ဝါးခြမ်းစိတ်ဖြင့် ကျောကိုသုံးကြိမ်ရိုက်၍ ဆုံးမ၏။ မင်းသားသည် အမျက်ထွက်၍ မျက်ထောင့်နီဖြင့် ဆရာကို ခြေ ဖမိုးမှ ဆံဖျားအထိ စူးစိုက်ကြည့်၏။ ဆရာကား မင်းသား

အမျက် ထွက်သည်ကို သိ၏၊ ထိုသော် အတတ်ပညာကိုမူ အပြီးတိုင် ရောက်အောင် သင်ကြားမြဲ သင်ကြားပေး၏။

အတတ်ပညာ သင်ယူ ပြီးသောအခါ မင်းသားသည် "ငါ မင်းဖြစ်လျှင် ဤဆရာကို သတ်အံ့"ဟု ကြံ၍ ဆရာအား ရှိခိုးပြီးလျှင် "ဆရာ၊ အကျွန်ုပ်လည်း ဗာရာဏသီ ပြည်၌ မင်းဖြစ်လျှင် ဆရာ့ထံ စေလွှတ်ပါအံ့၊ ဆရာ လာပါလော့"ဟု ချစ်ခင် လေးစားဟန်ဖြင့် လျှောက်တင်ကာ ဗာရာဏသီသို့ ပြန်သွား၏၊ ဗာရာဏသီသို့ ရောက်သောအခါ မိဘနှစ်ပါးအား ရှိခိုး၍ မိမိ သင်ယူလာသော အတတ်ပညာအစွမ်းကို ပြ၏။ မိဘနှစ်ပါးသည် နှစ်ထောင်းအားရ ရှိလှ၍ ဗြဟ္မဒတ္တ မင်းသားအား မိမိတို့ အသက်ရှင်စဉ်ပင် မင်းအရာ ပေး၏။ ဗြဟ္မဒတ္တ မင်းသား မင်းဖြစ်သော် ဆရာရိုက်နှက်သည်ကို မမေ့မပျောက်ဘဲ ဆရာကို သတ်ရန် အကြံဖြင့် လက်ဆောင်ပဏ္ဏာများနှင့်တကွ တမန်လွှတ်၍ ပင့်ကြား၏။

ဆရာသည် ဤမင်းကား ငယ်သေး၏။ ဆုံးမ၍ ရဦးမည် မဟုတ်ဟုကြံကာ ဗာရာဏသီသို့ မသွားသေးပေ။ နောင်အခါ မင်း အရွယ် ရောက်သည် ဖြစ်၍ ဆုံးမသည်ကို သိတတ်ကောင်းပြီဟု ယူဆလျက် ဗာရာဏသီပြည်သို့ သွား၍ နန်းတော်တံခါးဝ၌ ရပ်လျက် တက္ကသိုလ်ဆရာလာ၏ ဟု အကြောင်းကြား၏။

မင်းသည် ဆရာကိုမြင်လျှင် အမျက်ထွက်၍ "နှမ်းတစ်ဆုပ်ကို ယူမိရုံမျှနှင့် ဝါးခြမ်းစိတ်ဖြင့် ငါ့ကို သင်ရိုက်၏။ ထိုအဖြစ်ကို ယနေ့တိုင် ငါမမေ့၊ ထို့ကြောင့် သင်သေရအံ့ "ဟု ခြိမ်းခြောက်၏။ ထိုစကားကို ဆရာကြားသော် "မင်းကြီး၊ မြတ်သော အကျင့် ရှိသူသည် မမြတ်သောအကျင့် ကျင့်သူအား ဒဏ်ပေး၍ တားမြစ်၏။ ထိုသို့ တားမြစ်ခြင်းသည် အဆုံးအမ မည်၏။ ထိုသို့ တားမြစ်ခြင်းသည် ရန်ပြုခြင်း မဟုတ်သည်ကို ပညာရှိတို့ သိကုန်၏။ မင်းကြီး၊

ဆုံးမသည်ကို ရန်ငြိုးဖွဲ့ခြင်းငှာ မထိုက်။ အကယ်၍ အသင်မင်းကြီးကို ထိုစဉ်က ကျွန်ုပ် မဆုံးမသည်ရှိသော် နှမ်းဖြူတို့ကို လုယက်အံ့။ သစ်သီးကြီးငယ်တို့ကို လုယက်အံ့။ တစ်ဆင့်တက်၍ ခရီးသွားတို့ကို လုယက်အံ့။ ရွာနိဂုံးတို့ကို တိုက်ခိုက်လုယက်အံ့။ သင့်အား ခိုးသူဟု ဖမ်းဆီး၍ မင်းအားဆက်လျှင် မင်းဒဏ် သင့်မည်သာတည်း။ သင်သည် အဘယ်သောအခါမှ မင်းစည်းစိမ်ကို ရတော့မည်မဟုတ်၊ ဆရာဖြစ်သော အကျွန်ုပ်၏ အဆုံးအမကြောင့် သာလျှင် ယခု မင်းစည်းစိမ်ကို ရပေသည်''ဟု လျှောက်တင်၏။

ဆရာ၏ လျှောက်တင်ချက်ကို ကြားရသော အမှုးအမတ်တို့သည်''အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ ဤစည်းစိမ်တို့ကား ဆရာ၏ စည်းစိမ်သာ ဖြစ်၏''ဟု ဆို၏။

ထိုစကားကိုကြားရသော ဗြဟ္မဒတ္တမင်းသည် ဆရာ၏ ကြီးမားသော ကျေးဇူးကို ဆင်ခြင်မိသည်ဖြစ်၍ ''ဆရာ၊ သင့်အား အလုံးစုံသော စည်းစိမ်ကို ပေး၏''ဟု ဆို၏။ ဆရာက မင်းစည်းစိမ်ကို လက်မခံဘဲ ပယ်၏။ မင်းသည် တမန်တို့ကို တက္ကသိုလ်ပြည်သို့စေ၍ ဆရာ၏ သားမယားတို့ကို ဆောင်ယူစေကာ အခြွေအရံ စည်းစိမ်တို့ကို ပေး၏။ ဆရာအား ပုရောဟိတ်မြှောက်၍ အဖအရာ၌ ထား၏။ ဆရာ၏ အဆုံးအမ၌ တည်ကာ မြတ်သောအကျင့်၊ ကောင်းသောအမှုတို့ကို ပြု၍ မင်းပြုလေ၏။

တိတ္တိရပါတ်၊ တိလမုဋ္ဌိဇာတ် မှ

မျောက်ဆိုး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအခါ မင်းဥယျာဉ်တွင် မျောက်နှစ်ကောင် ရှိ၏။ တစ်ကောင်ကား ပညာရှိ၏။ တစ်ကောင်ကား လျှပ်ပေါ်၏။ ထို မျောက် နှစ်ကောင်သည် မျောက်ငါးရာစီ ခြံရံလျက် နေကြ၏။

တစ်နေ့တွင် ပုရောဟိတ် ပုဏ္ဏားသည် ဥယျာဉ်သို့ သွားကာ ရေချိုးပြီး တန်ဆာဆင်၍ လာ၏။ လျှပ်ပေါ်သော မျောက်သည် မင်းဥယျာဉ် တံခါးတုရိုက်တိုင်ထိပ်မှနေ၍ ပုရောဟိတ်၏ ထိပ်သို့ ကျင်ကြီး စွန့်ချ၏။ ပုဏ္ဏား အထက်သို့ မျှော်ကြည့်သောအခါ မျက်နှာပေါ်သို့ စွန့်ချပြန်၏။ ပုဏ္ဏားသည် နောင်အခါ သိစေမည်ဟု ရန်ငြိုးဖွဲ့ ခြိမ်းခြောက်ပြီး တစ်ဖန် ရေချိုး၏။

ပုဏ္ဏား၏ ရန်ငြိုးဖွဲ့ ခြိမ်းခြောက်ခြင်းကို ပညာရှိမျောက် ကြားသောအခါ ဤအရပ်၌ နေရန်မသင့်၊ တောအနှံ့ရှာယ

ကျမရောက်နိုင်သည်ဟု ဆိုကာ တစ်ထောင်သော မျောက်အပေါင်းတို့အား တစ်ပါးသောအရပ်သို့ သွားရန် တိုက်တွန်း၏။ ဆိုနိုင်ခက်သော မျောက်ကား ပညာရှိမျောက်၏ ဆိုဆုံးမမှုကို မလိုက်နာဘဲ အခြံအရံနှင့်တကွ မပြောင်းမရွှေ့ဘဲ နေရစ်ခဲ့၏။

တစ်နေ့သ၌ စပါးထောင်းသော ကျွန်မတစ်ယောက်သည် နေလှန်းထားသောစပါးကိုစားသော ဆိတ်ကို မီးစဖြင့် ရိုက်ပုတ်လိုက်၏။ ဆိတ်သည် မီးလောင်လျက်ရှိသောကိုယ်ဖြင့် ဆင်တင်းကုပ်နှင့် စပ်ယှဉ်တည်ရှိသော မြက်သိုလှောင်ရာ အဆောက်အအုံ၏ နံရံကို ပွတ်၏။ မီးသည် အဆောက်အအုံကို လောင်၏။ ထိုမှတစ်ဖန် ဆင်တင်းကုပ်ကို လောင်၏။ ဆင်တင်းကုပ်မှ ဆင်တို့၏ ကျောကုန်းကို လောင်၏။ ဆင် ဆရာတို့သည် ဆင်တို့ကို ကုစားရန် မတတ်နိုင်ကြချေ။

ရန်ငြိုးထားသော ပုဏ္ဏားပုရောဟိတ်သည် မျောက်တို့ကို ဖမ်းရန် ကြံစည်နေစဉ် ထိုအကြောင်းကို ကြားလေသည်။ ထိုအခါ မင်းထံ ဝင်ရောက် ခစား၏။ မင်းက ပုရောဟိတ်ပုဏ္ဏားကို မြင်လျှင် "ဆရာ၊ ဆင်ဆရာတို့သည် ဆင်တို့ကို ကုစားရန် မတတ်နိုင်ကြကုန်။ တစ်စုံတစ်ခုသော ဆေးကို သိပါသလော"ဟု မေး၏။

"အရှင် မင်းကြီး၊ သိပါ၏။ မျောက်မှ ဖြစ်ကုန်သော ဆေး ရှိပါ၏"

"ဆရာ၊ မျောက်မှဖြစ်သော ဆေးကား အဘယ်နည်း" ဟု မေး၏။

"အရှင် မင်းကြီး၊ မျောက်ဆီ ဖြစ်၏"

"ဆရာ၊ မျောက်ဆီကို အဘယ်မှာ ရအံ့နည်း"

“အရှင် မင်းကြီး၊ အရှင်မင်းကြီး၏ ဥယျာဉ်၌ များစွာသော မျောက်တို့ ရှိကြသည် မဟုတ်လော။ မျောက်ဆီကို ရနိုင်၏”ဟု လျှောက်တင်၏။

မင်းသည် ဥယျာဉ်၌ရှိသော မျောက်တို့ကိုသတ်၍ အဆီကို ဆောင်ယူ ကုန်လော့ဟု မိန့်၏။ လေးသမားတို့သည် ငါးရာသော မျောက်တို့ကို ပစ်သတ်ကြ၏။ မျောက်ကြီးတစ်ကောင်သည် ထိမှန်သော်လည်း လဲမကျဘဲ ဒဏ်ရာနှင့်ပင် ပညာရှိမျောက် ပြောင်းရွှေ့သွားသောအရပ်သို့ ပြေး၏။ ထိုအရပ်သို့ ရောက်မှပင် လဲကျသေဆုံးလေသည်။ မျောက်အပေါင်းတို့သည် ပညာရှိမျောက်အား ထိုအကြောင်းကို ကြားကုန်၏။

ပညာရှိမျောက်သည် သေဆုံးသွားသော မျောက်၏ အဖြစ်ကို မြင်တွေ့သဖြင့် “ပညာရှိက ဘေးအန္တရာယ် ကျရောက်မည်ကို သိ၍ ကြိုတင် ဆုံးမသည်ကို မနာယူသော ကြောင့် ဆိုနိုင်ခက်သော မျောက်တို့သည် ဤသို့ပျက်စီးရ၏” ဟူ၍ အခြားအရံ မျောက်တို့အား ဆုံးမစကား ဆို၏။

သတ္တကနိပါတ်၊ ကပိဇာတ် မှ

မကောင်းကြံ တန်ပြန်ထိ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအချိန်တွင် ဟိမဝန္တာအရပ်ရှိ လိုဏ်တစ်ခု၌ ဆိတ်အုပ် တစ်အုပ် နေ၏။ ထိုလိုဏ်နှင့် မနီးမဝေးရှိ လိုဏ်တွင် မြေခွေး လင်မယား နေ၏။ မြေခွေးသည် ဆိတ်အုပ်မှ ဆိတ်ကို ဖမ်းယူ စားသောက်၏။ အသားတစ်ကို ကိုက်ချီ၍ မယားမြေခွေးမထံ ယူလာကာ ကျွေးမွေး၏၊ မြေခွေးလင်မယားသည် ဆိတ်သား စားကာ ဆူဖြိုးလျက် ရှိ၏။ ဖမ်းယူစားသောက်ဖန် များသော် ဆိတ်အုပ် ကုန်၏။ သို့သော် မေဏ္ဍကမာတာ မည်သော ဆိတ်မကား ပညာရှိ၍၊ လိမ္မာပါးနပ်၍ မြေခွေး မဖမ်းယူနိုင်ဘဲ ကြွင်းကျန်၏။

တစ်နေ့သော် မြေခွေးက မြေခွေးမကို ခေါ်၍ "ရှင်မ၊ ငါတို့စား၍ ဆိတ်အုပ် ကုန်ပြီ။ မေဏ္ဍကမာတာ ဆိတ်မသာ



ကျန်တော့၏။ သင်သည် ဤဆိတ်မနှင့် မိတ်ဖွဲ့၍ အကျွမ်းဝင်အောင် ပြုပါလော့။ အကျွမ်းဝင်သောအခါ ငါသည် သချင်ယောင် ဆောင်အံ့။ ငါ့အား သဂြိုဟ်ရာ၌ ကူညီပါဟု ဆိတ်မအား ခေါ်လာပါလော့။ အနီးသို့ ရောက်လျှင် ငါ ခုန်၍ ကိုက်သတ်အံ့" ဟု ဆို၏။ မြေခွေးမသည် "ကောင်းပြီ" ဟု ဝန်ခံ၍ ဆိတ်မနှင့် အဆွေခင်ပွန်း ဖွဲ့၏။

ဆိတ်မနှင့် အကျွမ်းဝင်လတ်သော် မြေခွေး မှာသည့်အတိုင်း မြေခွေးမက ဆိတ်မအား ပြော၏။ ထိုအခါ ဆိတ်မက "သင်၏ လင်သည် ဆိတ်များကို ဖမ်းယူ စားသောက် တတ်၏။ ငါ မလိုက်ဝံ့" ဟု ငြင်းဆန်၏။ မြေခွေးမက "အဆွေ ဆိတ်မ၊ မကြောက်ပါလင့်။ သေပြီးသော မြေခွေးသည် သင့်ကိုအဘယ်သို့ ပြုနိုင်ပါမည်နည်း" ဟု ဆိုရာ ဆိတ်မက မြေခွေးသည် ဉာဏ်များလှ၍ ကြောက်ကြောင်း ပြော၏။ မြေခွေးမက အဖန် တလဲလဲ တောင်းပန်မှ မြေခွေးမို တကယ်သေတန်ရာ၏ ဟု ထင်၍ မြေခွေးမနှင့်အတူ လိုက်ပါ သွား၏။

ဆိတ်မသည် မြေခွေးမကို ရှေ့မှထား၍ သတိဖြင့် သွား၏။ မြေခွေးသည် မြေခွေးမ၏ ခြေသံကို ကြားရသောအခါ ဆိတ်မ ပါလာသည်၊ မပါလာသည် သိနိုင်ရန် သေချင်ယောင် ဆောင်ရာမှ ခေါင်းထောင် ကြည့်လိုက်သည်။ ထိုသို့ ကြည့်သည်ကို ဆိတ်မ မြင်သွား၏။ မြေခွေးမသည် ယုတ်မာသော သဘောဖြင့် ငါ့ကို လှည့်စားပြီး သတ်လိုသောကြောင့် သေချင်ယောင် ဆောင်နေသော မြေခွေးထံ ခေါ် ဆောင်လာခဲ့၏ ဟု သဘောပေါက်၏။ ထို့ကြောင့် အလျင်အမြန် နောက်ကြောင်းပြန်ပြေး၏။ ထိုအခါ မြေခွေးမလည်း နောက်မှ ပြေးလိုက်ကာ "အဆွေ ဆိတ်မ၊ အဘယ်ကြောင့် ပြန်ပြေးသနည်း" ဟု မေး၏။ ဆိတ်မက "သေပြီဆိုသော သင့်လင်သည် ခေါင်းထောင် ကြည့်၏၊ သင်တို့သည် လှည့်ဖြားကြ၏။ ငါသည် လှည့်ဖြားတတ်သူကို ရှောင်ကြဉ်၏" ဟု ဆို၏၊ မြေခွေးမသည်

ဆိတ်မ ပြန်လိုက်ခဲ့စေရန် မတတ်နိုင်ရကား ပြန်လာခဲ့၏။ မြေခွေးထံ ရောက်သော် မြေခွေးက "ရှင်မ၊ အသင်သည် ရှုံးလှ၏။ ငါ့အနီးသို့ ရောက်ခါနီးမှ ဆိတ်မကို အဘယ်ကြောင့် လွှတ်ပြေးစေသနည်း" ဟု ကဲ့ရဲ့၏။

"ငါမရှုံး၊ သင်သာလျှင် ရှုံး၏။ သေဟန်ဆောင်လျက် အချိန်အခါမသင့်ဘဲ ခေါင်းထောင်ကြည့်သော သင်သာရှုံး၏" ဟု မြေခွေးမက ဆို၏။ ထို့နောက် မြေခွေးမက "အရှင်၊ မစိုးရိမ်လင့်။ ဆိတ်မ လိုက်ပါလာအောင် ကြံစည်ဦးအံ့။ လာသောအခါ အမိအရ ဖမ်းလော့" ဟု ဆိုပြန်၏။

မြေခွေးမသည် ဆိတ်မထံ တစ်ဖန် သွား၍ "အဆွေဆိတ်မ၊ သင်၏ လာခြင်းသည် ကောင်းသော လာခြင်းတည်း။ သင် လာသောကြောင့် ငါ့လင်သည် မြေရာမှသတိပြန်ဝင်၏။ ထိုအခိုက်ပင် သင်ပြန်ခဲ့ရကား သင်တို့နှစ်ဦး စကားစမြည်ပြောရန် လိုက်ခဲ့ပါဦး" ဟု ဖိတ်ကြား၏။ ဆိတ်မသည် ကောက်ကျစ်သော၊ လှည့်စား တတ်သော မြေခွေးမကို တန်ပြန်လှည့်စားရန် အကြံဖြစ်၍ "အဆွေ မြေခွေးမ၊ သင်၏ ဖိတ်ကြားချက်ကို ငါလက်ခံပါ၏။ ငါသည် မိတ်ဆွေအခြွေအရံနှင့်တကွ သင်တို့ထံ လာပါအံ့။ အစားအသောက် သာ စီမံထားပါ" ဟု ဆိုလိုက်၏။ မြေခွေးမက ဆိတ်မ၏ မိတ်ဆွေ အခြွေအရံသည် မည်သူတို့နည်းဟု သိလို၏။ မည်မျှရှိသနည်းဟု သိလို၏။ ထို့ကြောင့် "အဆွေ ဆိတ်မ၊ သင်၏ မိတ်ဆွေကား မည်သူတို့နည်း။ မည်မျှလောက် မိတ်ဆွေတို့အတွက် ငါတို့ အစား အသောက် စီမံရမည်နည်း" ဟု မေး၏။

ထိုအခါ ဆိတ်မက "ငါ့တွင် မိတ်ဆွေ မြေခွေးလေးကောင် ရှိ၏။ တစ်ကောင်လျှင် အခြွေအရံ မြေခွေးငါးရာစီရှိ၏။ ငါသည် မြေခွေး အခြွေအရံ နှစ်ထောင်နှင့်တကွ လာမည်။ ထို မြေခွေးတို့

အစာမရက သင်တို့လင်မယားကိုကိုက်ဖြတ် စားသောက်လိမ့်''ဟု ပြော၏။ ''အဆွေ ဆိတ်မ၊ သင် မလာပါနှင့်တော့။ သင်ပြောသည့်အတိုင်း သင့်အိမ်မှခွာလျှင် ဘဏ္ဍာစည်းစိမ်ပျက်ရာ၏၊ အနာရောဂါရောက်ရာ၏။ အဆွေခင်ပွန်း ပီသစွာ ငါ တားပါအံ့။ အဆွေဆိတ်မ၊ သင့်အိမ်မှ မခွာပါလင့်'' ဟု ကသောကမျော ဆိုကာ လင်ရှိရာသို့ ကြောက်လန့်ခြင်းကြီးစွာ ပြေးသွားလေ၏။ နောင်တွင် မြေခွေး လင်မယားသည် ဆိတ်မရှိရာ အရပ်၌ မကျက်စားရဲတော့ပေ။

နဝကနိပါတ်၊ ပူတိမံသဇာတ် မှ

တံငါလင်မယား

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ရှိ ရွာငယ်တစ်ရွာ၌ တံငါတို့နေ၏။ တံငါတို့သည် အိုင်တစ်ခု၌ ငါးကိုဖမ်းယူ၍ အသက်မွေးကြ၏။ တစ်နေ့သော် တံငါသည်သားအဖသည် ငါးမျှားချိတ်ကို ယူဆောင်၍ အိုင်သို့သွား၏။ အိုင်သို့ ရောက်သောအခါ ငါးမျှားချိတ်ဖြင့် ငါးဖမ်း၏။ ငါးမျှားချိတ်သည် ရေအောက်ရှိ သစ်ငုတ်၌ ငြိ၏။ တံငါသည်သည် ငါးမျှားချိတ်ကိုငင်၍ မရသောအခါ ငါးမျှားချိတ်တွင် ငါးကြီးမိနေပြီဟု ထင်သဖြင့် သားငယ်ကို အမိထံစေ၍ အိမ်နီးချင်းတို့နှင့် ခိုက်ရန်ဖြစ်စေအံ့၊ ဤသို့ ခိုက်ရန်ဖြစ်သော် အိမ်နီးချင်းတို့သည် ဤငါးမှ အစုကို မတောင်းဘဲ နေလတ္တံ့ ဟု ကြံ၏၊

ထိုသို့ကြံပြီးသော် "အမောင်၊ အမိထံသွားချေ။ ငါတို့သည် ငါးကြီးကိုဖမ်းမိပြီ။ အိမ်နီးချင်းတို့နှင့် ခိုက်ရန်ပြုလော့ ဟု ဆိုချေ

လော့''ဟု ဆို၏။ တံငါသည် သားငယ်ကိုစေပြီးနောက် ငါးများ ချိတ်ကို ငင်၏။ ငင်အံ့သောငှာ မတတ်နိုင်ချေ။ ကြိုးပြတ်မည်ကို ကြောက်ရကား အပေါ်ရုံပုဆိုးကို ကုန်း၌ထားကာ ရေသို့သက်၍ ငါးကို လောဘတကြီး စမ်းသည်ရှိသော် သစ်ငုတ်ကိုဖြင့် ခတ်မိ၍ မျက်စိနှစ်လုံး ပေါက်ကုန်၏။ ကုန်း၌ထားခဲ့သော ပုဆိုးကိုလည်း သူခိုး ခိုး၏။

တံငါသည်သည် နာကျင်လှ သောကြောင့် မျက်စိကို လက်ဖြင့် ဖုံးအုပ်၍ ရေမှတက်ကာ တုန်လှုပ်လျက် ပုဆိုးကိုရှာ၏။ ထိုအချိန်တွင် တံငါ၏ မယားသည် ခိုက်ရန်ပြု၍ တစ်စုံတစ်ယောက်မျှ ငါးမှ အမှုကို မတောင်းအောင် ပြုအံ့ဟုကြံပြီး နားတစ်ဖက်၌ ထန်းရွက်နားတောင်းကိုဝတ်၍ မျက်လုံးတစ်ဖက်၌ အိုးမဲကွင်းကာ ခွေးငယ်ကို ရင်ဘွင်ပိုက်လျက် အိမ်နီးချင်းအိမ်သို့ သွား၏။ အဆွေခင်ပွန်း မိန်းမ တစ်ယောက်သည် တံငါ၏မယားကို တွေ့သောအခါ ''သင်သည် နားတစ်ဖက်မှာသာ ထန်းရွက်နားတောင်းကို ဝတ်၏။ မျက်လုံး တစ်ဖက်မှာသာ အိုးမဲ ကွင်း၏။ ခွေးငယ်ကို ချစ်လှစွာသော သားငယ်ကဲ့သို့ ရင်ဘွင်ပိုက်ကာ အိမ်တစ်အိမ်မှ တစ်အိမ်သို့ သွား၏။ သင် ရူးသလော'' ဟု ဆို၏။

တံငါသည်၏ မယားက ''ငါမရူး။ အသင်ကား ငါ့ကို အကြောင်းမဲ့ ဆဲရေး၏၊ ရေရွတ်၏။ ယခုသင့်ကို ရွာစားထံသွား၍ ရှစ်အသပြာလျော်စေအံ့''ဟု ဆို၏။ မိန်းမနှစ်ယောက်သည် ရွာစား ထံ သွားကြ၏။ ရွာစားသည် ထိုမိန်းမတို့ကို စစ်မေးသော် တံငါ သည်၏ မယား၌သာအပြစ်ရှိ၍ ဒဏ်ကျစေ၏။ ထိုအခါ တံငါသည်၏ မယားကို နှောင်ဖွဲ့၍ပုတ်ခတ်ရန် အားထုတ်ကြ၏။

ဤသို့လျှင် ဝန်တိုစဉ်းလဲမှုကြောင့် တံငါသည် လင်မယား အကျိုးနည်းရ၏။

ဧကနိပါတ်၊ ဥဘတောဘဋ္ဌဇာတ် မှ

ဒိဃာဝု

လွန်လေပြီးသော အခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်းကား ဥစ္စာစည်းစိမ် အင်အား၊ ဆင်မြင်းဗိုလ်ပါအင်အား ကြီးမားသော မင်းဖြစ်၏။ ကောသလတိုင်း၌ ဒီဃီတိကောသလမင်း မင်းပြု၏။ ထိုမင်းကား ဥစ္စာစည်းစိမ် အင်အား၊ ဆင်မြင်းဗိုလ်ပါအင်အားနည်းပါးသော မင်းဖြစ်၏။

ဗြဟ္မဒတ်မင်းသည် ကောသလတိုင်းအား စစ်ပြုရန် ဆင်မြင်း ဗိုလ်ပါများနှင့် ချီတက်လာ၏။ ထိုသတင်းကို ဒီဃီတိကောသလ ကြားသောအခါ ဗြဟ္မဒတ်မင်း၏စစ်ကို ခံနိုင်စွမ်း မရှိသဖြင့်စစ်မရောက်မီကပင် မိဖုရားကြီးကိုခေါ်၍ ထွက်ပြေး တိမ်းရှောင်၏။ ဒီဃီတိကောသလမင်းနှင့် မိဖုရားကြီးသည် ဗာရာဏသီပြည်၏ အစွန်အဖျားအရပ်ရှိ အိုးထိန်းသည်အိမ်၌ မထင်မရှားသော အသွင်ဖြင့်နေ၏။ ထိုစဉ် မိဖုရားကြီး၌ ကိုယ်ဝန်ရှိလေ၏။



မိဖုရားကြီးတွင် စစ်အင်္ဂါလေးပါး ခင်းကျင်းထားသည်ကို မြင်လိုခြင်း၊ သန်လျက်ဆေးရေကို သောက်လိုခြင်း ဟူသောချင်ခြင်း ဖြစ်၏။ ထိုအကြောင်းကို ဒီဃီတိကောသလမင်းအား လျှောက်ထား၏။ ဒီဃီတိကောသလမင်း၌ အဆွေခင်ပွန်း တစ်ဦးရှိ၏၊ ထိုအဆွေခင်ပွန်းကား ဗြဟ္မဒတ်မင်း၏ ပုရောဟိတ် ပုဏ္ဏားဖြစ်၏၊ ဒီဃီတိကောသလမင်းသည် ပုရောဟိတ်ထံချဉ်းကပ်၍ မိဖုရားကြီး၏ ချင်ခြင်းကို ပြောပြ၏။ ပုရောဟိတ်လည်း မိဖုရားကြီး၏ ချင်ခြင်းကို ဖြေရှောက်ပါအံ့ဟု ဆို၏၊

ထို့နောက် ဗြဟ္မဒတ်မင်းထံ ချဉ်းကပ်၍ "အရှင်မင်းကြီး၊ အရှင်မင်းကြီးအတွက် နိမိတ်ဆိုးများ ထင်လာသောကြောင့် ထို နိမိတ်ဆိုးများ ပြေပျောက်ရန် နေထွက်သောအခါတွင် စစ်အင်္ဂါ လေးပါးကို ခင်းကျင်း၍ သန်လျက်ကိုလည်း ဆေးရန်လိုကြောင်း လျှောက်ထား၏၊ ဗြဟ္မဒတ်မင်းလည်း ပုရောဟိတ်ပုဏ္ဏား ဆိုသည့် အတိုင်းပြု၏။ ထိုအခါ ဒီဃီတိကောသလမင်း၏ မိဖုရားသည် စစ် အင်္ဂါလေးပါးကို မြင်ရ၍ လည်းကောင်း၊ သန်လျက် ဆေးရေကို သောက်ရ၍လည်းကောင်းချင်ခြင်းပြေလေ၏၊ မိဖုရားကြီးသည်နေ့လ စေ့သောအခါ သားဖွားမြင်၏၊ သားကို ဒီဃာဝုဟုအမည်ပေး၏၊ ဒီဃီတိကောသလမင်းသည် ဗာရာဏသီ မင်း၏ အန္တရာယ်ကို စိုးကြောက်ရကား ဒီဃာဝုမင်းသားကို မြို့ပြင်၌နေစေလျက် အတတ် ပညာ သင်စေ၏၊

ဒီဃီတိကောသလမင်း၏ ဆတ္တာသည် သည် ဗာရာဏသီ မင်းထံ၌ ခစား၏၊ တစ်နေ့သော် ဆတ္တာသည် သည် အိုးထိန်းသည် အိမ်၌နေသော ဒီဃီတိကောသလမင်းနှင့် မိဖုရားကို တွေ့ရကား ဗာရာဏသီမင်းထံ အကြောင်းကြား လျှောက်ထား၏။ ထိုအခါ ဗာရာဏသီမင်းက "ဒီဃီတိ ကောသလမင်းနှင့်မယားကို သင်တုန်း ဓားဖြင့် ခေါင်းတုံး ရိတ်စေ၊ အသံပြင်းသော ထက်စည်ကို ထိုးလော လမ်းမတစ်ခုမှ လမ်းမတစ်ခုသို့၊ လမ်းဆုံတစ်ခုမှ လမ်းဆုံ

တစ်ခုသို့ လှည့်လည်ဆောင်ယူစေ။ တောင်တံခါးမှ ထွက်စေ၊ မြို့၏ တောင်အရပ်၌ လေးပိုင်းပိုင်းစေ၊ ပြီးလျှင် အရပ်လေးမျက်နှာသို့ ပစ်ကုန်လော့''ဟု မင်းချင်းတို့အား စေခိုင်း၏။

ထိုအခါ အမိအဖတို့ကို မတွေ့ရသည်မှာ ကြာမြင့်လှ၍ ဒီဃာဝုမင်းသားသည် အမိအဖထံ လာ၏၊ ဒီဃီတိကောသလ မင်းသည် အဝေးမှလာသော ဒီဃာဝုကို မြင်သောအခါ "ချစ်သား ဒီဃာဝု၊ အရှည်ကို မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်။ ချစ်သား ဒီဃာဝု၊ ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းကုန်။ ရန်မတုံ့မူ မူသာလျှင် ရန်တို့သည် ငြိမ်းကုန်၏''ဟု သုံးကြိမ်တိုင်တိုင် ပြောဆို၏။

ဒီဃာဝု မင်းသားသည် လေးပိုင်းစီ ပိုင်းထားသော အမိ အဖတို့၏ ကိုယ်ကို စောင့်ကြပ်နေသော အစောင့်တို့ထံ လာ၍ သေရည် တိုက်ကျွေး၏၊ အစောင့်တို့ သေရည်မူးယစ်သောအခါ ထင်းတို့ကိုရ၍ မိဘ၏ အလောင်းကို တင်ကာ မီးသင်္ဂြိုဟ်၏။ မီး သင်္ဂြိုဟ်ခိုက် ထင်းပုံကို လက်ယာရစ်လှည့်ကာ လက်အုပ်ချီ ပူဇော်၏။ ဒီဃာဝုသည် တောသို့ဝင်၍ အားပါးတရ ငိုကြွေးပြီးနောက် နန်းတော်အနီးရှိ ဆင်တင်းကုပ်သို့သွား၍ ဆင်ဆရာအား "အကျွန်ုပ် ဆင်အတတ်ကို သင်လိုပါသည်''ဟု ဆို၏။ ဆင်ဆရာလည်း ဒီဃာဝု အား တပည့်အဖြစ် လက်ခံ၏၊

ဒီဃာဝုသည် မိုးသောက်ယံအခါ၌ စောစောထ၍ ဆင် တင်းကုပ်တွင် စောင်းကိုတီး၍ သီချင်း ဆို၏။ ဗြဟ္မဒတ်မင်းသည် စောင်းသံ၊ သီချင်းသံကို ကြား၍ နှစ်သက်သဖြင့် စောင်းရှင်၊ သီချင်းရှင်ကို စုံစမ်းမေးမြန်း၏။ ဆင်ဆရာ၏တပည့် ဒီဃာဝု ဖြစ်ကြောင်း၊ သိရသောအခါ ဒီဃာဝုအား နန်းတော်သို့ ခေါ်၍ စောင်းကို တီးခတ်စေ၏။ ဗြဟ္မဒတ်မင်း နှစ်သက်သဖြင့် ဒီဃာဝုကို အနီး၌ လုပ်ကျွေး ခစားစေ၏။ ဒီဃာဝုသည် မင်းကြီး နှစ်လိုအောင် ပြုမူနေထိုင်၏၊ ချစ်ခင်ဖွယ် ပြောဆို၏၊ ထိုကြောင့် ဒီဃာဝုနှင့် ဗြဟ္မဒတ်မင်း အကျွမ်းဝင်လာ၏၊

တစ်နေ့သော် မြဟ္ဗဒတ်မင်းသည် ရထားဖြင့် သမင်တော သို့ စတောကစား ထွက်၏။ ရထားကို မောင်းသူကား ဒီဃာဝု ဖြစ်၏။ ဒီဃာဝုသည် စစ်သည်ကတစ်လမ်း ရထားကတစ်လမ်း ဖြစ်အောင် ရထားကို မောင်းနှင်၏။ ခရီးဝေးသို့ ရောက်သောအခါ မြဟ္ဗဒတ်မင်းက "လုလင်၊ ရထားကိုချွတ်လော့။ ပင်ပန်း၏၊ အိပ်အံ့"ဟု မိန့်၏။ မြဟ္ဗဒတ်မင်းသည် ဒီဃာဝု၏ ရင်ခွင်၌ ခေါင်းချ၍ အိပ်ပျော်သွားလေ၏။ ဒီဃာဝုသည် မြဟ္ဗဒတ်မင်းကိုကြည့်လျက် "ဤမင်းကား ငါတို့ အကျိုးမဲ့အောင် ပြုခဲ့ဖူးသူတည်း။ မင်းကြီးသည် ငါ့အဖ၏ တိုင်းပြည်ကို ဖျက်၏၊ ငါ့အမိအဖကို သတ်၏။ ယခုကား ငါ ရန်တုံ့မူရန် အခါတည်း"ဟု ကြံမိကာ သန်လျက်အိမ်မှ သန်လျက်ကို ဆွဲထုတ်၏။ ထိုအခါ သေအံ့ဆဲဆဲ ခမည်းတော်၏ အမှာစကားကို ကြားယောင်မိသဖြင့် ရန်မမူတော့ဘဲ သန်လျက်ကို အိမ်အတွင်း ပြန်သွင်း၏။ ထို့နောက် ရန်တုံ့လိုပြန်သဖြင့် သန်လျက်ကို ဆွဲထုတ်ပြန်၏၊ ခမည်းတော်၏ စကားကို ကြားယောင်မိပြန်သောအခါ ဒုတိယအကြိမ် သန်လျက်ကို သိမ်းမိပြန်၏။ တတိယအကြိမ်လည်း ဤနည်းနှင်နှင် ဖြစ်၏။

ဒီဃာဝု၏ရင်ခွင်၌ အိပ်နေသော မြဟ္ဗဒတ်မင်းသည် တဖျပ်ဖျပ်လန့်သည်ဖြစ်၍ အဆောတလျင်ထလေ၏။ ထိုအခါ ဒီဃာဝုက အကျိုးအကြောင်း မေး၏။

မြဟ္ဗဒတ်မင်းက "လုလင်၊ ကောသလမင်း၏သားက ငါ့ကို သန်လျက်နှင့် လိုက်သည်ဟု ထင်ယောင်သဖြင့် အဆောတလျင် ထ၏"ဟု ဖြေ၏။

ထိုအခါ ဒီဃာဝုက မြဟ္ဗဒတ်မင်း၏ ဦးခေါင်းကိုကိုင်၍ သန်လျက်ကိုဆွဲထုတ်ကာ "ကောသလမင်းကြီး၏ သားကား ငါပင်တည်း။ သင်သည် ငါတို့အား အကျိုးမဲ့အောင် ပြုခဲ့၏၊ ငါတို့ နိုင်ငံ၊ ငါတို့စည်းစိမ်ကို ဖျက်ဆီးခဲ့၏။ ငါ့မိငါ့ဖကိုလည်း သတ်ခဲ့၏။ ယခုကား ငါကလဲ့စားချေရမည့် အခါဖြစ်သည်"ဟု ဆို၏။

ဗြဟ္မဒတ်မင်းလည်း ဒီဃာဝုအား "ငါ့အသက်ကို ပေးပါလော့၊ ငါ့အသက်ကိုပေးပါလော့"ဟု ဆို၏။

ဒီဃာဝု က"အရှင်မင်းကြီး၊ အရှင်မင်းကြီးကသာ ကျွန်ုပ်၏ အသက်ကို ပေးနိုင်၏"ဟု ဆို၏။

မင်းကြီးက "ဤသို့ဖြစ်လျှင် သင်က ငါ၏အသက်ကို ပေးလော့။ ငါက သင်၏အသက်ကိုပေးအံ့"ဟုဆို၏။

ထိုအခါ ဒီဃာဝုနှင့် ဗြဟ္မဒတ်မင်းတို့သည် နောင်အခါ တစ်ဦးကိုတစ်ဦး မပြစ်မှားရန် ကတိသစ္စာပြုကြ၏။ ကတိသစ္စာ ပြုပြီးနောက် ဗြဟ္မဒတ်မင်းက "ဒီဃာဝု၊ သင့်ခမည်းတော် သေခါနီးတွင် အရှည်ကိုမကြည့်လင့်။ အတိုကိုလည်း မကြည့်လင့်၊ ရန်တုံ့မှုသဖြင့် ရန်တို့သည်မငြိမ်းကုန်၊ ရန်တုံ့မမှုမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏ဟု မှာခဲ့၏၊ သင့်ခမည်းတော်သည် အဘယ်ကို ရည်ရွယ်၍ မှာခဲ့သနည်း"ဟု ဒီဃာဝုအားမေး၏။

ထိုအခါ "အရှည်ကိုမကြည့်လင့်ဆိုသည်မှာရန်ရှည်အောင် မပြုလင့်ဟု ဆိုလိုပါသည်။ အတိုကိုလည်း မကြည့်လင့် ဆိုသည်မှာ ချစ်ကြည်ခြင်းကိုအောင် မပြုသင့်ဟု ဆိုလိုပါသည်။ ရန်တုံ့မှုသဖြင့် ရန်မငြိမ်းကုန်။ ရန်တုံ့မမှု ရန်ငြိမ်းကုန်၏ဆိုသည်မှာ အရှင်မင်းကြီးသည် အကျွန်ုပ်၏အမိအဖကိုသတ်၏။ အကယ်၍ ရန်တုံ့မှုကာ အရှင်မင်းကြီးကို အကျွန်ုပ်သတ်ငြားအံ့။ အရှင်၏အကျိုးကိုလိုကြသော သူတို့သည် အကျွန်ုပ်ကို သတ်ကုန်ရာ၏။ ဤသို့ဖြင့် ရန်တုံ့မှုခြင်းသည် ရန်ကို မငြိမ်းစေနိုင်။ ယခုမူ အရှင် မင်းကြီးနှင့် အကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အသက်ကို ဖလှယ်ခဲ့ကြရကား ရန်တုံ့မမှုသဖြင့် ရန်ငြိမ်းရာရောက်ပါ၏"ဟု လျှောက်ထား၏။

မင်းကြီးလည်း "ဒီဃာဝုသည် အကျဉ်းမျှ မြွက်သည်ကို အကျယ်နားလည်နိုင်သော ပညာရှိပေတကား"ဟု ဆို၍ ဒီဃာဝု၏ ခမည်းတော် စည်းစိမ်ကို ပြန်ပေး၏။ သမီးကိုလည်း ပေးအပ်၏။

ဓမ္မပဒ၊ ဒီဃာဝုဝတ္ထု၊ ၅

လှဲသော မာန

လွန်လေပြီးသောအခါ ဟိမဝန္တာ လိုဏ်ဂူတစ်ခု၌ ခြင်္သေ့တစ်ကောင်ရှိ၏။ တစ်နေ့သ၌ ခြင်္သေ့သည် ကျွဲကိုသတ်၍ စားပြီးနောက် ရေသောက်ရန် လိုဏ်ဂူသို့ လာ၏။ ထိုအခါ မြေခွေးတစ်ကောင်သည် ခြင်္သေ့ကို မြင်သော်လည်း လွတ်အောင် မပြေးသာသဖြင့် ခြင်္သေ့၏ရှေ့၌ ဝပ်စင်းနေ၏။

"မြေခွေး၊ အဘယ်ကြောင့် ငါ့ခြေရှေ့မှောက်၌ ဝပ်စင်းနေသနည်း"ဟု ခြင်္သေ့က မေး၏။

"အရှင်ထံ၌ ခစားလို၍ ဖြစ်ပါသည်"ဟု မြေခွေးက ဖြေ၏။ "ခစားလိုလျှင် လာလော့" ဟု ခြင်္သေ့ဆိုကာ မိမိ နေရာသို့ မြေခွေးကို ခေါ်ဆောင်ခဲ့၏။ ခြင်္သေ့သည် နေ့စဉ်နေ့တိုင်း စားကြွင်းဖြစ်သော အမဲတို့ကို မြေခွေးအား ကျွေး၏။ ခြင်္သေ့ ကျွေးမွေးသဖြင့် မြေခွေး၏ ကိုယ်ခန္ဓာသည် ဆူဖြိုးလာ၏။ ကိုယ်ခန္ဓာ ဆူဖြိုး၍

ဆင်အား ရှိလာသော မြေခွေးသည် မိမိဆင်အားကို အစွဲပြု၍ မာန်တက်၏။

တစ်နေ့သောအခါ မြေခွေးသည် ခြင်္သေ့ထံ ချဉ်းကပ်၍ "အရှင်၊ အရှင်သည် နေ့စဉ် အမဲကို ယူဆောင်၍ အကျွန်ုပ်အား ကျွေးမွေး၏။ အကျွန်ုပ်သည် နေ့စဉ် အရှင် ကျွေးမွေးသည်ကို စားရ၏။ ယနေ့မူကား အရှင်သည် ဤလိုဏ်ဂူ၌ နေပါလော့။ အကျွန်ုပ်သည် ဆင်ကိုသတ်၍ အသားကို အရှင့်ဖို့ ယူဆောင်ခဲ့ပါအံ့"ဟု ဆို၏။ ထိုအခါ ခြင်္သေ့က "မြေခွေး၊ ဆင်ဟူသည်ကား ကိုယ်ခန္ဓာကြီး၏။ အစွယ်လည်း ရှိ၏။ သင်သည် ဆင်ကိုသတ်၍ စားနိုင်သော ခြင်္သေ့မျိုး မဟုတ်၊ ဆင်ကို မဖမ်းလင့်၊ ငါ့စကားကို နားထောင်လော့"ဟု ဆို၏။

မြေခွေးသည် ခြင်္သေ့ တားမြစ်သည်ကို မနာယူဘဲ လိုဏ်ဂူမှ ထွက်ခွာလာကာ တောင်ထိပ် တင်ခုံ၌ ရပ်လျက် သုံးကြိမ် တိုင်တိုင် မိမိ၏ မြေခွေး အသံဖြင့် ဟစ်ကြွေး၏။ ထို့နောက် တောင်ခြေရင်းသို့ ကြည့်လိုက်သောအခါ ဆင် တစ်ကောင်ကို မြင်၏။ ထိုအခါ မြေခွေးသည် ဆင်၏ ဦးကင်းဆီသို့ မှန်း၍ တောင်ထိပ်မှ ခုန်ဆင်း၏။ ဦးကင်းသို့ ရောက်သော်လည်း လိမ့်၍ ဆင်၏ ခြေရင်း၌ ကျ၏။ ဆင်သည် ရှေ့ခြေနှင့်ဖက် ကြွ၍ မြေခွေး၏ ဦးခေါင်းကို နင်း၏။ ဦးခေါင်းကြေ၍ မြေခွေး သေ၏။ ဆင်သည် မြေခွေးကို သတ်ပြီး အသံပေးလျက် ထွက်သွား၏။ ခြင်္သေ့သည် ဆင် အော်သံကြား၍ တောင်ထိပ်သို့ တက်သွားသောအခါ တောင်ခြေရင်း၌ သေနေသော မြေခွေးကို မြင်၏။

ထိုအခါ ခြင်္သေ့က "ဤ မြေခွေးသည် ခြင်္သေ့မဟုတ်ဘဲ မိမိကိုယ်ကို မိမိ ခြင်္သေ့နည်းတူ စွမ်းဆောင်နိုင်မည်ဟု မာနတက်ကာ ဆင်ကိုသတ်ရန် ကြိုးစားသဖြင့် သေရ၏"ဟု ဆိုလေ၏။

စတုက္ကနိပါတ်၊ ဇမ္ဗုကဇာတ် မှ



ကြီးလေ ခါးလေ

လွန်ခဲလေပြီးသောအခါ ဗာရာဏသီပြည်၌ ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်သော လုလင်တစ်ဦး ရှိ၏။ ထိုလုလင်သည် တက္ကသိုလ်ပြည်၌ ဗေဒင် သုံးပုံကိုလည်းကောင်း၊ ခပ်သိမ်းသော အတတ်တို့ကို လည်းကောင်း သင်ယူပြီးနောက် အမိအဖ လွန်သောအခါ ဟိမဝန္တာသို့ သွား၍ ရသေ့ရဟန်းပြု၏။ ရသေ့သည် ဟိမဝန္တာ၌ ကြာမြင့်စွာ နေထိုင်ပြီးနောက် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည် မင်းဥယျာဉ်သို့ ဝင်၏။ နောက်တစ်နေ့တွင် ရသေ့သည် ဝတ်ရုံကို ကောင်းစွာ ဝတ်ရုံကာ မြို့တွင်းသို့ ဆွမ်းခံဝင်၏။ ဆွမ်းခံပြီးနောက် မင်းရင်ပြင်သို့ သွား၏။ မင်းသည် လေသာပြတင်းမှ ကြည့်သော် တင့်တယ်သော၊ အသရေရှိသော ရသေ့ကို ဖူးမြင်ရသဖြင့် ကြည်ညို သဒ္ဓါပွား၏၊ ဤရသေ့၌ သူတော်ကောင်းတရားရှိမည်ဟု ထင်မှတ် ၏၊ အပါးရှိ အမတ်ကို ရသေ့အား ပင့်ဖိတ်စေ၏။

နန်းတွင်းသို့ ရသေ့ရောက်သောအခါ မင်းသည် ထူးမြတ်သော ဘောဇဉ်တို့ကို ကပ်လှူပြီး "အရှင်ဘုရား၊ အဘယ်မှာ သီတင်းသုံးပါသနည်း" ဟု မေးလျှောက်၏။

"ဟိမဝန္တာ၌ သီတင်းသုံးနေ၏" ဟု ဖြေ၏။

"ယခု အဘယ်သို့ ကြွမည်နည်း" ဟု မေးလျှောက်၏။

"မိုးကာလနှင့် လျောက်ပတ်သော နေရာကို ရှာရန်သွားမည်" ဟု ဖြေသည်ရှိသော် မင်းက မိမိဥယျာဉ်၌ သီတင်းသုံးရန် တောင်းပန်လျှောက်ထားပြီး သစ်ရွက်မိုးကျောင်း ဆောက်လုပ်လှူဒါန်း၏။ မင်းသည် နေ့စဉ် နှစ်ကြိမ် သုံးကြိမ် ဆည်းကပ်၏။

ထိုမင်း၌ ဒုဋ္ဌကုမာရ မည်သော သားရှိ၏။ ဒုဋ္ဌကုမာရသည် ခမည်းတော်၊ မယ်တော်၊ အဆွေ အမျိုး၊ အမှူးအမတ်၊ ဆရာပုဏ္ဏားတို့ အမျိုးမျိုးဆုံးမသည်ကို မနာယူ၊ မင်းသည် အဆုံးအမရခက်သော သားတော်အတွက် စိတ်နှလုံး မကြည်မသာ ဖြစ်ရ၏။ မိမိ၏ သားတော်ကို ဆရာရသေ့ ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ရကား သားတော်ကို ရသေ့ထံ ခေါ်သွား၏။

ရသေ့ထံရောက်သော် မင်းက "ဤ ဒုဋ္ဌကုမာရ မင်းသားသည် ရုန့်ရင်းကြမ်းတမ်း၏၊ ကျွန်ုပ်တို့၏ အဆုံးအမကို မနာယူပါ။ အရှင်ဘုရား တစ်နည်းနည်းဖြင့် ဆုံးမပါဘုရား" ဟု ရသေ့ထံ သားကိုအပ်နှံပြီး နန်းတော်သို့ ပြန်၏။

ရသေ့သည် ဥယျာဉ်တွင်း၌ ဒုဋ္ဌကုမာရ မင်းသားနှင့် လမ်းလျှောက်ရင်း တမာပင်ငယ် အနီးသို့ ရောက်၏။ ရသေ့က မင်းသားအား တမာရွက်ကို ချိုးဆွတ် စားစေ၏၊ မင်းသားစား၍ ခါးသောကြောင့် အရွက်ကို ထွေးထုတ်၏။

"အဘယ်ကြောင့် ထွေးထုတ်သနည်း"ဟုရသေ့က မေး၏၊

"အရှင်ဘုရား၊ ဤတမာပင်သည် ငယ်စဉ်ကပင် ခါးလွန်း၏။ ကြီးသော် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"ဟု ဖြေ၍ တမာပင်ငယ်ကို ဆွဲနုတ်ခြေမွ၏။

ထိုအခါရသေ့က ''မင်းသား၊ ဤတမာပင်သည် ငယ်စဉ်ကပင် ခါး၏။ ကြီးသောအခါ ပို၍ ခါးမည်သာ ဖြစ်၏။ သင် မင်းသားသည် ဤတမာပင်ကဲ့သို့ ကျင့်လျှင် လူအပေါင်းက ဤမင်းသားသည် ငယ်စဉ်ကပင် လူကြီးသူမတို့၏ အဆုံးအမကို မနာယူတတ်။ ရှုန့်ရင်းကြမ်းတမ်း၏။ ကြီး၍ မင်းဖြစ်သော် အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။ ဤသို့သော မင်းသားကိုမှီ၍ ငါတို့ အကျိုးစီးပွား ဖြစ်လိမ့်မည်မဟုတ် ဟုဆိုကာ သင့်အား မြေမှအနုတ်ခံရသောတမာပင်ကဲ့သို့ မင်းစည်းစိမ်မှ နုတ်၍ ပြည်မှနှင်ထုတ်ကြမည်သာတည်း။ မင်းသား၊ ယနေ့မှစ၍ တမာပင်ကဲ့သို့ မကျင့်နှင့်။ သူတော်ကောင်း၏ အဆုံးအမကိုခံယူကာ မေတ္တာ ကရုဏာနှင့် ပြည့်စုံသော၊ ခန္တီတရားနှင့် ပြည့်စုံသောသူ ဖြစ်ပါလော့''ဟု ဆုံးမ၏။ ထိုအခါမှစ၍ ဒုဋ္ဌကုမာရ မင်းသားသည် ရသေ့၏ အဆုံးအမကိုနာယူ၏။ ခမည်းတော် လွန်သော် တိုင်းသူပြည်သားတို့က ချစ်မြတ်နိုးသော မင်းအဖြစ်ကို ခံယူရ၏။

ဧကနိပါတ်၊ ဧကပဏ္ဏဇာတ် မှ



ဝေဠုက အဖေ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။

ထိုအခါ သူဌေးတစ်ဦးသည် ဟိမဝန္တာသို့ ဝင်၍ ရသေ့ ရဟန်းပြု၏။ ငါးရာသော ရသေ့တို့ ခြံရံကာ ရသေ့တို့၏ ဆရာ အဖြစ်နေ၏။ တင်ရုံရောအခါ မြွေဟောက်တစ်ကောင်သည် ရသေ့ တစ်ဦး၏ ကျောင်းသို့ ရောက်လာ၏။ ရသေ့သည် ထိုမြွေကိုချစ်ခင်၍ ဝါးလုံးခေါင်းတစ်ခု၌ ထားကာ သားအဖြစ် မွေးမြူ၏။ ဝါးလုံး ခေါင်း၌ နေရသောကြောင့် ထိုမြွေကို ဝေဠုက ဟု အမည်မှည့်၏။ မြွေကို မွေးမြူထားသော ရသေ့အား ဝေဠုကပိတာ ဟူသော အမည်ကို မှည့်ကုန်၏။

ရသေ့တစ်ပါးသည် မြွေ မွေးမြူထားကြောင်း ဆရာရသေ့ အား ကြားလျှောက်သောအခါ ထိုရသေ့ကို ခေါ်၍ "ရသေ့၊ သင်သည် မြွေဟောက်ကို မွေးမြူထားသလော" ဟု မေး၏။

ရသေ့က ''မုန်ပေ၏'' ဟု လျှောက်သည်ရှိသော် ''မြွေဟောက်နှင့် အကျွမ်းဝင်ခြင်း မည်သည်မရှိ။ ထိုမြွေဟောက်ကို မမွေးမြူသင့်'' ဟု ဆရာရသေ့ဆို၏။

ရသေ့သည် ဆရာဖြစ်သူ၏ စကားကို မနာယူ။ မြွေဟောက်ကို မစွန့်ပစ်။ ထိုသို့ ဆုံးမသောနေ့မှ နှစ်ရက် သုံးရက် လွန်လျှင် ငါးရာသော ရသေ့တို့သည် သစ်သီးကြီးငယ်ရှာရန် အလို့ငှာ ကျောင်းသင်္ခမ်းမှ တောသို့သွားကြ၏။ တောထဲ၌ သစ်သီးကြီးငယ် ရလွယ်သဖြင့် ကျောင်းသင်္ခမ်းသို့မပြန်ဘဲ နှစ်ရက် သုံးရက် နေကြ၏။ ဝေဠုကပိတာသည်လည်း ထိုရသေ့ များနှင့်အတူ သွားသည်ရှိသော် မြွေဟောက်ကို ဝါးလုံးတွင်း၌သာ နေစေပြီး ဝါးလုံးကို ပိတ်၍သွား၏။

ဝေဠုကပိတာသည် နှစ်ရက် သုံးရက် ကျော်လွန်မှ ပြန်လာ၏။ ထို့နောက် ဝေဠုကအား အစာပေးမည်ဟု ဝါးလုံးခေါင်းကို ဖွင့်၍ ''ချစ်သား၊ လာလော့။ ဆာလောင်မွတ်သိပ် နေသလော'' ဟု ဆိုကာ အစာပေး၏၊ နှစ်ရက် သုံးရက် အစာအာဟာရ ပြတ်သောကြောင့် မြွေဟောက်သည် အမျက်ထွက်၍ ထိုရသေ့၏ လက်ကို ကိုက်၏။ ရသေ့လည်း အဆိပ်သင့်၍ သေလေ၏။ ထို့နောက် မြွေသည် တောသို့ ဝင်သွားလေ၏။ ရသေ့တို့သည် ဝေဠုကပိတာ၏ ဖြစ်အင်ကို ဆရာရသေ့အား လျှောက်ထား၏။

ဆရာရသေ့သည် ရသေ့အပေါင်း အလယ်၌နေကာ ရသေ့တို့အား ''အကြင်သူ တစ်ဦးသည် မိမိ၏ အကျိုးကိုလည်းကောင်း၊ အစီးအပွားကိုလည်းကောင်း လိုလား၍ တစ်ပါးသူက ဆုံးမသည်ကို မလိုက်နာပါက ထိုသူသည် ဝေဠုကပိတာ ပျက်စီးသကဲ့သို့ ပျက်စီးရာ၏'' ဟု ဆုံးမ၏။

ဧကနိပါတ်၊ ဝေဠုကဇာတ် မှ

အမှားကို ဝန်ခံတတ်သော မင်း

သက္ကရာဇ် ၇၀၄ - ခုနှစ်တွင် ပင်းယ၌ ငါးစီးရှင်ကျော်စွာ နန်းတက်၏။ မင်းဆွေ မင်းမျိုးများဖြစ်ခဲသော ရန္တသူ၊ စောမွန်နှစ်၊ သီဟပတေ့၊ သခ်ယာ စသူတို့သည် ငါးစီးရှင်ကျော်စွာထံ၌ နေ့စဉ် ခစား၏။ ငါးစီးရှင်ကျော်စွာသည် ခစားသူ အဆွေအမျိုးတို့အား နေ့စဉ်မပြတ် ကိုယ်တော်တိုင် ဖက်ဝန်းလှိုး၍ လက်ဖက်တည်တော်မူ၏။

တစ်ခါတွင် ငါးစီးရှင်ကျော်စွာ သတိမေ့လျော့သဖြင့် သီဟပတေ့၏ လက်ဖက်ပွဲကို သုံးရက်ဘိုင်တိုင် ဖက်ပန်းမအုပ်ဘဲ တည်ခင်းမိ၏။ ထိုအခါ သီဟပတေ့သည် မိမိအား တည်သောလက်ဖက်ကို မစားဘဲ စောမွန်နှစ်အား တည်သော လက်ဖက်ကို စား၏။ စောမွန်နှစ်က "အဆွေ၊ အဘယ်ကြောင့် သင့်အား တည်သော လက်ဖက်ကိုမစားဘဲ ကျွန်ုပ်ကို တည်သော လက်ဖက်ကို စားသနည်း" ဟု မေး၏။

"ငါးစီးရှင်သည် သူများ၏ လက်ဖက်ပွဲကို ဖက်ဝန်းအုပ်၏။ ငါ့လက်ဖက်ပွဲကိုမူ ဖက်ဝန်းမအုပ်။ ဤသို့ပြုခြင်းသည် ငါ့အား မိုလ်ပုံအလယ်၌ အရှက်ခွဲခြင်းသာဖြစ်၏။ ငါးစီးရှင်သည် သူတစ်ထူး၏ ကျေးဇူးကို သိတတ်သူဟုဆိုသော်လည်း ငါ့ကျေးဇူးကိုမူ မသိတတ်။ သို့ဖြစ်၍ ငါသည် ငါးစီးရှင်ကို ခြားနားတော့အံ့"ဟု သီဟပတေ့က ပြော၏။ ထိုအခါ စောမွန်နှစ်က "သီဟပတေ့၊ အလျင်မလိုပါနှင့်ဦး။ ဘဝရှင် မင်းကြီးထံ သွား၍ ကျွန်ုပ် စုံစမ်းကြည့်ပါဦးမည်"ဟု ဆိုကာ နန်းတော်သို့ဝင်၍ ငါးစီးရှင်ထံမှောက် ခစား၏။ ထို့နောက် "အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် သီဟပတေ့၏ လက်ဖက်ပွဲကို ဖက်ဝန်းမအုပ်ဘဲ တည်တော်မူ၏။ သီဟပတေ့က ငှက်ပျောရွက်သည် ရွှေးခြမ်းမျှ အဖိုးမတန်။ သူ့ကို မိုလ်ပုံ အလယ်၌ အရှက်ခွဲလို၍သာ ဖက်ဝန်းမအုပ်ခြင်းဖြစ်မည်ဟု ယူဆကာ အရှင့်ကို ပုန်ကန်ခြားနားရန် ကြံခဲ့သည်"ဟု လျှောက်တင်၏။ စောမွန်နှစ်၏ စကားကို ကြားရသောအခါ ငါးစီးရှင်က "ငါသတိမေ့လျော့၍ ဖက်ဝန်းမအုပ်မိချေ" ဟု ဝန်ခံတော်မူ၏။

ထို့နောက် "သီဟပတေ့သည် ငါကဲ့သို့သော ဆင်ဖြူငါးစီးရှင်ကို ခြားနားဝံ့ မည်လော။ ငါ၏ဘုန်း၊ လက်ရုံးပညာတော်ကို သီဟပတေ့ မသိ၍သာ ကြံခြင်းဖြစ်ရာမည်။ သီဟပတေ့ကို အရေးယူပါကလည်း ငါအသိမ်းအမြန်းမတတ်၍ ရိုင်းပျသည်ဟု သူတကာ အပြစ်ဆိုလိမ့်မည်" ဟု ဆို၏။ ငါးစီးရှင်သည် သီဟပတေ့ကို အမှုက်တော်မရှိသည့်အပြင် ရှေ့တော်သို့ ခေါ်ယူကာ "သီဟပတေ့၊ ငါသည် သတိမေ့လျော့၍ ဖက်ဝန်းမအုပ်မိ။ ငါ့အပြစ်ကို သည်းခံပါလော့။ သင်သည် ငါ့ကို အထင်လွဲ၍သာ ပုန်ကန်ရန်ကြံ၏။ ဤအပြစ်ကိုလည်း ငါသည်းခံ၏" ဟု ဆိုကာ သီဟပတေ့ကို အန်းပေါင်စော်ဘွား ဆက်သလာသည့် မြင်းနက်တစ်စီးကို ရွှေကနှင့်တကွ ချီးမြှင့်တော်မူ၏။

ဦးကုလားမဟာရာဇဝင်ကြီးနှင့်ရာဇဝင်ဝါဒကျမ်း မှ

နွားသေကို မြက်ကျွေးသူ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအခါ သူကြွယ်မျိုး၌ သုဇာတမည်သော သတို့သား ရှိ၏။ သုဇာတအရွယ်ရောက်သောအခါ အဘိုးဖြစ်သူ ကွယ်လွန်၏။ သုဇာတ၏ အဖသည် မိမိ၏ ဥယျာဉ်တွင် မြေပုံစေတီ တည်ကာ ဖခင်၏ အရိုးဘို့ကို ထည့်သွင်းမြှုပ်နှံ၍ ပန်းဖြင့်နေ့စဉ် ပူဇော်၏။ ဖခင်ကို အောက်မေ့ တသကာ ငိုကြွေး၏။ သောကဖိစီး၍ ရေ မချိုး၊ နံ့သာမလိမ်းမကျံ၊ မစားမသောက်ဘဲနေ၏။ ထိုအခါ သုဇာတ သတို့သားသည် ငါ့အဖကား အဘိုးသေသော ကာလမှ စ၍ သောကဖိစီးခြင်းကို ခံရ၏။ ငါသည် အဖအား ဥပါယ်တံမျဉ်ဖြင့် သောက ကင်းဝေးအောင် ပြုမည်ဟု ကြံစည်၏။

တစ်နေ့သော် ရွာပြင်၌ နွားသေတစ်ကောင်ကို မြက်ကျွေး၊ ရေတိုက်ပြီးလျှင် စားလော့၊ သောက်လော့ဟု ဆိုနေသော သုဇာတ

ကို ရွာသူရွာသားများ တွေ့ရလေ၏။ ရွာသူ ရွာသားတို့သည် "အချင်းသုဇာတ၊ အဘယ်ကြောင့် နွားသေကိုမြက်ကျွေး၊ ရေတိုက်နေသနည်း။ သင်ရူးနေပြီလော" ဟု ဆို၏။ သုဇာတသည် ခွန်းတုံ့မပြန်ဘဲနေ၏။ ထိုအခါ ရွာသူရွာသားတို့သည် သုဇာတ၏ အဖ သူကြွယ်ထံ သွားရောက်၍ "အသင့်သား သုဇာတသည် နွားသေကို မြက်ကျွေး၏။ ရေတိုက်၏။ အသင့်သား ရူးချေပြီ" ဟု ဆို၏။ ထိုစကားကို ကြားရသော သူကြွယ်သည် ကွယ်လွန်သူ ဖခင်အတွက် စိုးရိမ်သောကရောက်မှုများ ရုတ်တရက် ပျောက်ကွယ်သွားကာ သားအတွက် စိုးရိမ်သောက ရောက်ရပြန်၏။

၈

သူကြွယ်သည် သားထံသို့ လျင်မြန်စွာသွား၍ "သုဇာတ၊ သင်သည်နွားသေကို မြက်ကျွေး၍ စားလော့၊ စားလော့ဟု အဘယ်ကြောင့်ဆိုသနည်း။ ရေပေး၍ သောက်လော့၊ သောက်လော့ဟု အဘယ်ကြောင့် ဆိုသနည်း။ သင်မြက်ကျွေး ရေတိုက်သော်လည်း နွားသေသည် ထလာမည်မဟုတ်။ သင်သည် ပညာရှိပါလျက် အဘယ်ကြောင့် ဤသို့ပြုသနည်း" ဟု မေး၏။

"ဖခင်၊ ဤနွား၏ ဦးခေါင်း၊ ခြေလက်၊ အမြီးတို့သည် ရှင်စဉ်ကကဲ့သို့ပင်ရှိ၏။ ထို့ကြောင့် နွားကိုမြက်ကျွေး၊ ရေတိုက်သော် ထလိမ့်မည်ဟု အောက်မေ့၏။ အဘိုးမှာကား ဦးခေါင်း၊ ခြေလက် တို့သည် ရှင်စဉ်ကကဲ့သို့မဟုတ်ပြီ။ အဘိုး၏အရိုးကို မြေပုံစေတီ တည်၍ မနေမစဲ ငိုကြွေးသော ဖခင်သည်သာ ပညာမဲ့သည်သာ တည်း" ဟု ဖြေ၏။

သုဇာတ၏ စကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ဖခင် သူကြွယ်သည် မိမိစိုးရိမ်သောက ဖြစ်ရခြင်းကား အကျိုးမရှိဟု သိလိုက်၏။ ခပ်သိမ်းသောအရာတို့သည် အမြဲမရှိဟု သဘောပေါက်ကာ စိုးရိမ်သောက မရှိတော့ချေ။

ထို့ကြောင့် သူကြွယ်သည် "ငါ့သား သုဇာတသည် သောက အလျှံတညီးညီး၊ တောက်လောင်နေသော ငါ့အား ငြိမ်းအေးစေ၏။ ငါသည် ငါ့အဖအတွက် သောကရောက်ရ၏၊ သောကသည် ငါ့အား ဖိစီး နှိပ်စက်၏၊ ငါ့နှလုံး၌ စူးဝင်နေသော သောကငြောင့်ကို သုဇာတသည် နုတ်ယူ၏။ ငါ့သား၏ စကားကို ကြားရပြီးနောက် ငါသည် ငြိမ်းအေး၏။ စူးနစ်နေသော ငြောင့်၏ နှိပ်စက်ခြင်းမှ ကင်းလွတ်၏။ ထို့ကြောင့် ငါသည် သောက မရောက်ပြီ၊ မငိုပြီ" ဟု ဆိုကာ သားကို ချီးမွမ်းလေသတည်း။

ပဉ္စကနိပါတ်၊ သုဇာတဇာတ် မှ



ကျေးညီနောင်

လွန်လေပြီးသောအခါ တောင်ဟန်းတစ်ခုရှိ လက်ပံတော၌ ကျေးညီနောင်တို့ နေ၏။ တောင်တန်း၏လေညာအရပ်၌ ခိုးသားငါးရာတို့ နေထိုင်သောရွာရှိ၏၊ လေကြေအရပ်၌ ရသေ့ငါးရာတို့ သီတင်းသုံးသော ကျောင်းသင်္ခမ်းရှိ၏။ တစ်ခါသော် လက်ပံတော၌ လေပြင်းတိုက်ခတ်၏။ ထိုအခါ အတောင်ပေါက်ခါစမျှသာဖြစ်သော ကျေးညီနောင်တို့သည် လေဒဏ်ကို ကြံ့ကြံ့မခံနိုင်ဘဲ လေသယ်ရာသို့ ပါကာ တကွဲတပြားစီဖြစ်သွားလေ၏။ ကျေးငယ်တစ်ကောင်သည် ခိုးသားတို့ရွာရှိ လက်နက်ပုံအကြား၌ ကျသဖြင့် ခိုးသားတို့က သတ္တိဂုမ္ဗ ဟုအမည်ပေးကာ ကျွေးမွေးထား၏။ ကျေးငယ်တစ်ကောင်ကား ရသေ့တို့၏ ကျောင်းသင်္ခမ်းရှိ ပန်းရုံ ပန်းချုံအကြား၌ ကျသဖြင့် ရသေ့တို့က ပုပ္ဖကဟုအမည်ပေးကာ ကျွေးမွေးထား၏။ သတ္တိဂုမ္ဗ ကျေးသားသည် ခိုးသားငါးရာနှင့် ပေါင်းဖော်ကြီးပြင်း

ရှိ၏။ ပုဏ္ဏကကျေးသားသည် ရသေ့ငါးရာနှင့် ပေါင်းဖော်ကြီးပြင်း
ရ၏။

တစ်နေ့သောအခါ ဥတ္တရပဉ္စာလမြို့ရှင် ဘုရင်မင်းမြတ်
သည် နောက်လိုက် နောက်ပါတို့နှင့်တကွ တောကစားထွက်တော်
မူ၏။ တောသို့ရောက်သောအခါ မင်းကြီးက—

"တစ်ခုတစ်ဦး စောင့်ကြပ်ဖမ်းဆီးရန် တာဝန်ကျရာ အရပ်မှ
သားကောင်ထွက်ပြေး လွတ်မြောက်သည်ရှိသော် ထိုသူသည် လွတ်
မြောက်သွားသောသားကောင်နောက်သို့လိုက်၍အမိ ဖမ်းရမည်" ဟု
အမိန့်ရှိကာ ချုံကွယ်ရာအရပ်အသီးသီး၌စောင့်ကြပ်စေ၏။ မင်းကြီး
ကိုယ်တော်တိုင်လည်း တစ်ခုသောချုံကွယ်ရာအရပ်မှစောင့်၏။ မင်း
ကြီး၏ နောက်လိုက်နောက်ပါတို့သည် တောချုံတို့ကို ရိုက်ပုတ်၍
လည်းကောင်း၊ ကျယ်လောင်စွာအော်ဟစ်ခြင်းဖြင့်လည်းကောင်း တော
မြောက်စေမှု သမင်တစ်ကောင်သည် ထွန့်ထွက်၍ မင်းကြီး ပုန်းကွယ်
စောင့်ကြပ်ရာအရပ်သို့ ဦးတည်ပြေးလေ၏။ ပြေးလာသောသမင်ကို
မင်းကြီးဖမ်း၏။ မမိ။ သမင်လွတ်ပြေးလွတ်မြောက်သည်ရှိသော် တော
ကစားသူတို့သည် "ရွှေသမင်တစ်ကောင်ထွက်၊ မင်းကြီးတာကထွက်" ဟု
ကြက်ရယ်ပြု၏။ ထိုအခါ မင်းကြီးသည်းမခံနိုင်ဖြစ်၍ ရထားထိန်းကို
မှာကြား မြင်းတော်ရထားဖြင့် သမင်နောက်သို့လိုက်၏။ သမင်သည်
အသက်ဘေးမှ လွတ်မြောက်လို့ ရကာ ပြင်းမြန်သောအဟုန်ဖြင့် ချုံကို
ပွ ရွှံ့ပြေး၏။ ချောက်ကိုဆင်း၍ပြေး၏။ ကုန်းကိုတက်၍ ပြေး၏။
မင်းကြီးလည်း သမင်ကိုရလိုဇောဖြင့် ချုံကိုလွှား၍လိုက်၏။ ချောက်
ကိုဆင်း၍လိုက်၏။ ကုန်းကိုတက်၍လိုက်၏။ သို့သော်သမင်ကိုပိုက်၍
မမိ၊ ဝမ်းနည်းခြင်းဖြစ်ရလေသည်။ ဤသို့ဖြင့် မင်းကြီး၏ ရထားသည်
ခိုးသားငါးရာတို့ရွာအနီး၌ စမ်းချောင်းနံဘေးသို့ ရောက်သွား၏။
မင်းကြီးလည်း ပင်ပန်းနွမ်းနယ်လွန်းသဖြင့် စမ်းရေတွင် ရေမိုးချိုး
ကာ သစ်တစ်ပင်အောက်၌ အိပ်ပျော်လေ၏။ ခိုးသားတို့သည်မင်းကြီး
နှင့်ရထားထိန်းတို့ကိုမြင်သောအခါ ရွာမှဲကာတော၌ပုန်းလျှိုကြ၏။
ရွာ၌ထမင်းချက်ခိုးသားနှင့်သတ္တိဂုဏ်ကျေးသားသာလျှင် ကျန်ရစ်ခဲ့၏။

ထိုခဏ၌ သတ္တိဂုမ္ဗ ကျေးသားသည် ရွာမှထွက်သော် သစ်ပင်ရင်း၌ အိပ်ပျော်နေသော မင်းကို မြင်၏။ အဖိုးထိုက်သော မင်းဝတ်တန်ဆာကို မြင်၏၊ ပတ္တမြားနားတောင်းကို မြင်၏၊ ကကြိုး တန်ဆာ အပြည့်အစုံနှင့်ရထားကို မြင်၏။ ထိုအခါ သတ္တိဂုမ္ဗ ကျေးသားသည်—

“အဝတ်တန်ဆာတို့ကို ချွတ်ယူကြကုန်စို့။ ပတ္တမြားနားတောင်းကို ချွတ်ယူကြကုန်စို့။ ငါတို့ အနိုင်အထက် လုယက်ပြီးလျှင် နှစ်ယောက်လုံးကို သတ်၍ သစ်ခက်ဖြင့် ဖုံးလွှမ်းထားကုန်အံ့”ဟု ထမင်းချက်ခိုးသားအား ကျယ်လောင်သော အသံဖြင့် ပြော၏၊ မင်းကြီးနိုး၍ သတ္တိဂုမ္ဗ၏ ကြမ်းကြုတ်သော စကားကို ကြားရကား ဤနေရာသည် ဘေးအန္တရာယ် ထူပြောသော နေရာဟု တွေးမိပြီးလျှင် ရထားထိန်းအား ရထား အမြန်နှင်စေပြီး အရပ်တစ်ပါးသို့ ဖဲခွာလေ၏။ မင်းကြီး ထွက်ခွာသည်ကို သတ္တိဂုမ္ဗ ကျေးသားမြင်လျှင်—

“ခိုးသားတို့၊ ခိုးသားတို့၊ မင်း ထွက်ပြေးသွား လေပြီ။ အသက်ရှင်လျက် မလွတ်စေရ။ ဓားလှံ လေးမြားတို့ကို ကိုင်၍ ဝမ်းကြကုန်၊ ဆီးကြကုန်”ဟု ဟစ်ကြွေးလေ၏။

မင်းကြီးသည် ရထားကို အပြင်း နှင်စေခဲ့ရာ ရသေ့ ငါးရာတို့၏ ကျောင်းသင်္ခမ်းသို့ ရောက်သွားလေ၏။ သူတော်စင် ရသေ့တို့နှင့် အတူတကွ ပေါင်းဖော် ကြီးပြင်းလာရသော ပုပ္ဖက ကျေးသားသည် သူတော်စင် ရသေ့တို့၏ သိမ်မွေ့နူးညံ့သော အပြုအမူ၊ အပြောအဆို၊ အကြံအစည်ကို အတုယူရကား ကျောင်းထက်သို့ တက်လာသော မင်းကြီးကို မြင်လျှင်—

“အရှင်မင်းကြီး၊ အရှင်မင်းကြီး ကြွလာတော်မူခြင်းကား ကောင်းသော ကြွလာခြင်းတည်း။ အပြစ်ကင်းသော ကြွလာခြင်း တည်း။ ဤအရပ်သို့ ကြွလာတော်မူသော အရှင်မင်းကြီးသည်

အလိုရှိရာကို မိန့်တော်မူပါ။ ပျားရည် အရသာရှိသော တည်သီး၊ လွန်သီး၊ သစ်မည်စည်သီး၊ သရက်ဖြူသီး၊ သခွားသီးတို့ ရှိပါ၏။ ချိုနိုးရာရာကို သုံးဆောင်တော်မူပါ။ တောင်ချောက်ကြားမှ ခပ်ထားသော ဤရေသည် အေးမြလှပါ၏။ အရှင်မင်းကြီး အလိုတော်ရှိပါလျှင် ရေအိုးစင်မှယူ၍ သောက်ဘော်မူပါ။ အရှင်မင်းကြီး လိုရာကို ဆောင်ယူပေးရန် ကျွန်ုပ်၌ လက်မရှိပါသဖြင့် ကိုယ်တော်တိုင် ထ၍ ယူတော်မူပါ''ဟု ယဉ်ယဉ်ကျေးကျေး ချိုချိုသာသာ ပြော၏။

မင်းကြီးသည် ပုပ္ဖကကျေးသား၏ ချိုသာသော စကားကို ကြားရသောအခါ ကြမ်းကြုတ်သော သတ္တိဂုမ္ဗ ကျေးသားကို သတိရကာ–

''ဤကျေးသားကား လောကွတ် ကောင်းလှ၏။ ကျွန်ုပ် တွေ့ခဲ့သော ကျေးသားတစ်ကောင်မှာမူ လုပါ၊ ယက်ပါ၊ သတ်ပါ၊ ဖြတ်ပါဟု ယုတ်မာ ကြမ်းတမ်းသော စကားကို ဆို၏။ ကျေးသားချင်းတူသော်လည်း အမူအရာ ခြားလှ၏''ဟု ဆို၏။

ထိုအခါ ပုပ္ဖက ကျေးသားက ''အရှင်မင်းကြီး၊ အရှင်မင်းကြီး တွေ့ခဲ့သော ကျေးသားကား ကျွန်ုပ်၏ ညီငယ်ကျေးသားပင် ဖြစ်ပါ၏။ ကျွန်ုပ်တို့ညီနောင်သည် လေပြင်းတိုက်ခတ်သဖြင့် တကွဲတပြားစီ ဖြစ်၏။ ညီငယ်ကျေးသားသည် လေနောက်သို့ ပါသွားပြီး ခိုးသားတို့၏ လက်နက်ပုံ အကြား၌ ကျရောက်သဖြင့် သတ္တိဂုမ္ဗ ဟု အမည်ပေးကာ ခိုးသားတို့ ကျွေးမွေးစောင့်ရှောက်ထားပါသည်။ ကျွန်ုပ်ကား ရသေ့ကျောင်းသခ်မ်းရှိ ပန်းရုံပန်းချုံ အကြား၌ ကျရောက်သဖြင့် ရသေ့တို့က ပုပ္ဖက ဟု အမည်ပေးကာ ကျွေးမွေးစောင့်ရှောက်ထားပါသည်။ အရှင်မင်းကြီး၊ ငါးပုပ်ကို ဖွဲ့ချည်သော သမန်းမြက်တွင် ငါးပုပ်နံ့ စွဲသကဲ့သို့ ခိုးသားများနှင့် ပေါင်းဖော် ကြီးပြင်းရသော သတ္တိဂုမ္ဗ၌ ညစ်ညမ်းသော၊ ကြမ်းကြုတ်သော၊ မိုက်မဲသော အမူအရာတို့ စွဲသတည်း။ အရှင်မင်းကြီး၊

တောင်ဇလပ်ပန်းကို ထုပ်သောဇက်၌ တောင်ဇလပ်၏ အမွှေးနံ့သာ စွဲသကဲ့သို့ သူတော်စင် ရသေ့တို့နှင့် ပေါင်းဖော်သော ကျွန်ုပ်၌ သူတော်စင်တို့၏ ဖြူစင်သောအမူအရာတို့ စွဲသတည်း။ အရှင်မင်းကြီး၊ တစ်စုံတစ်ဦး၏ အမူအကျင့်၊ အပြောအဆို၊ အကြံအစည်တို့သည် မိမိ၏ အပေါင်းအဖော်ကိုလိုက်၍ ပေါ်ပေါက်သည်သာတည်း'' ဟု တရားဟောရကား မင်းကြီးလည်း ပုပ္ပကကျေးသား၏ တရား၌ ကြည်ညိုကာ ချမ်းမြေ့ကြည်နူးခြင်း ဖြစ်ရလေသတည်း။

ဝိသတိနိပါတ်၊ သတ္တိဂုမ္ဗဇာတ် မှ

ဘီလုံးနှင့် သိမ်းငှက်

လွန်ခလေပြီးသောအခါ ထွန်ကျစ်စာမြေစိုင်ခဲများရှိရာ အရပ်၌ ဘီလုံးငှက်တစ်ကောင် နေ၏။ ထိုဘီလုံးငှက်၏ အဖ အဘိုး တို့လည်း ထိုအရပ်၌ပင် နေထိုင် ကျက်စားခဲ့ကြ၏။

တစ်ခါသော် ဘီလုံးငှက်သည် မိမိ ကျွမ်းကျင်လိမ္မာသော ကျက်စားရာအရပ်၌ အစာမရှာဘဲ အခြားတစ်ပါးသော အရပ်၌ အစာရှာအံ့သောငှာ တောအုပ်၏အဆုံးသို့ သွား၏။ သိမ်းငှက် တစ်ကောင်သည် တောအုပ်အဆုံး၌ ဘီလုံးငှက် အစာရှာနေသည် ကို မြင်သဖြင့် အဆောတလျင် ထိုးသုတ် ချီယူသွား၏။

ထိုသို့ ချီယူသွားစဉ် ဘီလုံးငှက်သည် “အကယ်၍သာ ငါ ကျွမ်းကျင်လိမ္မာရာအရပ်၊ ငါနှင့် လျော်ကပ်သောအရပ်၌ ကျက်စားမိအံ့။ ဤသိမ်းငှက်သည် ယခုကဲ့သို့ ထိုးသုတ်ခြင်းငှာ စွမ်းနိုင်မည်မဟုတ်” ဟု ဘီလုံးငှက်သည် ငိုကြွေး မြည်တမ်း၏။

ဤသို့ ငိုကြွေးမြည်တမ်းသည်ကို ကြားရသောအခါ "အသင်ဘီလုံးငှက်၊ အသင် ကျက်စားရာအရပ်ကား အဘယ်နည်း၊" ဟု သိမ်းငှက်က မေး၏။

"ထွန်ကျစ်စာ မြေစိုင်ခဲများရှိသော အရပ်သည်ကား ငါ ကျက်စားရာ အရပ်တည်း" ဟု ဘီလုံးငှက်က ဖြေ၏။

မိမိ၏ အစွမ်းကို ယုံစားသော သိမ်းငှက်က "ဘီလုံးငှက်၊ အသင် ကျက်စားရာအရပ်သို့ သွားသော်လည်း ငါ့လက်မှ မလွတ်နိုင်" ဟု ဆိုကာ ဘီလုံးငှက်၏ ကျက်စားရာအရပ်သို့ လွှတ်ပေး၏။

ဘီလုံးငှက်သည် ကြီးစွာသော မြေစိုင်ခဲပေါ်သို့ တက်ပြီးလျှင် "သိမ်းငှက်၊ ယခုပင် လာလော့" ဟု သိမ်းငှက်ကို ခေါ်၍ ရပ်၏။ သိမ်းငှက်သည် အတောင်နှစ်ဖက်ကို ဖြန့်၍ ဘီလုံးငှက်ထံ ကြီးမားသော အဟုန်ဖြင့် ထိုးဆင်းလာ၏။ ဘီလုံးငှက်သည် မိမိ အနီးသို့ သိမ်းငှက်ရောက်လျှင် မြေစိုင်ခဲအကြားသို့ ဝင်၏။ သိမ်းငှက်သည် အရှိန်မသတ်နိုင်ဘဲ မြေစိုင်ခဲနှင့် တိုက်မိ၍ ရင်နှစ်ခြမ်းကွဲကာ အသက်ကုန်လေ၏။

ဒုကနိပါတ်၊ သကုဏဂ္ဃိဇာတ် မှ

မြို့ဟောင်းမြို့သစ်

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့မြောက် အရပ်၌ရှိသော သာလိန္ဒိယ မည်သော ရွာတွင် ကောသိယဂေါတ္တ မည်သော ပုဏ္ဏားနေ၏၊ ထိုပုဏ္ဏားသည် အပယ်တစ်ထောင်ရှိသောလယ်၌ သလေးစိုက်၏၊ လယ်ကို သူရင်းငှား ချ၍ စောင့်ရှောက်စေ၏။ သူရင်းငှားလည်း လယ်ဓတာ၌ လယ်စောင့်တဲထိုးကာ နေ့ညဉ့်မပြတ်စောင့်ရှောက်၏။

ကောသိယဂေါတ္တလယ်၏ အရှေ့မြောက်အရပ်၌ လက်ပံတောကြီးရှိ၏။ ထိုလက်ပံတော၌ ကျေးများ မှီတင်းနေထိုင်၏၊ ထိုကျေးအပေါင်းတို့၏ကျေးမင်းကားအဆင်းလှ၏။ ခွန်အားကြီး၏၊ ကျေးမင်း၌ အိုမင်းမစွမ်း၊ ရှိသော မိဘရှိ၏၊ ကျေးမင်းသည် မိဘနှစ်ပါးအား အစာရှာမသွားစေဘဲ လက်ပံတော၌သာ နေစေကာ မိဘနှစ်ပါးအတွက် အစာတို့ကိုဆောင်ယူလျက် ကျွေးမွေးပြုစု၏။

တစ်ခါသော် ကျေးမင်းနှင့် ကျေးသားအပေါင်းတို့သည် ကောသိယဂေါတ္တ၏ လယ်တောသို့ အုပ်ဖွဲ့ပျံသန်းကာ သလေးနှံတို့ကို စားသောက်ကြ၏။ ကောသိယဂေါတ္တ၏ သူရင်းငှားသည် ထိုမှ ဤမှ ပြေးလျက် ကျေးများကို ခြောက်လှန့်တားမြစ်၏။ သို့သော်မရ။ ကျေးတို့သည် အလိုရှိသမျှ စားသောက်ပြီး ပျံကြ၏။ ကျေးမင်းမှာမူ မိဘများအတွက် သလေးနှံများကို နှုတ်သီးဖြင့် ကိုက်ချီဆောင်ယူလျက် ပျံသန်း၏။ ကျေးမင်းနှင့်တကွ ကျေးများသည် လယ်တောသို့ နေ့စဉ်ရက်ဆက် လာရောက် စားသောက်သောအခါ သူရင်းငှားလည်း လယ်ရှင်ကောသိယဂေါတ္တထံ သွား၍ ဤသို့ အကြောင်းကြား၏။

"အရှင်၊ သလေးလယ်သည် သလေးနှံတို့နှင့် ပြည့်စုံ၏။ ထိုသလေးနှံတို့ကို ကျေးတို့ဝင်ရောက် စားသောက်ကြ၏။ တားမြစ်ခြင်းငှာ မစွမ်းသာ။ ထိုကျေးအပေါင်းတို့တွင် တစ်ကောင်သော ကျေးသည် နီသောနှုတ်သီး၊ ချင်ရွှေးစေ့နှင့်တူသော မျက်စိ၊ နီသော လည်ရေးသုံးရစ်ရှိ၏။ ဥဒေါင်းငှက်မျှ ကြီးမားသော ကိုယ်ခန္ဓာလည်းရှိ၏၊ ဤသို့သော ကောင်းခြင်းများနှင့် ပြည့်စုံသော ကျေးသည် သလေးတို့ကို အလိုရှိသမျှစားသောက်ပြီးလျှင် အပြန်တွင် သလေးနှံတို့ကို ကိုက်ချီယူဆောင်၍ သွားတတ်၏"

"အို ယောကျ်ား၊ မြင်းမြီးကျော့ကွင်းထောင်၍ ထိုကျေးကို အရှင်ဖမ်းကာ ငါ့ထံ ယူခဲ့လော့" ဟု ကောသိယဂေါတ္တ ပုဏ္ဏားက မှာကြား၏။

ပုဏ္ဏား မှာကြားချက်အတိုင်း သူရင်းငှားသည် ကျေးမင်း ဆင်းသက်ရာ၌ ကျော့ကွင်း ဆောင်ထား၏။ ကျေးမင်းသည် ကျော့ကွင်း၌ မိလေ၏။ ကျေးမင်းသည် ကျော့ကွင်း၌မိကြောင်း အခြားကျေးများကို ချက်ချင်း မသိစေဘဲ မြည်သံမပေး တိတ်ဆိတ်စွာ သည်းခံ အောင့်အည်းနေ၏။ အခြားကျေးတို့ အစာစားပြီးလောက်မှ ကျော့ကွင်းမိသည့်အသံကို သုံးကြိမ်တိုင်တိုင်ပြု၏။ ကျေးတို့သည်

ကျေးမင်း၏ အသံကို ကြားသောအခါ ဘေးအန္တရာယ် ရှိသည်ကို သိ၍ ဝေးရာသို့ ပျံကြ၏။

သူရင်းငှားသည် ကျေးမင်း၏ မြည်သံကိုလည်းကောင်း၊ အခြားသောကျေးတို့ ရုတ်ရုတ်သဲသဲ ပျံသည့်အသံကိုလည်းကောင်း ကြားရကား ကျောက်ကွင်းထောင်ရာအရပ်သို့ သွားရောက်ကြည့်ရှု၏။ ကျောက်ကွင်း၌မိသော ကျေးမင်းကို ကောသိယဝေါဟ္ထံသို့ သွားရောက်ပေးအပ်၏။

ကောသိယဝေါဟ္ထသည် ကျေးမင်းအား ရင်ခွင်၌ထားပြီးလျှင် "အမောင်ကျေးသား၊ အမောင်ကျေးသားသည် အခြားသော ကျေးသားတို့ကဲ့သို့မဟုတ်ဘဲ သလေးနှံတို့ကို အလိုရှိသမျှ စားသောက်သည့်အပြင် ကိုက်ချီ ယူဆောင်၍ သွားသေး၏။ လက်ပံတော၌ ကျီကြဲဆောက်ကာ ငါ၏သလေးနှံတို့ဖြင့် ထိုကျီကြဲတို့ကို ဖြည့်လေသလော" ဟု မေး၏။

ထိုအခါ ကျေးမင်းက "အရှင်၊ ငါ၌ ကျီကြဲ မရှိ။ ငါသည် ကြွေးမြီဟောင်းကို ဆပ်ခြင်းအလို့ငှာ၊ ကြွေးမြီသစ်ကို ချခြင်းအလို့ငှာ၊ ဥစ္စာရွှေအိုးကို မြှုပ်နှံခြင်းအလို့ငှာ အပြန်တွင် သလေးနှံတို့ကို ကိုက်ချီဆောင်ယူသွား၏" ဟု ဖြေ၏။

"အမောင် ကျေးသား၊ ကြွေးမြီဟောင်းဆပ်ခြင်း ဆိုသည်မှာ အဘယ်နည်း။ ကြွေးမြီသစ်ချခြင်း ဆိုသည်မှာ အဘယ်နည်း။ ဥစ္စာရွှေအိုး မြှုပ်နှံခြင်းဆိုသည်မှာ အဘယ်နည်း" ဟု ပုဏ္ဏားက မေး၏။

"အရှင်၊ ငါ၏မိဘသည် အိုမင်းမစွမ်းရှိပြီ။ မိဘနှစ်ပါး အတွက် သလေးနှံတို့ကို ဆောင်ယူကျွေးမွေးပြုစု၏။ ဤသည်ကား ကြွေးမြီဟောင်းကို ဆပ်ခြင်းမည်၏။ ငါ၌ အတောင်အလက် မစုံ သေးသော ငယ်နုသည့် သားငယ်တို့ ရှိ၏။ ထိုသားငယ်တို့ကို ငါကျွေးမွေးပြုစု၏။ ဤသည်ကား ကြွေးမြီသစ်ချခြင်း မည်၏။

အရှင်ပုဏ္ဏား၊ လက်ပံတောင်၌ အင်အားနည်းပါး၍ အစာရှာမတွေ့နိုင်သော ကျေးတို့ရှိ၏။ ထိုကျေးတို့အား ငါသည် ကောင်းမှုကို လို၍ အစာပေး၏။ ဤသို့ပေးခြင်းကို ဥစ္စာမြှုပ်နှံခြင်းဟု ပညာရှိတို့က ဆိုကုန်၏'' ဟု ကျေးမင်းက ရှင်းလင်းပြောပြ၏။ မိဘကျေးဇူးကို သိတတ်သော ကျေးမင်းအား ကောသိယဂေါတ္တပုဏ္ဏားသည် ကြည်ညိုသည်ဖြစ်၍ မိမိပိုင်သော ပယ်တစ်ထောင်ရှိသည့် လယ်၌ ကျေးအပေါင်းတို့ လိုသလို စားသောက်ခွင့် ပေး၏။ ကျေးမင်းသည် ရှစ်ပယ်မျှသော လယ်ကိုသာ ယူ၏။

ပုဏ္ဏားသည် ရှစ်ပယ်သော လယ်ကို ကျေးမင်းအား ဖစ်နှင်းပူဇော်၍ ''အရှင်ကျေးမင်း၊ မျက်ရည်ဖြင့် စိုစွတ်နေမည် ဖြစ်သော မိဘနှစ်ပါးအား နှစ်သိမ့်ရန် ပျံသန်းပါလော့'' ဟု ဆို၏။ ကျေးမင်းလည်း သလေးနှံတို့ကို ကိုက်ချီ၍ လက်ပံတောသို့ ပျံသန်းပြီးလျှင် မိဘရှေ့၌ ချ၏။ ကျော့ကွင်းမှ လွတ်လာသော ကျေးမင်းကို မြင်လျှင် မျက်ရည်ဖြင့် စိုစွတ်သော မိဘနှစ်ပါးသည် စိတ်ငြိမ်းချမ်း ရွှင်လန်းကာ ဝမ်းပန်းတသာ ဖြစ်ရ၏။

ပကိဏ္ဏကနိပါတ်၊ ကောသိယဇာတ် ၄



ရှဲကုန်သည် နှစ်ဦး

လွန်လေပြီးသောအခါ သေရိဝတိုင်း၌ ရှဲကုန်သည် နှစ်ဦး ရှိ၏။ တစ်ဦးသော ရှဲကုန်သည်ကား လောဘကြီး၏။ အခြား ရှဲကုန်သည်ကား လောဘနည်း၏။ ကောင်းရောင်းကောင်းဝယ် ပြု၏။

တစ်ခါသော် ရှဲကုန်သည်နှစ်ဦးသည် အရောင်းအဝယ် အလို့ငှာ နီလဝါဟမည်သော မြစ်ကိုကူး၍ အရိဋ္ဌပုရမြို့သို့ ဝင်၏။ ရှဲရောင်းရမည့် လမ်းများကို နှစ်ဦးသဘောတူ ခွဲဝေ သတ်မှတ်ကြ၏။ တစ်ဦးရောင်းချပြီးသည့် လမ်းကိုမှ နောက်တစ်ဦးက ထပ်မံ ဝင်ရောက် ရောင်းချခွင့် ရှိ၏။

အရိဋ္ဌပုရမြို့၏ တစ်ခုသောလမ်းတွင် မြေးအဘွားနှစ်ယောက် ရှိ၏။ သူဌေးမျိုး ဖြစ်သော်လည်း စီးပွားပျက်သဖြင့် သူတစ်ပါး၏ အခစားအဖြစ် အသက်မွေးရ၏။ ထိုမြေးအဘွားအိမ်၌ ရွှေခွက်မှန်း

မသိနိုင်လောက်အောင် အကြေးအညှိတက်နေသော ခွက်တစ်ခွက် ရှိ၏။

လောဘကြီးသော ရွှံကုန်သည်သည် မြေးအဘွား နေသော လမ်းသို့ ဝင်၍ ရွှံရောင်း၏။ ရွှံကုန်သည်ကို မြင်သောအခါ မြေး ဖြစ်သူ သူငယ်မက အဘွားအား ရွှံဝယ်ပေးရန် ပူဆာ၏။

''မြေးငယ်၊ ငါတို့သည် ဆင်းရဲ၏။ အဘယ်ကိုပေး၍ ဝယ်ရ အံ့နည်း''ဟု အဘွားက ဆို၏။

မြေးငယ်သည် အကြေးအညှိ တက်နေသော ရွှေခွက်ကို ရွှေခွက်မှန်း မသိသဖြင့် ''အဘွား၊ ဤခွက်ကိုပေး၍ ဝယ်ပါလော့'' ဟု ဆိုကာ ခွက်ကိုပေး၏။

အဘွားလည်း ရွှံကုန်သည်ကိုခေါ်၍ ခွက်ကိုပေးကာ ''ဤ ခွက်ကိုယူ၍ သင့်မြေးအား တစ်စုံတစ်ခုသော ရွှံကိုပေးလော့'' ဟု ဆို၏။ လောဘကြီးသော ကုန်သည် သည် ခွက်၏ကျောကို ကြည့်၏။ အပ်ဖြင့် ခြစ်ကြည့်၏။ ရွှေခွက်ဖြစ်မှန်း သိ၏။ သို့သော် တစ်စုံတစ်ခုမျှ မပေးဘဲ ရွှေခွက်ကို ရယူလိုသောကြောင့် ဤခွက်သည် ပဲဝက်မျှပင် အဖိုးမထိုက်ဟု ဆို၍ မြေသို့ပစ်ချကာ သွား၏။ လောဘနည်းသော၊ ကောင်းရောင်းကောင်းဝယ်ပြုသော ကုန်သည်သည် မြေးအဘွားတို့ နေရာသို့ ရောက်လာ၏။ မြေးမကလေးက ရွှံဝယ်ပေးရန် ပူဆာ ပြန်၏။

အဘွားက ''ရွှံကုန်သည်တစ်ဦးသည် ခွက်ကို အဖိုးမတန် ဟု ဆိုကာ မြေသို့ပစ်ချ ထွက်သွားလေပြီ၊ အဘယ်အရာကိုပေး၍ ရွှံဝယ်ရမည်နည်း'' ဟုဆို၏။ ထိုအခါ မြေးမကလေးက ''အဘွား၊ ယခုလာသော ရွှံကုန်သည်ကား ရှုချင်ဖွယ် ရှိ၏။ နူးညံ့ပြေပြစ်သော စကားကို ဆို၏၊ ခွက်ကို ယူတန်ကောင်း၏''ဟု ပြောလေ၏။

သူငယ်မသည် ရွှံကုန်သည်ကိုခေါ်၍ ခွက်ကိုပေးကာ ရွှံနှင့် လဲလှယ်ရန် ပြော၏။ ထိုအခါ ရွှံကုန်သည် သည် ခွက်ကိုကြည့်၍ ''ဤခွက်သည် အဖိုးတစ်သိန်း ထိုက်သော ရွှေခွက်ဖြစ်၏၊ ငါ၌ ထိုသပြာတစ်သိန်းမရှိ''ဟု ဆို၏။

"အရှင်၊ အရှင့်ထက် အဦးလာသောရွှဲကုန်သည်ကား ဤခွက်ကို ပဲဝက်မျှပင် မထိုက်ဟု ဆိုခဲ့၏။ ဤခွက်သည် ရွှေခွက်ဖြစ်သော် သင်နှင့်သာ ထိုက်ပေသည်။ ငါတို့အား တစ်စုံတစ်ခုမျှ ပေး၍ ရွှေခွက်ကို အသင်ယူလော့"ဟု အဘွားက ပြော၏။ ထိုအခါ ရွှဲကုန်သည်သည် ရောင်းချရသော အသပြာ ငါးရာကိုလည်းကောင်း၊ အသပြာ ငါးရာနှင့် အဖိုးညီသော ပစ္စည်းဥစ္စာတို့ကို လည်းကောင်း မြေးအဘွားတို့အား ပေး၏။ ထို့နောက်မှ ချိန်ခွင်နှင့် ရှစ်အသပြာကို မြေးအဘွားထံမှ တောင်းယူပြီး နိလဝါဟမြစ်ဆိပ်သို့ သွားပြီးလျှင် ကူးတို့စီးကာ ပြန်၏။

လောဘကြီးသော ရွှဲကုန်သည်သည် မြေးအဘွားထံ တစ်ကျော့ပြန်ပြီး "ခွက်ကိုယူခဲ့လော့။ တစ်စုံတစ်ခုကို ငါပေးအံ့"ဟု ဆို၏။ ထိုအခါ မြေးအဘွားနှစ်ဦးသည် ရွှဲကုန်သည်အား ရန်မတွေ့၏။

"ငါတို့၏ အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို ပဲဝက်မျှပင် မထိုက်ဟု သင်ဆို၏။ တရားစောင့်သော၊ ကောင်းရောင်းကောင်း ဝယ်ပြုသော ကုန်သည်ကမူ အဖိုးတစ်ထောင် ပေး၍ ရွှေခွက်ကို ယူသွားပြီ"

ထိုစကားကို လောဘကြီးသော ရွှဲကုန်သည်ကြားသောအခါ "ငါဆုံးရှုံးလေပြီ၊ ဆုံးရှုံးလေပြီ" ဟု စိုးရိမ်ပူပန်ခြင်း ကြီးစွာဖြင့် မိန်းမော၍ လက်ဝယ်ရှိသော အသပြာတို့ကိုလည်းကောင်း၊ ဥစ္စာပစ္စည်း တို့ကိုလည်းကောင်း အိမ်တံခါး၌ကြဲ၍ ခါးဝတ်မျှ မပါဘဲ ကူးတို့ဆိပ်သို့ ပြေးလေ၏။

ကူးတို့ဆိပ်သို့ရောက်သော် မြစ်သယ်သို့ရောက်နှင့်သော၊ ရွှေခွက်ရရှိသော ရွှဲကုန်သည်ကိုမြင်ရကား ကြီးစွာသော လောဘဇောက နှိပ်စက်သည်ဖြစ်၍ သွေးအန်၏။ နှလုံးကွဲ၍ အသက်ဆုံး၏။

ဧကနိပါတ်၊ သေရိဝဝါဏိဇဇာတ် ၅

ဒုဋ္ဌကုမာရ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်းတွင် ဒုဋ္ဌကုမာရ မည်သော သားရှိ၏။ ဒုဋ္ဌကုမာရ သည် ရုန့်ရင်း၏၊ ကြမ်းကြုတ်၏။ မဆဲရေး မပုတ်ခတ်ဘဲ စကားကို မဆိုတတ်၊ ထို့ကြောင့် မင်းခစားတို့သည် ဒုဋ္ဌကုမာရကို မနှစ် သက်ကြ၊ ကြောက်ရွံ့ကြ၏၊

တစ်နေ့သောအခါ ဒုဋ္ဌကုမာရသည် ရေကစားလိုရကား မြစ်ကမ်းပါးသို့ အခြံအရံ အစေအပါးများနှင့် သွား၏။ ထိုစဉ် ကောင်းကင်တစ်ခွင်၌ မိုးရိပ်ဆင်၍ အရပ်ရှစ်မျက်နှာ မှောင်မိုက်၏။ ဒုဋ္ဌကုမာရ မင်းသားသည် အစေအပါးတို့အား မိမိကို မြစ်လယ်သို့ ဆောင်၍ ခရချိုးစေ၏။ အစေအပါးတို့သည် ဒုဋ္ဌကုမာရအား မြစ် လယ်သို့ ဆောင်၍ ဤသူယုတ်ကို သေစေအံ့ ဟု တိုင်ပင်ပြီး မင်း

သားကို မြစ်လယ်၌ထားခဲ့၏။ မင်းသားသည် မြစ်ရေစီး၌ မျောပါသွား၏။ ထိုစဉ် ထင်းတုံး တစ်တုံးကို မြင်သဖြင့် ဘွယ်ဖက်စီးနင်းလေ၏။ မိုးကြီး သည်းလတ်သော် မင်းသားသည် သေဘေးကို ကြောက်သည်ဖြစ်၍ ငိုကြွေး၏။

ဒုဋ္ဌကုမာရ မျောပါနေသော မြစ်ရိုးတစ်လျှောက်၌ ရေလျှံရကား မြစ်နားနေ မြွေတစ်ကောင်နှင့် ကြွက်တစ်ကောင်သည် ဒုဋ္ဌကုမာရ စီးနင်း လိုက်ပါလာသော ထင်းတုံးဆီသို့ ကူးခပ်၍ တုံးစွန်း တစ်ဖက်တစ်ချက်၌ နေရာယူကြ၏။ မြစ်ရိုးရှိ လက်ပံပင်၌ နေသော ကျေးသားငယ်သည် လက်ပံပင်ကို ရေတိုက်စားသဖြင့် နေရာမဲ့ဖြစ်၏။ မိုးကြီး သည်းသဖြင့် အဝေးသို့မပျံနိုင်ရကား မင်းသား၊ မြွေ၊ ကြွက်တို့ စီးနင်းလိုက်ပါလာသော ထင်းတုံးပေါ်၌ပင် နားရလေ၏။

မိုးကြီး သည်း၏။ ရေစီးကြမ်း၏။ လှိုင်းထန်၏။ မှောင်မိုက်၏။ ထို့ကြောင့် အသည်းငယ်သော ဒုဋ္ဌကုမာရသည် ကျယ်လောင်စွာ ငိုကြွေး၏။ ဒုဋ္ဌကုမာရ၏ ငိုကြွေးသံကို တစ်ခုသော မြစ်ကွေ့၌ နေသော ရသေ့တစ်ပါးသည် သန်းခေါင်အခါ စကြံသွားနိုက် ကြားလိုက်ရ၏။

ရသေ့သည် "ငါသို့သော မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံသူ ရှိပါလျက် ဤယောကျ်ား အသက်မသေသင့်။ ငါ၏အသက် ဆုံးပါစေ။ ဤယောကျ်ားကို ရေမှဆယ်ယူအံ့" ဟု၍ ကြံစည်လျက် ရေစီးကြမ်းသော မြစ်ကို ကူးခပ်၏။ ထင်းတုံးကို ဆယ်ယူ၏။ ကမ်းသို့ရောက်သည်ရှိသော် မင်းသားကိုပွေ့ချီ၍ ကမ်းပေါ်သို့ တင်၏။ ထို့နောက် မြွေ၊ ကြွက်၊ ကျေး တို့ကိုမြင်၍ ချီယူပြီးလျှင် ကျောင်းသခ်မ်းသို့ ဆောင်ခဲ့၏။ ကျောင်းသခ်မ်းသို့ ရောက်သောအခါ မီး မိုး၏။ အလွန်အားနည်းနေသော မြွေ၊ ကြွက်၊ ကျေးတို့ကို ရှေး

ဦးစွာ မီးလှုံစေ၏။ ထို့နောက်မှ မင်းသားကို မီးလှုံစေ၏။ အစာပေးသောအခါ၌ မြွေ၊ ကြွက်၊ ကျေးတို့အား ရှေးဦးပေး၍ မင်းသားအား နောက်မှပင် ပေး၏။ ထိုအခါ မင်းသားသည် ငါသို့သော မင်းသားကိုပင် အဦးမပြုရ။ တိရစ္ဆာန်တို့ကိုသာ မြတ်နိုးသဖြင့် အဦးပြုရ၏ဟုတွေးကာ ရသေ့အား အငြိုးဖွဲ့၏။ မင်းသား၊ မြွေ၊ ကြွက်၊ ကျေးတို့သည် ကျောင်းသခ်မ်း၌ ရက်အနည်းငယ်မျှနားနေပြီးသောအခါ ပြန်လည်အားပြည့်လာ၏။ မိုးလည်းစဲပြီဖြစ်၍ မိမိတို့နေရာသို့ ပြန်ရန် ပြင်ဆင်ကြ၏။

မြွေက ရသေ့အားရှိခိုး၍“အရှင်၊အရှင်သည် အကျွန်ုပ်အားကျေးဇူးပြုပေသည်။ အကျွန်ုပ်သည် ကုဋေလေးဆယ် ထိုက်သော ရွှေအိုးတို့ မြှုပ်နှံထားရာကို သိပါ၏။ အရှင် အလိုရှိသောအခါ အကျွန်ုပ်ထံလာ၍ ဒီဃ မြွေဟု ခေါ်ပါ”ဟု လျှောက်ထား၍ ပြန်လေ၏။ ကြွက်သည်လည်း ကုဋေသုံးဆယ် ထိုက်သော ရွှေအိုးနေရာကို သိရကား မြွေကဲ့သို့ပင် လျှောက်ထား၍ ပြန်လေ၏။

ကျေးကမူ “အကျွန်ုပ်သည် သလေးစပါးကို ပေးနိုင်စွမ်းပါ၏။ အကျွန်ုပ်ထံလာ၍ ဒီဃ ကျေးသားဟု ခေါ်တော်မူပါ။ အကျွန်ုပ်နှင့်တကွ အဆွေအမျိုးတို့က သလေးစပါးတို့ကို ဆက်ကပ်ပါမည်”ဟု လျှောက်ထား၍ မိမိအရပ်သို့ပြန်လေ၏။

မြွေ၊ ကြွက်၊ ကျေးတို့၏ စကားကိုကြားရသော ဒုဋ္ဌကုမာရမင်းသားသည် တစ်စုံတစ်ခုသော စကားကိုမဆိုဘဲ မသွားသင့်ဟုတွေးလျက်“အရှင်၊ အကျွန်ုပ် မင်းဖြစ်သည်ရှိသော် လာတော်မူလော့။ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပါအံ့”ဟု လျှောက်တင်ပြီးလျှင် ကျောင်းသခ်မ်းမှ ဖဲခွာ၏။ မကြာမီ ဒုဋ္ဌကုမာရ မင်းပြု၏။

အတန်ကြာသောအခါ ရသေ့သည် မိမိကယ်ဆယ် ခဲ့သူတို့ စကားမှန်မမှန်ကို စူးစမ်းရန်အလို့ငှာ ရှေးဦးစွာ မြွေရှိရာအရပ်သို့

သွား၍ "အို မြွေ" ဟု ခေါ်၏။ မြွေသည်လျှောက်ထားခဲ့သည့် အတိုင်း ရွှေအိုးတို့ကို ဆက်၏။ ရသေ့က အလိုရှိသောအခါ ပြောကြားအံ့ ဟု ဆိုပြီးလျှင် ကြွက်ထံသို့ ခရီးဆက်၏။ ကြွက်ကိုခေါ်သော် ကြွက်သည်လာရောက်၍ မြွေနည်းတူပြုကျင့်၏။ ရသေ့လည်း အလိုရှိသော အခါ ပြောကြားအံ့ဟု ဆိုပြီးလျှင် ကျေးသားထံသို့ ခရီးဆက်၏။ ကျေးလည်းရသေ့အား ရိုသေစွာ ရှိခိုးပြီး သလေးစပါးတို့ကို ဆက်ကပ်နိုင်ရန် အစဆွအမျိုးတို့အား အကြောင်းကြားပါအံ့ဟု လျှောက်၏။ ရသေ့လည်းအလိုရှိသော်သိစေအံ့ဟုဆိုပြီးလျှင် ဒုဋ္ဌကုမာရမင်းထံ သွား၏။

ဒုဋ္ဌကုမာရ မင်းသည် ရသေ့ကို မြင်သည် ရှိသော် ရသေ့အား အငြိုးဖွဲ့သည်ဖြစ်၍ ဤရသေ့ယုတ်သည် သူ၏ကျေးဇူးကို မိုလ်ပုံအလယ်၌ ပြ၍ ငါ့ထံမှ တစ်စုံတစ်ရာကို တောင်းလိမ့်မည်ဟုစတွးကာ မင်းချင်းတို့အား ရသေ့ကို ဖမ်းဆီးချုပ်နှောင်ရန် မိန့်၏။ လမ်းလေးခွရောက်တိုင်း ရိုက်ပုတ်ရန်လည်းကောင်း၊ မြို့ပြင်သုသာန်၌ ရက်စက်စွာ သတ်ရန်လည်းကောင်း မိန့်၏။ မင်းချင်းတို့သည် ဘုရင်ဆိုသည့် အတိုင်းပြု၏။ လမ်းလေးခွ၌ အရိုက်ခံရတိုင်း ရသေ့သည် အမိကို မတ၊ အဖကို မတ။ "မြစ်၌မျောသော ထင်းတုံးကို ဆယ်ရခြင်း မြတ်၏။ ကျေးဇူးကန်းသော သူယုတ်ကို ကယ်တင်ခြင်းကား မမြတ်ဟု ပညာရှိတို့ဆိုသောစကားသည်မှန်၏" ဟု မြည်တမ်း၏။

ရသေ့စကားကို ကြားရသော သူတို့အနက် ပညာရှိများများစွာ ပါဝင်ရကား ထိုသူတို့က "အို ရသေ့၊ သင်သည် ငါတို့မင်းကြီးအား ကျေးဇူးပြုခဲ့ဖူးသလော" ဟု မေး၏။

"ငါသည် ရှေးပညာရှိတို့၏ စကားအတိုင်း မကျင့်မိဘဲ သင်တို့၏မင်းကြီးကို အသက်စွန့်၍ ရေမှကယ်ဖူး၏။ ဤသို့ကယ်မိခြင်းကြောင့် ဆင်းရဲရောက်ရ၏" ဟု ဆို၏။

ထိုစကားကို ကြားရကုန်သော သူတို့သည် ငါတို့မင်းကား အသက်ကိုပေး၍ ကျေးဇူးပြုခဲ့သူကိုပင် ကျေးဇူးကန်းသူပေတကား။ ထိုသို့သော မင်းကိုမှီ၍ ငါတို့ အဘယ်သို့ စီးပွားချမ်းသာ ဖြစ်နိုင်ပါအံ့နည်း။ ဤမင်းယုတ်ကို ဖမ်းကုန်လော့ဟု ကြွေးကြော်လျက် မင်းကို ဖမ်းကြ၏။ မြားလှံ စသော လက်နက်တို့ဖြင့် မင်းယုတ်ကို သတ်ကြ၏။ ရသေ့ကို မင်းပြုစေ၏။ ရသေ့သည် မင်းအဖြစ် မှရောက်သောအခါ တရားသဖြင့် အုပ်စိုး၏။ မြွေ၊ ကြွက်၊ ကျေးသားတို့အား နန်းတော်သို့ မဆောင်ကာ ချီးမြှင့်မြှောက်စားပြီးလျှင် အသက်ထက်ဆုံး အညီအညွတ် နေထိုင်ကြလေ၏။

ဧကနိပါတ်၊ သစ္စံကိရဇာတ် မှ



မိဘအတွက် အသက်ရင်းသူ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ တစ်နေ့တွင် ထိုမင်းသည် မှူးမတ်အခြွေအရံများနှင့် တောသို့ဝင်၍ သမင်လိုက်၏။ မတောသို့ရောက်သောအခါ မင်းသည် "မိမိစောင့်ရန်တာဝန်ကျသောနေရာမှ သမင်လွတ်ပြေးပါက ထိုသူအား ဒဏ်ခတ်မည်" ဟု မှူးမတ် အခြွေအရံတို့အား ကြားသိစေ၏။ ထို့နောက် တစ်ခုတာလုံး ပဲ့တင်ထပ်အောင် တောခြောက်စေ၍ သမင်ဖမ်း၏။ သမင်တစ်ကောင်သည် မင်းကြီးကျရာ တာသို့ ဦးဘည် ပြေးလာရာ မင်းသည် သမင်ကို မြားဖြင့်ပစ်၏။ သို့သော် သမင်သည် မင်းကြီးတာမှပင် ထွက်ပြေး လွတ်မြောက်သွား၏၊ အမတ်တို့သည် တိတ်တခိုး ပြက်ရယ်ပြုကြ၏။

မင်းသည် မိမိတာမှ သမင်လွတ်မြောက်သွားသဖြင့် အမိအရ ဖမ်းရန်သမင်ပြေးရာသို့လိုက်၏။ အဘန်ဝေးသောအရပ်၌ သမင်ကို

မိ၏။ သန်လျက်ဖြင့်ပိုင်း၍ သမင်ကိုထမ်းလာရာ ပင်ပန်းလွန်းသည်ဖြစ်၍ ပညောင်ပင်တစ်ပင်၏အရိပ်အောက်သို့ ခိုဝင်လဲလျောင်းအပန်းဖြေရင်း အိပ်ပျော်သွား၏။ ထိုပညောင်ပင်ကို ဘီလူးစောင့်၏။ ဘီလူးသည် ပညောင်ရိပ်ကို နင်းသူ၊ ပညောင်ရိပ်အောက် ဝင်သူတို့ကို စားပိုင်၏။ ထို့ကြောင့် ဘီလူးသည် မင်းကိုတွေ့သောအခါ "ငါ့အစာဖြစ်ပြီ" ဟု ဆိုကာ လက်ကိုဆွဲ၏။ မင်းက "သင်မည်သူနည်း" ဟုမေးရာ ဘီလူးက "ငါကား ပညောင်ပင်စောင့်ဘီလူးတည်း။ ဤပညောင်ပင်အောက်သို့ဝင်လာသူမှန်သမျှကို စားပိုင်၏" ဟု ဆို၏။ ထိုအခါ မင်းက "သင်သည် ယနေ့သာလျှင် စားလိုသလော၊ နေ့စဉ်မပြတ်စားလိုသလော" ဟု မေး၏။ "နေ့စဉ်မပြတ်စားလို၏" ဟု ဘီလူးက ဖြေ၏။ ဘီလူးစကားကိုကြားသော် မင်းက "သို့ဖြစ်လျှင် ယနေ့အဖို့ ဤသမင်သားကိုသာစား၍ ငါ့ကို လွှတ်လော့။ သင့်အဖို့မနက်ဖြန်မှစ၍ ထမင်းခွက်နှင့်တကွ လူတစ်ယောက်ကို ပို့ပေးအံ့" ဟု ဆို၏။ ဘီလူးက "မေ့လျော့၍ မပို့သောနေ့တွင် သင့်ကိုလာ၍စားအံ့" ဟု ခြိမ်းခြောက်ရာ မင်းက "ငါသည် ဗာရာဏသီမင်းတည်း။ ကတိ တည်အံ့" ဟု ဆိုသဖြင့် ဘီလူးသည် မင်းကို လွှတ်လိုက်၏။

မင်းသည် မြို့သို့ရောက်သောအခါ အမတ်တစ်ဦးအားခေါ်၍ အကြောင်းစုံပြောပြ၏။ ထို့နောက် အမတ်၏ အကြံဉာဏ်ယူကာ အကျဉ်းထောင်မှ တစ်နေ့ လူတစ်ယောက်ကျ ထုတ်၍ ဘီလူးထံ ထမင်းထုပ် ပို့စေ၏။ ဘီလူးသည် ထမင်းကိုလည်းစား၏။ ထမင်းပို့သူကိုလည်း စား၏။ သို့ဖြင့် အကျဉ်းထောင်မှ လူများကုန်သွားရာ ထမင်းပို့မည့်သူ မရှိတော့သဖြင့် မင်းသည် ကြောက်ရွံ့တုန်လှုပ်၏။ ထိုအခါ အမတ်က "မင်းကြီး၊ မစိုးရိမ်လင့်။ ဆင်ကျောထက်၌ ဥစ္စာထောင်ထုပ်ကိုတင်၍ ထမင်းပို့သူကို ရှာအံ့" ဟု ဆို၏။ အမတ်လည်း ဆိုတိုင်းပြု၏။

ဆင် ကျောထက်၌ ထောင်ထုပ် တင်၍ စည်လည်သည်ကို သုတနု အမည်ရှိ သူဆင်းရဲ ကြား၏။ သုတနုသည် သူရင်းငှား

လုပ်ရာမှ ရသော ဝဝက်မျှသောအခနှင့် မိဘကို လုပ်ကျွေး၏၊ အဖသေသော် အမိကို လုပ်ကျွေး၏။ စည်လည်သည်ကို ကြားသော် သုတနုသည် ဥစ္စာတစ်ထောင်ကိုယူ၍ အမိအား ပေးအပ်ပြီးလျှင် ဘီလူးထံ ထမင်းပို့သွားအံ့၊ ဘီလူးနှင့် တွေ့လျှင် ဘီလူးအား ဆုံးမအံ့၊ ဆုံးမ၍မရလျှင်လည်း ငါ့အမိသည် ဥစ္စာတစ်ထောင်ဖြင့် ချမ်းသာစွာ နေရအံ့ ဟု ကြံမိ၏၊ ထိုအကြံကို မိခင်အား ပြောပြ၏။ မိခင်က "အမောင်၊ ဤသို့မပြုလင့်။ ငါသည် ဥစ္စာကို အလိုမရှိ" ဟု တားမြစ်၏၊ သုတနုက နှစ်ကြိမ်တိုင်တိုင် အခွင့်တောင်း၏။ မိခင်ကလည်း နှစ်ကြိမ်တိုင်တိုင် တားမြစ်၏။ တတိယအကြိမ် ခွင့်မပန်တော့ဘဲ သုတနုသည် စည်လည်ရာသို့ သွားကာ ဥစ္စာထောင်ထုပ်ကို ယူ၍ မိခင်အား ကန်တော့ကာ "မိခင်၊ မစိုးရိမ် မပူပန်ပါလင့်။ အကျွန်ုပ်သည် ဘီလူးအား ဆုံးမ၍ ပြန်လာအံ့။ ထိုအခါ မျက်ရည်နှင့်စိုစွတ်သော မိခင်မျက်နှာကို ရွှင်လန်းစေအံ့"ဟု ဆို၏။

သုတနုသည် မင်းထံသွား၍ ခြေနင်းကိုလည်းကောင်း၊ ထီးကိုလည်းကောင်း၊ သန်လျက်ကိုလည်းကောင်း တောင်းခံ၏၊ ထို့နောက် မင်းစားသော ထမင်းကို ရွှေခွက်တွင် ထည့်စေ၏။ မင်းလည်း သုတနု အလိုရှိသမျှကို ပေးလေ၏။

သုတနုသည် ခြေနင်းကိုစီး၊ ထီးကိုဆောင်း၊ သန်လျက်ကို ကိုင်၊ ရွှေခွက်နှင့် ထမင်းကို ဆောင်၍ ဘီလူးရှိရာ ပညောင်ပင်သို့ သွား၏။ ပညောင်ရိပ်၏ အပြင်ဘက်၌ ရပ်လျက် ဘီလူးအား ခေါ်ကာ ထမင်းပို့လာကြောင်း ပြော၏။ ဘီလူးက ဖြားယောင်း၍ သုတနုအား ပညောင်ပင်ရိပ်အတွင်းသို့ ဝင်အောင် ပြုကာ စားမည်ကြံ၏၊ ထိုအကြံကို သိသော သုတနုက ဘီလူးအား "သင့်ထံ ထမင်းပို့သူတိုင်း အသက်ဆုံးရှုံးရကား ထမင်းပို့မည့်သူ မရှိ၍ ငါ လာပို့၏။ ယခု ငါ့အား သင်စားလိုက်လျှင် ဗာရာဏသီ တစ်ပြည်လုံး၌ ထမင်းပို့သူကို ရှာတွေ့တော့မည် မဟုတ်။ သို့ဖြစ်လျှင် သင်လည်း အစာမရဘဲ ဖြစ်အံ့၊ ထမင်းပို့သူ မရှိသဖြင့် သင်သည်

မင်းအား ဖမ်းယူရန် အခွင့်မရှိ။ အဘယ်ကြောင့်ဆိုသော် မင်းသည် သင် စိုးပိုင်ရာ သစ်ပင်ရိပ်၏ ပြင်ပ၌ ရှိသောကြောင့်တည်း။ သင်သည် ငါ့ကိုလည်း စားပိုင်ခွင့် မရှိ။ ငါသည် သင်စိုးပိုင်ရာ မြေကို မနင်း၊ ခြေနင်းကိုသာ နင်း၏။ သင်၏ ပညောင်ရိပ် အောက်သို့လည်း ငါမဝင်၊ ထီးရိပ် အောက်၌သာ ငါနေ၏။ သို့စင်လျက် သင်သည် ငါ့အား ရန်ပြုငြားအံ့။ ဤသန်လျက်ဖြင့် သင့်အား အပိုင်းပိုင်း ခုတ်ထစ်ပစ်အံ့။ အကယ်၍ ငါ့အား လွှတ်လိုက်ပါမူ သင့်ထံ ထမင်းပို့မြဲပို့ရန် မင်းအား လျှောက်တင်ပေးအံ့''ဟု ခြိမ်းခြောက်ပြောဆို၏။ ဘီလူးသည် သုဘနု၏ စကားသည် မိမိ၏ အကျိုးကို လိုလား၍ ပြောဆိုသော စကားဖြစ်မည်ဟု ယုံကြည်ကာ "သုတနု၊ သင့် မိခင်ထံ သင်ပြန်ပါလော့။ သင့်အား သင့်မိခင် မြင်သဖြင့် စိတ်ချမ်းသာခြင်း ဖြစ်ပါစေလော့''ဟု ဆို၏။ ထို့နောက် သုတနုက ဘီလူးအား အသက်သတ်၍ မစားရန် ဖျောင်းဖျပြောဆိုရာ ဘီလူးကဝန်ခံသဖြင့် မြို့တံခါး၌ စောင့်စေရန်ခေါ်လာ၏။ ဗာရာဏသီ မင်းလည်း သုတနု နောက်မှ ထီး၊ သန်လျက်၊ ရွှေခွက် တို့ကို ကိုင်ဆောင်၍ လိုက်လာသော ဘီလူးကို မြင်ရကား သုတနု အောင်မြင်သည်ကို သိ၍ ဝမ်းသာအားရ ဖြစ်၏။ သုတနုအား စစ်သူကြီးအရာပေး၍ သုတနု၏ အဆုံးအမကို ခံယူ၏။

သတ္တကနိပါတ်၊ သုတနုဇာတ် မှ

လျှို့ဝှက်ချက်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအခါ ကုန်သည်ငါးရာတို့သည် သင်္ဘောဖြင့် သမုဒ္ဒရာ ခရီးသွားကာ ကုန် ကူးသန်း၏။ ခုနစ်ရက် မြောက်သော နေ့၌ သမုဒ္ဒရာ၌ သင်္ဘောပျက်၏။ လူတစ်ယောက်မှလွဲ၍ ကျန်လူအားလုံး အသက်ဆုံး၏။ အသက်ရှင် ကျန်ရစ်သူသည် ရေနှင့် မျောပါလာပြီး၊ ကရမ္ဗိယ သင်္ဘောဆိပ်၌ တင်၏။ ထိုလူသည် အဝတ်မပါဘဲ ကမ်းသို့ တက်လာသောအခါ မြင်ရသူတို့က အလိုလေဘ နည်းသော၊ ရောင့်ရဲလွယ်သော သူတော်စင်ဟုမှတ်ကာ ဆည်းကပ် ကိုးကွယ် ကြ၏။ ထိုအခါမှစ၍ ထိုသူသည် ကရမ္ဗိယ တက္ကတွန်းဟု ထင်ရှား၏။

နဂါးမင်းသည်လည်းကောင်း၊ ဂဠုန်မင်းသည်လည်းကောင်း ကရမ္ဗိယ တက္ကတွန်းထံ အဖူးအမြော် လာလေ့ရှိ၏။ တစ်ခါတွင်

ဂဠုန်မင်းသည် တက္ကတွန်းအား ရိုသေစွာ ရှိခိုးလျက် "အရှင်ဘုရား၊ ဂဠုန်တို့သည် နဂါးတို့ကို သမုဒ္ဒရာ၌ ဖမ်းယူသောအခါ သေကျေပျက်စီး ကြရပါသည်ဘုရား။ မည်သည့်အတွက်ကြောင့် ဤသို့ ပျက်စီးရသည်ကို တပည့်တော်တို့ မသိပါ။ အရှင်ဘုရားသည် နဂါးမင်းအား ချစ်ခင်မြတ်နိုးဟန်ပြုကာ နဂါးတို့၏ လျှို့ဝှက်ချက်ကို မေးမြန်းပေးနိုင်ပါမည်လော"ဟု လျှောက်ထား၏။ တက္ကတွန်းက မေးပေးမည်ဟု ဝန်ခံ၏။

နဂါးမင်း လာသောအခါ တက္ကတွန်းက "နဂါးမင်း၊ ဂဠုန်တို့သည် သင်တို့ကို ဖမ်းယူသောအခါ သမုဒ္ဒရာ၌ ပျက်စီးရ၏။ အဘယ်ကြောင့်နည်း"ဟု မေး၏။ ထိုအခါ နဂါးမင်းက "အရှင်ဘုရား၊ ဤအကြောင်းကား လျှို့ဝှက်ထားသော အကြောင်းတည်း။ အကယ်၍ ဤအကြောင်းကို ထုတ်ဖော်ပြောငြားအံ့။ အကျွန်ုပ်သည် ကျွန်ုပ်၏ အမျိုးအဆွေတို့ကို သတ်ရာ ရောက်ပါလိမ့်မည်" ဟု ပြော၏။ "နဂါးမင်း၊ ငါသည် သင်တို့၏ လျှို့ဝှက်ချက်ကို သူတစ်ပါးအား ပြောပြမည် ထင်မှတ်သလော။ ငါမပြောပါ။ သိလို၍ မေးခြင်းမျှသာဖြစ်၍ အသင်နဂါးမင်း စိုးရိမ်ကြောင့်ကြစရာ မလိုပါ။ ပြောမှာသာ ပြောပါ"ဟု ဆိုပြန်၏။ "အရှင်ဘုရား၊ အကျွန်ုပ် မပြောနိုင်ပါ" ဟု လျှောက်ထားပြီး ပြန်သွားလေ၏။ နောက်တစ်ခန္ နဂါးမင်း လာသောအခါ တက္ကတွန်းက မေးမြန်းပြန်၏။ နဂါးမင်းလည်း မဖြေဘဲ ပြန်သွား၏။ နောက်တစ်နေ့ လာသောအခါ၌လည်း မေးပြန်၏။ နဂါးမင်းထံမှ အဖြေမရ။ သို့နှင့် တတိယမြောက်နေ့သို့ ရောက်လာ၏။

တတိယမြောက်နေ့တွင် တက္ကတွန်းက "နဂါးမင်း၊ ငါမေးသည်မှာ ယနေ့ပါဆိုလျှင် သုံးရက်မြောက်၏။ အဘယ်ကြောင့် ငါ့အား မပြောသနည်း"ဟု မေး၏။ "အရှင်ဘုရားသည် သူတစ်ပါးအား ကျွန်ုပ်တို့၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောမိမှာ စိုး၍

မပြောခြင်းဖြစ်ပါသည်''ဟု နဂါးမင်းက လျှောက်၏။ တက္ကတွန်းက''နဂါးမင်း၊ သင်တို့၏ လျှို့ဝှက်ချက်ကို တစ်စုံတစ်ယောက်သော သူအား ငါထုတ်ဖော်မပြော။ မစိုးရိမ် မကြောင့်ကြဘဲ ငါ့အား ပြောလော့''ဟု ဆိုရာ နဂါးမင်းသည် တက္ကတွန်းကို ဝန်ခံ ကတိပြုစေပြီးလျှင်''အရှင် ဘုရား၊ အကျွန်ုပ်တို့သည် အလွန်ကြီးသော၊ အလွန်လေးလံသော ကျောက်တုံးကြီးများကို ငုံကာ ဂဠုန်တို့ကို ကိုက်မည်ကဲ့သို့ ခံတွင်းကို ဖွင့်၍ ရေ၌ဝပ်၏။ဂဠုန်တို့သည် ခေါင်းကို ဖမ်းယူကုန်၏။ အကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် အလွန်လေးလံသည်ဖြစ်၍ ဂဠုန်တို့ ရေမှ မထုတ်နိုင်ဘဲ ရေနစ်သေကြရ၏။အကယ်၍ ဂဠုန်တို့သည် အကျွန်ုပ်တို့၏ အမြီးကို ဖမ်းယူ၍ ဦးခေါင်းတွဲလျား ကျစေပါမူ မျိုထားသောကျောက်တုံးတို့ ခံတွင်းမှ အန်ကျကာ ဝန်ပေါ့သွားမည်ဖြစ်၍ အလွယ်တကူပင် ရေမှ ထုတ်နိုင်ပါမည်''ဟု လျှို့ဝှက် အပ်သော အကြောင်းကို ပြောပြလေ၏။ သီလမရှိသော တက္ကတွန်းသည် နဂါးတို့၏ လျှို့ဝှက်ချက်ကို နဂါးမင်းပြောသည့်အတိုင်း ဂဠုန်မင်းအား ပြောပြ၏။ ထိုအခါ ဂဠုန်မင်းက''နဂါးမင်းသည် အဆွေအမျိုးတို့ ပျက်စီးစေမည့် အကြောင်းကို မပြောအပ်ဘဲ ပြောပြခဲ့လေပြီ''ဟု ဆိုကာ နဂါးမင်းရှိရာသို့သွား၍ ပဏ္ဍရက နဂါးမင်း၏အမြီးကို ပြင်းထန်သောအဟုန်ဖြင့် သုတ်ချီ၏။ နဂါးမင်း မျိုထားသော ကျောက်တုံးသည် အန်ထွက်သောအခါ ရေမှထုတ်ယူ၍ ကောင်းကင်သို့ ပျံတက်၏။

ပဏ္ဍရက နဂါးမင်းသည် ဦးခေါင်းတွဲကျလျက် ''စကားကို နှုတ်မစောင့်သော၊ လျှို့ဝှက်အပ်ရာကို မလျှို့ဝှက်သော၊ လျှို့ဝှက်ချက်ကြားနာသူသည် ထိုလျှို့ဝှက်ချက်ကို စောင့်ထိန်းနိုင်ဖွယ် ရှိမရှိ မစူးစမ်းသော သူတို့သည် ငါ ပဏ္ဍရကနဂါး၊ ဘေးသင့်သကဲ့သို့ သင့်မည်သာတည်း။ ချစ်ခင်ယောင်ပြသော အဆွေခင်ပွန်းဟူသည် လျှို့ဝှက်ချက်ကို မသိထိုက်။ ရန်သူဖြစ်စေ၊ မိတ်ဆွေဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ သူတစ်ပါး၏ ပျက်စီးရာ ပျက်စီးကြောင်းကို

ပြုသောသူသည် လျှို့ဝှက်ချက်ကို မသိအပ်။ ငါသည် တက္ကတွန်းကို မြင့်မြတ်သူဟု ထင်မှတ်ကာ ဆည်းကပ်ခဲ့၏၊ လျှို့ဝှက်ချက်ကို ပြောပြခဲ့၏။ ယုတ်မာသူအား လျှို့ဝှက်ချက်ကို ပြောပြခြင်းသည် မိမိကိုယ်ကို မိမိသတ်ရာရောက်၏" ဟု မိမိအကြောင်းကို ပြောကာ ငိုကြွေး၏။

ထိုအခါ ဂဠုန်မင်းက "နဂါးမင်း၊ သင့်ကို ဖမ်းယူရာ၌ ငါတို့ သုံးဦးတွင် မည်သူသည် ကဲ့ရဲ့အပ်သူဖြစ်သနည်း။ ကရမ္ဗိယတက္ကတွန်းသည် ကဲ့ရဲ့အပ်သူလော၊ ငါသည် ကဲ့ရဲ့အပ်သူလော၊ သင်သည် ကဲ့ရဲ့အပ်သူလော၊ ငါ့ကို အဘယ့်ကြောင့် ဂဠုန်မင်း ဖမ်းယူနိုင်သည်ကို ဆင်ခြင်ကာ မိမိဘာသာ မိမိ ကဲ့ရဲ့လေလော့" ဟု ဆို၏။ ထို့နောက် ဂဠုန်မင်းသည် နဂါးမင်းကို ဆုံးမလို၍ "နဂါးမင်း၊ ပညာရှိတို့သည် အမိအဖကိုလည်းကောင်း၊ အဆွေအမျိုးတို့ကို လည်းကောင်း၊ ဇနီးခင်ပွန်းတို့ကို လည်းကောင်း လျှို့ဝှက်ချက်ကို မပြောဘဲ ရွှေအိုးကို စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်၏" ဟု ဆိုကာ နဂါးမင်းအား မြေမှာချထား၍ ဂဠုန်ပြည်သို့ ပြန်သွားလေ၏။

တိံသနိပါတ်၊ ပဏ္ဍရကဇာတ်မှ

အသက်ရှည်ဆေး

လွန်လေပြီးသောအခါ ကာသိတိုင်း၌ ဓမ္မပါလ အမည်ရှိသော ရွာရှိ၏။ ထိုရွာသည် ဓမ္မပါလ အမျိုးအနွယ်များနေသောကြောင့် ဓမ္မပါလရွာဟု အမည်ရ၏။ ကောင်းသောအကျင့်တရားကို ကျင့်ကြသောကြောင့် ဓမ္မပါလအမည်ဖြင့် ထင်ရှားသော ပုဏ္ဏားတစ်ဦးသည် ထိုရွာ၌ နေ၏။ ဓမ္မပါလ အမျိုးအနွယ်၏ ကျွန် အမှုလုပ်ကိုသည့်ပင် အလှူအတန်း စသည်ပြု၍ ကောင်းသော အကျင့်ကို ကျင့်ကြ၏။

ဓမ္မပါလပုဏ္ဏား၏ သား ဓမ္မပါလသတို့သား အရွယ်ရောက်သော် အဖက အသပြာတစ်ထောင် ပေး၍ တက္ကသိုလ်ပြည်သို့ အတတ်ပညာ သင်ယူရန် စေလိုက်၏။ ဓမ္မပါလ သတို့သားသည် တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခ ဆရာထံ၌ အတတ်ကို

သင်ယူ၏။ ဒိသာပါမောက္ခဆရာ၏ ငါးရာသော တပည့်တို့တွင် အကြီးအကဲ ဖြစ်လာ၏။

တစ်နေ့သ၌ ဒိသာပါမောက္ခ ဆရာ၏ သား သေ၏။ ဒိသာပါမောက္ခဆရာသည် တပည့် ဆွေမျိုးအပေါင်းတို့နှင့်တကွ ငိုကြွေးလျက် သားကို သုသာန်၌ သင်္ဂြိုဟ်၏။ သုသာန်၌ ဆရာသည်လည်းကောင်း၊ တပည့် ဆွေမျိုးတို့သည်လည်းကောင်း ငိုကြွေးကြကုန်၏။ ဓမ္မပါလ သတို့သား တစ်ယောက်သာလျှင် မငိုကြွေး။

တပည့်ငါးရာတို့သည် သုသာန်မှ လာပြီးလျှင် ဆရာ့ထံပါး၌ နေကုန်၍ "ကြည်ဘွယ် အံ့ဖွယ်ရှိစွ၊ ကောင်းသော အကျင့်နှင့် ပြည့်စုံသော နုပျိုသောသူငယ်သည် ငယ်ရွယ်သော အခါ၌ပင် မိဘတို့နှင့် ကွေကွင်းရဘိ၏။ သေရဘိ၏" ဟု ဆိုကုန်၏။

ထိုအခါ ဓမ္မပါလ သတို့သားက "အမောင်တို့၊ သင်တို့သည် ငယ်လှသေးသည်ဟု ဆိုကုန်၏။ ထိုသို့ ငယ်လျက် အဘယ်ကြောင့် သေသနည်း။ ငယ်ရွယ်ချိန်တွင် မသေသင့် မဟုတ်ခလော" ဟု ဆို၏။

ငါးရာသော လုလင်တို့သည် "အဆွေ ဓမ္မပါလ၊ သင်သည် သတ္တဝါတို့၏ သေမြဲဓမ္မတာကို မသိသလော" ဟု ဆို၏။

"အမောင်လုလင်တို့၊ သိကား သိ၏။ သေမြဲ ဓမ္မတာကို သိသော်လည်း ငယ်ရွယ်သော အချိန်ကာလ၌ သေသည်ကို မသိ။ အသက်အရွယ် ကြီးရင့်သောအခါ၌သာလျှင် သေသည်ကို သိ၏" ဟု ဓမ္မပါလ သတို့သားက ဆို၏။

"အဆွေ ဓမ္မပါလ၊ သင်တို့အိမ်၌ တစ်စုံတစ်ယောက်သော သူသည် ငယ်ရွယ်စဉ် မသေသလော" ဟု မေး၏။

"ငါတို့အမျိုး၌ ငယ်ရွယ်သော အချိန်တွင် သေသည် မရှိ။ အသက်အရွယ် ကြီးရင့်သောအခါမှသာလျှင် သေ၏" ဟု ဆို၏။

"ကြီးရင့်မှ သေခြင်းသည် သင်တို့၏ အမျိုးအနွယ်၌ အစဉ်အလာပေလော"ဟု မေး၏။

"အစဉ်အလာ ဖြစ်၏"ဟု ဆို၏။

လုလင်တို့သည် ဓမ္မပါလ၏စကားကို ဆရာအား မပြောကြားကြ၏။ ထိုအခါ ဓမ္မပါလလုလင်ကိုခေါ်၍ "အမောင် ဓမ္မပါလ၊ သင်တို့၏ အမျိုးဝယ် ငယ်ရွယ်သောအခါ၌ မသေဟု ငါကြားရသည်မှာ မှန်သလော"ဟု မေး၏။

"ဆရာ၊ မှန်၏"ဟု ဆို၏။

ဒိသာပါမောက္ခဆရာသည် ဓမ္မပါလလုလင်၏ စကားကို ကြားသောအခါ ဤဓမ္မပါလသည် အလွန် အံ့ဖွယ်သော စကားကို ဆို၏။ ဓမ္မပါလ၏ စကားသည် အကယ်မှန်သည် ဖြစ်အံ့၊ ငါသည်လည်း အသက်ရှည်သော အကြောင်းကို သိနိုင်အံ့ဟု ကြံ၏။ ထိုသို့ ကြံပြီးလျှင် ဒိသာပါမောက္ခဆရာသည် ဆိတ်၏ အရိုးတို့ကို ယူ၍ ရေဆေးပြီးနောက် အဝတ်၌ထည့်၏။ ထို့နောက် အလုပ်အကျွေး သူငယ်တစ်ဦးကိုခေါ်ကာ တက္ကသိုလ်ပြည်မှ ထွက်ခဲ့၏။

ဓမ္မပါလရွာရှိ မဟာဓမ္မပါလ ပုဏ္ဏားအိမ်သို့ ရောက်သောအခါ ဒိသာပါမောက္ခဆရာသည် "ပုဏ္ဏား၊ သင့်သား ဓမ္မပါလ သတို့သားသည် ပညာရှိ၏။ အတတ်တို့ကို အပြီးတိုင်တတ်၏။ သို့ပါသော်လည်း၊ တစ်စုံတစ်ခုသော ရောဂါဖြင့် အသက် ဆုံးခဲ့ချေပြီ၊ အရာခပ်သိမ်းသည် အမြဲမရှိကုန်။ စိုးရိမ်ပူပန်ခြင်း မဖြစ်ပါလင့်" ဟု ဆို၏။ ထိုစကားကို ကြားသောအခါ မဟာဓမ္မပါလ ပုဏ္ဏားသည် လက်ခုပ်တီး၍ အားပါးတရ ရယ်၏။ "ပုဏ္ဏား၊ အဘယ့်ကြောင့် ရယ်သနည်း" ဟု ဒိသာပါမောက္ခဆရာက ဆိုသော် "ငါ့သား ဓမ္မပါလသည် မသေ၊ တစ်ယောက်သော သူသာ သေသည် ဖြစ်လတ္တံ့"ဟု ပုဏ္ဏားဆို၏။

"ပုဏ္ဏား၊ သင့်သား၏ အရိုးတို့ကို မြင်လျှင် ယုံလော့" ဟု အရိုးတို့ကို အိတ်မှထုတ်၍ "ဤအရိုးတို့သည် သင့်သား ဓမ္မပါလ၏ အရိုးအိုး တည်း" ဟု ဆို၏။ မဟာဓမ္မပါလနှင့် အဆွေအမျိုးတို့ သည် အရိုးတို့ကို ကြည့်လျက် ရယ်မောကြ၏။

"ထိုအရိုးတို့သည် ဆိတ်၊ ခွေးတို့၏ အရိုးဖြစ်မည်၊ ငါ့သား ဓမ္မပါလသည် မသေ။ ငါတို့အမျိုး၌ ငယ်ရွယ်သောကာလတွင် သေ သောသူ တစ်ဦးတစ်ယောက်မျှ မရှိ။ သင် မုသားဆိုဘိသည်" ဟု မဟာဓမ္မပါလက ဆို၏။

ဒိသာပါမောက္ခ ဆရာသည် အံ့ဩွယ်သော အမြင်အမျက် ကြောင့် "ပုဏ္ဏား၊ သင်၏ အမျိုးအစဉ်၌ ငယ်ရွယ်သူတို့ မသေ ခြင်းသည် အကြောင်းမရှိဘဲ မဖြစ်ကောင်း။ အဘယ်အကြောင်း ကြောင့် ငယ်ရွယ်သူတို့ မသေကြသနည်း" ဟု ဒိသာပါမောက္ခက မေး၏။

"ဆရာ၊ ငါတို့သည် သူယုတ်တို့၏ တရားကိုလည်းကောင်း၊ သူတော်ကောင်း တို့၏ တရားကို လည်းကောင်း ကြားနာ၏။ သူယုတ်တို့၏ တရားကို စွန့်ပယ်၍ သူတော်ကောင်းတို့၏ တရားကို လိုက်နာကျင့်ကြ၏။ ငါတို့သည် မကောင်းမှုကို ရှောင်ကြဉ်၍ ကောင်းမှုကို ကျင့်ကြ၏။ ထို့ကြောင့် ငါတို့၏ အမျိုးအစဉ်၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေကြကုန်။

ငါတို့သည် လှူမည်ဟု ကြံစည်စဉ် ကာလ၌လည်းကောင်း၊ လှူနေဆဲ ကာလ၌လည်းကောင်း ဝမ်းမြောက်ဝမ်းသာ ဖြစ် ၏၊ လှူပြီးသော ကာလ၌လည်း နောင်တ မရှိသည် ဖြစ်၏။ ထိုသို့ စေတနာသုံးတန် ပြည့်စုံ၍ လှူသောကြောင့် ငါတို့၏ အမျိုးအစဉ် ၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေကုန်။

ငါတို့သည် အသက်သတ်ခြင်းမှ ရှောင်၏၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ

ရှောင်၏။ သေရည်သေရက် သောက်စားခြင်းမှ ရှောင်၏။ ထို့ကြောင့် ငါတို့၏ အမျိုးအစဉ်၌ ငယ်ငယ်ရွယ်ရွယ်နှင့် မသေကုန်” ဟု မဟာဓမ္မပါလပုဏ္ဏားက အသက်ရှည်ရာ ရှည်ကြောင်းကို ပြော၏။

“ဆရာ၊ ကောင်းသောအမှုကို ပြုခြင်းသည် ကိုယ်စိတ်နှလုံး ချမ်းသာရာ ရစေ၏။ ကြီးစွာသော ထီးသည် ဆောင်းသူကို မိုးစိုစွတ်ခြင်းမှ ကင်းဝေးအောင် စောင့်ရှောက်သကဲ့သို့ ကောင်းသောတရားသည် ကျင့်သောသူအား စောင့်ရှောက်၏။ ဆရာ၊ ငါ၏သား ဓမ္မပါလသည်လည်း တရားစောင့်၍ အသက်ရှည်၏၊ ဆရာ ဆောင်ခဲ့သော အရိုးတို့သည်ကား အခြားသတ္တဝါ၏ အရိုးသာတည်း” ဟု ဆိုသော် ဒိသာပါမောက္ခသည် မဟာဓမ္မပါလအား ရှိသေစွာ ရှိခိုး၍ “အသင်ပုဏ္ဏား၊ ငါသည် အသက်ရှည်ရာ ရှည်ကြောင်းကို သိလို၍ စုံစမ်းရန်အလို့ငှာ ဆိတ်ရိုးတို့ကို ဆောင်ယူ၍ သင့်သား၏အရိုးဟု ဆို၏။ ယခု ငါသည် အသက်ရှည်ရာ ရှည်ကြောင်း တရားကို သိရပြီဖြစ်၍ ငါလာခြင်းသည် အကျိုးရှိသော လာခြင်းပေတည်း” ဟု ဝန်ခံစကားဆို၏။ ထို့နောက် မဟာဓမ္မပါလ ပြောသော စကားတို့ကို ပေတွင်ရေးမှတ်၍ တက္ကသိုလ်ပြည်သို့ ပြန်သွားလေသတည်း။

ဒသကနိပါတ်၊ ဓမ္မပါလဇာတ် မှ

ဟသ်ာစစ်သူကြီး

လွန်လေပြီးသောအခါ မဟိမ်္သကတိုင်း သာဂလမြို့၌ သာဂလ မည်သော မင်းသည် တရားနှင့်အညီ မင်းပြု၏၊ ထိုအခါ မြို့နှင့် မနီးမဝေးသော အရပ်တွင် မုဆိုးရွာ တစ်ရွာရှိ၏။ ထိုရွာမှ မုဆိုး တစ်ယောက်သည် ငှက်တို့ကို ကျော့ကွင်းဖြင့် ထောင်ဖမ်းပြီး၊ လျှင် မြို့သို့ သွားခရောက် ရောင်းချခြင်းဖြင့် အသက်မွေး၏၊ သာဂလမြို့မှ မနီးမဝေးအရပ်၌ အဝန်း တစ်ဆယ့်နှစ်ယူဇနာရှိသော၊ ငါးပါးသော အဆင်းနှင့် ပြည့်စုံသော၊ ပဒုမ္မာကြာများနှင့် ဖုံးလွှမ်းသော မာနုဿိယအိုင် ရှိ၏။

ထိုမာနုဿိယအိုင်၌ အထူးထူး အပြားပြား များစွာသော ငှက်အပေါင်းတို့ ဆင်းသက်ကုန်၏။ ငှက်မုဆိုးတို့သည် မာနုဿိယ ပဒုမ္မာကြာအိုင်၌ ကျော့ကွင်းထောင်၏၊ ထိုအခါ ဓတရဋ္ဌ ဟသ်ာ

မင်းသည် ကိုးသောင်းခြောက်ထောင်သော ဟင်္သာအပေါင်း ခြံရံ လျက် စိတ္တကူဋ်တောင်၌ ရွှေဂူ၌နေ၏။ ဟင်္သာမင်း၌ သုမုခ မည်သော ဟင်္သာစစ်သူကြီးရှိ၏။

တစ်နေ့သ၌ အချို့သော ရွှေဟင်္သာတို့သည် မာနုသီယ ပဒုမ္မာကြာအိုင်၌ အလိုရှိတိုင်း ကျက်စား၏။ ဝသောအခါ စိတ္တကူဋ် တောင်သို့သွား၍ ဓတရဋ္ဌ ရွှေဟင်္သာမင်းကို "မြတ်သောမင်းကြီး၊ လူ့ပြည်၌ မာနုသီယမည်သော ပဒုမ္မာအိုင်သည် အစာပြည့်စုံ၏။ ထိုအိုင်၌ အစာစားရန် သွားကြအံ့"ဟု လျှောက်ကြားကြ၏။

ဓတရဋ္ဌဟင်္သာမင်းက "လူပြည်မည်သည် ဘေးအန္တရာယ် များ၏။ သင်တို့ မနှစ်သက်ကြနှင့်"ဟု ပယ်တော်မူ၏။ ဟင်္သာ တို့သည် အဝန်တလဲလဲ လျှောက်ထားကြသောကြောင့် "သင်တို့ နှစ်သက်လျှင် သွားကြကုန်အံ့"ဟု ဆိုကာ အခြံအရံနှင့်တကွ သွား၏။

ဓတရဋ္ဌဟင်္သာမင်းသည် ကောင်းကင်မှ သက်သည်ရှိသော် ကျော့ကွင်း၌ ခြေကိုချမိ၏။ ထိုအခါ ကျော့ကွင်းသည် ရွှေဟင်္သာ မင်း၏ ခြေကို မြဲမြံစွာ ဖွဲ့၏။ ဟင်္သာမင်းသည် ကျော့ကွင်းကိုဖြတ်ရန် ကြိုးစားသောအခါ ရှေးဦးအကြိမ်၌ အရေသည် ပြတ်၏။ နှစ်ကြိမ် မြောက် ရုန်းသောအခါ အသားပြတ်၏။ သုံးကြိမ်မြောက် ရုန်းသော အခါ အကြောပြတ်၏။ ကျော့ကွင်းသည် အရိုးကိုထိ၍ တည်၏။ သွေးတို့သည် ယိုစီး၏။ ဝေဒနာသည်းစွာ ဖြစ်၏။

ထိုအခါ ဟင်္သာမင်းသည် "ကျော့ကွင်းမိ၍ မြည်သောအသံ ကို ငါ မြည်ငြားအံ့။ ငါ၏ ဆွေမျိုးတို့သည် ထိတ်လန့်၍ အစာကို မစားဘဲ ပြေးသွားကုန်သော် အားနည်းသောကြောင့် မဟာ သမုဒ္ဒရာ၌ ကျကုန်လတ္တံ့"ဟု တွေးတောမိကာ ဝေဒနာကို သည်းခံတော်မူ၏။ ရွှေဟင်္သာတို့ အလိုရှိတိုင်း စားပြီးသောအခါမှ ကျော့ကွင်းမိသော အသံကို ပြု၏။ ထိုမြည်သံကို ကြားကုန်သော ရွှေဟင်္သာတို့သည် သေဘေးကို ကြောက်သောကြောင့် စိတ္တကူဋ် တောင်သို့ ရှေးရှု ပျံကြကုန်၏။ ဟင်္သာတို့ ပျံသွားကုန်သော် သုမုခ

စစ်သူကြီးသည် "အဘယ်သို့ ဖြစ်သနည်း။ ဤဘေးအန္တရာယ်သည် ငါတို့သခင် အရှင်မင်းကြီးတွင် ကျရောက်မလာသလော။ ဘေးအန္တရာယ်ကို သိအောင်ပြုအံ့" ဟု ကြံ၏။ ထို့နောက် ရှေ့က ပျံသွားသော ဟံသာအပေါင်း၌ ရွှေဟံသာမင်းကို မမြင်လျှင် အလယ်ကပျံသွားသော ဟံသာအပေါင်းကွင် စုံစမ်းရှာဖွေ၏၊ အလယ်က ပျံသွားသော ဟံသာအပေါင်း၌ ဟံသာမင်းကို မမြင်လျှင် နောက်က ပျံသွားသော ဟံသာအပေါင်း၌ စုံစမ်း ရှာဖွေပြန်၏၊ ထိုဟံသာအပေါင်း၌လည်း မမြင်သောအခါ ဘေးအန္တရာယ်သည် ငါတို့၏သခင် အရှင်မင်းမြတ်၌သာလျှင် မလွဲကေန် ကျရောက်၏ဟု သိရှိကာ မာနသသိယ အိုင်ဘက်သို့ ပြန်လှည့်ခဲ့၏။

ထိုအခါ သွေးအလိမ်းလိမ်းကပ်လျက် ဆင်းရဲ နာကျင်စွာ ဝေဒနာခံစားနေရသော ဟံသာမင်းကို မြင်၍ "အရှင်မင်းမြတ်ကို ကျော့ကွင်းမှ လွတ်စေအံ့" ဟု ဆိုလျက် သုမုခ စစ်သူကြီးသည် ကောင်းကင်မှဆင်း၍ ဟံသာမင်းကို နှစ်သိမ့်၏။

ဓတရဋ္ဌ ဟံသာမင်းသည် သုမုခစစ်သူကြီးကို "အမောင်သုမုခ၊ ချစ်ခင်ခြင်းမရှိသော ဟံသာကိုးသောင်းခြောက်ထောင်တို့သည် ငါ့ကိုစွန့်၍ ပျံသွားကုန်၏။ ကျော့ကွင်း၌မိသော ငါ၌ အဆွေခင်ပွန်းဖြစ်သော အပေါင်းအဖော်မည်သည် မရှိ၊ သင်လည်း သွားလော့။ ငါ့ထံ မနေနှင့်" ဟု ဆို၏။

ထိုစကားကိုကြားသော သုမုခ စစ်သူကြီးသည် "မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် သွားမူလည်း သွားအံ့။ မသွားဘဲ နေမူလည်း နေအံ့။ အရှင်မင်းကြီးကို စွန့်သောကြောင့် မသေဘဲလည်း မနေပေ။ ချမ်းသာသောအရှင်မင်းကြီးကို မှီဝဲဆည်းကပ်ပြီး ဆင်းရဲသော အရှင်မင်းကြီးကို အဘယ်ကြောင့် စွန့်ရမည်နည်း၊ မြတ်သောမင်းကြီး၊ ချမ်းသာသောအခါ မှီဝဲဆည်းကပ်၍ ဆင်းရဲ

သောအခါ စွန့်ခြင်းသည် သူတော်ကောင်းတရားမဟုတ်။ မြတ်သော မင်းကြီး၊ အရှင်မင်းကြီးနှင့်အတူ သေခြင်းသည်လည်းရှိ၏။ အရှင်မင်းကြီးနှင့်ကင်း၍ အသက်ရှင်ခြင်းသည်လည်းရှိ၏။ ထိုနှစ်ပါးတွင် အရှင်မင်းကြီးနှင့်အတူ သေခြင်းသည်သာလျှင် အထူးသဖြင့်မြတ်၏။ အရှင်မင်းကြီးနှင့် ကင်း၍ အသက်ရှင်ခြင်းသည် မမြတ်'' ဟု လျှောက်ကြား၏။

သုမုခ စစ်သူကြီး၏ စကားကို ကြားသောအခါ ဓတရဋ္ဌ ဟင်္သာမင်းသည် ''အမောင် သုမုခ၊ သင့်အသက်ကိုစွန့်၍ ငါ့အသက် ရှင်စေခြင်းသည် အကျိုးမရှိ။ ကန်းပြီးသောသူသည် လင်းစေလို၍ ဆီမီး တန်ဆောင် အထောင်မက ထွန်းညှိပါသော်လည်း အလင်း မဖြစ်နိုင်သကဲ့သို့ သင့်အသက် စွန့်ခြင်း၏ အကျိုးထူးကို ငါ မမြင်။ အမောင် သုမုခ၊ ကျော့ကွင်းဖြင့် ဖွဲ့မိသော ငါ့အတွက် စားမိုးအိမ်မှတစ်ပါး လားရာအဘယ်မှာ ရှိအံ့နည်း။ ကျော့ကွင်းမှ လွတ်သောသင်သည် စားပိုအိမ်သို့ သွားရမည်ကို အဘယ်ကြောင့် နှစ်သက် ဘိသနည်း။ အမောင် သုမုခ၊ ငါတို့ နှစ်ယောက်အသက် ဆုံးရှုံးခြင်းသည် သင့်အားလည်းကောင်း၊ ငါ့အား လည်းကောင်း၊ ဆွေမျိုးတို့အားလည်းကောင်း အဘယ်အကျိုး ရှိမည်နည်း။ အမောင်သုမုခ၊ အကျိုးမရှိသော လုံ့လပြုခြင်းဖြင့် မိမိအသက်ကို စွန့်သောသင်သည် အဘယ်အကျိုးကို ပြုနိုင်သနည်း။ သူကန်းသည် အမှောင်ထု၌ ဆီမီး ထွန်းသည်နှင့်တူ၏'' ဟု မိန့်တော်မူ၏။

သုမုခ စစ်သူကြီးသည် ''မြတ်သောမင်းကြီး၊ အရှင်မင်းကြီး သည် ကျင့်အပ်သော သူတော်ကောင်းတရား၌ အကျိုးရှိသည်ကို အဘယ်ကြောင့် မသိသနည်း။ အကျွန်ုပ်သည် ကျင့်အပ်သော သူတော်ကောင်းတရားကို ရိုသေလေးစား၏။ သူတော်ကောင်းတရား သည် သတ္တဝါတို့၏ အကျိုးစီးပွားကို ပေးတတ်၏၊ ကျင့်အပ်သည့် သူတော်ကောင်းတရားကြောင့် ဖြစ်သည့် အကျိုးစီးပွားသည်လည်း ကောင်း၊ အရှင်မင်းကြီးကို ချစ်ခင်ခြင်းသည်လည်းကောင်း အကျွန်ုပ်၌

ရှိ၏။ ထိုအကြောင်းကြောင့် ကျွန်ုပ်အသက်ကို စွန့်ရန် ဝန်မလေး''ဟု လျှောက်ထား၏။

''အမောင် သုမုခ၊ အဆွေခင်ပွန်းသည် အဆွေခင်ပွန်း ကျင့်ဝတ်တရားကို အောက်မေ့၏။ အသက်ဘေးရန် ရှိသော်လည်း အဆွေခင်ပွန်းကို မစွန့်။ ထိုသို့မစွန့်ခြင်းသည် သူတော်ကောင်းတို့၏ သဘောပေတည်း။ အမောင်သုမုခ၊ သင်သည် ထိုကျင့်ဝတ်တရားကို ကျင့်လိုလျှင်လည်းကောင်း၊ ငါ့ကိုချစ်ခင်လျှင်လည်းကောင်း၊ ငါ့စကားကို လိုက်နာလော့၊ ငါ့ခွင့်ပြု၏။ သင်သွားလေသော့''ဟု ဓတရဋ္ဌဟင်္သာမင်းက မိန့်ကြား၏။

ဓတရဋ္ဌ ဟင်္သာမင်းနှင့် သုမုခ စစ်သူကြီးတို့ အပြန်အလှန် ပြောဆိုကြစဉ် မုဆိုးရောက်လာ၏။ မုဆိုးသည် ဟင်္သာတစ်ကောင်သာ မိ၍ တစ်ကောင်က မမိဘဲလျက် အတူရှိနေသည်ကို မြင်ရာ ဟင်္သာတို့အား ''ဟင်္သာမင်း၊ ကျော့ကွင်းဖြင့် မိသော ဟင်္သာမင်းသည် အရပ်တစ်ပါးသို့ မသွားနိုင်ခြင်းမှာမူ သင့်လျော်ပါ၏။ ကျော့ကွင်း၌ မမိသော ဟင်္သာမင်းသည်ကား အရပ်တစ်ပါးသို့ သွားနိုင်ပါလျက် အဘယ်ကြောင့် မသွားသနည်း။ ဤရွှေဟင်္သာသည် သင်နှင့် အဘယ်သို့ တော်စပ်သနည်း။ ကျော့ကွင်း၌ မမိသော သင်သည် ကျော့ကွင်း၌မိသော ရွှေဟင်္သာကို ဆည်းကပ်၏။ သင်မှတစ်ပါး ဟင်္သာတို့သည် သင်တို့ကို စွန့်၍ ပျံကုန်၏။ သင် တစ်ကောင်တည်း အဘယ်ကြောင့် ချန်ရစ်ဘိသနည်း'' ဟု မေး၏။

ထိုသို့ မေးသောအခါ သုမုခစစ်သူကြီးသည် ''အဆွေမုဆိုး၊ ဤရွှေဟင်္သာသည် ငါ၏ အရှင်မင်းတည်း။ ငါ၏ အသက်နှင့် တူသော အဆွေခင်ပွန်းတည်း။ ငါမစွန့်'' ဟု ဆို၏။

''အဆွေ မုဆိုး၊ ဤရွှေဟင်္သာမင်းကြောင့် သင့်၌ အကျိုးရှိနိုင်၏။ ငါတို့ကို အနှောင်မှလွှတ်၍ အသက်ချမ်းသာ ပေးပါလော့'' ဟု တောင်းပန်၏။

မုဆိုးသည် သုမုခ၏ သာယာသော တရားစကားကို ကြားသောအခါ သုမုခကို လွှတ်လိုသဖြင့် "အဆွေ ဟင်္သာ၊ သင်သည် ငါ၏ ကျော့ကွင်း၌ ဖွဲ့မိသည်မဟုတ်၊ သင့်အား ငါမသတ်လို။ အလိုရှိရာသို့ သွားလော့" ဟု ဆို၏။

သုမုခသည် မိမိကို လွှတ်သည်ကို အလိုမရှိ၊ ဓတရဋ္ဌ မင်းကို လွှတ်စိမ့်သောငှာ သာယာစွာ ပြောဆိုတောင်းပန်ပြန်၏။ "အဆွေ မုဆိုး၊ ရွှေဟင်္သာမင်း အသက်မရှိဘဲ ငါ အသက်မရှင်လို၊ သင်သည် ဟင်္သာတစ်ကောင်ဖြင့် ရောင့်ရဲသည် ဖြစ်လျှင် ရွှေဟင်္သာ မင်းကို လွှတ်၍ ငါ့ကို စားတော်မူလော့။ ဖခင်မုဆိုး၊ ငါတို့သည် လုံးရစ် သဏ္ဌာန်အားဖြင့် လည်းကောင်း၊ အရွယ်အားဖြင့် လည်းကောင်း တူကုန်၏။ ထိုဟင်္သာမင်းနှင့် ငါ့ကို ဖလှယ်ပါလော့" ဟု တိုက်တွန်း၏။

"အဆွေ မုဆိုး၊ ငါတောင်းပန်သည့် အတိုင်း ပြုရာ၏။ သင်သည် ဓတရဋ္ဌ ရွှေဟင်္သာမင်းနှင့် အဆွေခင်ပွန်း ဖြစ်ပါလော့" ဟု ဆိုပြန်၏။

ထိုအခါ မုဆိုးသည် စစ်သူကြီးသုမုခ၏ တရားစကားကြောင့် နူးညံ့သောစိတ်သည် ဖြစ်၍ "အဆွေဟင်္သာ၊ သင်သည် ဤအရပ်မှ သင့်အရပ်သို့ ပြန်ပါလော့။ သင်၏ ဆွေမျိုးဟင်္သာ အပေါင်းတို့သည် လည်းကောင်း၊ အဆွေခင်ပွန်းတို့သည် လည်းကောင်း၊ အမတ်တို့သည် လည်းကောင်း၊ ကျွန်တို့သည် လည်းကောင်း၊ သားမယားတို့သည်လည်းကောင်း၊ သင့်အား ဖူးမြင်စေလော့။ အဆွေဟင်္သာ၊ ဤလောက၌ များစွာသောသူတို့သည် သင်နှင့် တူသော အဆွေခင်ပွန်းချို့၊ မရှိကုန်။ ငါသည် သင်၏ အဆွေခင်ပွန်းဖြစ်သော ရွှေဟင်္သာမင်းကို လွှတ်အံ့။ ဤအရပ်မှ အလိုရှိရာသို့ လျင်မြန်စွာ သွား၍ ဆွေမျိုးတို့အလယ်၌ တင့်တယ်ကြပါကုန်လော့" ဟု ဆိုကာ ကျော့ကွင်းကိုဖြတ်၍ လွှတ်၏။

သုမုခ စစ်သူကြီးသည် ရွှေဟသာမင်း၏ ချမ်းသာသော အဖြစ်ကို မြင်ရသောအခါ ဝမ်းမြောက်၍ "အဆွေမုဆိုး၊ ငါသည် ကျော့ကွင်းမှ လွတ်သော ရွှေဟသာမင်းကိုမြင်ရ၍ နှစ်သက်သကဲ့သို့ သင်အဆွေမုဆိုးသည် အလုံးစုံသော အဆွေအမျိုးတို့နှင့် နှစ်သက် ဝမ်းမြောက်ပါစေသတည်း" ဟု ချီးမွမ်းကာ ဆုပေး၏။

ထို့နောက် သုမုခစစ်သူကြီးက မုဆိုး၊ စည်းစိမ်ဥစ္စာ တိုးပွားစေရန် သာဂလမင်းထံ ၎င်းတို့နှစ်ကောင်ကို ယူဆောင်သွားစေ၏။ နန်းတော်သို့ ရောက်သောအခါ မုဆိုးက အဖြစ်အပျက်ကို ပြန် လျှောက်ကြား၏။ မင်းကြီးလည်း ဤရွှေဟသာတို့သည် တရားပြည့်ဝ နှလုံးလှ၏ဟု သဘောကျ နှစ်ခြိုက်ချကား ရွှေဟသာမင်းကို တရားဟောစေ၏၊ ရွှေဟသာမင်းက တရားဟော၏။ မုဆိုးသည် စိတ်ထားနူးညံ့သော၊ တရားသဘောကို ထင်မြင်လွယ်သော မုဆိုး ဖြစ်ကြောင်းကိုလည်း မင်းကြီးအား ပြောပြ၏။ မင်းကြီးလည်း မုဆိုးအား များစွာသော စည်းစိမ်ဥစ္စာတို့ကို ချီးမြှင့်၏။ ထို့နောက် ရွှေဟသာမင်းနှင့် ရွှေဟသာစစ်သူကြီးတို့သည် ဝမ်းမြောက် ရွှင်လန်းစွာ မိမိတို့ရပ်ဌာနသို့ ပျံသွားကြလေသတည်း။

အသီတိနိပါတ်၊ စူဠဟံသဇာတ် မှ

ကျေးဇူးသိသော ခြင်္သေ့

လွန်လေပြီးသောအခါ ခြင်္သေ့ တစ်ကောင်သည် တောင် တစ်ခု၏ ဂူ၌ နေ၏။ ထိုတောင်ခြေရင်းကို ရစ်ပတ်နေသော ညွန်အိုင်ကြီး ရှိ၏။ ထိုအိုင်၏ မာသော ညွန်ပြင်ဝယ် ယုန်၊ မြေခွေး၊ ကြောင်၊ သမင် အစရှိကုန်သော ပေါပါးသည့် သတ္တဝါတို့သည် လှည့်လည် ကျက်စားကြ၏။

တစ်နေ့သ၌ ခြင်္သေ့သည် ဂူမှ ထွက်ပြီးလျှင် တောင်ထိပ်မှ တောင်ခြေရင်းကို ကြည့်၏။ မြက်နုကို စားလျက်ရှိသော သမင်ကို မြင်၍ ဖမ်းအံ့ဟု တောင်ထိပ်မှ လျင်မြန်သော အဟုန်ဖြင့် ပြေးဆင်း၏။ သမင်သည် ခြင်္သေ့ကိုမြင်၍ ပြေး၏။ ခြင်္သေ့သည် အဟုန်ကို မတန့်နိုင်သဖြင့် ညွန်အပြင်၌ ကျ၍ နစ်လေ၏။ ညွန်မှ တက်ရန် မတတ်နိုင်သဖြင့် ညွန်ထဲမှာပင် ခြေ လေးချောင်းကို ထောက်လျက် ခုနစ်ရက်ပတ်လုံး အစာမစားရဘဲ နေရ၏။

အစာရှာထွက်လာသော မြွေခွေးတစ်ကောင်သည် ခြင်္သေ့ကို မြင်၍ ကြောက်လန့်ကာ ထွက်ပြေး၏။ ခြင်္သေ့သည် ထိုမြွေခွေးကို ခေါ်၍ "အို မြွေခွေး၊ မပြေးလင့်။ ငါသည် ညွန်၌ နစ်၏။ ငါ့ အသက်ကို ကယ်ပါလော့"ဟု ဆို၏။ မြွေခွေးသည် ခြင်္သေ့အနီးသို့ သွား၏။ "အို ခြင်္သေ့၊ ငါသည် သင့်ကို ညွန်မှ ထုတ်လိုပါ၏။ သို့သော် သင်သည် ငါ့ကို စားရာ၏။ ထို့ကြောင့် ငါ ကြောက်၏" ဟု ပြော၏။

"အို မြွေခွေး၊ မကြောက်ပါလင့်။ သင့်ကို ငါမစား။ သင့်ကို ကျေးဇူးများစွာ ပြုပါအံ့။ ငါ့ကို ညွန်မှ ထုတ်ပါလော့"ဟု ဆို၏။

မြွေခွေးသည် ခြင်္သေ့၏ ဝန်ခံစကားကြောင့် ခြေလေးချောင်းတို့၏ ထက်ဝန်းကျင်မှ ညွန်တို့ကို ဖယ်၏။ ခြေလေးချောင်း ထောက်ထားရာ နေရာသို့ မြောင်းလေးခုကို သွယ်၍ ရေကိုသွင်းကာ ညွန်ကို ပျော့အောင် ပြု၏။ ထို့နောက် မြွေခွေးသည် ခြင်္သေ့၏ ဝမ်းအောက်သို့ ဝင်၍ "သခင်၊ လုံ့လပြုလော့" ဟု ကျယ်သော အသံ ပေးလျက် ဦးခေါင်းဖြင့် ဝမ်းကို ရွက်၏။ ခြင်္သေ့သည် အဟုန်ဖြင့် ညွန်မှ ကုန်းသို့ တက်၏။

ခြင်္သေ့သည် အတန်ငယ် အပန်းဖြေ၍ အိုင်သို့ ဆင်းကာ ညွန်ကို ဆေးကြော ရေချိုး၏။ ထို့နောက် ခြင်္သေ့သည် ကျွဲကို သတ်၍ အသားကိုနွှင်ကာ မြွေခွေးရှေ့တွင် ထား၍ "မြွေခွေး၊ စားလော့"ဟု ဆို၏။ မြွေခွေး စားပြီးမှ ခြင်္သေ့ စား၏။

မြွေခွေးသည် စားပြီးမှ အသားတစ် တစ်တုံးကို ကိုက်ချီ သည်ကို မြင်သောအခါ ခြင်္သေ့က "မြွေခွေး၊ ဤ အခဲတုံးကို အဘယ်အတွက် ချီသနည်း"ဟု မေး၏။

"ခြင်္သေ့၊ ကျွန်ုပ်၌ ဇနီးရှိ၏။ ထိုဇနီးအဖို့ ဖြစ်သည်" ဟု ဆို၏။ ခြင်္သေ့သည် "ချီလော့"ဟု ပြော၏။ ခြင်္သေ့သည်လည်း

ခြင်္သေ့မအဖို့ အမဲကို ချီ၏။ ထို့နောက် ခြင်္သေ့သည် မြေခွေးအား ဤသို့ဆို၏။

"မြေခွေး၊ လာလော့။ မြေခွေးမ ရှိရာသို့ သွားကြကုန်အံ့"ဟု ဆို၏။ မြေခွေးမ ရှိရာသို့ သွားပြီးနောက် ချီလာသော အမဲတစ်ကို မြေခွေးမအား ကျွေး၏။

ထို့နောက် ခြင်္သေ့က "ငါသည် ဤနေ့မှစ၍ သင်တို့ကို လုပ်ကျွေးအံ့"ဟု ဆို၏။ ခြင်္သေ့သည် မြေခွေးမိသားစုကို မိမိ ဂူအနီး၌ ဂူတစ်ခု၌ နေစေ၏၊ ထိုနေ့မှစ၍ ခြင်္သေ့နှင့် မြေခွေးတို့ သည် အတူ အစာရှာ ထွက်ကြ၏။ ခြင်္သေ့နှင့် မြေခွေးတို့သည် သားရဲတို့ကို သတ်၍ ထိုအရပ်၌ပင် စား၏။ ခြင်္သေ့မနှင့် မြေခွေးမ တို့အဖို့ ဆောင်ယူခဲ့၏။

ဤသို့ဖြင့် ကာလရှည်သော် ခြင်္သေ့မနှင့် မြေခွေးမတို့သည် သားနှစ်ကောင်စီ ဖွား၏။ "ဤခြင်္သေ့သည် မြေခွေးတို့ကိုလည်း ကောင်း၊ မြေခွေးမကို လည်းကောင်း၊ မြေခွေးငယ်တို့ကိုလည်း ကောင်း အလွန် ချစ်မြတ်နိုး၏။ ဤခြင်္သေ့သည် မြေခွေးမနှင့် ပေါင်း ဖက်ခြင်းကြောင့်သာလျှင် မြေခွေးငယ်တို့ကို ဤမျှ ချစ်သည်ဖြစ်ရာ၏၊ ငါသည် ဤမြေခွေးမကို နှိပ်စက် ခြိမ်းခြောက်၍ ဤအရပ်မှပြေးစေ ရမှ ကောင်းစွ"ဟု ခြင်္သေ့မ အကြံဖြစ်၏။

ခြင်္သေ့မသည် ခြင်္သေ့နှင့် မြေခွေးတို့ အစာရှာသွားသော အခါ၌ မြေခွေးမကို နှိပ်စက်ညှဉ်းဆဲ၏။ "အဘယ်ကြောင့် ဤအရပ်၌ နေသနည်း၊ အဘယ်ကြောင့် ဤအရပ်မှ မပြေးသနည်း" ဟု ခြိမ်းခြောက် မောင်းမဲ၏။ ခြင်္သေ့မ၏သားတို့သည်လည်း မြေခွေးမ ၏ သားတို့ကို ထို့အတူသာလျှင် ခြိမ်းခြောက် မောင်းမဲကုန်၏။

မြွေခွေးမသည် မြွေခွေးပြန်လာသောအခါ အလုံးစုံ ပြောကြား၏။ မြွေခွေးသည် စဉ်းစား၏။

"ခြင်္သေ့မင်း၏ အလိုအရ ခြင်္သေ့မ ခြိမ်းခြောက်သည်လော ငါမသိ။ ငါတို့သည် ကြာမြင့်စွာ နေကုန်၏။ ထို့ကြောင့် ငါတို့ကို မချစ်ကုန်ပြီ။ ငါတို့၏ နေရာအရပ်သို့သာလျှင် သွားကြကုန်အံ့"ဟု ဆို၏။

မြွေခွေးသည် ခြင်္သေ့အပါးသို့ သွားရောက်၍ "သခင်၊ အကျွန်ုပ်တို့သည် သင်တို့အထံ၌ ကြာမြင့်စွာနေပြီ။ အလွန်ကြာမြင့်စွာ နေကုန်သောသူတို့မည်သည် မုန်းတတ်ကုန်၏။ အကျွန်ုပ်တို့ အစာရှာသွားသော ကာလ၌ ခြင်္သေ့မနှင့် ခြင်္သေ့ငယ်တို့သည် မြွေခွေးမနှင့် မြွေခွေးငယ်တို့ကို ခြိမ်းခြောက်၏"ဟု ဆို၏။

ခြင်္သေ့မင်းသည် မြွေခွေး၏စကားကို ကြားရသောအခါ ခြင်္သေ့မကိုခေါ်၍ "တစ်ခါက ငါအစာရှာသွား၍ ခုနစ်ရက်မြောက်သော နေ့၌ ဤမြွေခွေး၊ မြွေခွေးမတို့နှင့်အတူ ငါပြန်လာသည်ကို သင်မှတ်မိသလော"ဟု မေး၏။

"မှတ်မိပါသည် အရှင်"ဟု ခြင်္သေ့မ ဆို၏။

"ခုနစ်ရက်ပတ်လုံး ငါပြန်မလာခြင်းအကြောင်းကို သင်သိ၏လော"

"အရှင်၊ အကျွန် မသိပါ"

"ရှင်မ၊ ငါသည် သားကောင် တစ်ကောင်ကို ဖမ်းအံ့ဟု သွားရာ ညွန်၌နစ်၏။ ဤညွန်မှ ထွက်အံ့သောငှာ မတတ်နိုင်သည် ဖြစ်၍ ခုနစ်ရက်ပတ်လုံး အစာမစားရဘဲ နေရ၏။ ငါသည် ဤမြွေခွေး ကယ်၍ အသက်ရှင်၏။ ဤမြွေခွေးသည် ငါ၏အသက်ကို ပေးသော

သော အဆွေခင်ပွန်းတည်း။ မြေခွေးအား လည်းကောင်း၊ မြေခွေးမအား လည်းကောင်း၊ အဆွေခင်ပွန်းတို့၏ သားငယ်တို့အားလည်းကောင်း မထိမဲ့မြင် မပြုလင့်'' ဟု ဆို၏။

ခြင်္သေ့မ နှင့် သားငယ်တို့သည် ခြင်္သေ့မင်း၏ စကားကို ကြားသောအခါမှ စ၍ မြေခွေးမ နှင့် သားငယ်တို့အပေါ် သည်းခံခြင်းပြုကာ အညီအညွတ်နေကြကုန်၏။

ခြင်္သေ့မင်းသည် မိမိ၏အသက်ကို ကယ်ဖူးသော ကျေးဇူးရှင် မြေခွေးမိသားစုအား အသက်ထက်ဆုံး စောင့်ရှောက်လေ၏။

ဒုကနိပါတ်၊ ဂုဏဇာတ် မှ

ကြွားစကား

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ဗြဟ္မဒတ်မင်း၏ သားသည် အရွယ် ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်သင်၏။ အဖ လွန်လတ်သော် ဗာရာဏသီပြည်၌ တရားသဖြင့် မင်းပြု၏။

ဗာရာဏသီပြည်အနီး၌ တစ်ခုသော တောတွင် နွားကျောင်းသား တစ်ယောက်သည် နွားတို့ကို ထိန်းသိမ်း စောင့်ရှောက်၏။ တစ်နေ့တွင် နွားကျောင်းသားသည် ကိုယ်ဝန် ရှိသော နွားမကို အမှတ်မဲ့ ချန်၍ တောမှပြန်လာ၏။ ထိုနွားမသည် တောတွင်ကျန်ရစ်ကာ ခြင်္သေ့မနှင့် အကျွမ်းဝင်ခြင်းဖြစ်၏။ နွားမနှင့်ခြင်္သေ့မတို့သည် မြဲမြဲစွာ မိတ်ဖြစ်ကုန်၍ အတူတကွ ကျက်စားကုန်၏။ ထို့နောက် နွားမသည် နွားငယ်ကိုမွေး၏။ ခြင်္သေ့မသည်လည်း ခြင်္သေ့ငယ်ကိုမွေး၏။ ထိုသားငယ်တို့သည်လည်း အချင်းချင်း အခဆွေခင်ပွန်း

ဖြစ်၍ ကြီးပြင်းလာကုန်၏။ ထိုနွားလားဥသဘနှင့် ခြင်္သေ့တို့၏ အကျွမ်းဝင်ခြင်းကို မုဆိုးတစ်ယောက်သည် မြင်တွေ့လေ၏။

တစ်နေ့တွင် မုဆိုးသည် ဗာရာဏသီပြည်သို့ တက်ကာ မင်းအား တောဌ်ဖြစ်သော ဘဏ္ဍာတို့ကို ဆက်သ၏။ မင်းသည် မုဆိုးအား တော၏ဆန်းကြယ်မှုတို့ကို မေးမြန်း၏။

"အချင်းမုဆိုး၊ သင်သည် တော၌ တစ်စုံတစ်ခုသော အံ့ဖွယ်သရဲကို မြင်ခဲ့သလော"

"အရှင်၊ တစ်ပါးသော တစ်စုံတစ်ခုသော အံ့ဖွယ် သရဲကို မမြင်ပါ။ ခြင်္သေ့တစ်ကောင်နှင့် ဥသဘတစ်ကောင်တို့သည် အချင်းချင်း အကျွမ်းဝင်လျက် အတူတကွ ကျက်စားကြသည်ကိုသာ မြင်တွေ့ရပါ၏"ဟု လျှောက်တင်လေသည်။

မင်းကြီးက "ခြင်္သေ့၊ ဥသဘတို့အပြင် သုံးဦးမြောက်သော အဖော်သည် ဖြစ်လတ်သော် ဘေးသည်ဖြစ်လတ္တံ့။ ထိုအခါ ငါ့အားကြားလော့"ဟု ဆို၏။ မုဆိုးသည် "ကောင်းပါပြီ"ဟု ဝန်ခံပြီး တောသို့ ပြန်လာခဲ့၏။

တစ်နေ့တွင် မုဆိုးသည် တောသို့ဝင်သောအခါ မြေခွေးတစ်ကောင်သည် ခြင်္သေ့ကိုလည်းကောင်း၊ ဥသဘကိုလည်းကောင်း ခစားသည်ကို မြင်တွေ့လျှင် သုံးဦးမြောက်သော အဖော် ဖြစ်ခြင်းကို မင်းကြီးအား လျှောက်အံ့ဟု မြို့သို့ သွားလေ၏။

ထိုအတောအတွင်း၌ မြေခွေးသည် ဤသို့အကြံဖြစ်၏။ ငါသည် မစားဖူးသော တစ်ပါးသော အသားမည်သည် မရှိ။ ခြင်္သေ့၏ အသားကို လည်းကောင်း၊ နွားလားဥသဘ၏ အသားကိုလည်းကောင်း မစားဖူးသေးချေ။ ဤခြင်္သေ့၊ နွားလားတို့ကို အချစ်ပျက်စေ၍ အသားကို စားအံ့ဟု ကြံ၏။ ကြံစည်သည့်အတိုင်း မြေခွေးသည် သင့်ကို ဤဥသဘသည် ဤသို့ဆို၏၊ သင့်ကို ဤခြင်္သေ့သည်

ဤသို့ဆို၏ဟု နှစ်ကောင်သော အဆွေ ခင်ပွန်းတို့ကို အချင်းချင်း ကွဲစေ၏။မကြာမြင့်မီ ခြင်္သေ့နှင့်နွားလားဥသဘတို့သည် ခိုက်ရန်ဖြစ်ကာ သေခြင်းသို့ ရောက်အောင် ပြု၏။

မုဆိုးသည် ဗာရာဏသီမြို့တော်သို့ ရောက်သော် မင်းကြီးအား ခြင်္သေ့နှင့် ဥသဘတို့အား သုံးဦးမြောက်သော အဆွေခင်ပွန်းသည် ဖြစ်၏ဟု လျှောက်၏။ ထိုအခါ ဗာရာဏသီမင်းကြီးက အဘယ်သူနည်းဟု မေး၏။

“မြတ်သော မင်းကြီး၊ ခြင်္သေ့နှင့် ဥသဘ၏ သုံးဦးမြောက်သော အဆွေခင်ပွန်းသည် မြေခွေးဖြစ်ပါ၏”

“နှစ်ကောင်သော အဆွေခင်ပွန်းတို့ကို မြေခွေးသည် အချစ်ပျက်စေ၍ အချင်းချင်း သတ်စေအံ့” ဟု မင်းကြီး မိန့်၏။

မင်းကြီးသည် ရထားစီး၍ ခရီးညွှန် မုဆိုးနှင့်တကွ သွားလတ်သော် ထိုခြင်္သေ့နှင့် နွားလားတို့သည် အချင်းချင်း ခိုက်ရန်ပြု၍ အသက်ကုန်ခြင်းသို့ ရောက်လေ၏။ မြေခွေးသည်ကား ရွှင်လန်းနှစ်သက်စွာ ခြင်္သေ့အသားကို တစ်ကြိမ် စား၏၊ဥသဘ အသားကို တစ်ကြိမ် စား၏။ ခြင်္သေ့နှင့် ဥသဘတို့၏ အသက်ကုန်ခြင်းကို မြင်တွေ့သော မင်းကြီးသည် ဤသို့ ဆိုလေ၏။

“ခြင်္သေ့နှင့် နွားလား အဆွေခင်ပွန်း ဖြစ်ခြင်းကို မြေခွေးသည် ဖျက်ဆီး၏။ အသား၌ ထက်သော သန်လျက်ကဲ့သို့ ထိုကုန်းတိုက်ခြင်းသည် မိတ်အဖြစ်ကို ဖြတ်၏။ စိတ်ကို ဖျက်ဆီးတတ်သော ကုန်းတိုက်သော သူ၏ စကားကို ယုံသောသူသည် သေကျေပျက်စီးခြင်းသို့ ရောက်ရာ၏”

စတုက္ကနိပါတ်၊ သန္ဓိဘေဒဇာတ် မှ

ကျီးနှင့် တင်ကျီး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအခါ ကာသိတိုင်း တစ်တိုင်းလုံးသည် ငတ်မွတ်ခြင်းဘေး ဆိုက်ရောက်နေ၏။ အစာရေစာ ရှားပါးလွန်းရကား လူတို့သည် ကျီးစာပင် မချကျွေးနိုင်တော့ပေ။ ဗာရာဏသီပြည်ရှိ ကျီးတို့သည် အစာရေစာ အလို့ငှာ ဟိမဝန္တာတောသို့ ပြောင်းရွှေ့ကြ၏။ သဝိဋ္ဌက ကျီးသင်မယား ပြောင်းရွှေ့လာသော အရပ်တွင် ဝိရက အမည်ရှိသော တင်ကျီးသည် ရေအိုင် တစ်ခုကို အမှီပြု၍ နေထိုင်၏။

တစ်နေ့သ၌ သဝိဋ္ဌက ကျီးသည် ရေအိုင်အနီး၌ အစာရှာစဉ် ရေအိုင်သို့ ဆင်းသက်၍ ငါးများကို ဖမ်းယူစားသောက် နေသော ဝိရက တင်ကျီးကို မြင်၏။ ကျီးသည် "ဤတင်ကျီးကို အမှီပြုပါက ငါးများ ရနိုင်အံ့" ဟု အကြံဖြစ်ပြီးလျှင် တင်ကျီးထံ ချဉ်းကပ်၏။

"အဆွေ၊ ဘာအလိုရှိပါသနည်း" ဟု တင်ကျီးက ကျီးကို မေး၏။

"အရှင်၊ အရှင့်ထံ၌ ခစားလိုပါသည်" ဟု ကျီးက ဆိုသော် တင်ကျီးလည်း ကောင်းပြီဟု လက်ခံသဘောတူ၏။ ထိုအခါမှ စ၍ ကျီးသည် တင်ကျီးထံ မပြတ်ခစား၏။ တင်ကျီးသည် ရေအိုင်သို့ သက်၍ ငါးများကို ဖမ်းယူကာ မျှတရုံ စားသောက်ပြီးလျှင် ကျီးအတွက် ငါးတို့ကို ဖမ်းယူပေး၏။ ကျီးသည်လည်း မျှတရုံ စားသောက်ပြီးနောက် အကြွင်းကို ကျီးမအား ပေး၏။

ကျီးသည် တင်ကျီးထံ ခစားရင်း "တင်ကျီးသည် မည်းသော အဆင်းရှိ၏။ ငါသည်လည်း မည်းသော အဆင်းရှိ၏။ တင်ကျီး၏ မျက်စိ၊ နှုတ်သီး၊ ခြေသည်းတို့သည် ငါ၏ မျက်စိ၊ နှုတ်သီး၊ ခြေသည်းတို့နှင့် မကွဲပြား။ တင်ကျီးသည် ရေထဲသို့ ငုပ်၍ ငါးများကို ဖမ်းယူနိုင်ပါက ငါသည်လည်း ဖမ်းယူနိုင်မည်သာတည်း" ဟု တွေးကာ မာနတက်၏။ ဤသို့ မာနတက်ပြီးနောက် ကျီးသည် တင်ကျီးထံ ချဉ်းကပ်၍ "အဆွေ၊ ငါသည် ရေအိုင်ဟွင်းသို့ ဆင်းသက်ကာ ငါးတို့ကို ယူအံ့" ဟု ဆို၏။ ထိုအခါ တင်ကျီးက "အဆွေ၊ အသင်သည် ရေငုပ်၍ ငါးတို့ကို ဖမ်းစားတတ်သော အမျိုး မဟုတ်သဖြင့် ဤသို့မပြုလင့်။ မပြုသင့်သည်ကို ပြုခြင်းဖြင့် အသက် မဆုံးရှုံးစေသင့်" ဟု တားမြစ် ဆုံးမ၏။

ကျီးသည် တင်ကျီး၏ စကားကို မလိုက်နာဘဲ ရေငုပ်၍ ငါးဖမ်းသည်ရှိသော် ကိုယ်သည် ရေမှော်နှင့်ငြိကာ အသက်မရှုနိုင်ဖြစ်၍ ရေထဲမှာပင် သေဆုံးရ၏။

မယားကျီးမသည် သဝိဋ္ဌက ပြန်မလာသောကြောင့် တင်ကျီးငုက်ရှိရာသို့ လာပြီး "ဒေါင်းလည်နှင့် အဆင်းတူသော ကျွန်ုပ်၏ လင်ဖြစ်သည့်သဝိဋ္ဌကအမည်ရ ငှက်ကို အရှင် မြင်မိပါ၏လော" ဟု မေး၏။

"ကျီးမ၊ ရေအရပ်၌လည်းကောင်း၊ ကုန်းအရပ်၌လည်း ကောင်း ကျက်စားနိုင်စွမ်းရှိသော ငှက်သည် ရေမှ ငါးတို့ကို ဆယ်၍ သဝိဋ္ဌကကျီးအား ပေး၏၊ သဝိဋ္ဌကကျီးသည် ထိုငှက် ကဲ့သို့ စွမ်းနိုင်သည်ဟု မာနရောက်၍ ရေငုပ်ကာ ငါးတို့ကို စင်းယူ သောကြောင့် မြှော်ပင်၌ငြိ၍ အသက်သေလေပြီ"ဟု ပြောရာ ကျီးမ သည် ငိုယိုလျက် ဗာရာဏသီပြည်သို့ ပြန်သွားလေ၏။

ဒုကနိပါတ်၊ ဝီရကဇာတ် မှ



ပညောင်တစ်ပင်နှင့် သတ္တဝါသုံးဦး

လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်၌ ပညောင်ပင်ကြီးတစ်ပင်ကိုမှီ၍ ခါ၊ မျောက်၊ ဆင် အဆွေခင်ပွန်း သုံးယောက်တို့ နေကြ၏။ ထိုအဆွေခင်ပွန်းတို့သည် သဘာဝ မတူသော အသက်မွေးမှု ရှိသဖြင့် အချင်းချင်း ရိုသေလေးစား၊ ရကောင်းမှန်း မသိပေ။ တစ်ခါသော် "ငါတို့သည် ဤသို့ နေခြင်းငှာမသင့်။ ငါတို့တွင် ကြီးသူကို ငယ်သူက ရှိခိုးခြင်း အစရှိသည်တို့ကို ပြုလျက် နေရမူကား ကောင်း၏"ဟု အဆွေခင်ပွန်း သုံးယောက်သည် အကြံဖြစ်ကြ၏၊ ထိုသို့ အကြံဖြစ်သည့်အတိုင်း သုံးဦးအနက် အသက်အကြီးဆုံးသူကို ရွေးချယ်၏။

ခါနှင့်မျောက်တို့သည် "အဆွေဆင်၊ သင်သည် ဤပညောင်ပင် အဘယ်အရွယ်ပမာဏရှိသော ကာလမှစ၍ သိသနည်း"ဟု

မေး၏။ ဆင်သည် "အဆွေတို့၊ ငါသည် ဆင်ငယ်ဖြစ်သောကာလ၌ သွားသောအခါ ဤပဒေသာပင်ငယ်သည် ငါ့ဗိုက်အောက်၌သာ ရှိသေး၏။ ဤပဒေသာပင်၏ အခက်အဖျားသည် ငါ၏ချက်ကို ထိ၏" ဟု ဆို၏။

တစ်ဖန် အဆွေခင်ပွန်း နှစ်ယောက်တို့သည် မျောက်အား မေးကုန်၏။ မျောက်သည် "အဆွေတို့၊ ငါသည် ရှေး၌မျောက်ငယ် ဖြစ်စဉ် မြေ၌ထိုင်၍ လည်ကို မမော့ဘဲ ဤပဒေသာပင်၏ အညွန့် အဖျားကို စား၏" ဟု ဆို၏။

ထို့နောက် အဆွေခင်ပွန်း နှစ်ယောက်သည် ရှေးနည်း အတိုင်း ခါအား မေးကုန်၏။ ခါသည် "အဆွေတို့၊ ရှေး၌ ဤမည်သော အရပ်၌ ပဒေသာပင်ကြီး ရှိ၏။ ထိုပဒေသာပင်ကြီး၏ အသီးကိုစား၍ ဤအရပ်၌ ငါ ကျင်ကြီးစွန့်၏။ ထိုကျင်ကြီးမှ ဤပဒေသာပင် ပေါက်၏" ဟု ဆို၏။ ဤသို့ ဆိုသောအခါ မျောက်နှင့် ဆင်တို့က "အဆွေသည် ငါတို့ထက်ကြီး၏။ ဤနေ့မှစ၍ သင့်အား ငါတို့သည် အလေးအမြတ် ပြုကုန်အံ့၊ ငါတို့သည် သင်၏ အဆုံးအမ၌ တည်ကုန်အံ့။ သင်သည် ငါတို့အား ဆုံးမခြင်းကို ပြုပါလော့" ဟု ဆိုကြကုန်၏။

ထိုနေ့မှစ၍ ခါသည် အဆွေခင်ပွန်းနှစ်ယောက်အား အဆုံးအမကို ပေး၏။ ကောင်းမြတ်သော အကျင့်ကို ကျင့်စေ၏။ ထိုအဆွေခင်ပွန်း သုံးယောက်သည် အချင်းချင်း ရိုသေလေးစားမှု ရှိကြ၍ အသက်ထက်ဆုံး စိတ်တူကိုယ်မျှ ညီညီညွတ်ညွတ် နေထိုင်ကြလေ၏။

ဧကနိပါတ်၊ တိတ္တိရဇာတ် မှ

ခင်ပွန်းကောင်း

လွန်လေပြီးသောအခါ တစ်ခုသော တော၏ရေအိုင်အနီးရှိ ချုံတွင် သမင်တစ်ကောင်နေ၏။ ရေအိုင်အနီး တစ်ခုသော သစ်ပင်ဖျားၓ္ ခေါက်ရှာငှက် နေ၏၊ ရေအိုင်၌ကား လိပ် နေ၏။ သမင်၊ ခေါက်ရှာငှက်နှင့် လိပ်တို့သည် အဆွေခင်ပွန်းဖြစ်ကာ အချင်းချင်း ချစ်ခင်စွာ နေ၏။

တစ်ခါသော် မုဆိုးတစ်ယောက်သည် တောလည်စဉ် သမင်ခြေရာကို ရေဆိပ်၌ မြင်သဖြင့် သံလွန်းတင် သားရေကျော့ကွင်းကို ထောင်ထားခဲ့၏။ ညဉ့်ဦးယံ၌ သမင် ရေသောက်ဆင်းသောအခါ ကျော့ကွင်းတွင် မိလေ၏။ ကျော့ကွင်းမိနေကြောင်း၊ အဆွေခင်ပွန်းများသိရန် အော်မြည်ရာ ခေါက်ရှာငှက်နှင့်လိပ်တို့ကြား၏။ ခေါက်ရှာငှက်နှင့် လိပ်တို့သည် သမင်လွတ်ရာလွတ်ကြောင်း တိုင်ပင်ကြ၏။



ခေါက်ရှာငှက်က "အဆွေလိပ်၊ သင်၌ သွားရှိ၏။ ကျော့ကွင်းကို ကိုက်ဖြတ်ပါလော့။ ငါမူကား မုဆိုးအိမ်နေရာသို့ သွား၍ တားဆီးအံ့" ဟု ဆို၏။ လိပ်သည် မုဆိုးထောင်ထားသော ကျော့ကွင်းကို ကိုက်ဖြတ်စဉ် ခေါက်ရှာငှက်သည် မုဆိုးနေထိုင်ရာ အိမ်အနီးရှိ သစ်ပင်၌ နားကာ မုဆိုးကို စောင့်နေ၏။ မုဆိုးသည် မိုးသောက်ထအခါ၌ လှံကိုယူ၍ အိမ်၏ အရှေ့ဘက်မှ ထွက်လာသောအခါ ခေါက်ရှာငှက်သည် အသံမြည်လျက် အတောင်ဖြင့် မုဆိုး၏ မျက်နှာကို ပုတ်ခတ်၏။ မုဆိုးသည် ငှက်ယုတ်မာ ပုတ်ခတ်သည်ဟု ဆိုကာ အိမ်တွင်းသို့ပြန်ဝင်၍ အိပ်၏။ ခေါက်ရှာငှက်သည် မုဆိုး နောက်တစ်ခါ အိမ်မှထွက်လျှင် နောက်ဘက် အပေါက်မှ ထွက်တန်ရာသည်ဟု တွေး၍ အိမ်၏နောက်ဘက်မှ မုဆိုးကိုစောင့်၏။ မုဆိုးသည် အတန်ငယ် အိပ်ပြီး ခေါက်ရှာငှက် ကျွေးထင်သကဲ့သို့ အိမ်၏အနောက်ဘက် အပေါက်မှ ထွက်၏။ ခေါက်ရှာငှက်သည် မုဆိုး၏မျက်နှာကို အတောင်ဖြင့် ပုတ်ခတ်ပြန်၏။

မုဆိုးက "ငှက်ယုတ်မာသည် ငါ့ကို အိမ်မှ ထွက်ခွင့်မပေး" ဟု ဆိုကာ အိမ်တွင်းသို့ပြန်ဝင်၍ အရုဏ်တက်သည်အထိ အိပ်၏။ အရုဏ်တက်သောအခါမှ မုဆိုးသည် အိပ်ရာမှထကာ လှံကိုယူပြီး အိမ်မှထွက်၏။ ခေါက်ရှာငှက်သည် မုဆိုးထက် အလျင်ဦးစွာ ပျံသန်း၍ "မုဆိုးလာချေပြီ၊ မုဆိုးလာချေပြီ" ဟု သမင်အား အကြောင်းကြား၏။ ထိုအချိန်၌ လိပ် ကိုက်ဖြတ်သဖြင့် သုံးလွန်းဘင် သားရေကြိုးသည် နှစ်လွန်းပြတ်ပြီးဖြစ်၍ တစ်လွန်းသာကျန်တော့၏။ လိပ်၏သွားများမှာကား ကိုက်ဖြတ်ရလွန်းသောကြောင့် ကြွလုနီးဖြစ်နေ၏။ ခံတွင်းမှသွေးယို၏။ သမင်သည် လှံကိုကိုင်၍လာသော မုဆိုးကို မြင်လျှင် ကြွင်းသော အနှောင်အဖွဲ့ကို လွတ်အောင်ရုန်း၍ တောတွင်းသို့ ပြေးဝင်၏။ ခေါက်ရှာငှက်သည်လည်း သစ်ပင်မြင့်ထက်သို့ ပျံနား၏၊ လိပ်မှာမူ အင်အား ချည့်နဲ့နေသဖြင့် မပြေးနိုင်၊ မုဆိုးသည်လိပ်ကို ကောက်ယူ၍ အိတ်၌ထည့်ကာ သစ်ငုတ်၌ချိတ်ဆွဲ

ထားလိုက်၏။ သမင်သည် လိပ်၏အဖြစ်ကိုမြင်၍ ကယ်တင်အံ့သော ငှာ မိမိကိုယ်ကို အားနည်းဟန်ပြုလျက် မုဆိုးအားပြ၏။ ထိုအခါ မုဆိုးသည် အားနည်းနေသော သမင်ကို သတ်အံ့ဟု လှံကို ယူ၍ သမင်နောက်သို့ လိုက်၏။ သမင်သည် မုဆိုးနှင့် ဝေးလွန်း အောင်လည်းမပြေး၊ နီးလွန်းအောင်လည်း မနေဘဲ မုဆိုးကို သွေးဆောင်၍ တောသို့ဝင်၏။

ဝေးသော တစ်နေရာသို့ ရောက်မှ ခြေရာလှည့်စား၍ လိပ်ရှိရာသို့ အခြားလမ်းဖြင့် အလျင်အမြန်ပြေး၏၊ လိပ်ရှိရာသို့ ရောက်သောအခါ အိတ်ကို ချိုဖြင့် ချိတ်ယူပြီး မြေ၌ချကာ လိပ်ကို ထုတ်၏။ ခေါက်ရှာငှက်လည်း သစ်ပင်ထက်မှ သက်လာ၏၊ ထိုအခါ သမင်သည် "သင်တို့ ကူညီ စောင့်ရှောက်ခဲ့သောကြောင့် ငါအသက် ရှင်ရပေသည်" ဟုကျေးဇူးစကား ဆို၏၊ "ယခု မုဆိုးလာတော့မည် ဖြစ်၍ အဆွေ ခေါက်ရှာငှက်သည် သားငယ်ကလေးများကိုယူ၍ တစ်ပါးသော အရပ်သို့ ပုန်းသိမ်းပါလော့။ အဆွေလိပ်၊ သင်လည်း ရေထဲသို့ ငုပ်လျှိုးလော့" ဟု ဆိုကာ မိတ်ဆွေသုံးဦးသည် မုဆိုး၏ အန္တရာယ်မှလွတ်အောင် ရှောင်ကြလေ၏။

သမင်၊ ခေါက်ရှာငှက်နှင့် လိပ်တို့သည် တစ်ဦးအသက်ကို တစ်ဦးက ကယ်တင်ပြီး၍ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင် ကြကုန်၏။

ဥက္ကနိပါတ်၊ ကုရုင်္ဂမိဂဇာတ် မှ

မျက်မမြင်အမိနှင့် သားဆင်လိမ္မာ

ရှေးသရောအခါ ဟိမဝန္တာ၌ ကိုယ်လုံးဖြူသော၊ အဆင်းလှသော၊ အခြံအရံရှစ်သောင်း ရှိသော ဆင်မင်း ရှိ၏။ ထိုဆင်မင်း၏ အမိကား မျက်မမြင်တည်း။ ထို့ကြောင့် ဆင်မင်းသည် အစာရှာထွက်တိုင်း ရောက်ရာအရပ်မှ ချိုနိုးရာရာ သစ်သီးတို့ကို မျက်မမြင် အမိထံ ပေးပို့၏။ အခြားသော ဆင်တို့သည် သစ်သီးများကို ဆင်မင်း၏ အမိအား မပေးဘဲ စားပစ်ကြ၏။ ထိုအကြောင်းကို ဆင်မင်း သိသောအခါ ဆင်အုပ်ကိုစွန့်၍ ငါ့အမိကိုသာလျှင် ငါ လုပ်ကျွေး ပြုစုမည်ဟု ကြံပြီးလျှင် တောင်ခြေတစ်ခုရှိ ပဒုမ္မာ ကြာအိုင် အနီးတွင်ရှိသော လိုဏ်ဂူတွင် အမိကိုထားကာ လုပ်ကျွေး ပြုစု၏။

တစ်ခါသော် ဗာရာဏသီပြည်မှ မုဆိုး တစ်ယောက်သည် လမ်းမှားကာ ဆင်မင်းသားအမိ နေထိုင်ရာ တောင်ခြေအနီးရှိ



တောထဲတွင် တဝဲလည်လည် ဖြစ်နေ၏။ မုဆိုးသည် အရပ် ရှစ်မျက်နှာ တို့ကို မမှတ်မိတော့သဖြင့် စိတ်အားငယ်ကာ သည်းထန်စွာ ငိုကြွေး မိ၏။ မုဆိုး၏ ငိုကြွေးသံကို ဆင်မင်းကြားသော် ဤလူကား ကိုးကွယ်ရာမရှိ၊ ငိုကြွေး၏။ ငါ့အသက်ထင်ရှားရှိစဉ် ဤသူသည် ဤအရပ်၌ အကျိုးမဲ့ သေကျေပျက်စီးခြင်းငှာ မသင့်ဟု တွေးမိပြီး မုဆိုးထံ သွား၏။ မုဆိုးသည် ဆင်မင်းကို မြင်သောအခါ ကြောက် လန့်၍ ပြေး၏။

ထိုအခါ ဆင်မင်းက—

"အို ယောကျ်ား၊ မပြေးပါလင့်။ သင့်အား ငါသည် အန္တရာယ်မပြုပါ။ သင်သည် အဘယ်ကြောင့် ငိုကြွေးသနည်း"ဟု မေး၏။

မုဆိုးက—

"သခင်၊ အကျွန်ုပ်သည် ဤတောင်ခြေ၌ လမ်းမှားနေသည် မှာ ခုနစ်ရက် ရှိပါပြီ"ဟု ပြော၏။

ထိုအခါ ဆင်မင်းက—

"အို ယောကျ်ား၊ သင်မကြောက်လင့်။ သင့်အား ငါသည် လူတို့ထံသွားရာ ခရီးလမ်းသို့ ပို့ဆောင်မည်"ဟု ဆို၍ မုဆိုးအား ကျောထက်၌ တင်ကာ ပို့ဆောင်၏။ မုဆိုးသည် ဆင်မင်း၏ ကျော ထက်မှ ဤဆင်ဖြူတော်ကို မြဟ္မဒတ်မင်းအား ဆက်သရမည်ဟု အကြံဖြစ်ရကား နောက်တစ်ခေါက် လာရောက်နိုင်ရန် သစ်ပင်များ၊ တောင်များကို အမှတ်အသား ပြု၏။

ဗာရာဏသီပြည်သို့ မုဆိုးရောက်လျှင် မြဟ္မဒတ်မင်း၏ မင်္ဂလာ ဆင်တော် သေဆုံးခြင်းနှင့် ကြုံ၏။ မြဟ္မဒတ်မင်းသည် မင်္ဂလာ ဆင်တော်အဖြစ် ထားရှိရန် သင့်လျော်သော ဆင်ကို မြင်ပါက အကြောင်းကြားရန် မောင်းခတ်၏။

ထိုအခါ မုဆိုးသည် မင်းထံ ချဉ်းကပ်၍—

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ မင်္ဂလာဆင်တော် ဖြစ်ထိုက် သော၊ ကိုယ်လုံးဖြူသော၊ အကျင့်ကောင်းသော ဆင်ကို အကျွန်ုပ်

မြင်တွေ့ပါ၏။ ဆင်ဖြူရှိရာကို ခရီးညွှန်ပါမည်။ အကျွန်ုပ်နှင့်အတူ ဆင်ဆရာတို့ကိုစေ၍ဆင်ဖြူရပါနာကို ယူတော်မူပါ''ဟု လျှောက်၏။

မင်းကြီးလည်း—

''ကောင်း၊ပြီ'' ဟု ဆိုကာ မုဆိုးနှင့်အတူ ဆင်ဆရာကို လိုက်ပါစေ၍ ဆင်မင်းရှိရာ အရပ်သို့ စေလွှတ်၏။

မုဆိုးလမ်းပြ၍ ဆင်မင်းရှိရာ အရပ်သို့ ရောက်သည်ရှိသော် ပဒုမ္မာကြာတောသို့ဝင်၍ အစာကိုယူနေသော ဆင်မင်း၊ကိုမြင်ကြ၏။ ဆင်မင်းလည်း မုဆိုးနှင့် ဆင်ဆရာကို မြင်၏။ ဘေးအန္တရာယ်နှင့် ကြုံပြီဟုလည်း သိ၏။ ငါသည် ခွန်အားကြီး၏။ ဆင်တစ်ထောင်ကို ဖျက်ဆီးနိုင်၏။ အမျက်ထွက်လျှင် တိုင်းနိုင်ငံနှင့်တကွ စစ်သည်မိုလ်ပါ ဆင်မြင်းတို့ကို ဖျက်ဆီးနိုင်၏။ ငါ အမျက်ထွက်လျှင် ငါ၏ သီလ ပျက်လတ္တံ့။ သို့ဖြစ်၍ ငါ၏ ဦးခေါင်းကို လှံတို့ဖြင့် ထိုးသော်လည်း အမျက်မထွက်အံ့'' ဟု ဆင်မင်းသည် အဓိဋ္ဌာန်ပြု၍ မတုန်မလှုပ် ရပ်တော်မူ၏။ ဆင်ဆရာသည် ပဒုမ္မာကြာအိုင်သို့ ဆင်းသက်၍ ဆင်မင်း၊ကို ကြည့်သည်ရှိသော် ကောင်းမြတ်သောကြန်အင်လက္ခဏာ နှင့် ပြည့်စုံသည်ကို မြင်၏။ ထို့ကြောင့် ဆင်မင်းကို ''ချစ်သား၊ လာလှည့်လော့'' ဟု ဆိုကာ ငွေပန်းဆိုင်နှင့်တူသော နှာမောင်း၊ကို ကိုင်၍ ခေါ်ဆောင်သွား၏။

ဆင်မင်း၊ကို ဆောင်ယူလာသူတို့သည် ဟိမဝန္တာ တောမှ ထွက်၍ ခုနစ်ရက် အကြာတွင် ဗာရာဏသီပြည်သို့ ရောက်၏။ ဗြဟ္မဒတ်မင်းသည် တစ်မြို့လုံးကို တန်ဆာဆင်၍ လည်းကောင်း၊ မင်္ဂလာ ဆင်တင်းကုပ်ကို နံ့သာဖြင့် ထုံစေ၍လည်းကောင်း ဆင်မင်းအား ကြိုဆိုလေ၏။ မင်္ဂလာဆင်တင်းကုပ်သို့ ဆင်မင်း၊ ရောက်သောအခါ မင်းသည် အရသာထူးသော စားဖွယ်ကို ဆောင်ယူ၍ ဆင်မင်းအား ကျွေး၏။ ဆင်မင်းသည် မယ်တော်နှင့် မတွေ့ရသမျှ အစာကိုမစားဟု ကြံလျက် မင်းပေးသောစားဖွယ်ကို မစားဘဲနေ၏။

ထိုအခါ ပြဟ္မဒတ်မင်းက-

"ဆင်မင်း၊ အပိန်အကြုံမခံပါနှင့်။ အစာကိုစားပါလော့။ မင်းရေး မင်းမှုကား များလှချေ၏။ ထိုအရေးအမှုတို့ကို ဆင်မင်း ပြုရ လတ္တံ့။"ဟုဆို၏။

ဆင်းမင်းက-

"မြတ်သောမင်းကြီး၊ ဟိမဝန္တာတောဝယ်အထီးကျန်သော၊ မျက်စိမမြင်သော၊ အစာကို ဆောင်ယူ ကျွေးမွေးမည့်သူ မရှိသော ဆင်မအိုသည် အစာအလို့ငှာ တောသို့သွားအံ့။ ထိုအခါ သစ်ချုံ သစ်ငုတ်တို့ကို ခြေဖြင့် ခတ်မိလတ္တံ့။"ဟုဆို၏။

ပြဟ္မဒတ်မင်းသည် ဆင်မအိုအကြောင်းကိုသိလိုရကား-

"ဟိမဝန္တာတောဝယ် အထီးကျန်သော ၊မျက်စိမမြင်သော၊ အစာကို ဆောင်ယူကျွေးမွေးမည့်သူမရှိသောဆင်မအိုသည် အဘယ် သူနည်း"ဟု မေး၏။

"မင်းကြီး၊ အထီးကျန်သော၊ မျက်စိမမြင်သော၊ အစာကို ဆောင်ယူ ကျွေးမည့်သူမရှိသော ဆင်မအိုသည်ကားအကျွန်ုပ်၏ အမိ တည်း"ဟု ဆင်မင်းက ဖြေ၏။

ထိုအခါ ပြဟ္မဒတ်မင်းသည် အမိကို လုပ်ကျွေး ပြုစုသော ဆင်မင်းအား ချစ်ခင်လေးစားကြည်ညိုလှသောကြောင့်-

"အိုအမတ်တို့၊ ဆင်မင်းကား အမိကို လုပ်ကျွေးပြုစုနေသော ဆင်မင်းပေတည်း။ အမိဆင်မအိုနှင့်လည်းကောင်း၊ အဆွေအမျိုး တို့နှင့်လည်းကောင်း အတူရှိသင့်၏" ဟု မိန့်ကာ ဆင်မင်းအား ဟိမဝန္တာတောသို့ ပြန်ပို့၏။

ဟိမဝန္တာသို့ ရောက်သောအခါ ဆင်မင်းသည် ပဒုမ္မာကြာ တောသို့ ရှေးဦးစွာဝင်၍ မယ်တော်အတွက် ကြာစွယ်ကြာရင်းတို့ကို ယူ၏။ နှာမောင်းဖြင့် ရေအပြည့်ယူ၏၊ အစာမရသောကြောင့် နွမ်းရိပင်ပန်းနေသော မယ်မတော်အားရေဖြင့် သွန်းလောင်း၍ လန်း ဆန်းစေ၏။ မိမိအား ပြဟ္မဒတ်မင်းက မျက်မမြင် မိခင်ကို လုပ်ကျွေး

နေသော ဆင်ဖြစ်၍ ပြန်လည်လွှတ်လိုက်ကြောင်းကို ပြောပြရာ မယ်တော်လည်း ဗြဟ္မဒတ်မင်း အသက်ရှည်ပါစေဟု ဝမ်းမြောက်ဝမ်းသာ ဆုတောင်း၏။

ဗြဟ္မဒတ်မင်းလည်း အမိကို လုပ်ကျွေးပြုစုနေသော ဆင်မင်းကို ကြည်ညိုရကား ပဒုမ္မာကြာတော်နှင့် မနီးမဝေးတွင် ရွာတည်၍ ဆင်မင်းနှင့် ဆင်မင်း၏ မယ်တော်အား ဝတ်ကြီးဝတ်ငယ် ပြုစေ၏။ ဆင်မင်းလည်း အမိမျက်မမြင် ဆင်မအိုအား အသက်ထက်ဆုံး မငြီးမငြူ လုပ်ကျွေး ပြုစုလေသတည်း။

ဧကာဒသကနိပါတ်၊ မာတုပေါသကဇာတ် မှ



မဟိံသမင်းသားနှင့် ရေစောင့်ဘီလူး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်းနှင့် မိဖုရားကြီးမှ သားတော်နှစ်ပါး ဖွားမြင်၏။ သားတော်ကြီးကား မဟိံသ မည်၏။ သားတော်ငယ်ကား စန္ဒကုမာရ မည်၏။ စန္ဒကုမာရ ပြေးနိုင်ကာစ အရွယ်ကွင် မိဖုရားကြီး နတ်ရွာစံ၏။ မိဖုရားကြီး နတ်ရွာစံပြီးနောက် ဗြဟ္မဒတ်မင်းသည် တစ်ပါးသော မိဖုရားကို မိဖုရားကြီးအရာ မြှောက်၏။ ထိုမိဖုရားကြီးမှ သားတော်တစ်ပါး ဖွားမြင်၏။ သုရိယ အမည် ရှိ၏။ ဗြဟ္မဒတ်မင်းသည် သားတော်အား ချစ်ခင်စုံမက်ရကား၊ လိုရာဆုကို တောင်းစေ၏။ မိဖုရားလည်း လိုအပ်သောအခါ၌ တောင်းပါမည်ဟု ဆို၏။

သုရိယမင်းသား အရွယ်ရောက်သောအခါ မိဖုရားကြီးက "အရှင်မင်းကြီး၊ ကျွန်ုပ်သား ဖွားစဉ်ကာလက လိုရာဆုကို တောင်း

ဟု ဆို၏။ ယခု တောင်းပါမည်။ ကျွန်ုပ်သားအား မင်းအဖြစ်ကို ပေးပါလော့''ဟု ဆို၏။ မင်းကြီးလည်း သားကြီးနှစ်ပါး ရှိပြီးဖြစ်၍ သူရိယမင်းသားအား ထီးနန်း မပေးနိုင်ကြောင်း ငြင်းဆို၏။ မိဖုရားကြီးလည်း အဖန်တလဲလဲ တောင်း၏။ တောင်းဖန်များသော် သားတော်ကြီးနှစ်ပါးအား မိဖုရားကြီးက ရန်ရှာမည်ကို မင်းကြီး စိုးရိမ်ပူပန်မိ၏။ ထို့ကြောင့် မင်းကြီးသည် သားတော် မဟိံသ နှင့် စန္ဒကုမာရတို့ကို ခေါ်ယူ၍ ''သားတော်တို့၊ ငါလွန်သောအခါမှ အရိုက်အရာဖြစ်သော ဤပြည်သို့လာ၍ မင်းပြုရစ်ကြ'' ဟု ဆိုကာ သားတော်တို့၏ ဦးခေါင်းကို နမ်းရှုပ်၍ ဟိမဝန္တာတောသို့လွှတ်လိုက်၏။ မဟိံသနှင့် စန္ဒကုမာရ မင်းသားနှစ်ပါးသည် ဖခမည်းတော်အား ရိုသေစွာ ရှိခိုးပြီးနောက် ပြာသာဒ်ထက်မှ ဆင်းလာခဲ့ကြရာ မင်းရင်ပြင်၌ ကစားနေသော သူရိယမင်းသားနှင့် ဆုံ၏။ သူရိယမင်းသားလည်း နောင်တော်နှစ်ပါးနှင့် အတူပင် ဟိမဝန္တာတောသို့ လိုက်လိုပါသည်ဟု ဆိုသဖြင့် အတူတကွ သွားကြ၏။

လမ်းခရီးတွင် မဟိံသမင်းသားသည် သစ်ပင်ရင်း၌ နားနေကာ ညီထွေး သူရိယမင်းသားအား အိုင်သို့သွားကာ ရေချိုး၊ ရေသောက်စေပြီး အပြန်တွင် ရေကို ကြာရွက်တွင် ထည့်ယူခဲ့ရန် ခိုင်း၏။ ထိုအိုင်ကို ဒကာရက္ခိုသ် ရေစောင့်ဘီလူး အစိုးရ၏။ ထိုဘီလူးသည် ဒေဝဓမ္မကို မသိပါဘဲ အိုင်တွင်းသို့ ဆင်းသက်မိသူများကို ဖမ်းယူ စားသောက်ပိုင်၏။ သူရိယ မင်းသားသည် မစူးစမ်းဘဲ အိုင်တွင်းသို့ ဆင်းသက်မိလေရာ ဘီလူးက ဖမ်းဆီး၍ ဒေဝဓမ္မကို သိသလောဟု မေး၏။ သူရိယမင်းသားက ဒေဝဓမ္မဆိုသည်မှာ နေ၊ လ တို့ပင်တည်းဟု ဖြေ၏။ ဘီလူးက ဒေဝဓမ္မကို သင်မသိဟု ဆိုကာ ဖမ်းဆီးထား၏။ ညီထွေး သူရိယမင်းသား ပြန်ချိန်တန်၍ ပြန်မလာသောအခါ မဟိံသမင်းသားသည် ညီတော်စန္ဒကုမာရကို အိုင်သို့ စေလွှတ်ပြန်၏။ ဘီလူးလည်း စန္ဒကုမာရကိုဖမ်း၍ ဒေဝဓမ္မကို သိသလောဟု မေး၏။ စန္ဒကုမာရက ဒေဝဓမ္မသည် အရပ်လေး

မှတ်နာတည်းဟု ဖြေ၏။ ဘီလူးလည်း စန္ဒကုမာရကို ဖမ်းထား၏။ စန္ဒကုမာရမင်းသား ပြန်ချိန်တန်၍ မပြန်သောအခါ မဟိ သ မင်းသားသည် အိုင်သို့ ကိုယ်တိုင်သွား၏။ ညီနှစ်ယောက် ကန်သို့ဆင်းသော ခြေရာကို မြင်သောအခါ ဤအိုင်ကို ဘီလူးအစိုးရသော အိုင်မှန်း သိ၏။

မဟိ သ မင်းသားသည် အိုင်တွင်းသို့ မဆင်းသက်ဘဲ အိုင်အနီးတွင် သန်လျက်ကိုလွယ်၍ လေးကိုကိုင်ကာ ရပ်၏။ ဘီလူးသည် ခရီးသွားယောကျာ်း အသွင်ယူကာ မဟိ သထံ သွား၍ "အိုယောကျာ်း၊ သင်သည် ခရီးပန်းပါလျက် ဤအိုင်အတွင်း ဆင်းသက်ကာ ရေမိုးချိုး၍လည်းကောင်း၊ ကြာစွယ် ကြာရင်းတို့ကို စား၍လည်းကောင်း အဘယ်ကြောင့် ခရီးမဆက်ပါသနည်း" ဟု ပြောဆိုဖြားယောင်း၏။

မဟိ သ မင်းသားသည် ခရီးသွားယောကျာ်းကား ဘီလူးဖြစ်လတ္တံ့ ဟုသိ၍ "သင်သည် ငါ့ညီတို့ကို ဖမ်းထားသလော" ဟု မေး၏။ ဘီလူးက "ဒေဝဓမ္မကို မသိဘဲ ဤအိုင်သို့ ဆင်းသူတို့ကို ငါရ၏" ဟု ဖြေ၏။ မဟိ သမင်းသားသည် ဘီလူး သိလိုသော ဒေဝဓမ္မကို ဟောကြား၏။ မကောင်းမှုမှ ရှက်ခြင်း၊ မကောင်းမှုမှ ကြောက်ခြင်းတို့ကို ဒေဝဓမ္မဟု ဆို၏။ ထိုတရားနှစ်ပါး ကျင့်သောသူကိုလည်း ဒေဝဓမ္မဟု ဆို၏။

ဘီလူးလည်း ဒေဝဓမ္မတရားကိုနာရသဖြင့် မဟိ သမင်းသားအား ဘယ်ယောက်သော ညီကို ပေးမည်ဟုဆိုကာ အဘယ်ညီကို ဆောင်ခဲ့ရမည်နည်းဟု မေး၏။ မဟိ သ မင်းသားက ညီထွေး သူရိယမင်းသားကို ဆောင်ခဲ့စေ၏။

ထိုအခါ ဘီလူးက "အသင်သည် ဒေဝဓမ္မကို သိရုံသာသိ၏၊ ကျင့်ကား မကျင့်။ ညီတော်နှစ်ပါးရှိရာတွင် ညီထွေးကို ရွေးခြင်းဖြင့်

အသက်ကြီးမှုကို သင်သည် အလေးမထား'' ဟု စွပ်စွဲပြောဆိုလေ၏။ ထိုအခါ မဟော်သမင်းသားက ဟိမဝန္တာတောသို့ လာရခြင်း အကြောင်းစုံကို ပြန်လည်ပြောဆိုပြီးနောက် ''အသင်ဘီလူး၊ ညီတွေး သူရိယမင်းသားကို တော၌ ဘီလူးစားပြီဟုဆိုသော် အဘယ်သူ ယုံတော့မည်နည်း။ လူအပေါင်းတို့သည် ငါတို့အား ကဲ့ရဲ့ကြမည် သာတည်း၊ ငါသည် ကဲ့ရဲ့ခံရမည်ကို ကြောက်၏၊ ထို့ကြောင့် ညီတွေး သူရိယမင်းသားကို ငါတောင်း၏'' ဟု ဆိုသော် ဘီလူးသည် မဟော်သမင်းသားကို ကောင်းချီးပေး၍ ညီနှစ်ဦးစလုံးကို လွှတ်ပေးလေ၏။

မဟော်သမင်းသား၏ အကြားအမြင်များမှု၊ သိမြင် နှံ့စပ်မှုကြောင့် မင်းသားနှစ်ပါးသည် အသက်ဘေးမှ လွတ်မြောက်၍ မဟော်သမင်း နန်းဆက်ခံသောအခါ ညီကြီးစန္ဒကုမာရသည် အိမ်ရှေ့မင်း၊ ညီတွေး သူရိယသည် စစ်သူကြီး ဖြစ်လာကြလေသည်။

ဇာတ်ပေါင်း၊ ဒေဝဓမ္မဇာတ် မှ

တစ်ပင်ရွှေထီး၏ ဇာတ်သိမ်း

အသက် ဆယ့်လေးနှစ်မျှသာရှိသေးသော တစ်ပင်ရွှေထီးသည် သက္ကရာဇ် ၈၉၂-ခုနှစ်တွင် တောင်ငူထီးနန်းကို စိုးစံတော်မူသည်။ တစ်ပင်ရွှေထီးသည် မင်းပျိုမင်းလွင် ဖြစ်သော်လည်း စစ်ရေးစစ်ရာ၌ ကျွမ်းကျင်၏။ အအုပ်အချုပ်၊ အစီအမံ ကောင်း၏။ ထိပါးလာသော ရန်ဟူသမျှကို ငြိမ်ဝပ်ပိပြားအောင် နှိမ်ကွပ်ကဲနိုင်၏။ ထို့ကြောင့် တစ်ပင်ရွှေထီးသည် စွမ်းရည်ပြည့်စုံသော မင်းတစ်ပါး ဖြစ်လေသည်။

တစ်ခါသော် တိုင်းတစ်ပါးမှ တပ်ပျက်၍ မုတ္တမဆိပ်ကမ်းသို့ ရောက်လာသော ပိဋကရစ်မင်း၏တူနှင့်တကွ လူသုံးရာကို မုတ္တမ မှ စားသည့် တစ်ပင်ရွှေထီးထံ ဆက်သ၏၊ တစ်ပင်ရွှေထီးသည် ပိဋကရစ်မင်း၏တူကို မြင်သောအခါ သန့်ပြန့်သော အသွင်အပြင်ရှိသည်

ဖြစ်၍ သနားတော်မူရကား နေစရာအိမ်ကို ပေး၏။ ပိစ္စရစ်မင်း၏ တူသည် သေနတ်ပစ်ရာ၌ အလွန် လက်ဖြောင့်သောကြောင့် တစ်ပင်ရွှေထီး သဘောကျရကား ကိုယ်လုပ်တော်တစ်ယောက်နှင့် ပေးစား၏။ ပိစ္စရစ်မင်း၏တူနှင့်ပေါင်းဖော်ရသော ကိုယ်လုပ်တော်သည် တိုင်းခြားသားနား၏ နည်းနာအတိုင်း ကောင်းစွာ ပြုပြင် စီမံထားသော အမဲအစားအစာ၊ စားဖွယ်သောက်ဖွယ်တို့ကို တစ်ပင်ရွှေထီးအား မပြတ်ဆက်သ၏။ ထို့ပြင် မူးယစ်စေတတ်သော စပျစ်ရည်ကိုလည်း စီရင်၍ ဆက်သ၏။ ထိုစပျစ်ရည်ကို သောက်သုံးလျှင် ချိုမြသည်ဖြစ်၍ တစ်ပင်ရွှေထီး အလွန်နှစ်သက်တော်မူ၏။ ပိစ္စရစ်မင်း၏တူကို အပါးတော်၌ အမြဲခစားစေကာ အတူတကွ သောက်စားမူးယစ်၏။

ပိစ္စရစ်မင်း၏ တူလည်း စပျစ်အရက်ကို ပို၍ကောင်းအောင် ပျားရည်ဖြင့်ရောကာချက်၏။ တစ်ပင်ရွှေထီးသည် ထိုအရက်ကိုစွဲမြဲစွာ သုံးဆောင်တော်မူလျှင် အမူအကျင့် ဖောက်ပြန်လာ၏။ ဤသူ့မယားကို ထိုသူ့ပေး၊ ထိုသူ့မယားကို ဤသူ့ပေး စသည်ဖြင့် မအပ်မရာပြုတော်မူ၏။ ကုန်းချောလျှောက်တင်သည်တို့ကိုလည်း ဟုတ် မဟုတ် စိစစ်တော်မမူဘဲ ခေါ်ငင်၍သာ ကွပ်မျက်တော်မူ၏။

ထိုသို့ပြုဖန်များလတ်သော် ဘုရင့်နောင်ကျော်ထင်နော်ရထာလည်း "ဤသို့သော အကျင့်များကား၊ ကေရာဇ်မင်းတို့၏ အကျင့် မဟုတ်။ သေရည်သုံးစွဲတော်မူသည်ကို ပယ်တော်မူမှသင့်မည်"ဟူ၍ တစ်ပင်ရွှေထီးအား အဖန်တလဲလဲ လျှောက်သော်လည်း သေရည်နှင့် အကျွမ်းဝင်ပြီးဖြစ်၍ "ပြည်အလုံးကို နောင်တော်သာ စီရင်လေ။ ငါ့ကို မလျှောက်နှင့်တော့။ ငါမူကား ရွှေနန်းတော်ကြင် စံပျော်တော်မူ၍ နေတော်မူမည်" ဟု မိန့်တော်မူသည်။ ရံဖန်ရံခါသာ ညီလာခံသို့ ထွက်တော် မူနိုင်သည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာသည် တစ်ပင်ရွှေထီးကို စောင့်ရှောက်ရင်းတိုင်းရေးပြည်မှုကို စီမံရ၏။

ယခင်က တစ်ပင်ရွှေထီးကို ကြည်ညို လေးစားကုန်သော မှူးမတ် အပေါင်းတို့သည် အကြည်ညိုပျက်ကာ ဘုရင့်နောင် ကျော်ထင်မြနော်ရထာအား နန်းသိမ်းရန် တောင်းပန်လျှောက်ထား ကြ၏။ ဘုရင့်နောင်က လက်ခံတော်မမူ။ ညီတော် တစ်ပင်ရွှေထီး ကိုယ်စားသာ နိုင်ငံတော်ကို အုပ်ချုပ်၏။ တစ်ပင်ရွှေထီးကိုလည်း စောင့်ရှောက်မြဲ စောင့်ရှောက်၏။ ပိန္နရစ်မင်း၏ တူကိုလည်း နိုင်ငံမှ နှင်ထုတ်၏။

သက္ကရာဇ် ၉၁၂-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့၌ တစ်ပင်ရွှေထီးစက်တော်ခေါ်နေစဉ် ရန်ငြိုးထားသော လက်ဝဲမှူး က လုပ်ကြံသဖြင့် တစ်ပင်ရွှေထီးနတ်ရွာစံလေသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီး မှ





ကျေးကိုနိုင်သော ဝက်

လွန်လေပြီးသောအခါ ဗာရာဏသီမြို့ တံခါးဝအနီးရှိ ရွာတစ်ရွာတွင် လက်သမားတစ်ယောက် ရှိ၏။ တစ်ခါသော် ထိုလက်သမားသည် သစ်အလို့ငှာ တောသို့သွား၏။ တောတွင်းတွင်း၌ ကျနေသော ဝက်ငယ်တစ်ကောင်ကို တွေ့၍ အိမ်သို့ယူဆောင်ခဲ့ပြီး တစ္ဆကသူကရဟု အမည်ပေးကာ ကျွေးမွေးစောင့်ရှောက်ထား၏။ ဝက်ငယ်သည် နှုတ်သီးဖြင့် သစ်တို့ကို လှန်ပေး၏။ မျဉ်းကြိုးကို အစွယ်ဖြင့်ရစ်၍ ငင်၏။ ပဲခွပ်၊ ဆောက်ပုတ်တို့ကို နှုတ်သီးဖြင့် ကိုက်၍ဆောင်၏။ ဤသို့ဖြင့် မိမိကို စောင့်ရှောက်သူ၏ ကျေးဇူးကို ဝက်ငယ် သိတတ်၏။ တစ္ဆကသူကရ အရွယ်သို့ရောက်သောအခါ ခန္ဓာကိုယ် ကြီး၏။ ခွန်အား ကြီး၏။

လက်သမားသည် တစ္ဆကသူကရကို သားကဲ့သို့ ချစ်ခင်သဖြင့် သူတစ်ပါး အညှဉ်းအဆဲ အနှိပ်အစက် မခံရစေရန် တောသို

ပို့ဆောင်၍ လွှတ်လိုက်၏။ တောသို့ရောက်သော် တစ္ဆကာသူကရသည် "ဤဒေသ၌ တစ်ကောင်တည်းနေခြင်းငှာ မသင့်။ ငါ၏ အဆွေအမျိုးတို့ကိုရှာ၍ အဆွေအမျိုးတို့နှင့် အတူတကွ နေအံ့" ဟု တွေးကာ အဆွေအမျိုး ဝက်တို့ကို ရှာ၏။

တစ်နေ့ရာ၌ အဆွေအမျိုး ဝက်များကိုတွေ့ရာ အလွန်ဝမ်းသာမိသဖြင့် "ငါသည် တောတောင်အရပ်ရပ်ကို လှည့်လည်ကာ အဆွေအမျိုးများကို ရှာခဲ့၏။ ယခုမှ တွေ့ပေပြီ။ အဆွေအမျိုးတို့နှင့် တွေ့ရာအရပ်သည် အစာရေစာ ပေါများ၏။ သာယာပျော်မွေ့ဖွယ်တောတောင်ရေမြေ ရှိ၏။ ငါသည် ဆွေမျိုးများနှင့် အတူတကွ ခကြံခင်ကြမဲ့၊ စိုးရိမ်မဲ့ နေရတော့အံ့" ဟု ဆိုလေ၏။

တစ္ဆကာသူကရ၏ ဆိုစကားကို ဝက်များ ကြားသော် "အဆွေဝက်၊ ပျော်စရာနေရာ ရှာထားပါလော့။ ဤအရပ်၌ ဆူဖြိုးသောဝက်တို့ကို ကိုက်ဖြတ် စားသောက်တတ်သော ရန်သူကျား ရှိ၏" ဟု တစ္ဆကာသူကရအား သတိပေးလေသည်။

တစ္ဆကာသူကရက "အချင်းတို့၊ ငါတို့ အဆွေအမျိုးသည် ညီညွတ်သော အဆွေအမျိုးဖြစ်ပါက မည်သူမျှ မဖျက်ဆီးနိုင်။ ငါတို့တွင် အစွယ်မရှိပြီလော။ မရှိသည်မဟုတ်၊ ရှိ၏။ ငါတို့၏ကိုယ်၌ အင်အားမရှိပြီလော။ မရှိသည်မဟုတ်၊ ရှိ၏။ ငါတို့သည် ညီညွတ်ကြသဖြင့် တစ်ကောင်တည်းသော ကျား၏ ကိုက်ဖြတ် စားသောက် ခြင်းကို အဘယ်ကြောင့် ခံရမည်နည်း" ဟု ပြောကြားရာ ဝက်အပေါင်းတို့ နှစ်သက်သဘောကျ၍ တစ္ဆကာသူကရကို ခေါင်းဆောင်မြှောက်ကာ ကျားဆိုး၏ရန်ကို ခုခံကာကွယ် မည်ဟု စိတ်ပိုင်းဖြတ်ကြ၏။

တစ္ဆကာသူကရသည် မိမိ၏ အဆွေအမျိုးတို့ကို ဦးဆောင်၍ စောင့်ရှောက်ရမည့် တာဝန်ရှိသည်နှင့်အညီ ကျားဆိုးရန်ကို ခုခံ ကာကွယ်ရန် အစီအစဉ်ပြု၏။ နို့စို့ဝက်ကလေးများကို အ...

ဝက်မများက ပိုင်းရံ စောင့်ရှောက်ခစေ၏။ ဝက်ပျိုမတို့က ထိုနို့စို့ သားအမိ ဝက်များကို ထပ်မံပိုင်းရံကာ စောင့်ရှောက်စေ၏၊ ဝက်ပျိုမတို့ အကြား၌ အရွယ်ရှိသော ဝက်ပျိုတို့ကို ထား၍ စောင့်ရှောက် စေ၏။ ဝက်ပျိုတို့အကြား၌ ဝက်အိုတို့ကိုထား၍ စောင့်ရှောက်စေ၏။ ထိုဝက်အိုတို့၏ အပြင်၌ ဗိုလ်တစ်ဆယ်စု၊ နှစ်ဆယ်စု၊ သုံးဆယ်စုတို့ကိုထား၍ စောင့်ရှောက်စေ၏။ ဤသို့ အထပ်အထပ် ပိုင်း၍ရံ စောင့်ရှောက်ရသော ပဒုမဗျူဟာကိုသုံးလျက် တိုက်ခိုက်သဖြင့် ကျားဆိုးရန်ကို တွန်းလှန်အောင်မြင်၏။

ပကိဏ္ဏကနိပါတ်၊ ဝဍ္ဎကသူကရဇာတ် မှ



ရပ်စွဲ ရွာစွဲ ဒေသစွဲ

လွန်လေပြီးသောအခါ ကာသိက ရွာငယ်နှင့် မနီးမဝေးတွင် အိုင်ကြီးတစ်အိုင် ရှိ၏။ ထိုအိုင်ကြီးသည် ရေများသောအခါ မြစ်နှင့် တစ်စပ်တည်း ဖြစ်သော်လည်း ရေနည်းသောအခါမှ တသီးတခြား ဖြစ်၏။

ငါး၊ လိပ်တို့သည် ဤနှစ် မိုးကောင်းမည်၊ ဤနှစ် မိုးခေါင်မည်ကို သိကြကုန်၏။ ထိုအခါ ထိုအိုင်၌နေသော ငါး၊ လိပ်တို့သည် ဤနှစ် မိုးခေါင်မည်ဟုသိ၍ အိုင်ရေနှင့်မြစ်ရေ တစ်စပ်တည်း ရှိစဉ်၌ပင် အိုင်မှမြစ်သို့ ကူးပြောင်းကြကုန်၏။

သို့ရာတွင် လိပ်တစ်ကောင်မှာမူကား ဤအရပ်ကား ငါ၏ မွေးဖွားရာအရပ်၊ ငါကြီးပြင်းရာအရပ်၊ ငါ့မိ ငါ့ဖတို့ နေရာအရပ် ဟူသော အစွဲအလမ်းကြောင့် သင့်တင့်လျောက်ပတ်သော အရပ်

ဟုတ်၏၊ မဟုတ်၏ကို မစဉ်းစားဘဲ အိုင်မှမြစ်သို့ မကူးမပြောင်းဘဲ နေ၏။

မိုးကာလသို့ ရောက်သောအခါ ရေတဖြည်းဖြည်း ခန်းခြောက် လာသဖြင့် လိပ်သည် မြေကို ယက်၍ဝင်၏။ တစ်နေ့သော် ထိုရေအိုင်အနီး၌ ကာသိကရွာငယ်မှ အိုးထိန်းသည် တစ်ယောက်သည် အိုးလုပ်ငန်းအတွက် ရေအိုင်မှမြေကို ယူ၏။ အိုးထိန်းသည်သည် မြေကိုပေါက်တူးဖြင့် ပေါက်သည်ရှိသော် လိပ်၏ကျောကုန်းကို ပေါက်မိ၏။

ပေါက်တူး ဒဏ်ချက်ကြောင့် သေအံ့ဆဲဆဲတွင် လိပ်သည် အိုးထိန်းသည်အား "ဤအရပ်သည် ငါ့သွားရာအရပ်၊ ငါကြီးပြင်းရာအရပ် ဖြစ်သည်ဟူသော အစွဲအလမ်းဖြင့် ငါနေ၏။ လျောက်ပတ်၏၊ မလျောက်ပတ်၏၊ အကျိုးသင့်၏၊ မသင့်၏ဟူ၍ငါမဆင်ခြင်မိ။ ပညာရှိဟူသည် သင့်တင့် လျောက်ပတ်သော အရပ်ကိုသာ မှီရာ၏" ဟု ငိုကြွေးပြောဆိုရင်း သေလေ၏။

ဒုကနိပါတ်၊ ကဋ္ဌပဇာတ် မှ

ကြောင်းကျိုးသင့်သော စကားကို လက်ခံသော မင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်း မင်းပြု၏။ ထိုမင်းတွင် ပညာရှိ အမတ်ဘစ်ဦး ရှိ၏။ အားအစွမ်းနှင့် ပြည့်စုံသော ဩဠှမ္ဗမည်သော ဆင်မတစ်ကောင်လည်း ရှိ၏။ ဆင်မသည် တစ်နေ့လျှင် ယူဇနာတစ်ရာ ခရီးသွားနိုင်၏။ တမန်တို့၏အမှုကို ပြုနိုင်၏။ စစ်ထိုးနိုင်၏။ ရန်သူကို နှိမ်နင်းနိုင်၏။ မင်းကြီးသည် အလွန်ကျေးဇူးများသည်ဟု ဆင်မအား များစွာသော အခြံအရံကို ပေး၏။ ပူဇော်သက္ကာရပြု၏။

ဆင်မ အိုမင်းသောအရွယ်သို့ ရောက်သောအခါ မင်းကြီးသည် ပေးပြီးစည်းစိမ် အခြံအရံတို့ကို ရုပ်သိမ်းတော်မူ၏။ ထိုအခါ ဩဠှမ္ဗ ဆင်မသည် ကိုးကွယ်ရာမရှိဖြစ်၍ တောအုပ်ဝယ် မြက်



သစ်ရွက်တို့ကို စားကာ ဆင်းဆင်းရဲရဲ အသက်မွေးရ၏။ မင်းကြီးနန်းတွင် အိုးမလောက်၍ မင်းကြီးသည်အိုးထိန်းသည်ကိုခေါ်ယူကာ “အချင်း၊ အိုး မလောက်ဘူးလော”ဟု မင်းကြီးကမေး၏။ အိုးထိန်းက “အရှင်မင်းကြီး၊ မှန်ပါ၏။ အိုးဖုတ်ရန် နွားချေးဆောင်ယူသော လှည်း၌ တပ်၍မောင်းရန် နွားမရှိပါ” ဟု လျှောက်၏။ “အချင်းအိုးထိန်း၊ ညြွှမျာဓိဆင်မ ဘယ်မှာနည်း” ဟု မေး၏။ “အရှင်မင်းကြီး၊ တောတွင် နေထိုင်ကျက်စားလျက် ရှိပါသည်”ဟု အိုးထိန်းသည်က လျှောက်၏။ ထိုအခါမင်းကြီးက “အချင်းအိုးထိန်း၊ ဤသို့ဖြစ်က နွားချေးလှည်း၌ တပ်၍မောင်းရန် ဆင်မကို ယူဆောင်လော့”ဟု ဆို၏။

အိုးထိန်းသည်သည် မင်းကြီး မိန့်ဆိုသည့်အတိုင်း တောတွင် ကျက်စားနေသော ညြွှမျာဓိဆင်မကို ခေါ်ဆောင်လာကာ နွားချေးလှည်း၌တပ်၍ မောင်းလေ၏။ ဆင်မလည်း အလွန် ဆင်းရဲလေ၏။ တစ်နေ့ဘွင် မြို့မှထွက်၍ ညအခါ မြို့သို့ပြန်ဝင်သော အမတ်ကြီးကို ဆင်မသည် မြင်လျှင် ခြေရင်း၌ဝပ်ကာ ရှိခိုး၍ “အရှင်၊ မင်းကြီးသည် အကျွန်ုပ်ကို နုပျိုသောကာလ၌ စည်းစိမ်အခြံအရံကို ပေး၏။ ယခု အိုမင်းသောကာလ၌ကား ပေးပြီးသော စည်းစိမ် အခြံအရံကို ရုပ်သိမ်း၏။ အကျွန်ုပ်သည် တစ်နေ့ ယူဇနာတစ်ရာ အရောက်သွား၏။ ပြုအပ်သော တမန်အမှုကို ပြု၏။ စစ်ထိုးရာ၌ လုံ့လပြု၏။ မင်းကြီး မသိယောင်တကား။ အမှတ်မရချေတကား။ ထို့ကြောင့် နွားချေးလှည်းကို ရုန်းရသော အမှုကိစ္စကို ဆောင်ရွက်ရန် မင်းကြီးသည် အိုးထိန်းသည်အား ပေးအပ်ထား၏၊ ကျွန်ုပ်အား စောင့်ရှောက်တော်မူပါ”ဟု တောင်းပန်လေ၏။

အမတ်ကြီးသည် ညြွှမျာဓိ ဆင်မ၏ စကားကိုကြားလျှင် “ညြွှမျာဓိ၊ သင် မစိုးရိမ်လင့်။ မင်းကြီးအား ငါ ပြောဆိုပေးမည်။ ပေးမြဲသော စည်းစိမ်အခြံအရံကို သင် ပြန်၍ရစေမည်” ဟု

ဆို၏။ နံနက်ရောက်သောအခါ အမတ်ကြီးသည် မင်းကြီးထံ ခစား၍ ဩဋ္ဌဗျာဓိ ဆင်မ၏ ဂုဏ်ကျေးဇူးတို့ကို ပြောကြားပြီး "အရှင်မင်းကြီး၊ ဩဋ္ဌဗျာဓိဆင်မ အဘယ်မှာနည်း" ဟု မေး၏၊ မင်းကြီးက "အမတ်ကြီး၊ နွားချေးလှည်းရှင်းရန် အိုးထိန်းသည်အား ပေးထား၏" ဟု ဆို၏။ "အရှင်မင်းကြီး၊ အရှင်ပြုသော အမှုသည် မသင့်လျော် မလျောက်ပတ်ပါ။ လူတို့သည် မိမိတို့ လိုလားတောင့်တသူကို လိုလား တောင့်တ နေသမျှ ကာလ ပတ်လုံး ဆည်းကပ် ပေါင်းသင်းကုန်၏။ လူတို့သည် မိမိဆည်းကပ် ပေါင်းသင်းသူကို အကျိုး မပြုနိုင်သော အခါ သင် မင်းကြီးသည် ဩဋ္ဌဗျာဓိကို စွန့်ပစ်သကဲ့သို့ စွန့်ပစ်ကြကုန်၏။ မိမိ အကျိုးစီးပွားကို ဆောင်ရွက်ဖူးသော ကျေးဇူးရှင်အား ပြန်လည် ပေးဆပ်သင့်ပါသည်။ ကျေးဇူးတုံ့ကို မသိသောသူသည် အကျိုးစီးပွား ဆုတ်ယုတ် ပျက်စီးတတ်၏။ မိမိ အကျိုးစီးပွားကို ဆောင်ရွက်ဖူးသော ကျေးဇူးကို ပြန်လည် ကျေးဇူးတုံ့ခသော လူသည် အကျိုးစီးပွား ဖြစ်ထွန်း တိုးပွားကုန်၏" ဟု လျှောက်တင်၏။

မင်းကြီးသည် အမတ်ကြီး လျှောက်တင်စကားကို ကြားလျှင် မိမိအတွက် ဩဋ္ဌဗျာဓိဆင်မ ပြုခဲ့ဖူးသော ကျေးဇူးကို သတိရလာ၏။ ဩဋ္ဌဗျာဓိ ဆင်မအား ပေးမြဲသော စည်းစိမ် အခြံအရံတို့ကို ပြန်လည် ပေးသနား ချီးမြှင့်တော်မူ၏။

သတ္တကနိပါတ်၊ ဒဠှဓမ္မဇာတ် မှ

လာဘ်ပေး လာဘ်ယူ

လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်၌ သီတင်းသုံးတော်မူသော ရသေ့တို့သည် ချဉ်ဆား မှီဝဲရန်အတွက် ခရီးကြွချီခဲ့ရာ ကုရုမြို့တော်သို့ ရောက်လာ၏။ ရသေ့တို့သည် ကုရုမြို့တွင်း၌ လှည့်လည် ဆွမ်းခံပြီးသော် မြို့မြောက်ဘက် တံခါးအနီးရှိ ပညောင်ပင်ကြီးဝယ် ဆွမ်းဘုဉ်းပေး၏။ ရသေ့တို့သည် ကုရုမြို့ကို ဆွမ်းခံရာအရပ်ဟု သတ်မှတ်ပြီးလျှင် ပညောင်ပင်အောက်၌ပင် နေထိုင်သီတင်းသုံး၏။

လွန်လွန်သောအခါ အခြားရသေ့ ငါးရာတို့သည်လည်း ချဉ်ဆား မှီဝဲရန် ကုရုမြို့တော်သို့ ရောက်လာပြန်၏။ ထိုရသေ့ ငါးရာတို့သည် ကုရုမြို့တွင်း၌ လှည့်လည်ဆွမ်းခံပြီးသော် မြို့တောင်ဘက် တံခါးအနီးရှိ ပညောင်ပင်ရိပ်ဝယ် ဆွမ်းဘုဉ်းပေး၏။ ရသေ့တို့သည် ကုရုမြို့ကို ဆွမ်းခံရာအရပ်ဟု သတ်မှတ်ပြီးလျှင် ပညောင်ပင်အောက်၌ နေထိုင်သီတင်းသုံး၏။



ရသေ့ နှစ်ဦးတို့သည် ကုရုမြို့တော်၌ မိမိတို့ အလိုရှိနေသမျှ နေထိုင်သီတင်းသုံးပြီးနောက် ဟိမဝန္တာအရပ်သို့ ပြန်ကြကုန်၏။ ရသေ့တို့ ဟိမဝန္တာအရပ်၌ရှိစဉ် ကုရုမြို့ တောင်ဘက်တံခါးအနီးရှိ ပညောင်ပင်ကြီးသည် ခြောက်သွေ့ သေဆုံး၏။ ထိုပညောင်ပင်ကြီး၌ နေထိုင် သီတင်းသုံးခဲ့ဖူးသော ရသေ့ငါးရာတို့သည် နောက်တစ်ကြိမ် ကုရုမြို့တော်သို့ ရောက်လာသောအခါ ခြောက်သွေ့ သေဆုံးနေသော ပညောင်ပင်ကြီးကို မြင်ရသောအခါ ထိုပညောင်ပင်၌ သီတင်းမသုံးတော့ဘဲ မြို့မြောက်ဘက် တံခါးအနီးရှိ ပညောင်ပင်ကြီးအောက်သို့ ပြောင်းရွှေ့ သီတင်းသုံး၏။ မကြာမီ ယခင်က ထိုပညောင်ပင်အောက်၌ သီတင်းသုံးခဲ့ဖူးသော ရသေ့ အစု ရောက်လာပြီးလျှင် ထိုပညောင်ပင် အောက်၌ပင် သီတင်းသုံးကြပြန်၏။ ရသေ့အစု နှစ်စုသည် ပညောင်ပင်အောက်၌ နေရင်း ဤပညောင်ပင်ကို သူပိုင်သည်၊ ငါပိုင်သည်ဟု အငြင်းပွားကြ၏။ ရသေ့တစ်စုက "ဤပညောင်ပင်သည် ယခင်အကြိမ်က ငါတို့ နေထိုင်သော နေရာဖြစ်၏။ သင်ရသေ့တို့ကား မြို့တောင်ဘက် ပညောင်ပင်၌ နေ၏။ ထို့ကြောင့် ဤပညောင်ပင်ကို ငါတို့သာ နေပိုင်၏"ဟု ဆို၏။

ထိုအခါ ရသေ့တစ်စုက ပြန်လှန်၍ "ယခင် တစ်ကြိမ်က သင်ရသေ့တို့သည် ကုရုမြို့တော်သို့ ရှေးဦးစွာ ရောက်၍သော ဤပညောင်ပင်၌ နေထိုင်နိုင်ခဲ့၏၊ ယခုအကြိမ်မှာမူ ငါတို့သည် ကုရုမြို့တော်သို့ ရှေးဦးစွာ ရောက်ခဲ့ရာ ဤပညောင်ပင်၌ ငါတို့ နေ၏။ ထို့ကြောင့် ဤပညောင်ပင်ကို ရှေးဦးစွာ ရောက်သော ငါတို့သာ နေပိုင်၏"ဟု ဆို၏။

ရသေ့တစ်စုနှင့်တစ်စု အပြန်အလှန် အငြင်းပွားပြီးနောက် မည်သည့်အစုက ပညောင်ပင်၌ နေပိုင်ခွင့်ရှိသည်ကို ကုရုမင်း၏ အဆုံးအဖြတ် ရယူအံ့ဟု ဆိုကာ နန်းတော်သို့ ဝင်၏။

ဟသ်ာငှက်ငယ်တို့သည် လူတို့ရှိရာ အရပ်သို့ အမြဲမပြတ် ပျံ သွားနေသော အဖဖြစ်သူ ရွှေဟသ်ာမင်းကို မြင်၍ "ဖခင်၊ သင်သည်အဘယ်ကြောင့် လူတို့ရှိရာအရပ်သို့ အမြဲမပြတ် သွားသနည်း" ဟု မေးကုန်၏။

"ချစ်သားတို့၊ ငါသည် ကျီးမ တစ်ကောင်နှင့် ပေါင်းဖော်၍ သားငယ်ရ၏။ ထိုသားငယ်ကို "ဝိနီလက" ဟု အမည်မှည့်၏။ ငါသည် ထိုဝိနီလကကို ကြည့်လို၍ သွား၏" ဟု ရွှေဟသ်ာမင်းက ဖြေ၏။

"ဖခင်၊ လူတို့ ကျက်စား နေထိုင်ရာ အရပ်ကား ဘေးအန္တရာယ်များ၏။ ဖခင် မသွားနှင့်။ ကျွန်ုပ်တို့သည် ဝိနီလက ကို ခေါ်ဆောင်ပေးမည်" ဟု ဆို၏။ ထို့နောက် ဟသ်ာငှက် နှစ်ကောင်သည် အဖရွှေဟသ်ာမင်း လမ်းညွှန်လိုက်သည့် အတိုင်း သွားရာ ဝိနီလကကို တွေ့၏။ ဝိနီလကကို တုတ်တစ်ချောင်း၌ စီးစေကာ ယင်းတုတ်အစွန်း နှစ်ဖက်ကို နှုတ်သီးဖြင့်ကိုက်၍ မိထိလာမြို့၏ အပေါ်မှ ကောင်းကင်ခရီးဖြင့် ခေါ်ဆောင်လာကြ၏။

ထိုအချိန်တွင် ဝိဒေဟမင်းသည် သိန္ဓောမြင်းဖြူ လေးစီးကသော ရထားကို စီး၍ မြို့ကို လက်ယာရစ် လှည့်လည်၏။ ဝိနီလကသည် ဝိဒေဟမင်းကို မြင်သောအခါ "ဤဝိဒေဟမင်းသည် သိန္ဓောမြင်း လေးစီးကသော ရထားကို စီးသကဲ့သို့ ငါသည်လည်း ဟသ်ာကသော ရထားကို စီး၍သွားရ၏။ ငါကား ဝိဒေဟမင်းနှင့် အဘယ်မှာ ကွာခြားသနည်း" ဟု တွေးမိ၏။

ထို့နောက် ဝိနီလကသည် "ဝိဒေဟမင်းကို သိန္ဓောမြင်း ဆောင်သကဲ့သို့ ဝိနီလက မည်သော ငါ့ကို ဟသ်ာငှက်ညီနောင်တို့ ဆောင်ကုန်၏" ဟု ဆို၏။ ဟသ်ာငှက်ညီနောင်တို့သည် ဝိနီလက၏ စကားကို ကြားသောအခါ အမျက် ထွက်ကြသဖြင့် "ဤအရပ်၌ ဝိနီလကကို ချ၍သွားအံ့" ဟု စိတ်ကူးမိ၏။ သို့သော် ဤသို့ပြုပါက ငါတို့ကို ဖခင်သည် ဆိုလိမ့်မည်ဟု တွေးမိ၏။ ဝိနီလက ပါမလာ

လျှင် ဖခင်က ကဲ့ရဲ့ပြစ်တင်မည်စိုးသောကြောင့် ဖခင်ထံ အရောက် မဆောင်နိုင်၏။

ထို့နောက် လမ်းခရီးတွင် ဝိနီလက မာန်တက်၍ မောက်မာစကားဆိုကြောင်းကို ဖခင်အား ပြောကြား၏။ ထိုအခါ ဖခင်သည် ဝိနီလကကို အမှုက် ထွက်၍ “ သင်သည် ငါ့သားတို့ထက် မြတ်သလော၊ သင့်အတွက် ပင်ပန်းခံ၍ သယ်ဆောင်လာသော ငါ့သားတို့ကို ရထားဦးကသော သိန္ဓောမြင်းနှင့် နှိုင်းနှိုင်းပြောကြား၏။ သင်သည် မိမိပမာဏကို မသိ၊ ဤအရပ်သည် သင်နှင့် ထိုက်တန်သော အရပ်မဟုတ်။ သင်သည် ဤဟင်္သာတို့၏ အစွမ်းဖြင့် ရောက်နိုင်ခဲသော တောင်မြောင် ချောက်ကြားအရပ်သို့ ရောက်လာ၏၊ သင်၏ နေရာမဟုတ်သော နေရာသို့ မှီနိုလာ၏။ ယခုမှ သင်သည် ရစ်စွန်ရှားနေသော မှီနိုလော့။ သင့်အမိ ကျီးမ နေရာအရပ်သို့သာ သွားလေလော့ ” ဟု ရွှေဟင်္သာမင်းသည် ခြိမ်းခြောက်၏။ ထို့နောက် ဝိနီလကကို အမိအရပ်ထံသို့ ပြန်ပို့စေ၏။

ဒုကနိပါတ်၊ ဝိနီလကဇာတ် မှ



မကောင်းကြံ ဘေးဒဏ်ထိ

လွန်လေပြီးသောအခါ မာဂဓတိုင်း၌ စမ္ပကဝန အမည်ရှိသော စံကားပင်များ ပေါက်ရောက်ရာ စံကားတောရှိ၏။ ထိုတောတွင် သုဗုဒ္ဓိ အမည်ရှိသော ကျီးနှင့် သခင်တို့သည် အဆွေခင်ပွန်းအဖြစ် ချစ်ခင်ကြလျက် ကာလကြာမြင့်စွာ နေထိုင်ကြကုန်၏၊

တစ်နေ့တွင် မြေခွေးတစ်ကောင်သည် အလွန်ဆူဖြိုးသည့် ကိုယ်ရှိသော သမင်ကိုမြင်လျှင် စားလိုသည်ဖြစ်၍ အကောက်ကြံကာ အဆွေခင်ပွန်းဖွဲ့၏။

"အဆွေသမင်၊ သင့်အား အဆွေခင်ပွန်း ဖွဲ့လိုပါ၏၊ ယနေ့မှစ၍ ငါ့ကို အဆွေခင်ပွန်းအဖြစ် မှတ်ယူပါလော့"

"သင်ကား အဘယ်အမည်ရှိသော သူနည်း"

"အဆွေသမင်၊ ငါကား ခုဒ္ဒကဗုဒ္ဓိမည်သော မြေခွေး ဖြစ်ပါသည်။ ဤတောအရပ်၌ ငါသည် အဆွေခင်ပွန်းမရှိဘဲ နေရ၏၊



တိုင်ပင်ဖက်မရှိသော သူသည် သူသေနှင့်ပင် တူချေ၏။ သင့်ကို အဆွေခင်ပွန်း ဖွဲ့လိုသောကြောင့် ငါလာခြင်းဖြစ်ပါ၏''ဟု မြေခွေး က ဆို၏။

သမင်သည် ယုံကြည်သဖြင့် မြေခွေးအား မိမိနေရာ စံကား တောကို ခေါ်သွားလေ၏။ စံကားပင်ထက်၌နေသော ကျီးသည် မြေခွေးကိုမြင်လျှင် ဤသို့ ပြော၏။

“အဆွေသမင်၊ သင်ခေါ်လာသောအဖော်ကားအသူနည်း”

“အဆွေကျီး၊ ငါတို့ကို ခင်ပွန်းဖွဲ့လိုရ၍လာသော ခုဒ္ဒကဗုဒ္ဓိ အမည်ရှိသော မြေခွေးတည်း”

“အဆွေသမင်၊ အမျိုးကွဲသော သူစိမ်းနှင့် အဆွေခင်ပွန်း ဖွဲ့ခြင်းသည် မသင့်။ အမျိုးမတူ အမူအကျင့် မသိရသေးသောသူကို တစ်နေ့မျှ ပေါင်းဖော်ခြင်း၊ အတူနေခြင်း မပြုအပ်''ဟု ကျီးကဆို၏။

ကျီးက အမျိုးမျိုး သတိပေးသော်လည်း သမင်သည် နား မထောင်ဘဲ မြေခွေးနှင့်ပေါင်းဖော်ကာ အတူတကွ အစာရှာကြ လေ၏။ တစ်နေ့တွင် မြေခွေးသည် အကောက်ကြံ၍ သမင်အား မုယောစပါးအလွန်သီးသောအရပ်ကို ညွှန်ပြမည်ဟုဆိုကာခေါ်သွား ၏။ ထို့နောက် သမင်နှင့် မြေခွေးတို့သည် မုယောစပါးကို နေ့တိုင်းစား၏။ လယ်စောင့် ယောကျ်ားသည် သမင်စားသည်ကို သိ၍ ကျော့ကွင်းထောင်လေ၏။ သမင်လာ၍စားလေလျှင် ကျော့ကွင်း၌ မိလေ၏။ မိသည်ကိုမြေခွေးမြင်လျှင် ငါရှေးကကြံသောအကြံသည် ယခုပြည့်ပြီဟူ၍ အားရဝမ်းသာကြည့်၍ ဝပ်လျက်နေ၏။

ထိုအခါသမင်က “အဆွေမြေခွေး၊ ငါ့ကိုအနှောင်အဖွဲ့မှ လွတ်အောင်ပြုပါလော့။ ဘေးအန္တရာယ် ရောက်သောအခါ အဆွေ ခင်ပွန်းကောင်း၏အဖြစ်ကို သိရာ၏။ စစ်မြေပြင်အရပ်၌ သူရဲကောင်း၏ အဖြစ်ကိုသိရာ၏။ ဥစ္စာကုန်ခန်းသောအခါ၌မယားကောင်း၏အဖြစ်ကို သိရာ၏ ဟု နီတိကျမ်း၌လာ၏။ အသင်မြေခွေးသည်လည်း အဆွေ

ခင်ပွန်းကောင်းဖြစ်သောကြောင့် အစနှောင်အဖွဲ့ကို ဖြတ်ပါပြီလော့''ဟု ဆို၏။

ထိုအခါ မြွေခွေးက''အဆွေသမင်၊ မြဲမြံသော ကျော့ကွင်းကို အဘယ်သို့ဖြတ်နိုင်အံ့နည်း။ ငါသည် ဦးခေါင်းကို စင်စွာဆေး၍ သူတော်ကောင်းအကျင့်ဖြစ်သော သီလကို ဆောက်တည်ခဲ့ပြီ။ သူ့ဟစ်ပေါင်း၏အစနှောင်အဖွဲ့ကို ငါဖြေမိက ငါ၏သီလသည် ပျက်ချေတော့မည်။ ငါတို့သဘောကား အသက်စွန့်သော်လည်း စွန့်မည်သာ၊ သီလကို အပျက်မခံ။ အဆွေသမင် စွမ်းအားရှိသမျှ ရုန်းပါဦး။ နက်ဖြန်မိုးသောက်မှ ကျော့ကွင်းကို ငါ ကိုက်ဖြတ်ပါမည်'' ဟု ဆိုကာ မနီးမဝေးရှိချုံတွင် ဝပ်လျက်နေ၏။

မြွေခွေးသည် ချုံတွင်ဝပ်ရင်း ကြံ၏။ ဤသမင်ကို ယခုငါစားသော် သူတကာတို့က အဆွေခင်ပွန်း ဖွဲ့ဟန်ပြု၍ သတ်စားသူပါတကားဟုဆိုကာ အဆွေခင်ပွန်း ဖွဲ့ကြမည်မဟုတ်။ ထိုသို့မဖွဲ့ကသည်နည်းဖြင့် လှည့်စား၍ ရတော့မည်မဟုတ်။ သင်း အလိုလို ရုန်းရင်း သေလွန်သောအခါမှ စားတော့မည်ဟု ကြံကာ နေလေ၏။

ကျီးသည် ငါ့အဆွေသမင် မလာသည်မှာ ကြာလေပြီ။ အကြောင်းရှိသည် ဖြစ်မည်ဟု သမင်ကို ရှာလေ၏။ သမင်ကိုမြင်လျှင် ''အို အဆွေသမင်၊ အဘယ်ကြောင့် ဤကဲ့သို့ အစနှောင်အဖွဲ့ခံရဘိသနည်း''ဟု ဗျာပါတကြီး မေး၏။ ''အဆွေကျီး၊ အကြင်သူတို့သည် အကျိုးကိုလို၍ ဆိုသော ပညာရှိ၏ စကားကိုမယူ၊ မိမိအလိုအလျောက် ကျင့်၏၊ ထိုသူတို့ကား ပျက်စီးခြင်းသို့ ရောက်လေမြဲတည်း။ ငါသည်ပညာရှိသောအဆွေ၏ စကားကိုမနာယူဘဲ သူယုတ်ကို အဆွေခင်ပွန်း ဖွဲ့မိသောကြောင့် ဤသို့သောဘေးကို တွေ့ရချေ၏'' ဟု ဆို၏။

ထိုအခါ ကျီးက''မြွေခွေးကား အဘယ်မှာရှိသနည်း''ဟု မေး၏။ ''အဆွေ၊ ငါ၏အသားကို စားအံ့ဟု ချုံထဲတွင် ဝပ်လျက်နေ၏''ဟု ဆို၏။ ထိုစဉ် လှင်ကန်ကိုင်စွဲလျက် လာသော လယ်ရှင်

ယောက်ျားကို အဝေးကမြင်လျှင် ကျီးက "အဆွေသမင်၊ သေဟန်ပြု၍ နေပါ။ လယ်ရှင်ယောက်ျားလာ၍ ကျော့ကွင်းကိုဖြေလျှင် အဆွေ့ကိုယ်ထက် နား၍ ငါအသံပြုမည် ထ၍ပြေးလေ"ဟု ဆို၏။

လယ်ရှင်ယောက်ျားလည်း ကျော့ကွင်း၌မိသော သမင်ကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာပြေး၍ ကြည့်လေ၏။ အသက်အောင့်ထား၍ ဝမ်းဗိုက် တင်းကားလျက်ရှိသော သမင်ဝမ်းကို လက်ဖြင့် ခတ်ကြည့်ကာ ညဦးကပင် သေသည်ထင်၏။ ဝမ်းဖောဖောပင် ရောင်ပြီဟု ဆိုကာ ကျော့ကွင်းကိုဖြေ၍ နှယ်ရှာသွား၏။ ထိုအခိုက် ကျီးသည် သမင်၏ကိုယ်ထက်၌ နား၍ မြည်၏။ ထိုအခါ သမင် ထ၍ပြေး၏။ လယ်ရှင်လည်း လှင်ကန်ဖြင့် ပစ်လိုက်၏။ လှင်ကန်သည် သမင်ကို မမှန်၊ ချုံတွင် ဝပ်လျက်နေသော မြေခွေးကိုမှန်ကာ မြေခွေး သေရလေ၏။ သမင်ကား လွတ်မြောက်သွား၏။

မဏိရတနာပုံကျမ်း မှ

မင်း၊ ပုဏ္ဏားနှင့် သရက်သီးသူခိုး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုဗာရာဏသီပြည်၌ စဏ္ဍာလတစ်ဦး ရှိ၏။ တစ်ခုသော အခါ စဏ္ဍာလမယားသည် သရက်သီးစားလိုသော ချင်ခြင်းဖြစ်၍ စဏ္ဍာလအား သရက်သီးစားလိုလှကြောင်း ပြောပြ၏။ စဏ္ဍာလက "နှမ၊ ဤကာလ၌ သရက်သီး မပေါ်သေး။ အခြားသောအသီးကို စားလော့။ ငါ ရှာပေးအံ့"ဟု ဆို၏။

ထိုအခါ မယားက "သရက်သီးကို စားရမှသာ အသက် ရှင်အံ့။ မစားရမူ သေအံ့"ဟု ဆို၏။ စဏ္ဍာလသည် မယားကို အလွန်ချစ်ခင်သဖြင့် အဘယ်အရပ်၌ သရက်သီးရနိုင်ပါမည်နည်းဟု စဉ်းစား၏။ ဗြဟ္မဒတ်မင်း၏ ဥယျာဉ်၌ သရက်ပင်သည် မပြတ် သီး၏။ ထိုသရက်သီးကို ဆောင်ယူ၍ မယား၏ချင်ခြင်းကို ပြေစေအံ့ဟု ကြံ၏။ ညဉ့်အခါရောက်သော် မင်း၏ဥယျာဉ်သို့သွား၍ သရက်ပင်ကို

တက်၍ အောက်ကိုင်း အထက်ကိုင်း ကူးသန်းကာ သရက်သီး ရှာ၏။ ထိုသို့ပြုစဉ် မိုးလင်းလာ၏။ စဏ္ဍာလသည် ယခုအခါမှ ငါ သရက်ပင်ကဆင်းသည်ရှိသော် ငါ့ကိုမြင်၍ မိုးသူဟု ဖမ်းကုန်အံ့။ ညဉ့်သို့ရောက်မှပင် သရက်ပင်ကဆင်းတော့မည်ဟုကြံကာ သစ်ပင်၏ အခွတစ်ခုသို့တက်လျက် ပုန်းနေ၏။

ဗြဟ္မဒတ်မင်းသည် ပုရောဟိတ်ပုဏ္ဏားထံ၌ ဗေဒင်သင်အံ့သောငှာ ဥယျာဉ်သို့ကြွလာရာ သရက်ပင်ခြေရင်းသို့ ရောက်သည်ရှိသော် ဆရာပုဏ္ဏားကို နိမ့်ရာ၌နေစေပြီးလျှင် မိမိကမူ မြင့်ရာ၌ နေ၍ သင်ယူ၏။ ထိုအခြင်းအရာကို စဏ္ဍာလ မြင်သည်ရှိသော် ဤမင်းသည် မြင့်ရာ၌နေကာ ပညာသင်ယူ၏။ တရားနှင့် မညီချေ တကား၊ ဤပုဏ္ဏားသည် နိမ့်ရာ၌နေကာ ပညာသင်ပေး၏။ တရားနှင့်မညီချေတကား၊ ငါသည်လည်း အသက်ကို ပဓာနမပြုဘဲ မယားအတွက် သရက်သီးခိုး၏။ တရားနှင့်မညီချေတကားဟု တွေးတောမိရကား၊ သရက်ပင်မှဆင်းကာ မင်းနှင့်ပုဏ္ဏားတို့၏ အလယ်၌ ရပ်လျက် ''မင်းကြီး အကျွန်ုပ်သည် တရားပျက်၏။ မင်းကြီးသည် တွေဝေ၏။ ပုရောဟိတ်သည် အလိုမှုက်ကြီး၏''ဟု ဆို၏။

မင်းက အဘယ်ကြောင့် ဤသို့ဆိုသနည်းဟု မေးသောအခါ စဏ္ဍာလသည် '' မင်းကြီး အကျွန်ုပ်သည် ပြုသောအမှုသည် ယုတ်မာသောအမှု ဖြစ်၏။ ပုဏ္ဏားသည် နိမ့်သောနေရာမှနေ၍ ဗေဒင်ကို သင်ပေး၏။ မင်းကြီးသည် မြင့်သောနေရာမှနေ၍ သင်ယူ၏။ ဤသို့ဖြင့် မင်းနှင့်ပုဏ္ဏား နှစ်ဦးသားသည် တရားကိုမမြင်၊ တရားနှင့် ကင်းကွာ၏''ဟု ဆို၏။ ထိုစကားကိုကြားသောပုဏ္ဏားက ''ငါသည် မင်းပေးကမ်းသော၊ ဖြူစင်သော၊ သားပွမ်းသော သလေးထမင်းကို မှီဝဲ၏။ တရားကို ငါ မမှီဝဲ''ဟု ဆို၏။ ထိုစကားကို ကြားသော စဏ္ဍာလသည် ''ပုဏ္ဏား၊ လောကကြီးကား ကျယ်ပြောလှ၏။ တစ်ပါးသောအရပ်သို့ သွားလေလော့၊ ဤမင်းမှတစ်ပါးသော သူတို့

သည်လည်း ထမင်းချက်ကုန်၏။ ကျောက်သည် အိုးကွဲခွဲသကဲ့သို့ အဓမ္မတရားသည် သင့်ကို ဖျက်ဆီးလတ္တံ့။ အဓမ္မတရားက သင့်ကို မဖျက်ဆီးစေလင့်၊ ပုဏ္ဏား၊ တရားနှင့်မညီသော အကျင့်ကို ကျင့်ခြင်းဖြင့် ရအပ်သောစည်းစိမ်ချမ်းသာသည် အပါယ်သို့ကျစေတတ်၏၊ အဓမ္မတရားဖြင့် ရအပ်သောစည်းစိမ်ကို သူတော်ကောင်းတို့ ကဲ့ရဲ့ကုန်၏'' ဟု ဆုံးမစကားပြော၏။

ဗြဟ္မဒတ်မင်းသည် စဏ္ဍာလ၏ တရားစကား၌ ကြည်ညိုလှရကား မိမိလည်၌ဆင်သော ပန်းဆိုင်းကို စဏ္ဍာလ၏လည်၌ ဆင်စေ၏။ စဏ္ဍာလအား မြို့စောင့် ခန့်၏။ စဏ္ဍာလ၏ အဆုံးအမအတိုင်း လိုက်နာ ပြုကျင့်၏။

စတုက္ကနိပါတ်၊ ဆဝဇာတ် မှ

ရွှေသမင်

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်း၏ မိဖုရားကား ခေမာမည်၏။ ထိုအခါ၌ ဟိမဝန္တာတောတွင် သမင်ရှစ်သောင်းတို့၏မင်းဖြစ်သော၊ ရွှေအဆင်းရှိသော ရောဟဏမည်သော သမင်ရှိ၏။ ရောဟဏ သမင်မင်းတွင် ညီငယ် စိတ္တ၊ နှမငယ် သုတနာ ရှိ၏။ ရောဟဏ သမင်မင်းသည် မျက်မမြင် မိဘအိုနှစ်ပါးကို လုပ်ကျွေး စောင့်ရှောက်၏။

တစ်ခါသော် မုဆိုးတစ်ယောက်သည် ဟိမဝန္တာသို့ တောလည်လာရင်း ရောဟဏသမင်ကို မြင်လိုက်ရ၏။ ရွာသို့ ပြန်ရောက်သောအခါ ဟိမဝန္တာ၌ ဤ မည်သော အရပ်၌ ရွှေအဆင်းနှင့်တူသော သမင်သည် ရှိ၏။ အကယ်၍ မင်းသည် ရွှေသမင်ရှိရာကို မေးလျှင် လျှောက်ကြားလော့ ဟု သားဖြစ်သူကို မသေမီ မှာခဲ့၏။

တစ်ခါသော် ခေမာမိဖုရားကြီးသည် မိုးသောက်ယံ၌ ဤသို့ အိပ်မက် မြင်မက်၏။ ရွှေသမင်တစ်ကောင်လာ၍ ရွှေအင်းပျဉ်၌ ထက်ဝယ်ခွေနေကာ ရွှေဆည်းလည်း၊ ငွေဆည်းလည်း အသံကဲ့သို့ သာယာသောအသံဖြင့် မိဖုရားကြီးအား တရားဟော၏။ မိဖုရားကြီးသည် ကောင်းစွာ တရားနာ၏။ ရွှေသမင်သည် တရားဟော၍ မပြီးမီပင် ရွှေအင်းပျဉ်မှထ၍သွားရကား မိဖုရားကြီးသည် ရွှေသမင်ကို ဖမ်းပေးပါ၊ ဖမ်းပေးပါဟု ယောင်ယမ်းမြည်တမ်းကာ အိပ်ရာမှ နိုး၏။

မောင်းမတို့သည် မိဖုရားကြီး၏အသံကို ကြားသောအခါ "အရှင်မ၊ နန်းတော်တံခါးကြီးငယ်အသွယ်သွယ်တို့ကို ပိတ်ထားသည်ဖြစ်၍ လေသည်ပင်လျှင် ဝင်ရန်ခက်ခဲလှ၏။ ဤမျှ ဝင်ရန် ခက်ခဲသော နန်းတော်တွင်းဝယ် အဘယ်ရွှေသမင်ကို ဖမ်းဆီးပေးရအံ့နည်း" ဟု ပြက်ရယ်ပြုကြ၏။ ထိုအခါမှ ဤသည်ကား အိပ်မက်တည်းဟု မိဖုရားကြီးသိ၍ အိပ်မက်ထဲမှရွှေသမင်ကို လိုချင်ကြောင်း ပူဆာလျှင် ငါ့စကားကို အလေးထားကြမည်မဟုတ်၊ ချင်ခြင်းဖြစ်သည်ဟု ပြောမှသာ အလေးထားလိမ့်မည်ဟု ကြံမိ၏။ ထို့ကြောင့် ခေမာမိဖုရားကြီးသည် ဖျားနာဟန်ပြု၍ အိပ်၏။ မင်းကြီးသည် မိဖုရားကြီး အဘယ်ကြောင့်ဖျားနာရသည်ကို မေးလာ၏။

ထိုအခါ မိဖုရားကြီးက မိမိတွင် အခြားရောဂါမရှိကြောင်း၊ ရွှေသမင်၏ တရားကို နာလိုသောချင်ခြင်း ဖြစ်မိကြောင်း လျှောက်တင်သောအခါ မင်းကြီးက "မိဖုရားကြီး၊ အကယ်မရှိသော အရာကို ချင်ခြင်းတောင့်တဘိ၏။ ရွှေသမင်ဟူ၍ အဘယ်မှာရှိအံ့နည်း" ဟု မိန့်ကြားလေသော် မိဖုရားကြီးသည် ရွှေသမင်မရပါက အိပ်ရာထက်၌ပင် သေလွန်ရပါတော့မည်ဟု ဆိုကာ အိပ်နေလေ၏။ မင်းကြီးလည်း မနေသာတော့ဘဲ "အဘယ် မိဖုရား၊ ရွှေသမင်သည် အကယ်၍ရှိငြားအံ့၊ ရှင် မိဖုရားရစေအံ့" ဟုဆိုကာ မှူးတို့ကို စုဝေး

စေပြီး ရွှေသမင်ရှိကြောင်းကြားသိဖူးကြသလောဟု မေးမြန်းစုံစမ်း၏။ ထိုအခါမုဆိုး၏သားသည် အဖမသေမီ မှာကြားခဲ့သောစကားကို သတိရ၍ ရွှေသမင်ရှိကြောင်း မှတ်သားရဖူးပါသည်ဟု မင်းအား လျှောက်တင်၏။ ''မင်းကြီးလည်း ကြီးစွာသောလာဘ်သပ်ဘကိုပေးမည်၊ ရွှေသမင်ကို ဆောင်ခဲ့လော့''ဟု ဆို၏။

မုဆိုးသည် ဟိမဝန္တာသို့သွား၍ရွှေသမင်ရေသောက်ဆင်းရာဆိပ်၌ မြဲမြံခိုင်ခံ့သော သားရေလွှန်ကို ကျစ်၍ လှံတံနှင့်တကွ ကျော့ကွင်းထောင်၏။ ရောဟဏ သမင်မင်းသည် ရှစ်သောင်းသော အခြံအရံနှင့် ရေသောက်ဆင်းသောအခါ ကျော့ကွင်း၌ မိလေ၏။ ကျော့ကွင်း၌ မိနေကြောင်း အသံပြုလိုက်ပါက ဆွေမျိုးအပေါင်းတို့သည် ရေကို မသောက်ရသေးမီ ကြောက်လန့်၍ ပြေးကုန်အံ့ဟု တွေးမိကာအသံမပေးသေးဘဲ ရေသောက်ဆင်းဟန်ပြု၏၊ ရှစ်သောင်းသော သမင်တို့ ရေသောက်ပြီးသောအခါ ရောဟဏ သမင်မင်းသည် နှောင်ကြိုးကို ဖြတ်အံ့ဟု သုံးကြိမ်တိုင်တိုင် ရုန်း၏၊ ပထမအကြိမ် ရုန်းလျှင် အရေပြတ်၏။ ဒုတိယအကြိမ် ရုန်းလျှင် အသားပြတ်၏၊ တတိယအကြိမ်ရုန်းလျှင်ကျော့ကွင်းသည် အကြောကိုဖြတ်၍ အရိုးအထိရောက်၏။ သမင်မင်းသည် ကျော့ကွင်းကို ဖြတ်ခြင်းငှာ မစွမ်းနိုင်တော့သဖြင့် ပြင်းစွာ အော်မြည်၏။ သမင်မင်း၏ အော်မြည်သံကို ကြားသောအခါ ရှစ်သောင်းသော သမင်တို့သည် သုံးစုခွဲ၍ ထွက်ပြေးကြ၏။

ညီတော်စိတ္တသည်သုံးစုသောသမင်တို့အလယ်၌ နောင်တော်ရောဟဏသမင်မင်းကို မမြင်ရကား နောင်တော်၌ ဘေးအန္တရာယ် ကျရောက်ပြီဟု သိ၍ နောင်တော်ရှိရာသို့ ပြန်လာ၏။ ရောဟဏ သမင်မင်းက ညီတော်အား ဤအရပ်၌ မနေလင့်၊ ဘေးအန္တရာယ် ရှိ၏ဟု မိန့်တော်မူလေသော် ညီတော်က ''နောင်တော် ရောဟဏ ရွှေသမင်မင်း၊ အကျွန်ုပ်သည် နောင်တော်အပါးမှ စွန့်ခွာမသွားပါ။ ဤအရပ်၌ပင် အသက်စွန့်ပါအံ့'' ဟု ဆိုပြီးလျှင် မခွဲမခွာနေလေ၏။

ထိုအခါ ရောဟဏသမင်မင်းက "ညီတော်၊ ငါတို့နှစ်ဦးစလုံး အသက်ဆုံးပါက မျက်စိမမြင်သော အမိအဖတို့ကို အဘယ်သူ လုပ်ကျွေးပါမည်နည်း။ လုပ်ကျွေးသူမရှိပါက အမိအဖတို့ အသက်ကုန် မည်သာတည်း။ ညီငယ်၊ ငါ့အား ဖဲ့ခွာ၍သွားခလော့။ သို့မှသာ မျက်မမြင် အမိအဖတို့သည် ညီငယ်လုပ်ကျွေးသဖြင့် အသက် ရှင်မည်ဖြစ်၏"ဟု တိုက်တွန်း၏။ သို့သော် ညီတော်သမင်ကား မစွန့်ခွာဘဲ နောင်တော်၏ လက်ယာနံပါးကို ထောက်မှီကာ နောင်တော်အား စေဒနာမှ သက်သာရာ ရစေ၏။

နှမငယ် သုတနာလည်း သမင်အုပ်အလယ်၌ မောင်တော် နှစ်ပါးကို မတွေ့ရကား မောင်တော်နှစ်ပါး၌ ဘေးအန္တရာယ် ကျရောက်ပြီဖြစ်အံ့ဟု ရေသောက်ဆိပ်သို့ ပြန်သွား၏။ ရောဟဏ သမင်မင်းသည် နှမငယ် သုတနာကို မြင်ရကား ညီတော် စိတ္တကို ဆိုသော စကားအတိုင်း ဆို၏။ နှမငယ်သည်လည်း မောင်တော် နှစ်ပါးအား မဖဲ့မခွာ နေပါအံ့ဟုဆိုကာ မောင်တော် ရောဟဏ၏ လက်ဝဲနံပါးကို ထောက်မှီ၍ မောင်တော်အား သက်သာရာ ရစေ၏။

မုဆိုးသည် ကျော့ကွင်းထောင်ထားရာသို့ ရောက်လာသော အခါ ရွှေအဆင်းနှင့်တူသော သမင်မောင်နှမတို့ကို မြင်လျှင် ချစ်မြတ် နိုးမိ၏။ ရွှေသမင်မင်းသည်သာ ကျော့ကွင်း၌ မိပါလျက် အခြား သော ရွှေသမင် နှစ်ကောင်သည် အဘယ်ကြောင့် စွန့်ခွာ၍ မပြေး သနည်းဟု သိလိုသောကြောင့် "ရွှေသမင်၊ ဤသမင်တို့သည် အသက်ကိုသာ စွန့်လို၏၊ အသင့်အား မစွန့်လို။ အသင်နှင့် မည်သို့ တော်စပ်သနည်း"ဟု မေး၏။ ရောဟဏ သမင်မင်းက တစ်အူထုံ့ဆင်း မောင်ရင်းနှမတို့ ဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့ သည် စွန့်ခွာ ထွက်ပြေးမသွားကြောင်း ပြောပြ၏။ မုဆိုးသည် မောင်နှမတို့၏ ချစ်ခြင်းမေတ္တာ ကြီးမားပုံကို တွေ့ရသောအခါ စိတ်ထဲ၌ နူးညံ့သိမ်မွေ့လာ၏။

ညီတော် စိတ္တသမင်သည် မုဆိုးကား စိတ်နှလုံး နူးညံ့သူ ဖြစ်သည်ဟု တွေးကာ "အဆွေ မုဆိုး၊ ဤရွှေသမင်ကို သာမည ဟူ၍ မအောက်မေ့ပါလင့်။ ဤရွှေသမင်သည် ရှစ်သောင်းသော သမင်အပေါင်းတို့၏ မင်းပေတည်း။ ဤရွှေသမင်မင်းသည် အကျင့်သီလနှင့် ပြည့်စုံ၏။ မျက်စိမမြင်သော အမိအဖတို့ကို လုပ်ကျွေးပြုစုသူလည်း ဖြစ်၏။ ဤသို့သော ရွှေသမင်ကို အသင် သတ်အံ့။ ရွှေသမင်ကိုသာ သတ်ရာမမည်၊ အမိအဖတို့ကိုလည်းကောင်း၊ ကျွန်ုပ်ကိုလည်းကောင်း၊ နှမငယ်ကိုလည်းကောင်း သတ်ရာမည်၏။ ဤရွှေသမင်၏ အသက်ကို လွှတ်ခြင်းဖြင့် အလှူပေးအံ့။ ကျွန်ုပ်တို့ မိသားစု၏ အသက်ငါးချောင်းကို လွှတ်ခြင်းဖြင့် အလှူပေးရာ ရောက်၏" ဟု ဆို၏။

မုဆိုးသည် ကျော့ကွင်း၌မိသော ရွှေသမင်ကား အမိအဖကို လုပ်ကျွေးမွေးမြူနေသော ရွှေသမင်ဖြစ်ကြောင်း၊ ညီတော်စိတ္တ၏ စကားအရ သိရသောအခါ ကြည်ညိုလှသည်ဖြစ်၍ "မစိုးရိမ်ပါလင့်။ အကျွန်ုပ်သည် မိဘကို လုပ်ကျွေးသော ရွှေသမင်ကို အဘယ်မှာလျှင် သတ်ရက်ပါမည်နည်း။ ယခုပင် လွှတ်ပါအံ့။ ဤသို့ လွှတ်ခြင်းဖြင့် အသင်တို့၏ အမိအဖသည် စိတ်နှလုံး ချမ်းမြေ့ပါစေသတည်း"ဟု ဆိုကာ ရွှေသမင်ကို ကျော့ကွင်းမှ လွှတ်၍ ဒဏ်ရာများကို ကုသပေး၏။

သမင်မင်းသည် မုဆိုးက ဘုရင်၏အမိန့်အရ ဖမ်းဆီးရကြောင်း၊ ဘုရင်ကလည်း မိဖုရားက ရွှေသမင်မင်း၏ တရားကို နာလို၍ ဖမ်းစေကြောင်း သိရသောအခါ မုဆိုးအား မိဖုရားကြီးကို ဟောရန် တရားဓမ္မများကို သွန်သင်ပေးလိုက်လေ၏။

ဝိသတိနိပါတ်၊ ရောဟန္တမိဂဇာတ် မှ

ကုမ္ဘ ဃောသက

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ သူဌေး လင်မယား တွင် ကာလ်ရောဂါ ကျရောက်၏။ သူဌေးလင်မယားသည် သား ကုမ္ဘ ဃောသကကို ခေါ်၍ ဤသို့ပြော၏။ "ချစ်သား၊ ငါတို့ကို မငဲ့ဘဲ ဤအရပ်မှ ထွက်ပြေးပါလော့။ ကြာမြင့်သောအခါမှ ပြန်လာ၍ ငါတို့မြှုပ်နှံထားသော ဥစ္စာကုဋေ လေးဆယ်ကို ဖော်ထုတ် အသက် မွေးပါလော့" ဟု ဆို၏။

ထိုအခါ ကုမ္ဘဃောသကသည် မိဘနှစ်ပါးကို မျက်ရည်စက် လက်နှင့် ရှိခိုးပြီးလျှင် သေဘေးမှ လွတ်စိမ့်သောငှာ ရာဇဂြိုဟ်ပြည် မှ ဝေးရာသို့ ထွက်ပြေးခဲ့လေ၏။ တောနက်ရာ အရပ်၌ တစ်ဆယ့် နှစ်နှစ် တိုင်တိုင် နေထိုင်ပြီးနောက် အမိအဖတို့ ခေါင်းချရာ ဒေသ သို့ ပြန်လာခဲ့၏။ လူလားမြောက်ကာ မုတ်ဆိတ်ကျင်စွယ်တို့ ပေါက်

ရောက်နေ၍ ကုမ္ဘဃောသကကို တစ်စုံတစ်ယောက်ကမျှ မမှတ်မိ တော့ပေ။

ကုမ္ဘဃောသကသည် အမိအဖတို့ ဥစ္စာမြှုပ်နှံထားရာ အရပ် သို့ သွားရောက် ကြည့်ရှုရာ မြေရာလက်ရာမပျက် ရှိသည်ကို တွေ့ရ ၏။ သို့သော် မြှုပ်နှံထားသော ဥစ္စာတို့ကို ဖော်ထုတ် မယူဘဲ "ငါသည် အမိအဖတို့ မြှုပ်နှံထားသော ဥစ္စာတို့ကို ဖော်ထုတ်သုံး စွဲငြားအံ့။ တစ်ပါးသော သူတို့သည် မိမွေဖမွေကို သုံးစွဲသည်ဟု ထင်မည်မဟုတ်။ ငါ့ကို တစ်စုံတစ်ယောက်သော သူမျှ မမှတ်မိ တော့သဖြင့် သူဆင်းရဲသည် တစ်ပါးသူ၏ ရွှေအိုးကို ဖော်ထုတ်၏ ဟု ဆိုကာ ဖမ်းဆီးရိုက်ပုတ် ညှဉ်းဆဲလိမ့်မည်။ ငါသည် တစ်ပါး သူ၏ အခစားလုပ်ရင်း အမှိုကောင်းကို ရသောအခါမှသာ ဥစ္စာ တို့ကို ဖော်ထုတ်သုံးစွဲတော့အံ့" ဟု တွေးတောမိလေသည်။

ဤသို့ဖြင့် ကုမ္ဘဃောသကသည် အမှုလုပ်တို့ထံ သွား၍ အလုပ် လုပ်လိုကြောင်း ပြောရာ အမှုလုပ်တို့ကို အိပ်ရာမှနိုးအောင် နှိုးဆော်ရသော အလုပ်ကို ရလေ၏။ သူငွေးသားသည် နံနက်တိုင်း စောစောထ၍ "ဖခင်တို့၊ ထကြပါကုန်လော့။ လှည်းနွား တို့ကို ပြင်ကြပါလော့။ ဆင်မြင်းတို့အတွက် မြက်ရှာထွက်ရန် အချိန်တန် ပါပြီ၊ မိခင်တို့ ထကြပါကုန်လော့၊ ယာဂု ကျိုကြပါကုန်လော့၊ ထမင်းချက်ကြပါကုန်လော့" ဟု နှိုးဆော်ရလေ၏။

တစ်နေ့သ၌ ဗိမ္ဗိသာရ မင်းကြီးသည် ကုမ္ဘဃောသက၏ အသံကို ကြားရသောအခါ "ဤအသံကား ဥစ္စာများစွာ ရှိသော ယောက်ျား၏ အသံပေတည်း" ဟု ဆို၏။ ဗိမ္ဗိသာရ မင်းကြီးကား အသံကြားကာမျှဖြင့် အသံရှင်၏ အဖြစ်ကို သိနိုင်စွမ်းရှိ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီး၏ အပါးရှိ နန်းတွင်းသူ တစ်ယောက်သည် "မင်းကြီးကား နှုတ်စွာလျှာစွာသော စကားကို ပြောဆိုမည် မဟုတ်။ ထိုအသံရှင်၏ အကြောင်းကို ငါသိသင့်၏" ဟု ကြံကာ

မင်းချင်းတစ်ယောက်အား စေလွှတ်စုံစမ်းစေ၏။ မင်းချင်းလည်း ကုမ္ဘဃောသကအကြောင်းကို စုံစမ်း၍ ပြန်လာပြီးလျှင် ''ထိုသူကား အထီးကျန် သူဆင်းရဲဖြစ်ပါသည်''ဟု လျှောက်တင်၏။ မင်းချင်း၏ လျှောက်တင်ချက်ကို ဗိမ္ဗိသာရ မင်း ကြားသော်လည်း ကုမ္ဘဃောသက၏ အသံကိုကြားရတိုင်း ဥစ္စာများစွာရှိသော ယောကျ်ား၏အသံဖြစ်ကြောင်း ဆိုမြဲဆို၏။

ထိုအခါ'' အရှင်မင်းကြီး၊ ဘုရား ကျွန်မအား အသပြာ တစ်ထောင်ပေး၍ သမီးနှင့်အတူ ကုမ္ဘဃောသကထံ သွားခွင့်ပြုပါက ကုမ္ဘဃောသက၏ ဥစ္စာကို မင်းကြီး၏ရှေ့တိုက်၌ သွင်းနိုင်ပါစေ့မည်''ဟု နန်းတွင်းသူက တင်လျှောက်၏။ နန်းတွင်းသူဆိုသည့်အတိုင်း မင်းကြီးက ခွင့်ပြု၏။

နန်းတွင်းသူနှင့်သမီးတို့သည် ခရီးသွား သားအမိ ဟန်ဆောင်လျက် ကုမ္ဘဃောသကအိမ်သို့သွား၍ တစ်ညမျှ တည်းခိုခွင့်တောင်း၏။ ပရိယာယ် မာယာ အမျိုးမျိုးဖြင့် ကုမ္ဘဃောသကကို ဖြားယောင်းကာ တစ်ညမှနှစ်ရက်သုံးရက်အထိ တည်းခိုခွင့်ရအောင် ပြု၏။ အဆုံးတွင် သမီးနှင့် ကုမ္ဘဃောသကတို့ အကြင် လင်မယား အဖြစ် ရောက်အောင်ပြု၏။

ထိုသို့ ကုမ္ဘဃောသကနှင့် သမီးတို့ ဇနီးမောင်နှံ အဖြစ် ပေါင်းသင်း နေထိုင်ပြီးနောက် နှစ်ရက်သုံးရက် လွန်မြောက်သော အခါ နန်းတွင်းသူ သည် မင်းကြီးထံ သတင်းစကားပို့၍ အမှုလုပ်တို့ နေရာလမ်း၌ ပွဲသဘင် ကျင်းပရမည်ဟု ဆင့်ဆိုပေးပါရန် လျှောက်၏။ မင်းကြီးလည်း နန်းတွင်းသူအမှာရှိသည့်အတိုင်း ဆင့်ဆိုပေး၏။ ထိုအခါ နန်းတွင်းသူက ကုမ္ဘဃောသကအား ''ချစ်သား ပွဲသဘင် ကျင်းပရမည်ဟု ဘုရင်မင်းမြတ် အမိန့်ချ၏။ အဘယ်သို့ ပြုမည်နည်း''ဟု မေး၏။

''မိခင်၊ အမှုလုပ်ပြုလုပ်သော်လည်း ပွဲသဘင် ကျင်းပရန် အသပြာ မရှိပါ''ဟု ကုမ္ဘဃောသကက ပြော၏။

"ချစ်သား၊ မင်း၏ အမိန့် အာဏာကို မဖီဆန်စကောင်း။ အသပြာမရှိလျှင် တစ်စုံတစ်ယောက်ထံမှ ချေးငှားခဲ့ပါ"ဟု နန်းတွင်းသူက ပြောဆိုရာ ကုမ္ဘဃောသကလည်း ညည်းတွားလျက် အိမ်မှ ထွက်၍ မြှုပ်နှံထားသောဥစ္စာကုဋေလေးဆယ်မှ အသပြာ တစ်ပြားကို ယူဆောင်ခဲ့၏။ နန်းတွင်းသူသည် ကုမ္ဘဃောသက ပေးအပ်သော အသပြာကို မင်းကြီးထံပေးပို့ပြီးလျှင် မိမိပိုင်အသပြာကိုသုံး၍ ပွဲသဘင်ကျင်းပ၏။ နောက်နှစ်ရက်သုံးရက် ကြာသောအခါ နန်းတွင်းသူ၏ အမှာစကားအရ အမှုလုပ်တို့ ပွဲသဘင်ထပ်မံကျင်းပရန် မင်းကြီးအမိန့်ချပြန်၏။ နန်းတွင်းသူက ရှေးနည်းအတူ တိုက်တွန်းရာ ကုမ္ဘဃောသကလည်း အသပြာသုံးပြားကို ယူခဲ့ပြန်၏။

ထိုအသပြာများကို နန်းတွင်းသူက မင်းကြီးထံ ပေးပို့ကာ "ကုမ္ဘဃောသကကို ခေါ်ယူတော်မူပါ"ဟု လျှောက်၏။ မင်းကြီး စေလွှတ်သော မင်းချင်းတို့သည် အမှုလုပ်တို့၏ နေရာသို့သွား၍ ကုမ္ဘဃောသကအား စုံစမ်းရှာဖွေ၏။ တွေ့သောအခါ "သင့်ကို မင်းကြီး ခေါ်တော်မူ၏"ဟု ဆို၏။

ကုမ္ဘဃောသကသည် နန်းတော်သို့ မလိုက်လိုသောကြောင့် "ငါ့ကို မင်းကြီးမသိပါ"ဟု ငြင်းဆန်၏။ ထိုအခါ မင်းချင်းတို့သည် ကုမ္ဘဃောသကအား ဖမ်းဆီးချုပ်နှောင်၍ နန်းတော်သို့ ခေါ်ဆောင်၏။ နန်းတွင်းသူက ကုမ္ဘဃောသကအား မကြောက်ရန် အားပေးစကား ပြောပြီးလျှင် သူ့ကိုခေါ်ကာ နန်းတွင်းသို့ ဦးစွာ ရောက်အောင် သွားနှင့်ပြီး နန်းတွင်း အဝတ်တန်ဆာ ဆင်မြန်းလျက် သင့်လျော်ရာ နေရာမှနေ၍ မင်းကြီးထံ ခစား၏။

မင်းကြီးရှေ့မှောက်သို့ ကုမ္ဘဃောသက ရောက်သောအခါ "အသင် ကုမ္ဘဃောသကလော"ဟု မင်းကြီးမေး၏။

"မှန်ပါသည် အရှင်မင်းမြတ်"

"သင်သည် အဘယ်ကြောင့် ဥစ္စာတို့ကို ဖုံးဖိထားသနည်း"

"မင်းကြီး၊ ကျွန်တော်မျိုးသည် အမှုလုပ်သာ ဖြစ်ပါသည်။ အဘယ်မှာ ဥစ္စာများစွာ ရှိပါအံ့နည်း"

ထိုအခါ မင်းကြီးသည် ကုမ္ဘဃောသကအား အသပြာတို့ကို ထုတ်ပြပြီးလျှင် "ဤအသပြာတို့ကား အဘယ်သူ၏ အသပြာတို့နည်း"ဟု မေးပြန်၏၊ ကုမ္ဘဃောသကသည် မိမိ၏ အသပြာများ မင်းကြီးထံ ရောက်နေသည်ကို အံ့အားသင့်လျက် ပတ်ဝန်းကျင်ကိုကြည့်ရာ နန်းတွင်း အဝတ်တန်ဆာ ဆင်မြန်းထားသော နန်းတွင်းသူ သားအမိကို မြင်၏။ ထိုအခါ ဤသားအမိသည် ငါ့ကို စုံစမ်းရန် မင်းကြီးစေလွှတ်သူများ ဖြစ်တန်ရာ၏"ဟု တွေးမိ၏။

"ကုမ္ဘဃောသက၊ မှန်မှန်ပြောလော့၊ အဘယ်ကြောင့် ဤသို့ ပြုဘိသနည်း"ဟု မင်းကြီးက မေး၏။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုး၌ အမှီကောင်းမရှိ၍ ဤသို့ ပြုပါသည်"

"ငါသည် သင်၏ မှီခိုအားထားရာ မဖြစ်သင့်သလော"

"အရှင်မင်းမြတ်၊ အရှင်သည် ကျွန်တော်မျိုး၏ မှီခိုရာ အားထားရာ ဖြစ်ထိုက်ပါ၏။ ကျွန်တော်မျိုး၏ မိဘတို့သည် ဥစ္စာကုဋေလေးဆယ်တို့ကို မြှုပ်နှံထားခဲ့ပါသည်" ဟု ကုမ္ဘဃောသက က လျှောက်တင်၏။

ဗိမ္ဗိသာရမင်းကြီးသည် ဥစ္စာ ကုဋေလေးဆယ်ကို ဖော်ထုတ်ယူစေပြီးလျှင် ကုမ္ဘဃောသကအား သူဌေးအရာထား၏၊ သမီးနှင့်လည်း ထိမ်းမြားပေး၏။

ထို့နောက် ကုမ္ဘဃောသကကို ဘုရားမြတ်စွာထံသို့ ခေါ်ဆောင်သွား၍ "အရှင်ဘုရား၊ ဤသူကား ကုဋေလေးဆယ် ကြွယ်ဝသူဖြစ်သော်လည်း ငါဟူသော မာနထောင်လွှားခြင်း မရှိ၊ ဤသို့ ထည်ကြည်သောသူမည်သည် မရှိနိုင်ပါဘုရား"ဟု လျှောက်ထား၏။

ခွန်မိသားစုနှင့် မိတ်ဆွေများ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်းလက်ထက်၌ ပစ္စန္တရစ်သားအချို့သည် အမဲသားငါး များစွာ ရနိုင်သော အရပ်၌ ရွာတည်ကာ အမဲလိုက်၍ သားမယားတို့ကို လုပ်ကျွေးကြ၏။ ထိုသူတို့၏ ရွာအနီး၌ အိုင်တစ်အိုင်ရှိ၏။ ထိုအိုင်၏ တောင်ဘက်၌ ခွန်ဖိုဘဲတစ်ကောင်နေ၏။ အနောက်ဘက်၌ ခွန်မတစ်ကောင်နေ၏။ မြောက်ဘက်၌ ခြင်္သေ့တစ်ကောင်နေ၏။ အရှေ့ဘက်၌ ဝန်လိုင်ငှက်နေ၏။ အိုင်၏အလယ်ရှိ ကျွန်း၌ လိပ်တစ်ကောင်နေ၏။ ခွန်ဖိုသည် ခွန်မကို "သင် ငါ၏ကြင်ဖက်ဖြစ်ပါလော့" ဟု ဆို၏။ ထိုအခါ ခွန်မက ခွန်ဖိုကို "သင်၌ တစ်စုံတစ်ယောက်သော အဆွေခင်ပွန်း ရှိပါ၏လော" ဟု မေး၏။ "မရှိ" ဟု ခွန်ဖိုက ဖြေ၏။ "ငါတို့မှာ ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ် ကျရောက်လျှင် တားဆီးနိုင်သော အဆွေခင်ပွန်း ရှိဖို့လို၏။ အဆွေခင်ပွန်း

ရအောင် ရှာပါဦး'' ဟု စွန်မက ပြော၏။ ''အဘယ်သူတို့နှင့် အဆွေခင်ပွန်း ဖွဲ့ရအံ့နည်း''ဟု စွန်ဖိုက မေး၏။

''အရှေ့မျက်နှာ၌ နေသော ဝန်လိုင်ငှက်၊ မြောက်မျက်နှာ၌ နေသော ခြင်္သေ့၊ အိုင်၏အလယ်၌ နေသော လိပ်တို့နှင့် မိတ်ဖွဲ့ပါလော့''ဟု စွန်မက တိုက်တွန်း၏။ စွန်ဖိုသည် စွန်မ၏တိုက်တွန်းချက် အတိုင်း မိတ်ဖွဲ့၏။ စွန်ဖိုသည် စွန်မနှင့် ပေါင်းဖက်ကာ ရေအိုင် အတွင်း ကျွန်းပေါ်တွင် ပေါက်ရောက်လျက်ရှိသော ထိမ်ပင်ထက်၌ အသိုက်ပြုလျှ နေကြ၏။ ထို့နောက် စွန်ဖိုနှင့် စွန်မတို့တွင် စွန်ငယ်နှစ် ကောင် ဖွားမြင်၏။

တစ်နေ့သ၌ ဇနပုဒ်သားတို့သည် တစ်နေ့ပတ်လုံး တောသို့ လှည့်လည် ရှာဖွေသော်လည်း တစ်စုံတစ်ခုသော သားကောင် မရ သဖြင့် ငါး၊ လိပ်တို့ကိုဖမ်းရန် ရေအိုင်သို့ ဆင်းသက်ကြ၏။ ၎င်းတို့ သည် ထိမ်ပင်ပေါက်ရာ ကျွန်းငယ်သို့ရောက်လျှင် မှက်၊ ခြင် စသည် တို့ မကိုက်စေရန် မီးမွှေး၍ မီးခိုးတိုက်ကြ၏။ မီးခိုးထွက်လတ်သော် စွန်ပေါက်တို့သည် အော်မြည်ကြကုန်၏။ ဇနပုဒ်သားတို့ ကြားလျှင် ''ငှက်ငယ်တို့၏အသံတည်း။ ထကြလော့။ မီးရှူးတို့ကို ဖွဲ့ကြလော့။ ဆာမွတ်ခြင်းကို သည်းခံရန် မတတ်နိုင်။ ငှက်သားကိုစား၍အိပ်အံ့'' ဟု ဆိုကုန်၏။

မိခင်စွန်မသည် လူတို့၏အသံကို ကြားလျှင် ''ဤလူတို့သည် ငါတို့၏ သားငယ်များကို စားလို၏။ ငါတို့သည် ဤဘေးဒုက္ခကို ကာကွယ်ရန် အဆွေခင်ပွန်းဖွဲ့အပ်၏။ လင်ကို ဝန်လိုင်ငှက်ထံ စေအံ့'' ဟု ကြံ၏။ ''အရှင် သွားချေ။ ငါတို့၏ ဘေးဒုက္ခကို ဝန်လိုင်ငှက်အား ကြားချေလော့''ဟု ဆို၏။

စွန်သည် ဝန်လိုင်ငှက်နေရာသို့ လျှင်မြန်စွာသွား၍ မိမိလာသော အဖြစ်ကို ပြောကြား၏။ ထိုအခါ စွန်ကို ''အဆွေစွန်၊ ဇနပုဒ်သား တို့သည် သစ်ပင်ကို တက်ကုန်ပြီလော'' ဟု မေး၏။ ''မတက်ကုန် သေး။ မီးရှူးတို့ကိုသာလျှင် ဖွဲ့ကုန်၏'' ဟု ဆို၏။ ''ထိုသို့တပြီး

ကား သင်သည် လျင်မြန်စွာသွား၍ ငါ၏ အဆွေခင်ပွန်းမကို နှစ်သိမ့်လော့။ ငါလာမည့်အကြောင်းကို ပြောကြားချေလော့'' ဟု ဆို၏။

စွန်သည် ဝန်လိုငှက်ဆိုသည့်အတိုင်း ပြောကြား၏။ ဝန်လိုငှက်သည် လာလတ်၍ ထိမ်ပင်အနီးရှိ အခြား သစ်ပင်တစ်ပင်အများ၌ နားနေ၏။ ဇနပုဒ်သား တစ်ယောက်သည် ထိမ်ပင်ကို တက်ရာ ငှက်သိုက်အနီးသို့ရောက်လျှင် ဝန်လိုငှက်သည် ဒိုင်တွင် ငုပ်၍ အတောင်တို့ဖြင့်လည်းကောင်း၊ နှုတ်သီးဖြင့် လည်းကောင်း ရေကို ယူဆောင်ကာ မီးရှူးတို့ကို ငြိမ်းစေ၏။ ဇနပုဒ်သားသည် စွန်ငယ်နှင့် ဝန်လိုငှက်အသားကို စားအံ့ဟုကြံ၍ မီးရှူးတို့ကို တစ်ဝန် ညှိ၍ တက်ပြန်၏။ ဝန်လိုငှက်သည် မီးရှူးတို့ကို တစ်ဝန်ငြိမ်းစေပြန်၏။

သန်းခေါင်အချိန်ရောက်လျှင် ဝန်လိုငှက်သည် အလွန်ပင်ပန်းနေပြီ ဖြစ်သောကြောင့် အပန်းဖြေစိမ့်သောငှာ လိပ်အား အကြောင်း ကြားချေလော့ဟုဆိုကာ စွန်ဖိုကို စွန်မ က ခေလွှတ်လိုက်၏။ စွန်သည် မိမိတို့၏ ဘေးဒုက္ခနှင့်တကွ ပင်ပန်းနေပြီဖြစ်သော ဝန်လိုငှက်၏ အဖြစ်ကို လိပ်အားပြောကြား၏။ လိပ်သည်''အဆွေစွန်၊ မကြောက်လင့်။ သင်သည် ရှေ့မှသွားလော့။ ယခုပင် ငါလာအံ့'' ဟု ဆိုကာ စွန်ကိုလွှတ်လိုက်၏။ ထို့နောက်ကိုယ်ကို ရေ၌လူးကာ ညွန်၊ မြေတို့ကို ယူ၍ ကျွန်းပေါ်ရှိ မီးရှူးကို ငြိမ်းစေ၏။

ထိုအခါ ဇနပုဒ်သားတို့သည် လိပ်ကို ပုဆိုးနှမ်းနှင့်ရစ်၍ ဖမ်းကြ၏။ လိပ်သည် ဇနပုဒ်သားတို့ကို မြေနက်ရာသို့ ဆွဲချ၏။ ဇနပုဒ်သားတို့သည် ဝမ်းထဲသို့ ရေများဝင်ကာ ပင်ပန်းသက် ရှိကြ၏။ ''အချင်းတို့၊ ဝန်လိုငှက် တစ်ကောင်သည် သန်းခေါင်တိုင်အောင် ငါတို့၏ မီးရှူးကိုငြိမ်း၏။ ယခုလည်း လိပ်သည် ငါတို့ကို ဝမ်းခေါင်အောင်ပြု၏။ တစ်ဖန်မီးညှိ၍ အရုဏ်တက်သော် စွန်ငယ်တို့ကို စားအံ့''ဟူ၍ ဇနပုဒ်သားတို့ တိုင်ပင်ကြ၏။

စွန်မသည် ဇနပုဒ်သားတို့၏ တိုင်ပင်သံကို ကြားလျှင်''အရှင်၊ ငါတို့အဆွေခင်ပွန်းဖြစ်သော ခြင်္သေ့ထံ သွားချေလော့'' ဟု ဆို၏။

စွန်သည် ခြေသေ့အား မိမိတို့၏အဖြစ်ကို ပြောကြား၏။ ခြေသေ့သည် "သွားလော့၊ သားငယ်တို့ကို နှစ်သိမ့်လော့"ဟုဆိုကာ စွန်ကို လွှတ်လိုက်၏၊ ဖနပ်ဒ်သားတို့သည် ခြေသေ့ကိုမြင်လျှင် သေဘေးကို ကြောက်ရွံ့သောကြောင့် ထွက်ပြေးကြ၏။

ခြေသေ့ကို ဝန်လိုင်ငှက်၊ လိပ်၊ စွန်တို့သည် ရှိခိုးကြ၏။ ခြေသေ့သည် ဝန်လိုင်ငှက်၊ လိပ်၊ စွန်တို့အား အဆွေခင်ပွန်းဖွဲ့ခြင်း၏ အကျိုးကျေးဇူးကို ဆိုပြီး "ဤနေ့မှစ၍ အဆွေခင်ပွန်း၏ သဘောကို မဖျက်ကြနှင့်၊ မမေ့မလျော့ကြနှင့်"ဟု ဆုံးမ၏။

ဝန်လိုင်ငှက်၊ လိပ်၊ စွန်တို့သည် မိမိတို့နေရာသို့ ပြန်သွားကြ၏။ စွန်မသည် မိမိ၏ သားငယ်တို့ကို ကြည့်၍ "ငါတို့သည် အဆွေခင်ပွန်းတို့ကို မှီပြီး သားများ၏ အသက်ချမ်းသာမှုကို ရခဲ့ပြီ" ဟု ဆိုလေသတည်း။

ပကိဏ္ဏကနိပါတ်၊ မဟာဥက္ကုသဇာတ် မှ

မြေပြိုသတဲ့

လွန်လေပြီးသောအခါ ယုန်ငယ်တစ်ကောင်သည် ဥသျှစ်ပင်များ ရောနှော ပေါက်ရောက်နေသော ထန်းတောဌ် နေထိုင်၏။ တစ်နေ့သ၌ ယုန်ငယ်သည် ဥသျှစ်ပင် ခြေရင်း၌ ပေါက်နေသော ထန်းပင်အောက်တွင် နေ၏။ အစာရေစာ ရှာပြီးနောက် ထန်းပင်အောက်၌နေရင်း "အကယ်၍ ဤမြေကြီး ပြိုခဲ့လျှင် ငါ အဘယ်သို့ သွားရအံ့နည်း" ဟု တွေးနေ၏။ ကိုအခိုက် ဥသျှစ်သီးမှည့် တစ်လုံးသည် ထန်းရွက်ပေါ်သို့ ကြွေကျရာ မြေပြိုပြီဟု ထင်မှတ်၍နောက်သို့ တစ်ချက်မျှ လှည့်မကြည့်ဘဲ ပြေး၏။

သေဘေးကိုကြောက်၍ လျင်မြန်စွာပြေးသော ယုန်ငယ်ကို အခြားယုန်တစ်ကောင် မြင်လျှင် "အဘယ်ကြောင့် ပြေးသနည်း" ဟု မေး၏။ "မေးမနေနဲ့" ဟု ဖြေသောအခါ မေးသော ယုန်ငယ်သည်လည်းယုန်ငယ်နှင့်အတူ ပြေးလေ၏။ ယုန်နှစ်ကောင် ထိတ်လန့်



တကြော၊ ပြေးသည်ကိုမြင်သော အခြားအခြားသော ယုန်တို့သည် လည်းမြေပြိုပြီဆိုသောကြောင့် ပြေးကြပြန်၏။

သမင်တစ်ကောင်သည် ယုန်များ ပြေးနေသည်ကို မြင်၍ မေး၏။ မြေပြိုပြီဆိုသောကြောင့် ယုန်များနောက်မှ ပြေးလိုက်ပြန်၏။ ထို့နောက် ဝက်တစ်ကောင်၊ ဆိုင်တစ်ကောင်၊ ကျွဲတစ်ကောင်၊ နွားနောက် တစ်ကောင်၊ ကြံ့တစ်ကောင်၊ ကျားတစ်ကောင်၊ ခြင်္သေ့ တစ်ကောင်၊ ဆင်တစ်ကောင်တို့သည်လည်း မေး၍ တစ်ကောင်၏နောက် တစ်ကောင်လိုက်ကာ ပြေးကြ၏။

ဤသို့ဖြင့် တိရစ္ဆာန်အုပ်ကြီးသည် တစ်ကောင်နှင့် တစ်ကောင် တိုးဝေ့၍ သူ့ထက်ငါ အသက်ဘေးမှလွတ်ရန် ပြေးကြလွှားကြ ကုန်၏။

တိရစ္ဆာန်အပေါင်းတို့ တရုန်းရုန်း တဝုန်းဝုန်း ပြေးလွှား သံကို ခြင်္သေ့မင်း ကြားသောအခါ "အဘယ်ကြောင့် ပြေးသနည်း" ဟု မေး၏။ "ဤအရပ်၌ မြေပြိုသည်" ဟု ဖြေကြား၍ တိရစ္ဆာန်တို့ ဆက်လက် ပြေးကြ၏။ ခြင်္သေ့မင်းက "မြေပြိုသည်ကား၊ တစ်ရံ တစ်ခါမျှ မပြိုဖူး၊၊ တစ်စုံတစ်ခုသော အသံကို တိရစ္ဆာန်များ ကြား သည်ဖြစ်လတ္တံ့။ ဤသို့ ပြေးလွှားနေကြပါက ပျက်စီးကြကုန်လတ္တံ့။ တိရစ္ဆာန်အပေါင်းတို့ မပျက်စီးရအောင် ငါ လုံ့လပြုအံ့" ဟု ကြံ၍ တောင်ခြေရင်း တစ်ခုသို့ လျင်မြန်သောအဟုန်ဖြင့် ပြေးလွှားကာ သုံးကြိမ် တိုင်တိုင် ဟိန်းဟောက်၏။ တိရစ္ဆာန်အပေါင်းတို့သည် ခြင်္သေ့ ဟောက်သံကို ကြားရသောအခါ ကြောက်လန့်၍ အပြေး ရပ်ကြ၏။

ခြင်္သေ့မင်းသည် တိရစ္ဆာန်အုပ်စုတွင်းသို့ ဝင်၍ "အဘယ် ကြောင့် ပြေးလွှားကြသနည်း" ဟု မေး၏။

"ခမြင့်သောအကြောင်း ပြောပါသည်" ဟု တိရစ္ဆာန်တို့က ဖြေ၏။

"ခမြင့်သည်ကို ဘယ်သူ မြင်သနည်း"

"ဆင် မြင်ပါသည်"

ခြင်္သေ့မင်းသည် ဆင်ကို မေး၏။

"ကျွန်ုပ် မမြင်၊ ခြင်္သေ့မြင်၏"ဟု ဆင်က ဖြေ၏၊ ခြင်္သေ့က ကျား၊ ကျားက ကြံ့၊ ကြံ့က နွားနောက်၊ နွားနောက်က ကျွဲ၊ ကျွဲက ဆိုင်၊ ဆိုင်က ဝက်၊ ဝက်က ရှေးဦးပြောသော ယုန်ငယ်အား မေး၏။

ထိုအခါ "အရှင်၊ အကျွန်ုပ်မြင်၏"ဟု ယုန်ငယ်က ဖြေ၏။ "အဘယ်အရပ်၌ နေလျက် မြင်သနည်း"

"ဥသျှစ်ပင်နှင့် ရောနှောသော ထန်းတော၌နေလျက် မြင်၏။ အကျွန်ုပ်သည် ထန်းပင်ငယ်အောက်၌ ဝပ်လျက်နေစဉ် မြေမြင့်သော် ငါ အဘယ်သို့ ပြေးရအံ့နည်းဟု တွေးတောနေခိုက်မှာ မြေမြင့်၏" ဟု ယုန်ငယ်က ဖြေ၏။ ခြင်္သေ့မင်းသည် ဤယုန်ငယ်ကား၊ ဥသျှစ်သီး ကြွေကျသံကို မြေမြင့်သည်ဟုထင်မှတ်၍ ပြေးသည် ဖြစ်တန်ရာ၏။ တိရစ္ဆာန်အပေါင်းတို့ အမှန်ကိုသိစေမှသော်ငှာ ငါစုံစမ်းအံ့ဟု ကြံ၏။

"အချင်းတို့၊ ယုန်ငယ် မြေမြင့်သည်ဟုပြောသော အရပ်သို့ ငါသွားရောက် စုံစမ်းအံ့။ သင်တို့ ဤနေရာ၌နေ၍ ငါပြန်လာသည် အထိ စောင့်ရစ်လော့"ဟု ခြင်္သေ့မင်းသည် တိရစ္ဆာန်အပေါင်း အား မှာထားပြီးလျှင် ယုန်ငယ်ကို ကျောကုန်းထက်၌တင်ကာ ခမြင့် သည်ဆိုသော အရပ်သို့ သွား၏။

ထန်းတောသို့ ရောက်သောအခါ ယုန်ငယ်ကို ကျောထက်မှ ချ၍ "အချင်း၊ လာလော့။ သင်မြင်သောအရပ်ကို ပြလော့"ဟု ဆို၏။

"အရှင်၊ အကျွန်ုပ် မပြဝံ့"

"အချင်း၊ မကြောက်ပါလင့်။ ပြသာပြပါ"ဟု ဆိုမှ ဥသျှစ်ပင်ခြေရင်း ထန်းလက်ကို မနီးမဝေးမှညွှန်လျက် "အရှင်၊ ဤအရစ်ကား မြေပြိုရာ အရစ်တည်း"ဟု ပြော၏။ ယုန်ငယ်ညွှန်သော နေရာသို့ သွားရောက်ကြည့်သောအခါ ထန်းရွက်ပေါ်သို့ ကြွေကျသော ဥသျှစ်သီးမှည့်ကို ခြင်္သေ့မင်း တွေ့၏။ ခြင်္သေ့မင်းသည် အဖြစ်မှန်ကို သိသောအခါ ယုန်ငယ်ကို ကျောထက်သို့တင်လျက် တိရစ္ဆာန် အပေါင်းတို့ စောင့်ဆိုင်းနေရာသို့ ပြန်လာခဲ့သည်။ တိရစ္ဆာန်အပေါင်းတို့အား အဖြစ်မှန်ကိုပြောပြကာ ပူပင်သောကကို ပြေပျောက်စေလေ၏။

စတုက္ကနိပါတ်၊ ဒဒ္ဒဘဇာတ်မှ

သဲကန္တာရကုန်သည်များ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ လှည်းမှူးတစ်ဦး ရှိ၏။ လှည်းမှူးသည် လှည်းကုန်သည် ငါးရာနှင့် ကုန်သွယ် သွား၏။ ကုန်သွယ်ရာခရီးတွင် ယူဇနာခြောက်ဆယ်ရှိသော သဲကန္တာရကို ဖြတ်ကျော်ရ၏။ သဲကန္တာရသည် နေထွက်သောအခါမှ စ၍ နေဝင်သည်အထိ မီးကျီးခဲတမျှပူလောင်ရကား လှည်းကုန်သည် ငါးရာတို့သည် အရှက်တက်လျှင် လှည်းများကိုဝိုင်းဖွဲ့ကာ အထက်၌ အမိုးအကာပြု၍ အရိပ်ခိုနားနေရ၏။ နေဝင်သောအခါ ညစာစား၍ ညအခါမှ လှည်းများကို ကချ ခရီးသွားကြရ၏။ လှည်းမှူးသည် ညအခါ၌ ကြယ်တို့ကို ခရီးလမ်းညွှန်အဖြစ် ကြည့်၍ လှည်းအပေါင်း ကို ဦးဆောင်၍ ခရီး နှင်ရ၏။

လှည်းမှူးသည် လှည်းကုန်သည် ငါးရာနှင့် သဲကန္တာရကို ဖြတ်၏။ သဲကန္တာရကို လွန်မြောက်ရန် တစ်ညဥ့်ခရီးသာ လိုတော့

ခဲသာနေရာသို့ ရောက်သောအခါ လှည်းကုန်သည်တို့သည် တစ်ညဉ့်တည်းနှင့်ပင် သဲကန္တာရကို လွန်မြောက်နိုင်မည်ဖြစ်ရကား ညစာစားပြီးလျှင် ရှိသမျှသော ထင်း၊ ရေတို့ကိုစွန့်ပစ်၍ ခရီးဆက်ကြ၏။ လှည်းမှူးလည်း ကြယ်များကိုကြည့်လျက် ဤအရပ်သို့ နှင်ကုန်လော့ဟု ညွှန်ကြား၍ ကာလရှည်ကြာ မအိပ်ရသဖြင့် ပင်ပန်းလွန်းရကား အိပ်ပျော်သွား၏။ ထို့ကြောင့် နွားလှည်းတို့ နောက်ပြန်လှည့်ကာ သွားသည်ကို မသိလိုက်တော့ပေ။ အရုဏ်တက်ခါသာ အခါ လှည်းမှူးသည် ကြယ်များကိုကြည့်သည်ရှိသော် နွားလှည်းတို့ နောက်ပြန် လှည့်သွားသည်ကို သိရလေ၏။ ထိုအခါမှာပင်နေထွက်လာ၏။ လှည်းကုန်သည်တို့သည် ယမန်နေ့က ငါတို့နားနေရာအရပ်သို့ပြန်ရောက်နေပြီတကား။ ငါတို့၌ ထင်း၊ ရေကုန်ပြီဖြစ်၍ သေကျေပျက်စီးကြတော့မည်တကားဟုတွေးတောကာ အမိုးအကာပြု၍လှည်းအောက်၌အိပ်ကြလေ၏။ ထိုအခါလှည်းမှူးက ငါသည်ဝီရိယကိုလျှော့လိုက်ပါမူ လှည်းကုန်သည်တို့ ပျက်စီးကုန်လတ္တံ့ဟု ကြံမိ၍ နေထွက်စကာလ၌ အနီးအပါးကို လှည့်လည် ကြည့်မိ၏။ တစ်နေရာ၌ မြက်များပေါက်နေသည်ကို မြင်တွေ့ရကား ဤနေရာမြက်သည် အောက်၌ အစိုဓာတ်ရှိ၍သာ ပေါက်သည်ဖြစ်မည်ဟု ကြံမိပြီး မြက်ပေါက်ရာနေရာကိုတူးစေ၏။ အတောင်ခြောက်ဆယ် တူးမိသောအခါ အောက်၌ရှိသောကျောက်ဖျာကို ထိခတ်မိ၏။ ခဝ်သိမ်းသော လှည်းကုန်သည်တို့သည် ကျောက်ဖျာခံနေသည် ဖြစ်၍ ဝီရိယကို လျှော့ကာ ဆက်လက်မတူးဘဲ နေကြ၏။ ထိုအခါ လှည်းမှူးသည် တွင်းထဲသို့ဆင်းသက်၍ ကျောက်ဖျာ၌ နားကိုကပ်ကာ နားထောင်ကြည့်ရာ အောက်၌ ရေစီးသံကိုကြားရ၏။

လှည်းမှူးသည် အလုပ်အကျွေး တစ်ယောက်ကို ခေါ်၍ "အမောင်၊ ဝီရိယကိုလျှော့သည်ရှိသော် ငါတို့အားလုံး ပျက်စီးကြလတ္တံ့၊ ဝီရိယကိုမလျှော့ဘဲ ဤကျောက်ဖျာကို တူးလော့" ဟု ဆို၏။ အလုပ်အကျွေးငယ်သည် လှည်းမှူး၏စကားကို လိုက်နာ၍

ကျောက်ဖျာကို တူး၏၊ ကျောက်ဖျာကွဲပေါက်၍ ထန်းလုံးပမာဏရှိ
သော ရေတို့ ပန်းထွက်၏၊ ထိုအခါမှ လှည်းကုန်သည်တို့သည် ရေ
ကို သောက်ကြ၏၊ ဝင်ရိုး၊ ထမ်းပိုးတို့ကိုခွဲ၍ ယာဂု ချက်စားကြကုန်
၏။ နွားတို့ကိုလည်း ကျွေးမွေး၏၊ ရေထွက်ရာအရပ်၌ တံခွန်ဆွဲ
ထားပြီးလျှင် နေဝင်သည်ရှိသော် ခရီးဆက်ကြ၏၊ လိုရာအရပ်သို့
ရောက်သော် ပစ္စည်းဥစ္စာတို့ကို ရောင်း၍ မိမိတို့ နေရင်းအရပ်သို့
ပြန်လာခဲ့ကြလေ၏၊

ဧကနိပါတ်၊ ဝဏ္ဏုပထဇာတ် ၂



ကုန်းချောသော မြွေခွေး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအခါ ခြင်္သေ့နှင့် ကျားတို့သည် အဆွေခင်ပွန်းဖြစ်၍ လိုဏ်ဂူတစ်ခုတွင် နေကြ၏။ မြေခွေး တစ်ကောင်သည် ခြင်္သေ့နှင့် ကျားကို ခစားကာ စားကြွင်းကို စားလျက် ဝဖြိုးသော ကိုယ်ခန္ဓာ ရှိ၏။

တစ်နေ့သ၌ မြေခွေးသည် ငါကား ခြင်္သေ့နှင့် ကျား၏ အသားကို မစားဖူးသေး၊ ခြင်္သေ့နှင့် ကျားတို့ကို အချစ်ပျက် စေအောင် ကုန်းတိုက်မည်။ တစ်ဦးနှင့် တစ်ဦး ခိုက်ရန်ဖြစ်၍ ကိုက်သတ် သေကြသော် ၎င်းတို့၏ အသားကို စားရလိမ့်မည် ဟု ကြံ စည် ၏။

မြေခွေးသည် ကြံစည်သည့်အတိုင်း ခြသေ့ထံ ကပ်၍ "အရှင်၊ ကျားနှင့် ခိုက်ရန် ဖြစ်ဖူးပါသလော" ဟု မေး၏။ ခြသေ့က "အချင်း၊ ခိုက်ရန်မဖြစ်ဖူးပါ" ဟု ပြော၏။

"အရှင်၊ ဤကျားကား အကျွန်ုပ်နှင့် သွားသောအခါ ခြသေ့သည် အဆင်းသဏ္ဌာန်၊ အလုံးအရပ်၊ အမျိုးဇာတိ၊ လုံ့လဝီရိယအားဖြင့် ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှ ငါ့ကို မမီနိုင်ဟု အရှင့် ဂုဏ်ကျေးဇူး မဲ့အောင် ပြောဆိုပါသည်" ဟု ကုန်းတိုက်လေ၏။

ထိုအခါ ခြသေ့သည် "ဟယ်မြေခွေး၊ သင်သွားလော့။ ကျားသည် ဤသို့ မပြောဆိုတန်ရာ" ဟု ခြိမ်းခြောက်လိုက်၏။ မြေခွေးသည် ကျားထံ တစ်ဖန်ကပ်၍ ရှေးနည်းတူ ကုန်းတိုက်ပြန်၏။ ထိုအခါ ကျားသည် ခြသေ့ထံသွား၍ "အဆွေ ခြသေ့မင်း၊ သင်သည် ကျားကား အဆင်းသဏ္ဌာန်၊ အလုံးအရပ်၊ အမျိုးဇာတိ၊ လုံ့လဝီရိယ အားဖြင့် ငါ့ထက် မမြတ်ဟု ပြောဆိုမိပါသလော" ဟု မေး၏။

ထိုအခါ ခြသေ့သည် ကျား၏စကားကို ကြားလျှင် "အဆွေ ကျား၊ သင်နှင့် ညီညွတ်ချစ်ခင်စွာ နေသော ငါ့ကို မြေခွေး၏ ကုန်းတိုက်စကား၌ ယုံကြည်လျက် မပြစ်မှားပါနှင့်။ ပြစ်မှားပါက ငါသည် သင်နှင့် အတူတကွ မနေလိုတော့ပြီ။ အဆွေကျား၊ သူတစ်ပါးတို့ ကုန်းတိုက်စကားကို အမှန်ထင်မှတ်ကာ ယုံကြည်သော သူမိုက်၌ ရန်လည်းများစွာ ပွား၏။ အဆွေကျား၊ အခါခပ်သိမ်း သတိရှိ၍ အဆွေခင်ပွန်းတို့၏ ချစ်ခြင်းကို မပျက်စီးစေလိုသောသူ၊ အဆွေ ခင်ပွန်း ပျက်စီးခြင်းကို ရှုရှာသောသူ၊ အဆွေခင်ပွန်း၏ အကျိုးကို အစဉ်ရှေ့ရှုသောသူသည်သာ အဆွေခင်ပွန်းစစ် ဖြစ်၏။ အဆွေ ကျား၊ သူတစ်ပါးတို့ကြောင့် စိတ်ဝမ်းမကွဲပြားသော သူသည်သာ

မိတ်ဆွေခင်ပွန်း ဖြစ်၏” ဟု ကျားအား မိတ်ဆွေ ခင်ပွန်း တို့၏ လက္ခဏာကို ပြောပြ၏။ ကျားသည် ခြသေ့မင်းအပေါ်၌ သံသယ ကင်းစင်လျက် ငါ့၌သာ အပြစ်ရှိသည်ဟု တွေးကာ ခြသေ့မင်း အား တောင်းပန်၏။

ကျားနှင့် ခြသေ့တို့သည် အခင်အမင် မပျက်ကြဘဲ အညီ အညွတ် နေကြ၏။ ကုန်းချောသော မြေခွေးမှာမူ အတူမနေဝံ့တော့ ၍ အရပ်တစ်ပါးသို့ ထွက်ပြေးသွားလေ၏။

ပဉ္စကနိပါတ်၊ ဝဏ္ဏာရောဟဇာတ် မှ

အမျိုးအနွယ်ကိုစောင့်ရှောက်သောခွေး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ တစ်နေ့သ၌ ဗြဟ္မဒတ်မင်းသည် ခပ်သိမ်းသော တန်ဆာတို့ဖြင့် ဆင်ယင်အပ်သော ရထားကိုစီး၍ တစ်နေ့လုံး ဥယျာဉ်ကစား၏။ နေဝင်မှ မြို့သို့ဝင်၏။ မင်း၏ရထားကို မင်းရင်ပြင်၌ ထားမြဲထား၏။ ညအခါ၌မိုးရွာသည်ရှိသော် ရထားကာသောသားရေသည်လည်းကောင်း၊ ရထား၌ဖွဲ့ချည်သော သားရေသည်လည်းကောင်း စိုစွတ်သဖြင့် မင်းဆွေမင်းမျိုးတို့ မွေးထားသော ခွေးတို့သည် နန်းပြာသာဒ်ထက်မှဆင်းကာ သားရေတို့ကို ကိုက်ဖြတ်စားကုန်၏။

နံနက်ရောက်သောအခါ မင်းမှုထမ်းတို့သည် "အရှင်မင်းကြီး၊ ပြွန်ပေါက်မှခွေးများဝင်၍ရထားကာသောသားရေကိုလည်းကောင်း၊ ဖွဲ့ချည်သော သားရေကို လည်းကောင်း စားကုန်၏" ဟု

လျှောက်၏၊ ထိုအခါ မင်းကြီးသည် ခွေးတို့အား အမှုက်ထွက်၍ အရပ်တကာ၌ မြင်သမျှသော ခွေးဘို့ကို သတ်လေဟု ဆို၏၊ မင်းချင်းတို့သည် မင်းကြီးဆိုသည့် အတိုင်း သတ်၏။ ခွေးတို့သည် ပျက်စီးကုန်၏။

ဗာရာဏသီပြည်၏ သုသာန်မှ၌ ခွေးတို့၏ အကြီးအကဲ ဖြစ်သော ခွေးတစ်ကောင်ရှိ၏။ အသက်ဘေးကို ကြောက်ရွံ့သော ခွေးတို့သည် ခွေးအကြီးအကဲထံ သွားရောက်ကြ၏၊ လာရောက်ရသည့် အကြောင်းရင်းကို ခွေးတို့၏ အကြီးအကဲက မေးသည်ရှိသော် "မင်း၏ ရထား၌ ကာသော ဖွဲ့ချည်သော သားရေတို့ကို ခွေးများ စားသဖြင့် မင်းအမှုက်ထွက်၏၊ အမှုက်ထွက်သဖြင့် ခွေးများကို သတ်စေ၏။ ခွေးများကို သတ်သဖြင့် ခွေးများ ပျက်စီးကုန်၏။ ဘေးသင့်ကုန်၏" ဟု ဖြေ၏။ ထိုအခါ ခွေးအကြီးအကဲသည် မင်းရင်ပြင်၌ ထားသော ရထားမှ သားရေကို အရပ်တကာမှ ခွေးများ ဝင်ရောက် စားနိုင်ဖွယ်မရှိ၊ မင်း၏ ဆွေမျိုးတို့ မွေးထားသော ခွေးတို့သည်သာ စားနိုင်သည်ဖြစ်၏။ ယခုမှုကား ခိုးစားသော ခွေးတို့၌ ဘေးအန္တရာယ်မရှိ။ ခိုးမစားသော ခွေးတို့သာ ခံရကုန်၏၊ ငါသည် ခွေးသူခိုးဘို့ကို မင်းရှေ့မှောက်၌ ထုတ်ဖော်ပြခြင်းဖြင့် ငါ၏ အဆွေအမျိုးတို့အား ခစောင့်ရှောက်အံ့၊ အသက်ဘေးမှ ကာကွယ်အံ့ဟု တွေးတောမိ၏။

ထို့နောက် အဆွေအမျိုးခွေးတို့အား "ငါသည် သင်တို့အား စောင့်ရှောက်အံ့။ သင်တို့ မကြောက်ကြကုန်လင့်၊ မင်းအား ငါသွားရောက် တွေ့ဆုံအံ့။ တွေ့ဆုံနေစဉ် ကာလအတွင်း ဤသုသာန်မှ၌သာ နေကုန်ကြလော့" ဟု ခွေးအကြီးအကဲက မှာကြား၏။ ထို့နောက် ပါရမီတို့ကိုဆင်ခြင်၍ မေတ္တာပွားကာ ငါ၏ကိုယ်ပေါ်၌ လက်နက်တစ်စုံတစ်ရာမကျရောက်စေသတည်းဟူ၍ အဓိဋ္ဌာန်ပြုပြီး လျှင် တစ်ကောင်တည်း မြို့တွင်းသို့ဝင်၏။ မေတ္တာ၏တန်ခိုးကြောင့် တစ်စုံ

တစ်ယောက်ကမျှ ခွေး အကြီးအကဲအား အမှုက်ထွက်သောအကြည့် ဖြင့်ပင် မကြည့်ပေ။ ထိုအချိန်တွင် မင်းသည်တရားခွင်၌ ရှိနေ၏။ မင်းချင်းတို့သည် ခွေးကို လိုက်ကြ၏။

ခွေးသည် မင်းရှိရာအရပ်သို့ ပြေး၍ မင်း၏ ခနရာအောက်သို့ ဝင်သည်ရှိသော် မင်းလည်း မင်းချင်းတို့အား တားမြစ်၏။

ခွေးအကြီးအကဲသည် မင်းခနရာအောက်မှ ထွက်ပြီး မင်းအား ရှိခိုးကာ-

"အရှင်မင်းကြီး၊ ခွေးတို့ကို သတ်စေသလော" ဟု မေး၏။

"ငါ သတ်စေ၏"

"မင်းကြီး၊ အဘယ်အကြောင်းကြောင့် ခွေးတို့ကို သတ်စေသနည်း"

"ရထားဦကာရံသော၊ ဖွဲ့ချည်သော သားရေတို့ကိုစားသောကြောင့် သတ်စေ၏"

"စားသော ခွေးတို့ကို မင်းကြီးသိပါသလော"

"မသိ"

"မင်းကြီး၊ မည်သည့်ခွေး စားသည်ကို မသိပါဘဲ အရပ်တကာ၌ မြင်သမျှသော ခွေးတို့ကို သတ်စေခြင်းငှာ မသင့်"

"သားရေကို ခွေးတို့ စားသဖြင့် မြင်သမျှသော ခွေးတို့ကို သတ်စေခြင်းဖြစ်၏"

"မြင်သမျှသော ခွေးတို့ကို သတ်စေဟု မင်းကြီးစေခိုင်း၏၊ မသတ်စေဘဲ ကြွင်းသောခွေးများ ရှိသေးသလော"

"ရှိ၏။ မင်းဆွေမင်းမျိုးတို့ မွေးထားသော ခွေးတို့ကိုသာ မသတ်စေဘဲ အကြွင်းထား၏"

"အရှင်မင်းကြီး၊ မြင်သမျှသော ခွေးတို့ကို သတ်စေဟု မိန့်ခဲ့ပြီးမှ မင်းဆွေမင်းမျိုးတို့ မွေးထားသော ခွေးတို့ကိုမူ မသတ်စေရဟု

ဆိုလျှင် မင်းကြီးသည် အဂတိလိုက်စားရာ ရောက်သည် မဟုတ် ပါလော၊ အဂတိလိုက်စားခြင်းကား မင်းကျင့်တရားမဟုတ်။ မင်းတို့ မည်သည် အခကြောင်းဟုတ်သည် မဟုတ်သည်ကို ရှာရ၏။ ချိန်ခွင် နှင့် တူရ၏။ ယခုမူ မင်းဆွေမင်းမျိုး မွေးသောခွေးတို့မှာ မသေရဘဲ အားနည်းသော ခွေးတို့သာ သေရ၏။ ဤခွေး သတ်ခြင်းကား အလုံးစုံသော ခွေးတို့ကို သတ်ခြင်းမဟုတ်ဘဲ အားနည်းသော ခွေးတို့ကို သတ်ခြင်းမျှသာ ဖြစ်၏။ အရှင်မင်းကြီး၊ မင်းတို့မည်သည် ခိုးသူကို နှိမ်နင်းအပ်၏။ အပြစ်ဒဏ် ခတ်အပ်၏။ ယခုမူ ခိုးစား သော ခွေးတို့၌ တစ်စုံတစ်ခုသောဘေးသည် မရှိ။ ခိုးမစားကုန်သော ခွေးတို့သာသေကြရ၏။ အံ့ဖွယ်ရှိစွ။ ဤလောက၌ မသင့်လျော်ခြင်း သည် ဖြစ်ခဲ့၏။ အံ့ဖွယ်ရှိစွ။ ဤလောက၌ အဓမ္မသည် ဖြစ်ခဲ့ပြီ တကား''ဟု ခွေးအကြီးအကဲက ရဲရင့်စွာ ဆို၏။

မင်းသည် ခွေးအကြီးအကဲ၏ စကားကို ကြားသောအခါ ''အဘယ်ခွေးသည် သားရေကို စားသနည်း။ သင်သိ၏လော''

''သိ၏''

''အဘယ်ခွေးများနည်း''

''နန်းတွင်း၌ရှိ မင်းဆွေ မင်းမျိုးတို့ မွေးထားသော ခွေးများ ပေတည်း''

''အဘယ်အကြောင်းကြောင့် ဤခွေးများဖြစ်သည်ဟု သင် ပြောနိုင်သနည်း''ဟု မင်းကြီးက မေး၏။

ထိုအခါ ခွေးအကြီးအကဲသည် နေစာမြက်ကို ထောင်း၍ ရက်တက်ရည်ဖြင့် ဖျော်ကာ မင်းဆွေ မင်းမျိုးတို့ မွေးထားသော ခွေးတို့ကို တိုက်ကျွေးစေ၏။ ခွေးတို့သည် သားရေနှင့်တကွ အန်၏။ မင်းသည် ခွေးအကြီးအကဲအား နှစ်သက်သည်ဖြစ်၍ ထီးဖြူဖြင့် ပူဇော် ၏။ ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ပေး၏။ ခပ်သိမ်းသော ခွေးတို့အား မိမိစားသော အစားအစာမျိုးကို နေ့စဉ်ကျွေး၏။

သရက်ခါးခါး

ရှေးသရောအခါ ဒမိဝါဟနမည်သော မင်းသည် တရားနှင့်အညီ မင်းပြု၏။ တစ်နေ့သ၌ နတ်တို့ သုံးဆောင်သော သရက်သီး တစ်လုံးသည် မြစ်ရေတွင် မျောပါလာကာ မင်းကြီးရေကစားရာ၌ ကာ ကွယ်ထားသောပိုက်ကွန်၌ ငြိလေ၏။ ထိုအခါ မင်းချင်းတို့က ဒမိဝါ ဟနမင်းအား သရက်သီးကိုဆက်သ၏။ ဒမိဝါဟနမင်းသည် အသီး ကိုသုံးဆောင်ကြည့်သော အခါအလွန်ချိုမြိန်သော အရသာ ရှိသဖြင့် နှစ်သက်ကာ အစေ့ကို စိုက်၏။ အပင်ပေါက်သောအခါ အပင်ကို နို့ရည်ဖြင့် သွန်းလောင်း၏။ ပင်စည်ကို အမွှေးနံ့သာဖြင့် လိမ်းကျံ ၏။ ပုဆိုးတင်းထိမ်ဖြင့် ကာရံစောင့်ရှောက်၏။ သီးချိန်တန်သော အခါ ရွှေရောင်ဝင်းမှည့်၍ အလွန်ချိုမြိန်သော အသီးများသီး၏။

ဒမိဝါဟနမင်းသည် သရက်သီးကို တစ်ပါးသောမင်းတို့အား လက်ဆောင်ပေး၏။ သို့သော် အစေ့မှ အပင် မပေါက်နိုင်စေရန်

အစည်းကြက်ထွက်ရာနေရာကို ဝါးရိုးဖြင့် ထိုးဖောက်၍ ပို့စေ၏၊ မင်းတို့သည် သရက်သီးကိုစားပြီး အစေ့ကို စိုက်သော်လည်း အပင်မပေါက်။ ထိုအကြောင်းကို စုံစမ်း၏။ ဒဓိဝါဟနမင်း၏ အစီအမံဖြစ်ကြောင်း သိရ၏။ တစ်ပါးသောမင်းသည် သူ၏ ဥယျာဉ်စောင့်ကို တစ်ထောင်သောဥစ္စာကို ပေး၍ ဒဓိဝါဟနမင်း၏ သရက်ပင်ကို ဖျက်ဆီးစေ၏။ ဥယျာဉ်စောင့်သည် ဒဓိဝါဟနမင်းထံ အခစားဝင်၍ မိမိအစွမ်းကို လျှောက်တင်လေရာ ဒဓိဝါဟနမင်းက နှစ်သက်တော်မူ၍ ဥယျာဉ်တော်တွင် မိမိဥယျာဉ်စောင့်နှင့်အတူ အလုပ် လုပ်စေ၏။

အသစ်ရောက်လာသော ဥယျာဉ်စောင့်သည် ပွင့်ချိန်မတန်သေးသော ပန်းတို့ကို ကောင်းစွာပွင့်စေလျက်၊ သီးချိန်မတန်သေးသော အသီးတို့ကို သီးစေလျက် ဥယျာဉ်ကို မွေ့လျော်ဖွယ်ရှိအောင် ပြုပြင်လေ၏။ ထိုအခါ ဒဓိဝါဟနမင်းသည် အသစ်ရောက်လာသော ဥယျာဉ်စောင့်အား သဘောကျနှစ်မြို့က်သဖြင့် လက်ရင်း လက်ငုတ်ဖြစ်သော ဥယျာဉ်စောင့်ကို ဖယ်ရှား၍ အသစ် ရောက်လာသော ဥယျာဉ်စောင့်အား ဥယျာဉ်တော်ကိုအပ်နှံ၏။ ထိုဥယျာဉ်စောင့်သည် မိမိလက်သို့ ဥယျာဉ်ရောက်သည်တွင် သရက်ပင်ကိုခြံရံ၍ တမာပင်တို့ကိုလည်းကောင်း၊ ခွေးတောက်နွယ်တို့ကိုလည်းကောင်း စိုက်၏။ တမာပင်တို့ကြီးသောအခါ တမာမြစ်နှင့် သရက်မြစ်၊ တမာခက်နှင့် သရက်ခက်တို့သည် ရောနှောထွေးယှက်ကုန်၏။ တမာ၏ ခါးသော အရသာသည် သရက်ပင်သို့ ကူးရောက်သောကြောင့် အသီး သီးသောအခါ ယခင်က အလွန်ချိုမြိန်သော သရက်သီးသည် အလွန်ခါးလေ၏။ ထိုအချိန်ရောက်သောအခါ ဥယျာဉ်စောင့်သည် သရက်သီး ခါးလေပြီကိုသိ၍ ထွက်ပြေးလေ၏။ ဒဓိဝါဟနမင်းသည် ဥယျာဉ်တော်သို့ထွက်၍ သရက်သီး စားသောအခါ အလွန်ခါးရကား မျိုမချနိုင်ဘဲ ဟက်၍ ထွေးပစ်ရ၏။ ဒဓိဝါဟန မင်းသည် အကျိုးအကြောင်းနှင့်တကွ အဆုံးအမပေးတတ်သောပညာရှိအား ခေါ်ယူ၍

ဤသရက်ပင်အား ငါသည် ရှေးယခင်အတိုင်း နို့ရည်ဖြင့် သွန်းမြဲ သွန်း၏၊ နံ့သာဖြင့် လိမ်းကျံမြဲ လိမ်းကျံ၏။ ပုဆိုးတင်းထိမ်ဖြင့် ကာရံစောင့်ရှောက်မြဲ စောင့်ရှောက်၏၊ သို့ပါ၍သော်လည်း၊ သရက်သီးသည် ချိုရာမှ ခါး၏။ အကြောင်းမည်သို့နည်းဟု မေးလေ၏။

ထိုအခါ ပညာရှိက ''မင်းကြီး၊ ဤသရက်ပင်ကို တမာပင်၊ ချွေးတောက်နွယ်တို့ ခြံရံ၏။ သရက်ပင်၏ အမြစ်သည် လည်းကောင်း၊ အကိုင်းအခက်သည် လည်းကောင်း၊ တမာပင်၏အမြစ်၊ အကိုင်းအခက်တို့နှင့် ရောထွေးယှက်တင်၏။ ခါးသော တမာပင်နှင့် ပေါင်းဖော်သောကြောင့် ဤသရက်ပင်သည် ခါးသော အသီးကို သီး၏''ဟု လျှောက်တင်၏။

ပညာရှိ၏ စကားကိုကြားလျှင် မင်းကြီးသည် တမာပင်တို့ကို အမြစ်နှင့်တကွ တူးယုတ် သုတ်သင်စေ၏။ သရက်ပင် ဝန်းကျင်၌ ခါးသော မြေမှုန့်တို့ကို ထုတ်ပယ်၍ ချိုသောမြေမှုန့်တို့ကို ထည့်စေ၏။ သရက်ပင်ကို နို့ရည်၊ သကာရည်၊ နံ့သာရည်တို့ဖြင့် သွန်းလောင်း ပြုပြင်သဖြင့် သရက်သီးသည် တစ်ဖန် ချိုမြဲ ချိုလေသ၏။

ဒုကနိပါတ်၊ ဒဓိဝါဟနဇာတ် မှ

ဝန်စင်းမင်းရာဇာ

သက္ကရာဇ် ၇၂၉-ခုနှစ်တွင် မင်းကြီးသွာစော်ကဲသည် အင်းဝမနပြည်တော်၌ မင်းပြု၏။ နေပြည်တော်၏တောင်ဘက် ၇၂-မိုင်အကွာတွင် မိတ္ထီလာကန် ရှိ၏။ မိတ္ထီလာကန်၏ အောက်အရပ်၌ ဝန်စင်းရွာ ရှိ၏။ ထိုရွာရှိ အသည်သားတစ်ဦးသည် ဗဟုသုတလိုလားသူဖြစ်၍ ငယ်စဉ်ကပင် ပေ၊ ပုရပိုက်၌ မွေ့လျော်၏၊ အရွယ်ရောက်သော် ဝန်စင်းရွာသူကြီး၏သမီးနှင့် ရည်ငံ၏။

ထိုအခါ ဝန်စင်းရွာသူကြီးက "ဤသူငယ်ကား ပေ၊ပုရပိုက်၌သာ မွေ့လျော်သူတည်း။ ပင်ပင်ပန်းပန်း လုပ်ကိုင် စားသောက်မည့်သူ မဟုတ်။ ငါတို့ မနှစ်လို။ သမီးကြိုက်လျှင် သည်လယ်သည်နွားနှင့် လုပ်စား၍ ငါတို့နှင့်လွတ်ကင်းရာတွင် နေပါလေ"

ဟု ဆို၏။ အသည်သားသည် လွှတ်ကင်းရာအရပ်၌နေ၍ လယ်ထွန် ယာခုတ် လုပ်ကိုင်စားသောက်၏။

သက္ကရာဇ် ၇၃၀-ပြည့်နှစ်တွင် မိတ္ထီလာကန် ကျိုးပေါက်သဖြင့် မင်းကြီးစွာစော်ကဲသည် ဗိုလ်ပါအလုံးအရင်းနှင့် ဆည်ဖို့ပြုပြင်တော်မူရာ ကန်ရိုးပေါ်တွင် မိန်းမအရုပ်နှင့်နတ်ကွန်း၊ တစ်ခုကို တွေ့၏။ မင်းကြီးစွာစော်ကဲသည် ထိုနတ်ကွန်းအကြောင်းကို သိမီလောက်သောသူတို့အား မေးမြန်းကြည့်၏။ မည်သူမျှ မတင်မလျှောက်နိုင်ကြပေ။ ဤရစ်ရွာမှ အမှတ်အသား အကြားအမြင်နှင့် ပြည့်စုံသူ ရှိမရှိကို မေးမြန်းတော်မူသောအခါ ဝန်စင်းရွာသူကြီး၏ သမက်သည် အမှတ်အသားများပါသည်ဟု လျှောက်တင်ကြ၏။ ထိုအခါ မင်းကြီးစွာစော်ကဲသည် ဝန်စင်းသူကြီးထံ သမက်ကို တောင်း၏။

ဝန်စင်းသူကြီးသည် သမီးကိုခေါ်၍ "ညည်းခင်ပွန်းသည် မတော်တဆ မင်းပေါက်စိုးကြား ကြံစည်ပြောဆိုမိသည် ဖြစ်မည်။ ယခု မင်းဧကရာဇ်က တောင်းခေါ်တော်မူသည်"ဟု ကြောက်လန့်တကြား ပြောဆို၏။ အသည်သား၏မယားသည် စိုးရိမ်သောက ရှိလှ၍ ဦးဆံဖွားလျားနှင့် ခင်ပွန်းသည်လယ်ထွန်ရာသို့ လိုက်သွားပြီး အကျိုးအကြောင်း ပြောပြ၏။ ထိုအခါ အသည်သားက မည်သို့မျှ မဆိုဘဲ ကန်သင်းဆုံ၌ရှိသပြေပင်ပေါ်သို့ တက်၍ သပြေပန်းများကို ချိုးယူခဲ့ပြီးလျှင် လယ်ထွန်ရာ၌ခိုင်းစေသော နွားနှစ်ကောင်၏ချို၌ စည်း၍ "အမောင်တို့ သားနှစ်ယောက်ကို အဝ မစေခိုင်းပြီ"ဟု ဆိုကာ ထမ်းပိုးမှလွှတ်၏။

မယားက အကျိုးအကြောင်း မေးသော် "ရှင်မ၊ မစိုးရိမ်လင့်။ ငါ၏ပညာအကျိုးကို ခံစားရတော့မည်"ဟု ရွှင်ရွှင်လန်းလန်း ပြောဆိုပြီးနောက် ဘုရင့်ထံ အခစားဝင်လေ၏။ ရှေ့တော်သို့ ရောက်သောအခါ မင်းကြီးစွာစော်ကဲသည် ကန်ရိုးပေါ်တွင် တွေ့ရသော မိန်းမအရုပ်နှင့် နတ်ကွန်းအကြောင်းကို မေး၏။

ထိုအခါ အသည်သားက "အရှင်မင်းကြီး၊ အရှင်၏ ဘေးလေ၁င်းတော် အနော်ရထာမင်းကြီးသည် မိတ္ထီလာကန်ကို ဆည်ဖို့တော်မူစဉ် စော်ဘွားတစ်ဦးက သမီးကညာကို လာရောက် ဆက်သပါသည်ဘုရား။ မင်းကြီးသည် ရုပ်ရည်ချောမော တင့်တယ် သော ထိုသမီးကညာအား မြတ်နိုးလှသည်ဖြစ်၍ မိဖုရားငယ်အရာ ထားကာ ခြေတော်ရင်း၌ မပြတ်ခစားစေပါသည်ဘုရား။ ထိုသို့ ခစားနေစဉ် အတောအတွင်း မိဖုရားငယ်တွင် ရောဂါကပ်ရောက်၍ လတ်တလောသေဆုံးသွားရာ မင်းကြီးသည် မိဖုရားငယ်၏ ရုပ်ဆင်း သဏ္ဌာန်၌ တပ်မက်မူးယစ်သည်ဖြစ်၍ အလောင်းကို မစွန့်ရက် မစွန့်နိုင် ဖြစ်ရရှာပါသည်ဘုရား။ နေ့စဉ်နှင့်အမျှ အလောင်းကိုသာ ရှုစားနေသဖြင့် အမှူးအမတ်တို့သည် မိဖုရားငယ်၏ အဆင်းအင်္ဂါ နှင့်တူမျှအောင် ရွှေစင်ကို သွန်းလုပ်ပြီးနောက် မင်းကြီးအား ဆက်သကာ မိဖုရားအစား ဤရွှေစင်ရုပ်ကို ရှုစားတော်မူပါ။ ခန္ဓာကိုယ်သည် ပုပ်နံ့ဖူးရောင် ဖောက်ပြန်တတ်သော သဘောရှိ၍ သင်္ဂြိုဟ်ပါရစေဟု လျှောက်ထားပြီးလျှင် သင်္ဂြိုဟ်ကြပါသည် ဘုရား။ အနော်ရထာမင်းကြီး ပုဂံနေပြည်တော်သို့ ပြန်အံ့သော အခါ ရွှေရုပ်တုကို ဟစ်ပါတည်း ယူမည်ပြုလျှင် အမှူးအမတ်တို့က မင်းကောရာဇ်၏ မင်္ဂလာရှိသော ထီးနန်းနှင့် ဤရုပ်တုသည် မလျော် ကန်ပါဟု လျှောက်တင်ကြပါသည်ဘုရား။ အနော်ရထာမင်းကြီး သည် ကန်ရိုးပေါ်တွင် ရွှေရုပ်တုကို တန်ဆောင်း ပြာသာဒ်နှင့် ကောင်းစွာ ထားရစ်ခဲ့လိုသော်လည်း နောင်အခါတွင် ရွှေကိုမက် မောလျှ ဖျက်ဆီးခံရမည်စိုးသောကြောင့် တစ်ပါးသူတို့ မဖျက်ဆီး နိုင်အောင် ရွှေရုပ်တုကို ကျောက်သေတ္တာတွင် သွင်းကာ ကန်ရိုး အတွင်း၌ မြုပ်နှံခဲ့ပါသည်ဘုရား။ ရွှေရုပ်တုနှင့်တူအောင် သစ်သား ကိုထုလုပ်ပြီးလျှင် ကန်ရိုးပေါ်၌ တန်ဆောင်းပြာသာဒ်နှင့် ကောင်း မွန်စွာ ထားရစ်ခဲ့ပါသည်ဘုရား။ နောင်ကာလ ရှည်ကြာသောအခါ ကန်ရိုးသို့ ရောက်လာသူတို့က သစ်သားရုပ်တုကို နတ်ရုပ်ဟုထင်

မှတ်ကာ စားဦး သောက်ဦး ဆက်သကြရာမှ နတ်ရုပ် နတ်ကွန်း ဖြစ်လာရပါသည်ဘုရား''ဟု လျှောက်တင်၏။

မင်းကြီးဗွာစော်ကဲသည် ကန်ရိုး ကန်ပေါင်ကိုတူး၍ ကြည့်စေရာ ရွှေသားရုပ်တုကို ရတော်မူ၏။ ၎င်းသူကား အမှတ်အသား ကောင်းမွန် စုံစေ့လှ၏။ အတင်အလျှောက်လည်း ရဲရင့်ကျစ်လျစ်ယဉ်ကျေးလှ၏။ ပြည်ကြီးဝန်ကို ရွက်ဆောင်သော မင်းကောင်တို့မည်သည်ကား တိုင်းကားနိုင်ငံ စည်ပင်ပြန့်ပွားအောင် နှလုံးကောင်း လက်ရုံးကောင်းကို မြတ်နိုးအပ်လှသည်ဟူ၍ ဝန်စင်းအသည်သား၏ အကြား အမြင် များခြင်းကို အားရတော်မူကာ နန်းတော်၌ အမှုတော်ထမ်းရွက်စေလေသည်။

မဏိရတနာပုံကျမ်း မှ





ဘုရားပြီး ငြိမ်းဖျက်သူ

သက္ကရာဇ် ၆၁၂-ခုတွင် ပုဂံပြည်၌ ဥဇနာမင်း မင်းပြု၏။ ထိုမင်းနှင့် မင်းရှင်စော၏မြေးဖြစ်သော မိဖုရားမှဖွားမြင်သော သားကား သီဟသူ မည်၏။ ထိုမင်းနှင့် ပန်းပွတ်သည်၏သမီးဖြစ်သော မိဖုရားမှ ဖွားမြင်သော သားကားမင်းခွေးချေး မည်၏။ ထိုဥဇနာမင်း လက်ထက်တွင် ထင်ရှားသောအမတ်ကြီးကား "ရာဇသင်္ကြံ"မည်၏။

တစ်ခါသော် ရာဇသင်္ကြံသည် နန်းလျှာဖြစ်သော သီဟသူ လာသည်ကို မမြင်သဖြင့် ဖျင်လက်ကို မသိမ်းမိဘဲ ရှိ၏။ သီဟသူသည် ဖျင်လက်ကိုမသိမ်းရကောင်းလောဟု ဖျင်လက်ပေါ်သို့ ကွမ်းသွေး ထွေးချ၏။ ထိုအကြောင်းကို ကြားပြီးသော် မင်းခွေးချေးသည် အမတ်ကြီး ရာဇသင်္ကြံအိမ်သို့ လာ၍ "အဘိုး၊ ကျွန်ုပ်ကို မ စေပါ"ဟု ဆို၏။ ရာဇသင်္ကြံသည် ငိုလိုရာတွင် သက်တို့၏သို့ "ထီးနန်းသည် အရှင်သားဖို့သာ" ဟု ဆို၏။

ဥဇနာမင်းသည် ဒလမြို့သို့ စုန်၍ ဆင်ကစားစဉ် ဆင်ထိန်၍ နတ်ရွာစံသော် နန်းလျာ သီဟသူက နန်းသိမ်း၍ ဘိသိက်ခံရန် ပြင်ဆင်လေ၏။ ထိုအခါ အမတ်ကြီး ရာဇသင်္ကြံက အမှူး၊ အမတ်၊ ကလန်၊ သံပျင်များ ဥဇနာမင်းကြီး၏ သင်္ချိုင်းတော်ကို ဦးတိုက်ပြီး ပြန်လာမှ ဘိသိက်ခံရန် သီဟသူအား လျှောက်ထား၏။ သီဟသူ လည်း ယုံကြည်တော်မူလေသောကြောင့် ခမည်းတော် သင်္ချိုင်းကို ဦးတိုက်၍ အလျင်ပြန်ခဲ့ဟု မိန့်တော်မူ၏။

အမတ်ကြီးရာဇသင်္ကြံနှင့်တကွ အမှူး၊ အမတ်၊ ကလန်၊ သံပျင်များ၊ ဥဇနာမင်း၏ သင်္ချိုင်းတော်၌ စုဝေးမိသောအခါ ရာဇသင်္ကြံက ကွမ်းသွေး သွေးသော ဖုင်လက်ကိုပြ၍ "အမတ်တို့ သီဟသူကို မင်းမြှောက်သည် ရှိသော် ပြည်သူအပေါင်း ခက်လေတော့မည်။ သီဟသူမင်းသားသည် အမျက်ကြီး၏။ အငြူအစူ ပြင်း၏။ အမတ်တို့ကို ထားဘိဦး။ အမတ်ကြီးဖြစ်သော ငါကိုပင် မလောက်မလား ပြုမူးလေသည်"ဟု ဆို၏။

အမတ်တို့သည် အမတ်ကြီးရာဇသင်္ကြံနှင့် တစ်စိတ်တစ်ဝမ်း တည်း ညီကြသဖြင့် သီဟသူကိုဝမ်း၍ ညီတော် မင်းခွေးချေးကို သက္ကရာဇ် ၆၁၇-ခုတွင် နန်းတင်၏။ မင်းခွေးချေးသည် နရသီဟ ပတေ့ ဟူသောအမည်ကို ခံယူကာ နန်းတက်တော်မူ၏။ နရသီဟ ပတေ့သည် မင်းအဖြစ်ကို ရတော်မူလျှင် မေ့လျော့တော်မူ၍ အမတ်ကြီးရာဇသင်္ကြံကို မပြုမစု နေ၏။ အမတ်ကြီးသည် နရသီဟ ပတေ့မင်း၊ အမေ့အလျော့ရှိသည်ကို နာကြည်းရကား ပန်းကာပဲ့ ကို ဆောင်၍ နန်းတော်သို့ အခစား ဝင်လေ၏။

နရသီဟပတေ့က "အဘိုး ရာဇသင်္ကြံ၊ အဘယ်ကြောင့် ပန်းကာပဲ့နှင့် စားသနည်း"ဟု မေးတော်မူ၏။ ထိုအခါ ရာဇသင်္ကြံ အမတ်ကြီးက "အရှင့်သား၊ ပန်းပွတ်သည် သားခမြီးတို့ သူကောင်း ပြုစ်၍ ပန်းပွတ်မည့်သူ မရှိသောကြောင့် ပန်းကာပဲ့နှင့် စားရပါ သည်"ဟု လျှောက်၏။

အမတ်ကြီး၏စကားကို ကြားရသောအခါ ပန်းပွတ်သည်၏ ခမြးဖြစ်သော နရသီဟပတေ့မင်းသည် နှလုံးနာရကား "အဘိုး ရာဇသကြံ၊ ဂူထွတ်ကိုတင်သောအခါ အဘယ်ဖြင့်တင်သနည်း" ဟု မေးတော်မူ၏။

"အရှင်သား၊ ဂူထွတ်ကို ငြမ်းလုပ်၍ တင်သည်" ဟု လျှောက်၏။

"ဂူထွတ်အထက်သို့ရောက်သော် ငြမ်းကိုအဘယ်သို့ပြုသနည်း" ဟု မေးတော်မူပြန်၏။

"အရှင်သား၊ ဂူထွတ်အထက်သို့ရောက်သော် ငြမ်းကိုဖျက်မှ ဂူထွတ် တင်တယ်သည်"ဟု လျှောက်၏။

"ငါကား ဂူထွတ်နှင့်တူ၏။ ရာဇသကြံကား ငြမ်းနှင့်တူ၏။ ဂူထွတ် အထက်သို့ ရောက်သကဲ့သို့ ငါ မင်းအဖြစ်ရောက်ပြီ။ ငြမ်းနှင့် တူသော ရာဇသကြံကို ဖျက်မှ ဂူထွတ် တင်တယ်သကဲ့သို့ ဖြစ်မည်။ ရာဇသကြံ၏ စည်းစိမ်၊ ခြွေရံသင်းပင်းတို့ကိုသိမ်း၍ ဒလသို့ပို့စေ"ဟု အမိန့်ချ၏။ အမတ်တို့လည်း အမိန့်တော်နှင့်အညီ ရာဇသကြံကို ဒလသို့ပို့၏။

အမတ်ကြီး ရာဇသကြံသည် လမ်းခရီး၌ လေပြင်းလာ၍ သစ်ပင်ကြီးများ ကျိုးပဲ့သော်လည်း ပန်းပြားပင်မှာမူ မကျိုးမပဲ့၊ ယိမ်းနွဲ့ရုံသာရှိသည်ကို မြင်သော် ငါကား ပန်းပြားပင်လောက်ပင် မလိမ္မာခဲ့၊ သစ်ပင်ကြီးကဲ့သို့ ကျင့်၍ ဤသို့ဖြစ်ရခဲ့သည်" ဟု သံဝေဂယူ၍ ဆို၏။

မှန်နန်း၊ မဟာရာဇဝင်တော်ကြီး မှ



ကျေးဇူးကန်းသော မုဆိုး

ရှေးသရောအခါ လက်ဝဲဒီပကျွန်း၌ ဗိလ အမည်ရှိသော ရွာတစ်ရွာရှိ၏။ ထိုရွာတွင် မုဆိုးလင်မယား နေထိုင်ကြ၏။

တစ်နေ့သ၌ မုဆိုးသည် တောအုပ်သို့သွား၍ အမဲလိုက်၏။ သားကောင်မရသဖြင့် အကြီအိုက်နေစဉ် သစ်ပင်ကြီးတစ်ပင်ထက်၌ မျောက်တစ်အုပ်ကို တွေ့ရလေ၏။ မုဆိုးသည် မျောက်အုပ်ရှိရာ သစ်ပင်ပေါ်သို့ တက်လေလျှင် မျောက်များ ထွက်ပြေးကြ၏။ မုဆိုးသည် သစ်ပင်ပေါ်သို့ ရောက်သောအခါ မျောက်များ သွားလာလှုပ်ရှားဘတ်သည့် သစ်ပင်ခွဆုံများ၌ ကျော့ကွင်းများ ထောင်ထားခဲ့ပြီး အိမ်သို့ ပြန်ခဲ့၏။

နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ မျောက်များသည် သစ်သီးအလွန်ပေါများသော ထိုသစ်ပင်သို့ ရောက်လာကြ

ပြန်၏။ မျောက်များသည် တစ်ကိုင်းမှတစ်ကိုင်း၊ ခွဆုံတစ်ခုမှ တစ်ခုသို့ ကူးသန်းသွားလာ စားသောက်ကြလေရာ မျောက်တစ်ကောင်သည် မုဆိုးထောင်ထားသော ကျော့ကွင်း၌ မိလေ၏။ ထိုမျောက်သည် ကျော့ကွင်းမှ လွတ်အောင်ရုန်း၏။ ရုန်းဖန်များသဖြင့် အသားမာရေ ပွန်းပဲ့ကာ သွေးသံရဲရဲနှင့် ဖြစ်နေရှာ၏။ ထိုအခိုက်တွင် မုဆိုး ရောက်လာ၏။ ကျော့ကွင်း၌ မိနေသော မျောက်ကိုမြင်သဖြင့် အတိုင်းမသိ ဝမ်းသာကာ မျောက်ကိုဖမ်းယူရန် သစ်ပင်ထက်သို့ တက်လေ၏။ မုဆိုးကိုမြင်၍ မျောက်များ ထွက်ပြေးကြလေရာ ကျော့ကွင်း၌ မိနေသော မျောက်ကြီးမှာကား ရုန်းကာရုန်းကာနှင့် သစ်ပင်ခွဆုံဝယ် ကျန်ရစ်ခဲ့လေသည်။ သစ်ပင်ထက်သို့ တက်လာသော မုဆိုးသည် မျောက်ကြီးနှင့် လက်တစ်ကမ်းအကွာတွင် သစ်ခွကို လှမ်းဆွဲတက်လိုက်၏။ သစ်ခွကွာထွက်၍ မုဆိုးလည်း လက်လွတ်ခြေလွတ်ဖြစ်ကာ သစ်ပင်မှကျလေရာ မိရာသစ်ကိုင်းကို လှမ်းဆွဲတွယ်ဖက်လိုက်ရကား သစ်ပင်တွင် တန်းလန်း ဖြစ်နေ၏။ မုဆိုးသည် လက်အံ့သေ၍ အောက်သို့ကျလျှင် သေပွယ်ရာသာ ရှိသောကြောင့် အထူးတုန်လှုပ် ချောက်ချားမိလေ၏။

ယင်းအဖြစ်ကိုမြင်သော မျောက်ကြီးသည် မိမိခံစားနေရသော ဒုက္ခကို မေ့ပျောက်ကာ မုဆိုးအား ကရုဏာသက်မိ၏။ "ဤသူကား ငါ၏ ရန်သူတည်း၊ ငါ့ကို သတ်ဖြတ်ရန်အကြံဖြင့် ကျော့ကွင်းထောင်သူတည်း။ သို့သော် ကယ်မ နိုင်သော ငါရှိပါလျက် သတ္တဝါတစ်ယောက်သည် အချည်းနှီး အသက်မပျောက်စကောင်း" ဟုသော စိတ်ဖြင့် တန်းလန်းဖြစ်နေသော မုဆိုး၏ ဆံပင်များကို ဆွဲယူလိုက်၏။ မုဆိုး၏ကိုယ်မှာ လေးလံသဖြင့် မိမိပါ လိမ့်ကျမသွားစေရန် ဖြည်းဖြည်းချင်း ဆွဲယူရ၏။ ကျော့ကွင်းမိသော ဒဏ်ရာကြောင့် နာကျင်ခြင်းကို အောင့်အည်း သည်းခံလျက် သစ်ပင်ခွဆုံသို့ မရောက်ရောက်အောင် ဆွဲယူ ကယ်ဆယ်သဖြင့် မုဆိုးမှာ အသက်ချမ်းသာရာ ရသွား၏။ မုဆိုးမှာ အသက်ဘေးကို ကြောက်လန့်သဖြင့် သတိ

မရတစ်ချက် ရတစ်ချက် ဖြစ်နေ၏။မျောက်ကြီးကား အင်အားကုန်ခန်းကာ အမောဆို့နေသော်လည်း မုဆိုးကို ကြည့်ရင်း မိမိပြုသောကောင်းမှုအတွက်ပီတိဖြာလျှက်ရှိ၏။ ထိုအခိုက် မုဆိုးသတိရလာ၏။ အမောဆို့နေသောမျောက်ကြီးကို ကြည့်ရင်း အခွင့်ကောင်းတစ်ရပ်ရပေပြီဟူ၍ ခါး၌ချိတ်ထားသော ဓားမြှောင်ဖြင့် မျောက်ကြီးကိုထိုးသတ်လေ၏။

မုဆိုးသည် မျောက်ကြီးကိုဖျက်၍ အသားများကို ထမ်းကာဝမ်းပန်းတသာ အိမ်သို့ ပြန်လာ၏၊ အိမ်သို့ရောက်လျှင် မယားကဤအသားများကို အဘယ်ပုံ ရလာသနည်းဟု မေးရာ မုဆိုးက ရလာပုံကို အကုန်အစင်ပြောပြ၏။ မုဆိုး၏ စကားကိုကြားရသောအခါမယားက မုဆိုးအား “ သင်သည် မိမိအသက်သခင်ကို ရက်ရက်စက်စက် သတ်ဘိသည်တကား။ ကျေးဇူးရှင်ကိုပြစ်မှားသူ၊ ကျေးဇူးကန်းသူပေတကား။ ကျေးဇူးကန်းသူသည် လူချင်းတူတူ သူချင်းမျှမျှ နေထိုင်စရာမရှိ ဖြစ်တတ်၏။ မိုးသည်းလည်းမခံ၊ တောရဲတိရစ္ဆာန်လည်း သင့်တတ်၏။ ကျေးဇူးကန်းသူသည် ခွဲလက်ဦးခေါင်းတို့ အဖြတ်ခံရပြီး သေဘေး ဆိုက်တတ်၏။ ကိုယ်စိတ်နှစ်ပါးမချမ်းမသာ ဖြစ်တတ်၏။ လူတို့၏ရှုမုန်းခြင်းကိုခံရတတ်၏” ဟူ၍အပြစ်တင်လေ၏။ မယားဖြစ်သူသည် ကျေးဇူးကန်းသောသူနှင့်မပေါင်းလို၍ မုဆိုးအား ရွှင်ပစ်၍ အိမ်မှ ထွက်သွားလေတော့၏။

မ၇၇ ရသဝါဟိနီ ဝါနရဝဂ္ဂ၊ ၅

အမျိုးအနွယ်အတွက် အသက်စွန့်သူ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအခါ ဟိမဝန္တာ၌ အမြဲအရံရှစ်သောင်းရှိသော၊ အလုံးအရပ်နှင့် ပြည့်စုံသော၊ ခွန်အားကြီးမားသော မျောက်မင်းရှိ၏။ ထိုမျောက်မင်းနှင့်အတူ မျောက်ဗိုလ်ပေါင်းတို့သည် ဂင်္ဂါမြစ်အနီး၌ ပေါက်ရောက်သော သရက်ပင်မှ အလွန်ချိုသော သရက်သီးတို့ကို စားကြ၏။ ထိုသရက်ပင်၏ အကိုင်းတစ်ခုသည် ဂင်္ဂါမြစ်ဘက်သို့ ထိုးထွက်နေ၏။ မျောက်မင်းသည် ရေ၌ကျသော အသီးကိုမှီ၍ ငါတို့အား ဘေးဖြစ်လတ္တံ့ဟု ဆင်ခြင်မိ၍ ထိုအကိုင်းတွင် အသီးတစ်လုံး၊ အပွင့်တစ်ပွင့်မျှ မကျန်ရအောင် ပွင့်သောကာလမှ စ၍ မျောက်တို့အား စားလည်းစားစေ၏။ လှုပ်ခါ၍လည်းချစေ၏။

ဤသို့ပြုငြားသော်လည်း ရှစ်သောင်းသောမျောက်တို့ မမြင်သာအောင် ပိုးရွတို့ထုပ်သောသစ်ရွက်ဖြင့် ဖုံးနေသည့် သရက်သီး၊

တစ်လုံးသည် ဂင်္ဂါမြစ်တွင်းသို့ ကြွကျ၏၊ သရက်သီးသည် ဂင်္ဂါမြစ် တစ်လျှောက် မျှောလေသော် ကွန်ဖွဲ့၍ ရေကစားသော ဗာရာဏသီ မင်း၏ ကွန်၌ငြိ၏။ မင်းကြီး ရေကစားပြီး၍ ညဉ့်အခါရောက်လျှင် တံငါသည်တို့က ကွန်ကိုဖော်သောအခါ အိုးစရည်းခန့် ရှိသော သရက်သီးကို တွေ့၏။ သို့သော် မည်သည့်အသီးဟူ၍ကား မသိ၊ တံငါတို့သည် ထိုအသီးကို မင်းအားဆက်၏။ မင်းက မည်သည့် အသီးနည်းဟု မေးရာ တံငါတို့က မသိကြောင်းလျှောက်၏၊ မည်သူ သိမည်နည်းဟုဆိုသော် တံငါတို့က မုဆိုးများသိတန်ကောင်းသည်ဟု လျှောက်၏။

မင်းသည် မုဆိုးတို့ကိုခေါ်စေ၍ မေးရာ မုဆိုးတို့က သရက်သီး ဖြစ်ကြောင်း လျှောက်တင်ကြ၏။ မင်းသည် သရက်သီးကို ဓားဖြင့် စိတ်၍ မုဆိုးတို့ကို စားစေ၏၊ ထို့နောက် မင်းကိုယ်တိုင် စား၏။ သရက်သီးမှည့်အရသာသည် မင်း၏တစ်ကိုယ်လုံးပျံ့နှံ့၍ တည်၏၊ မင်းက သရက်ပင်ရှိရာအရပ်ကို မုဆိုးတို့အားမေးသော် မုဆိုးတို့က ဟိမဝန္တာအရပ် ဂင်္ဂါမြစ်အနီး၌ရှိကြောင်း လျှောက်၏။ မင်းသည် လှေဖောင်များဖွဲ့ကာ သရက်ပင်ရှိရာသို့ မုဆိုးတို့ လိုက်ပါလမ်းညွှန် စေလျက် သွား၏။ သရက်ပင်ရှိရာသို့ ရောက်သောအခါ အပင် ရင်း၌ အိပ်ရာကိုခင်းစေ၍ သရက်သီးများ၊ အရသာရှိသော စားဖွယ် များကို စား၍အိပ်၏။

သန်းခေါင်ယံ အချိန်သို့ ရောက်သော် မျောက်မင်းနှင့် ရှစ်သောင်းသောမျောက်တို့သည် သရက်ပင်သို့လာ၍ သရက်သီး စားကြ၏၊ မင်းနိုး၍ မျောက်တို့ကိုမြင်၏။ မင်းသည် လေးသမား တို့ကိုခေါ်၍ သရက်ပင်ကို ဝန်းရံစေ၏။ နံနက်လင်းသော် သရက်သီး နှင့် မျောက်သား စားမည်ဟု ဆို၏။

မျောက်တို့သည် သရက်ပင်ကို ဝန်းရံသော လေးသမား များကိုမြင်လျှင် သေဘေးကို ကြောက်ရွံ့လှသဖြင့် မျောက်မင်းထံ

ချည်းကစ်ကာ "အရှင်၊ ငါတို့ကို ပစ်ရန် လေးသမားတို့ ဝန်းရံလာ၏၊ အဘယ်သို့ ပြုရအံ့နည်း"ဟု မေး၏၊ မျောက်မင်းသည် တုန်လှုပ်နေကြသော မျောက်အဆွေအမျိုးတို့ကို ကြည့်လျက် "မကြောက်ကြကုန်လင့်။ ငါသည် သင်တို့အား အသက်ပေး၍ ကယ်တင်အံ့"ဟု ပြောဆို နှစ်သိမ့်၏။

ထို့နောက် မျောက်မင်းသည်ဂင်္ဂါမြစ်သို့ ရှေးရှုသောအကိုင်းအစွန်မှ တစ်ဖက်ကမ်းသို့ ခုန်ကူး၏၊ တစ်ဖက်ကမ်းသို့ ရောက်သောအခါ မိမိခုန်ကူးခဲ့သော အကွာအဝေးကို မှန်းဆ၍ ထိုအကွာအဝေးနှင့်ညီမျှသော အရှည်ရှိသည့် နွယ်ကြိုးကိုဖြတ်၏။ နွယ်ကြိုး၏ တစ်စကို သစ်ပင်တစ်ပင်၌ မြဲစွာချည်၏၊ ကျန်တစ်စကို ခါး၌ပတ်ကာ သရက်ပင်ရှိရာသို့ ပြန်ကူး၏၊ မျောက်မင်းသည် နွယ်ကြိုးဖြတ်စဉ်က ခါး၌ပတ်သည့် အတိုင်းအရှည်ကိုပါ ထည့်သွင်း ဖြတ်ရမည်ကို သတိချွတ်ယွင်း၍ မဖြတ်မိသောကြောင့် သရက်ပင်၏အစွန်းကို မမီ့တမီ ဖြစ်နေ၏။ ထို့ကြောင့် မျောက်မင်းသည် ကိုယ်ကို အလျားလိုက်ပစ်၍ လက်နှစ်ဖက်ကိုဆန့်ကာ မီရာ ကကိုင်းကို ဆွဲထားလိုက်၏၊ မိမိကျောကို နင်းလျှောက်၍ ရှစ်သောင်းသောမျောက်တို့ကို နွယ်တန်းမှတစ်ဆင့် တစ်ဖက်ကမ်းသို့ ကူးစေ၏၊ ရှစ်သောင်းသော မျောက်တို့သည် မျောက်မင်းအား ဦးစွာ ရှိခိုးပြီးမှ တစ်ကောင်ပြီး တစ်ကောင် မျောက်မင်း၏ ကျောပေါ်နင်း၍ တစ်ဖက်ကမ်းသို့ ူးကြ၏။ မျောက်မင်းသည် နှလုံးသား ကွဲအက်၍ ပြင်းထန် ဝေဒနာခံစားရသည့်တိုင်အောင် သစ်ကိုင်းကို တွယ်ထားသည့် ...လွှတ်ဘဲ မျောက်အားလုံးကို ကူးမြောက်စေ၏။

ဗြဟ္မဒတ်မင်းသည် ထိုအခြင်းအရာကို မြင်သောအခါ မိမိအမျိုးအနွယ်ကို အသက်ပေး၍ စောင့်ရှောက်သော မျောက်မင်းအား ကြည်ညိုမိ၏။ လေးသမားတို့အား မျောက်မင်းကို မပစ်စေဘဲ ဂင်္ဂါမြစ်အတွင်း လှေဖောင်ကိုထား၍ ငြမ်းဖွဲ့ကာ သစ်ပင်ထက်မှ

မျောက်မင်းကို ဖြည်းညင်းစွာ ချယူ၏။ ထို့နောက် မျောက်မင်းကို ရေချိုးစေပြီး ခြောက်ခသွေ့သောကိုယ်ကို အကြိမ်တစ်ထောင် ချက်သောဆီဖြင့် နယ်၍ အိပ်ရာပြင်ထက်၌ အိပ်စေ၏။ ဗြဟ္မဒတ်မင်းသည် မျောက်မင်းသက်သာရာ ရစေရန် ပြုစုသော်လည်း နှလုံးကွဲသော ဒဏ်ရာဖြင့်ပင် မျောက်မင်းကွယ်လွန်လေသည်။

သတ္တကနိပါတ်၊ မဟာကပိဇာတ် မှ



ကိုးကားသော ကျမ်းများ

၁။ ကုလား၊ ဦး။ ဦးကုလား မဟာရာဇဝင်ကြီး၊ ပထမတွဲ၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်၊ ၁၂၀၇။

၂။ စန္ဒလင်္ကာ၊ အရှင်။ မဏိရတနာပုံကျမ်း၊ ရန်ကုန်မြို့၊ မင်္ဂလာ ပုံနှိပ်တိုက်၊ ၁၉၆၀။

၃။ ညောင်ကန်ဆရာတော်။ ငါးရာ့ငါးဆယ်၊ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ၊ ရန်ကုန်မြို့၊ မြန်မာပြည် စာပုံနှိပ် အလုပ်သားများအသင်း ပုံနှိပ်တိုက်။

၄။ ညောင်ကန်ဆရာတော်။ ငါးရာ့ငါးဆယ်၊ ပဥ္စမတွဲ၊ ရန်ကုန်မြို့၊ ဝံသာရက္ခ ပိဋကတ် ပုံနှိပ်တိုက်။

၅။ မုံရွေးဆရာတော်။ ရာဇောဝါဒကျမ်း၊ မန္တလေးမြို့၊ ဟံသာဝတီ ပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၂၆။

၆။ ....။ မှန်နန်း မဟာရာဇဝင်တော်ကြီး၊ ပထမတွဲ၊ မန္တလေးမြို့၊ မြဝေ ပုံနှိပ်တိုက်၊ ၁၉၆၃။

၇။ ....။ မှန်နန်း မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ မိတ္ထီလာမြို့၊ မအေးတင် ပိဋကတ် စာပုံနှိပ်တိုက်၊ ၁၃၀၃။

၈။ ဝဇီရပဘာသာ၊ အရှင်။ မဃရ ရသဝါဟိနီဝတ္ထု၊ ရန်ကုန်မြို့၊ ဟံသာဝတီ သတင်းစာပုံနှိပ်တိုက်၊ ၁၉၁၀။

၉။ ဝိစာရိန္ဒထေရ်၊ ဘဒ္ဒန္တ၊ ဝိဇိတာရုံဆရာတော်။ ဓမ္မပဒဝတ္ထုတော်ကြီး၊ ပထမတွဲ၊ မန္တလေးမြို့၊ ပဒေသာ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၃၀။

၁၀။ ဝိစာရိန္ဒထေရ်၊ ဘဒ္ဒန္တ၊ ဝိဇိတာရုံဆရာတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး၊ တတိယတွဲ၊ မန္တလေးမြို့ ပဋေဒသာ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၃၂။

၁၁။ ဩဘာသ၊ ဦး၊ မင်းပူးဆရာတော်၊ မဟာဇနက ဇာတ်တော်ကြီး၊ ရန်ကုန်မြို့၊ ဟံသာဝတီ စာပုံနှိပ်တိုက်၊ ၁၉၄၉။

၁၂။ ဩဘာသ၊ ဦး၊ မင်းပူးဆရာတော်။ မဟောသဓ ဇာတ်တော်ကြီး၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်၊ ၁၃၄၁။

အလိမ္မာပုံဝတ္ထုများ